www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ဆုမြတ်မွန်မွန်

## ချစ်သူတို့၏ အခမ်းနားဆုံးအရာ

စာမူခွင့်ပြုချက်အမှတ်
၅၀၀၉၂၁၀၈၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၉၇၇၀၈၀၇

၂၀၀၈ ခုနှစ်၊ မတ်လ
ပထမအကြိမ်

တန်ဖိုး
၁၁၀၀ ကျပ်

အုပ်ရေ
၅၀၀

ထုတ်ဝေသူ
ဦးကျော်လှိုင် (၀၃၈၈၇)
အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ
ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်

BURMESE CLASSIC

၏

## အမှတ်တရအစီအစဉ်

ဆရာမ ဆုမြတ်မွန်မွန်

မင်္ဂလာပါလို့ နှုတ်ဆက်ပါတယ် ... ။ မမမွန်ရဲ့စာအုပ်က အရမ်းကောင်းပါတယ်။ စာသားတွေကလည်း ပြောင်မြောက်ပါတယ်။ မမမွန်ရဲ့အလှတွေကို စာဖတ်ပရိသတ်တွေက အရမ်းချီးမွမ်းတာပဲနော်။ မမမွန်ရဲ့စာအုပ်တွေကို လတိုင်းမျှော်နေမဲ့သူလေးပါ။

မမမွန်ရဲ့စာအုပ်တွေကို ထာဝရအားပေးနေမဲ့ ...

ညီမလေး

နန်းခင်မွေး
သုံး၍။

www.burmeseclassic.com

www.burmeseclassic.com

မဆု

မဆုက သမီးအစ်မနာမည်နဲ့ဆင်လို့ မဆုလို့ခေါ်တာပါ။ မရဲ့ထွက်ပြီးသမျှစာအုပ်တွေ အကုန်ဖတ်ပြီးသွားပြီ။ မဆုက (၁၇)နှစ်တည်းက စာစရေးပြီး မဂ္ဂဇင်းမှာအရွေးခံရတာဆိုတော့ မဆုရဲ့ပညာကို လေးစားတယ်။ အပျိုစင်မှာ ဝတ္ထုတိုတွေဖတ်တည်းက ကြိုက်တယ်။ ခုတ်လမ်းရှက်အိမ်မထပ်လို့လေ ...။ ပြီးတော့ ခုတ်လမ်းတွေက တအားကောင်းတယ်။

ညီမလေး

နေ့ဖွယ်ထွန်း
အမှတ်(၂၁) သွန်းဘုရားလမ်း၊
ပဲခူးမြို့။



မဆုမြတ်ရေ

မင်္ဂလာပါ ... ။ မိတ်ဆက်စာ တစ်ခါမှမရေးဘူးတာ အမှားပါရင်ခွင့်လွှတ်ပါနော်။ ညီမလေးက မမရဲ့စာအုပ်မှန်သမျှ မလွှတ်တမ်းအားပေးနေတဲ့သူတစ်ယောက်ပါ။ မမက အရမ်းစိတ်ကူးကောင်းတယ်နော်။ ခုတ်ကောင်နာမည်လေးတွေက အရမ်းလှတယ်။ မမရေ ညီမလေးကိုလည်း ခုတ်ပုံနဲ့စာ ပြန်ပေးပါလား။ မျှော်နေမယ်။ မမ ကိုယ်စိတ်နှစ်ဖြာကျန်းမာပါစေ ... ။

မမကိုချစ်တဲ့ ...

ညီမလေး

သီရိ
အမှတ်(၂၄) ၃၉(B)ရပ်ကွက်၊
ဇမ္ဗူလလမ်း ဒဂုံမြောက်။

BURMESE CLASSIC
www.burmeseclassic.com

၏

## အမှတ်တရအစီအစဉ်

သို့

မမဆု

ညီမလေးနာမည်က မီးငယ်ပါ။ မီး ပထမဆုံးဖတ်ရတဲ့ 'မျက်နက်ဝန်းရဲ့မေတ္တာတံချူ' ပါ။ နောက်ထွက်မဲ့စာအုပ်တွေကို မလွတ်တမ်းဖတ်ခဲ့တယ်။ အားလုံးထဲမှာ 'ရင်ခွင်ဆီသို့လှေကားထစ်များ' ကို မီးအိပ်ကြိုက်တယ်။ စာအုပ်ထဲဇာတ်ကောင်တွေကို လည်းကြိုက်တယ်။ မမဆု အောင်မြင်ကျော်ကြားတဲ့ ထိပ်တန်းစာရေးဆရာမတစ်ယောက်ဖြစ်ပါစေလို့ဆုတောင်းလိုက်ပါတယ်။

မမဆုရဲ့ ထာဝရပရိသတ်တစ်ယောက် ... ။

မီးငယ်
အမှတ်(၄)ရပ်ကွက်၊
နောင်ဘိုစံပြကျေးရွာ၊
လယ်ဝေးမြို့နယ်၊
နေပြည်တော်တိုင်း။

စေတနာ့စာပေ
၏

## အမှတ်တရအစီအစဉ်

မမြတ်

'အသက်သွင်းလိပ်ပြာလေးရဲ့ရာဇဝင်' စာအုပ်ကစ ဖတ်မိတာ။ အခုဆိုရင် မမြတ်ရဲ့ စာအုပ်(၆)အုပ်လောက်ဖတ်ပြီးသွားပြီ။ မမြတ်ရဲ့စာအုပ်တွေထဲက ကောင်မလေးတွေကို အရမ်းသဘောကျတယ်။ သူတို့တွေရဲ့ ဂဏရိုက်တာတွေကိုဖတ်ပြီး ရင်ထဲမှာ အလိုလိုအားတက်မိတယ်။ အခု သီချင်းတွေရယ်၊ ကော်ဖီတစ်ခွက်ရယ်၊ မမြတ်ရဲ့စာအုပ်တစ်အုပ်ရယ်က အနားယူချိန်တွေမှာ အလိုအပ်ဆုံး။ မမြတ်ရဲ့စာအုပ်တွေထဲက 'မျက်နက်ဝန်းရဲ့မေတ္တာတံချူ' စာအုပ်က ကောင်မလေးက သူ့ရဲ့လှပမှုတွေကို ဖုံးအုပ်ပြီး စစ်မှန်တဲ့ချစ်ခြင်းကို မျှော်လင့်ခဲ့တယ်။ ရလည်းရခဲ့တယ်။

နီလာ
အမှတ်(၁၇၈) မြေကွက်အမှတ်(၉၅)၊
(၃)ရပ်ကွက် စစ်စစ်ထွန်းလမ်း၊
မြောက်ဒဂုံ (အရှေ့ပိုင်း)။

www.burmeseclassic.com
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## အမှတ်တရအစီအစဉ်

ဆရာမလေး မဆု

ရင်းနှီးချစ်ခင်လေးစားစွာနဲ့ မိတ်ဆက်စာလေးရေးပါရစေနော်။ ဆရာမ … ဆရာမရဲ့စာအုပ်လေးတွေကို လက်ကမချနိုင်အောင် ဖတ်ကောင်းလွန်းလို့ကို မိတ်ဆက်စာရေးဖြစ်တာပါ။ စာအုပ်တိုင်းဟာ သိပ်ကောင်းပါတယ်။ မရိုးသွားဘူး။ စွဲဆောင်မှုရှိတယ်။ ဇာတ်အိမ်ကောင်းတယ်။ ဇာတ်ကောင်တွေပြောတဲ့စကားလုံးတွေကလည်း သိပ်မိုက်တယ်။ နာမည်လေးတွေကလည်းလှတယ်။ ဇာတ်လိုက်မိန်းကလေးတွေ ထက်မြက်တာကိုတွေ့ရှိနိုင်ဖို့ သိပ်ကြိုက်တယ်။ ဆရာမဆီကပြန်စာကို မျှော်နေပါရစေ။ အောင်မြင်မှုများစွာ ပိုင်ဆိုင်နိုင်ပါစေဟု ဆန္ဒပြုလျက် … ။

နော်နော်
ဝေါ်ခိုင်ရပ်၊ ရွှေဖိုး၊
အမှတ်(၃)ကျောင်းနောက်။



## အမှတ်တရအစီအစဉ်

မမမွန်

ပထမဆုံးရေးတဲ့စာမို့လို့ အမှားပါခဲ့ရင်ခွင့်လွှတ်နော်။ မမမွန်ရေးတဲ့ဝတ္ထုမှန်သမျှ အကုန်ကြိုက်တယ်။ နောက်လည်း များများရေးနိုင်ပါစေလို့ ဆုတောင်းပါတယ်။ မမမွန် စာအုပ်ကို 'လသုံးစင်းနှင့်ကခုန်ခြင်း' စာအုပ်မှာ အရမ်းကောင်းတယ်။ နောက်လည်း ဒီထက်ကောင်းတဲ့စာအုပ် ထွက်မယ်လို့ မျှော်လင့်တယ်။ မမရဲ့စာအုပ်ဖတ်တိုင်း အသိတစ်ခုတိုးလာသလို ခံစားရတယ်။ 'ကြယ်ကလေးရဲ့နှင်တံ' စာအုပ်မှာ မမမွန်ရဲ့ပုံလေးတွေကို တွေ့လိုက်ရတာ မမမွန်ကို အပြင်မှာမြင်ဖူးချင်တယ် … ။ မမမွန်လိုအောင်မြင်ကျော်ကြားတဲ့ စာရေးဆရာမတစ်ယောက်ဖြစ်ချင်တယ်။ မမမွန် ထာဝရကျန်းမာပျော်ရွှင်နိုင်ပါစေလို့ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

အောင်

မထက်ထက်အောင်
အိမ်အမှတ်(၈၄၃)၊
တာကလေးရပ်ကွက်၊
အောင်သပြေ(၄)လမ်း၊
ဟသ်ာတမြို့။

www.burmeseclassic.com

www.burmeseclassic.com



## အမှတ်တရ အစီအစဉ်

ချစ်ခင်လေးစားရပါသော မမဆုမွန်

မမကို စာရေးတာ ပထမဆုံးမို့ အမှားပါရင်ခွင့်လွှတ်နော်။ မမ သမီး မမရဲ့စာအုပ်တွေကို ထာဝရအားပေးနေမှာနော်။ မမ ရတုအဆက်ဆက် အောင်မြင်ကျော်ကြားနိုင်ပါစေလို့ သမီး ဆုတောင်းလိုက်ပါတယ်။ စာပေလောကမှာ အောင်မြင်မှုနဲ့ သရဖူဆောင်းနိုင်ပါစေ ... ။

မမရဲ့ ...

ထာဝရပရိသတ်

လဲ့လဲ့စိုး
(၃၈)လမ်း အုပ်စု(၂)ရပ်ကွက်၊
ခရေဦးစာပေ၊
ပေါင်းတည်မြို့။

စေတနာစာပေ
၏

## အမှတ်တရ အစီအစဉ်

မမွန်မွန်

ခင်မင်စွာဖြင့်စာရေးလိုက်ပါတယ်။ တွယ်တာက မမွန်မွန်ရဲ့ ပရိသတ်တစ်ဦးပါ။ မမွန်ရဲ့စာအုပ်တွေကို အမြဲအားပေးဖြစ်ပါတယ်။ မမမွန်ရဲ့စာအုပ်တွေက ဖတ်လို့တော်တော်လေးကောင်းပါတယ်။ မမွန်ရဲ့စာအုပ်တွေမှာ မမွန်ရဲ့ Photoလေးတွေ ထည့်ထားတာကိုက attraction တစ်မျိုးပဲနော်။

မမွန် အောင်မြင်မှုတွေ ဒီ့ထက်ပိုရရှိပါစေလို့ ဆုတောင်းလျက် ... ။

မမွန်ရဲ့ထာဝရပရိသတ်

တွယ်တာခင်
C/O ဒေါ်စိုးစိုးဝင်း (T.K)
မြန်မာ့စီးရထား
မန်းကျည်းတောလမ်း
အောင်မင်္ဂလာရပ်၊
ရေဦးမြို့။

www.burmeseclassic.com

www.burmeseclassic.com

## စာဖတ်သူ စာပေ မှ

## အမှတ်တရ အစီအစဉ်

ဆရာမ ဆုမြတ်မွန်မွန်

ဆရာမရဲ့စာအုပ်တိုင်းကို မလွတ်တမ်းအားပေးနေတဲ့ ပရိသတ်တစ်ဦးပါ။ 'အနမ်းဆက်တိုင်း' ကနေ စ,ဖတ်မိတာ 'အချစ်ဦးနှင့်လွဲပြီးသည့်နောက် (ဖူးစာ)' ကို အရမ်းကြိုက်တယ်။ ဆရာမရဲ့စာတွေက အသစ်တစ်မျိုးပေါက်နဲ့ မတူဘူး။ ဝါရင့်ဆရာမတစ်ယောက်နဲ့တူတယ်။ စာတစ်ကြောင်းတိုင်း တစ်ကြောင်းတိုင်းက အရမ်းလေးနက်တယ်။

အမြဲတမ်းပရိသတ်တစ်ဦးဖြစ်နေမဲ့ ...

စောဧယျာနွယ်
အ.လ.က ဒေါင်ကြီး၊
ဧလွန်မြို့နယ်။

## စာဖတ်သူ စာပေ မှ

## အမှတ်တရ အစီအစဉ်

မမြတ်

ဒီမိုခင်မင်လေးစားစွာဖြင့် စာရေးလိုက်ပါတယ်။ သိမ့်မမြတ်ရဲ့ 'မှော်ကဗျာရွှေရုပ်' စာအုပ်ကို ဖတ်ရတယ်။ ဒီစာအုပ်က ပထမဆုံးဖတ်ရတဲ့ စာအုပ်ပါပဲ။ အဲဒီစာအုပ်ကို အရမ်းကြိုက်တယ်။ ဘယ်လောက်ထိလဲဆိုတော့ စာသင်ရင် နောက်မှာခိုးဖတ်တဲ့အထိပါပဲ။ မမြတ်သုံးထားတဲ့ စကားလုံးတွေကို အရမ်းကြိုက်တယ်။ စာတ်လမ်းကောင်းပြီး စကားလုံးကြွယ်တဲ့မမြတ်ကို အားကျပြီး လေးစားမိတယ်။ မမရဲ့စာအုပ်တွေ စောင့်ဖတ်ရင်း မမြတ် ဒီ့ထက်မကအောင်မြင်ပါစေလို့ ဆန္ဒပြုလျက် ...

မသိမ့်သိမ့်ဇင်
ရန်ကုန်စီးပွားရေးတက္ကသိုလ်
(ရွာသစ်ကြီး)

www.burmeseclassic.com

www.burmeseclassic.com

၏

## အမှတ်တရအစီအစဉ်

မင်္ဂလာပါ ညီမလေး

မမ မိတ်ဆက်စာ ပထမအကြိမ်ရေးလိုက်ပါတယ်။ မမ ညီမလေးစာအုပ်ကို 'ကြယ်ကလေးရဲ့နှင်းတဲ' ကို ပထမစာအုပ်အဖြစ် ဖတ်ဖူးတာပါကွယ်။ စာအုပ်လေးက အရမ်းကောင်းတယ် ... ။ လက်ကမချချင်အောင်ကို စွဲသွားတယ်။ ညီမလေးရဲ့ စာအုပ်တွေကို မမ အမြဲတမ်းဖတ်သွားမယ်နော်။ ညီမလေးတစ်ယောက် လိုရာဆန္ဒပြည့်ဝပါစေလို့ ဆုတောင်းလိုက်ပါတယ်။ မမ ပြန်စာနဲ့ ဓာတ်ပုံကို မျှော်နေမယ်နော်။ ညီမလေး ရွှင်လန်းချမ်းမြေ့ပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်ကွယ်။

အားပေးလျက် ...

အိသဲစုနော်
အမှတ်(၅/၆၈)
ဗိုလ်တိုက်မွန်းလမ်း၊
မင်္ဂလာရွှေဗဟိုရ်ရပ်ကွက်၊
ရှမ်းပြည်တောင်ပိုင်း။
ရွှေညောင်မြို့။

၏

## အမှတ်တရအစီအစဉ်

မင်္ဂလာပါ မဆုမြတ်မွန်မွန်

ခင်မင်လေးစားစွာဖြင့် မမဆုလို့ခေါ်လိုက်မယ်နော်။ သမီး ဘယ်တုန်းကမှ ဝတ္ထုတွေကို မဖတ်ဘူးခဲ့ပါ။ သမီး သူငယ်ချင်းတွေကပြောတယ်။ အရမ်းကောင်းတယ်တဲ့။ မယုံရင်ဖတ်ကြည့်ပါလားလို့ပြောတဲ့အခါ သမီးဖတ်ကြည့်လိုက်ပါတယ်။ သမီး မမဆုစာအုပ်တွေကို ဖတ်ခဲ့တယ်။ မမဆုစာအုပ်တွေက နာမည်နဲ့လိုက်အောင် အရမ်းကောင်းတယ်သိလား။ မမဆုက တော်တော်ကိုတော်တဲ့ စာရေးဆရာမအသစ်လို့ကို မထင်ရဘူး။ မမဆုရေးတဲ့ ဝတ္ထုတွေက အရမ်းစိတ်ဝင်စားဖို့ကောင်းတယ်။ သမီးလေ မမဆုရေးတဲ့ဝတ္ထု (၁၀)အုပ်ကို ဖတ်ပြီးပါပြီ။ သမီးက ဟိုအဝေးကြီးကနေ ရန်ကုန်အထိ မိတ်ဆက်စာရေးခဲ့တာ မမဆုကို သမီးအရမ်းခင်ချင်လို့ပါ။ မမဆုတစ်ယောက် အောင်မြင်ကျော်ကြားတဲ့ စာရေးဆရာမတစ်ဦးဖြစ်ပါစေလို့ သမီး ဆုတောင်းပေးနေမယ်နော် ... ။

သမီး မမဆုကို အမြဲအားပေးနေမယ်နော် ... ။

မိုးမြတ်သွယ်
ဦးလှရောင် – ဒေါ်ကျင်စိုး
အမှတ်(၃) နယ်မြေ၊ ရွှေတိုင်ရပ်၊
စကုမြို့နယ်၊ မင်းဘူး မကွေးတိုင်း။

www.burmeseclassic.com

www.burmeseclassic.com



မ

ခင်မင်ရင်းနှီးစွာနဲ့ 'မ' လို့ခေါ်မယ်နော်။ ခင်မာက 'မ' ကိုချစ်တဲ့ ပရိသတ်တွေထဲက တစ်ယောက်အပါအဝင်ပေါ့။ 'မ' ရဲ့စာအုပ်တွေ့တော်များများ ဖတ်ပြီးသွားပြီ။ ဖတ်ရတာအရမ်းကောင်းပါတယ်။ ဒါပေမဲ့ ဓာတ်သိမ်းလေးကို ရှင်းရှင်းလေးရေးပေးစေချင်ပါတယ်။ 'မ' ရဲ့စာအုပ်တွေက အရမ်းမြင့်တယ်နော်။ စာအုပ်ဖတ်ရင်းနဲ့ အရမ်းတက်ကြွလာအောင် ဖွဲ့ဆောင်နိုင်ပါတယ်။ သာမန်မိသားစုအသိုင်းအဝိုင်းလေးကို အခြေခံပြီးရေးထားတဲ့ မရဲ့လက်ရာလေးတစ်အုပ်လောက် ဖတ်ချင်ပါတယ်။ မမရဲ့ဓာတ်ပုံလေးပါတဲ့ပြန်စာကို မျှော်နေမဲ့ ...

မခင်မာထွန်း
ဦးအေးချို + ဒေါ်မြင့်
ကနောင်မင်းသားကြီးလမ်း။
၆၅ × ၆၆ကြား။
အိမ်အမှတ်(လလ – ၃/၅၉)။



မဆုမြတ်မွန်မွန်

ပထမဦးဆုံးအကြိမ် စာရေးလိုက်ပါတယ်နော်။ အရမ်းခင်မင်လေးစားမိလို့ မမမွန်လို့ခေါ်ပါရစေ။ မမမွန်ရဲ့ စာအရေးအသားကတော့ တကယ်ကိုဖွဲ့ဆောင်မှုရှိတယ်။ ဆရာမအသစ်လို့တောင် မထင်ရဘူး ... ။ မမမွန်က မာနကြီးလားဟင်။ သမီးတစ်ခါမှ မိတ်ဆက်စာမရေးဖူးဘူး။ ပထမဦးဆုံးရေးမိတာမို့လို့ အမှားပါရင်ခွင့်လွှတ်ပေးနော်။

မမမွန်ကိုခင်တဲ့

နှင်းရှူလိုင်မြင့်

ဒေါ်အေးအေးမွန်
အမှတ်(၂)၊ တံသာယာလမ်း။
လယ်ဝေးမြို့နယ်၊
နေပြည်တော်။

www.burmeseclassic.com

www.burmeseclassic.com

## အမှတ်တရအစီအစဉ်

မမဆု

မမဆုရဲ့ဝတ္ထုနှစ်ပုဒ်ကိုဖတ်ပြီး မမရဲ့ဝတ္ထုလေးက Heart ထိတာကြောင့် စာရေးလိုက်တာပါ။ 'သစ်ရွက်စိမ်းလေးရဲ့နွေဦးဒဏ္ဍာရီ' နဲ့ 'နူးညံ့ခြင်းပြိုင်ပွဲ' လေ။ မမရဲ့အရေးအသားတွေက ကောင်းပါတယ်။ English စာလုံးလေးတွေသုံးထားတာကိုလည်း သဘောကျမိတယ်။ မမရဲ့စာအုပ်ကိုတော့ အချိန်ယူဖတ်မိပါတယ်။ သူငယ်ချင်းဇာတ်လမ်းတွေ များများရေးပေးပါ။ တကယ့်ကိုကောင်းလွန်းတဲ့အခါ လက်ကမချချင်လောက်အောင်ပါဘဲ။

မမဆု စာပေအကျိုးသယ်ပိုးနိုင်ပါစေ ...။

အားပေးလျက် ...

မောင်လေး

Ko That
(MA ; English)
So Twin,
Near station,
Pakohku
Ph : 062 - 22652

## အမှတ်တရအစီအစဉ်

ဆုမြတ်မွန်မွန်

ညီမလေးက မိတ်ဆက်စာ တစ်ခါမှမရေးဖူးဘူး ...။ ဒါပထမဆုံးအကြိမ်ရေးဖူးတာပဲ။ အဆောင်က အစ်မတစ်ယောက်က မမက စာအရေးအသားကောင်းပြီး ဝတ္ထုလည်းကောင်းတယ်လို့ပြောတာနဲ့ ညီမလေးလည်း ငှားဖတ်လိုက်တာ။ မမရဲ့စာအုပ်တွေက အရမ်းဆွဲဆောင်မှုရှိတာနဲ့ လက်ကကို မချဖြစ်ဘူး။ နောက်တော့ မမရဲ့စာအုပ်တွေပဲ ငှားဖတ်တော့တယ်။ 'ရွက်စိမ်းလေးရဲ့နွေဦးဒဏ္ဍာရီ' ကို အကြိုက်ဆုံးပဲ။ နောင်ထွက်မဲ့စာအုပ်တွေမှာလည်း ဇာတ်သိမ်းခန်းမှာ မင်းသားနဲ့ မင်းသမီးပေါင်းမဲ့စာအုပ်လေးတွေပဲ ရေးပေးပါနော်။

မမရဲ့ပြန်စာနှင့် ဓာတ်ပုံကို စောင့်မျှော်ရင်း ...

မမရဲ့

ထာဝရစာဖတ်ပရိသတ်

ဝင်းဝင်းမြိုင်
ရွှေဟသာ(ဆေးလိပ်ခုံ)
အမျိုးသမီးဆောင်၊
ရမည်းသင်းမြို့။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ ၏

## အမှတ်တရအစီအစဉ်

မမ

လေးစားမှုများစွာနဲ့ စာရေးလိုက်ပါတယ်။ မမရဲ့ ထွက်သမျှစာအုပ်တိုင်းကို ဇင် စောင့်မျှော်အားပေးနေပါတယ်။ ဆုဖြတ်မှန်မှန်ဆိုတဲ့ မမကို ဇင်တို့ရဲ့နယ်မှာလည်း အားပေးမှုတွေများလာပြီ။ ဒါကြောင့် မမလည်း စာအုပ်တွေအများကြီး ရေးနိုင်ပြီး စာဖတ်ပရိသတ်တွေ တစ်နေ့ထက်တစ်နေ့ တိုးပွားလာပြီး အောင်မြင်တဲ့စာရေးဆရာမကြီးတစ်ယောက် ဖြစ်လာပါစေလို့ ဇင် ဆုတောင်းပေးလိုက်ပါတယ်။

ဦးစန်းလွင် + ဒေါ်ငွေးငွေးရီ
C/O မယာန်သီခင်
[illegible]

## စေတနာစာပေ ၏

## အမှတ်တရအစီအစဉ်

မမမွန်

အားပေးမှုများစွာနဲ့ စာရေးလိုက်ပါတယ်။ 'မှော်ကဗျာရွှေရုပ်' ဖတ်ရတယ်။ စာအုပ်တော်တော်များများ အဆုံးသတ်ရင် ညားသွားတော့ ဒီစာအုပ်လေးဖတ်ရတာ ဖတ်လို့ပိုကောင်းပါတယ်။ မမမွန်ရဲ့ဖြန့်စာနဲ့ ဓာတ်ပုံ လက်ခံရရှိပါတယ်။ ကျေးဇူးတင်ပါတယ်။ နောက်ထွက်မဲ့စာအုပ်တွေကိုလည်း အမြဲ အားပေးနေမယ်။ စာပေလောကမှာ ထာဝရလျှမ်းလျှမ်းတောက်အောင်မြင်ပါစေ ....။

မိုးသီတာစိုး
သိမ်ဆိပ်ဘုတာလမ်း

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ

၏

## အမှတ်တရအာဓိအာစဥ်

ဆရာမဆုမြတ်မွန်မွန်

ဆရာမရဲ့စာအုပ်တွေဟာ တစ်အုပ်ပြီးတစ်အုပ်ပိုကောင်းပြီး အောင်မြင်မှုတွေရနေပါတယ်။ ကျွန်တော်တို့နယ်မှာ ဆရာမရဲ့ စာအုပ်တွေ ကောင်းကောင်းကိုဈေးရပါတယ်။ ဒီလိုပရိသတ်တွေကြိုက်ကြတာ၊ မှတ်ကြတာဟာ ဆရာမရဲ့အရေးအသား ခေတ်အမီမှန်ကန်မှုကောင်းလို့ဖြစ်ကြောင်းကို ကျွန်တော် ကိုယ်တွေ့ယုံကြည်မိပါတယ်။ 'လသုံးစင်းနှင့်ကခုန်ခြင်း' လည်း စာဖတ်ပရိသတ်တွေကြိုက်ကြတယ်။ ဆရာမ ဒီထက်မကအောင်မြင်မှုတွေရရှိပါစေလို့ ဆုတောင်းလိုက်ပါတယ်။

အောင်ဇော်ဦး
ရုံမင်းကြီးလမ်း၊ အရာရှိရိပ်သာ၊
ပုသိမ်မြို့။

## အမှတ်တရအာဓိအာစဥ်

မမ

သမီးက မိတ်ဆက်စာ တစ်ခါမှမရေးဖူးဘူး။ မမရဲ့ဝတ္ထုတွေဟာ အရမ်းကောင်းတော့ လက်စာမချချင်လောက်အောင်ပဲ တစ်လကို ဆယ်အုပ်လောက်ထွက်ပေးရင် ကောင်းမယ်နော်။ မမရဲ့ဝတ္ထုတွေဟာ အရမ်းကောင်းတယ်။ ယောကျ်ားလေးနဲ့ မိန်းကလေး မာနပြိုင်တဲ့ဇာတ်လမ်းနဲ့ မိန်းကလေးက တစ်ဖက်သတ်ကြိုက်ပြီး မိန်းကလေးကို ပက်ပက်စက်စက်ပြောတာမျိုးနော်။ ဒါမျိုးဇာတ်လမ်းရေးပေးပါနော်။ မမ အောင်မြင်တဲ့စာရေးဆရာမကောင်းတစ်ယောက်ဖြစ်ပါစေလို့ ဆုတောင်းပေးပါတယ်။

Mirror
တိုက်(၃၆)၊ အခန်း(၅)၊
မင်းဒင်လမ်း၊ (၂၉)ရပ်ကွက်၊
သုဝဏ္ဏ။

www.burmeseclassic.com

www.burmeseclassic.com



မကြီး

(၁၁)အုပ်မြောက် 'အချစ်သို့တစ်ချက်ငဲ့ကြည့်စဉ်' တဲ့။ အရမ်းလန်းတယ်နော်။ မကြီးဝတ္ထုတွေက တစ်အုပ်ထက်တစ်အုပ် ပိုပိုပြီးအရေးအသားကောင်းလာတယ်။ ဝတ္ထုတွေမှာ မိန်းကလေးဘက်ကနေ အတွေးဆန်တဲ့အရေးအသားအမျိုးတွေရတယ်နော်။ ကောင်းပါတယ်။ မိန်းမသားတွေဘက်က ရပ်တည်ပြီး ရေးပေးတဲ့အတွက်ပေါ့။ သမီးကိုစာပြန်ရေးပါနော် ... ။ ရန်ကုန်လိပ်စာနဲ့ပေါ့။ မျှော်နေမယ်နော်။ တစ်လတစ်ခါ သမီးကို ရင်ခုန်မှုအသစ်တွေပေးနိုင်သော ဆုမြတ်မွန်မွန်ဆိုတဲ့ တလောင်နဲ့မကြီးရဲ့အရေးအသားတွေပါပဲ။

မမေဆုသီနိုင်
တိုက်(၈၅)၊ (၅)လွှာ၊
မင်္ဂလာလမ်း၊ စမ်းချောင်းမြို့။



မဆု

မဆုရဲ့စာဖတ်ပရိသတ်တစ်ယောက်ပါ။ 'လသုံးစင်းနှင့်ကခုန်ခြင်း' ရယ် ... ။ 'ကြွင်းကျန်ရစ်သောသစ္စာ' ဆိုတဲ့ စာအုပ်နောက်ပြီး 'မျက်နှက်ဝန်းနှင့်မေတ္တာတံချူ' စာအုပ်သုံးအုပ်စလုံး အရမ်းကောင်းပါတယ်။ ဇာတ်လမ်းဇာတ်အိမ်လေးတွေလည်း အချိတ်အဆက်မိမိနဲ့ ဖော်ပြတာ အရမ်းသဘာဝကျပါတယ်။ ဆက်စပ်မှုလည်းရှိတယ်။ မဆုရဲ့စာအုပ်တွေဟာ ဆွဲဆောင်မှုရှိတယ်။ နောက်ထွက်မဲ့စာအုပ်တွေကိုလည်း ရင်ခုန်စွာနဲ့ စောင့်မျှော်နေမှာပါ။ မဆုတစ်ယောက် စာပေလောကမှာ အထွတ်အထိပ်ရဲ့ထိပ်ဆုံးမှာ ထာဝရများစွာလျှောက်လှမ်းနိုင်ပါစေလို့ ဆန္ဒပြုရင်း ... ။

ကသစ်အိမ်
ထီလာမြေ
နန်းတော်ကျွန်ရပ်။

www.burmeseclassic.com

စေတနာ့စာပေ
၏

## အမှတ်တရအစီအစဉ်

တီချယ်

ခင်မင်လေးစားစွာနဲ့ ချယ်လို့ခေါ်မယ်နော်။ ချယ်ရဲ့ 'မျက်နက်ဝန်းရဲ့မေတ္တာတံချူ' စာအုပ်ကို သူငယ်ချင်းတစ်ယောက်အိမ်မှာ အမှတ်မထင်ဖတ်မိတာကနေ Crazy ဖြစ်သွားပါတယ်။ ချယ်ရဲ့ဝတ္ထုက ဆွဲဆောင်မှုရှိတယ်လေ။ သူများတွေထက်ပိုပြီး ထူးခြားလို့လည်း နိုင်ငံကျော်တာပေါ့။ ခင်တို့သူငယ်ချင်းတွေဆုံရင် စာပေအကြောင်း ဆွေးနွေးကြတယ်။ ဝေဖန်ကြတယ်။ ချယ်ဝတ္ထုတွေက ဝေဖန်ခွင့်မရှိအောင် လုံးဝဟာကွက်မရှိဘူး။ 'အညိုးမြစ်' ရဲ့ ဇာတ်သိမ်းကို ကျေနပ်မိပါတယ်။ ခင်တို့မြို့မှာတော့ ချယ်ရဲ့စာအုပ်တွေက ငှားတာအသွက်ဆုံးပဲ။ ချယ် ဒီ့ထက်မက ကမ္ဘာကျော်ပါစေ။

အမှတ်မထင်

ထာဝရုပရိသတ်

ခင်ခင်ဇော်
အိမ်အမှတ်(၁၁၉)၊ စကားဝါလမ်း။
အမှတ်(၃)၊ အောင်ရပ်ကွက်၊ တောင်ကြီး။

ဆု

ခင်မင်ရင်းနှီးစွာနဲ့ ဆုလို့ပဲခေါ်တော့မယ်။ ဆုနဲ့တို့က ရွယ်တူလောက်ဖြစ်မယ်ထင်တယ်။ ဒီလောက်ငယ်ငယ်ရွယ်ရွယ်နဲ့ အောင်မြင်နေတဲ့ ဆုကို တကယ်ပဲအားကျမိတယ်။ ဆုရဲ့စာအုပ်ကို 'နှုတ်ခမ်းမြိုင်ပွဲ' ကနေ ခုထိအဆက်မပြတ် အားပေးနေတယ်ဆိုတာယုံနော်။ တို့ကိုအသိအမှတ်ပြုရင် ပြန်စာနဲ့ ဓာတ်ပုံလေးလည်းလိုချင်ပါတယ်။ မျှော်နေမယ်သိလား။ အောင်မြင်မှုလှေကားထစ်တွေကို အမြဲဖြတ်ကျော်နိုင်ပါစေ။

မသီတာထွန်း
နယ်မြေ(၁)အစရှိတိုက်၊
ချောင်းဦးမြို့၊

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



## အမှတ်တရအစီအစဉ်

ဆရာမဆုမြတ်မွန်မွန်

သမီးက ဆရာမရဲ့စာဖတ်ပရိသတ်တစ်ယောက်ပါ ... ။ ဆရာမရဲ့ 'အချစ်သို့တစ်ချက်ငုံ့ကြည့်စဉ်' ကို ဖတ်ရပါတယ်။ စာအရေးအသားအရမ်းကောင်းပါတယ်။ ဆရာမကို သမီးအကြံပေးချင်တာက ... ဆံပင်ရှည်ရှည်မင်းသမီးနဲ့ ခေတ်ဆန်ဆန်ယောကျ်ားလေးအကြောင်းကို ရေးပေးစေချင်ပါတယ်။ ကောင်လေးက ဆင်းရဲပြီး မိန်းကလေးက ချမ်းသာတဲ့ပုံစံမျိုးပါ။ ဆရာမစာပေလောကမှာ ဒီ့ထက်မကအောင်မြင်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။

ဆရာမရဲ့စာဖတ်ပရိသတ်

ခင်အေးငြိမ်း

စေတနာစာပေ၏

အမှတ်တရအစီအစဉ်

မဆုမွန်

ခင်မင်မှုသကော်တာအဖြစ်နဲ့ မဆုမွန်လို့ပဲ ခေါ်ခွင့်ပြုပါ။ မဆုမွန်ရဲ့စာရေးသားချက်နဲ့ အတွေးအခေါ်တွေက အရမ်းကောင်းပါတယ်။ ဒါကြောင့်လည်း ကျွန်တော် ဒီကနေ့ထိ မဆုမွန်ရဲ့ဝတ္ထုတွေ အပိုင်ဝယ်ထားလိုက်တယ်။ ဒါနဲ့ မဆုမွန် ကျွန်တော့်ဆီကို စာပြန်ထည့်ဦးနော်။ မနက်ဖြန်တိုင်းမှာ ပျော်ရွှင်နိုင်ပါစေ။

ခင်တဲ့

လပြည့်ဝန်း
ရွှေတောင်ပါဠိတက္ကသိုလ်၊
သံဃာ့ဒုတိယအဆောင်၊
အိုးတိုရပ်၊ ရေနံချောင်းမြို့ ။

www.burmeseclassic.com

www.burmeseclassic.com

## အမှတ်တရအစီအစဉ်

မင်္ဂလာပါဆရာမဆုမြတ်မွန်မွန်

ကျွန်တော် ရိုသေလေးစားစွာနဲ့ စာရေးလိုက်ပါတယ် ...။ ကျွန်တော်က ဆရာမရဲ့ စာဖတ်ပရိသတ်တစ်ဦးပါ။ ကျွန်တော် ဆရာမရဲ့ ထွက်ပြီးသားစာအုပ်တွေထဲက 'မျက်နက်ဝန်းရဲ့မေတ္တာတံချူ' ကနေ 'ကြယ်ကလေးရဲ့နှင်တံ' အထိ ဖတ်ပြီးပါပြီ။ ဆရာမက စာအရေးအသားတော်တော်ကောင်းတယ်။ ဇာတ်လမ်းကို ဟာကွက်မရှိအောင် ထိထိမိမိရေးနိုင်တယ်။ 'ကြွင်းကျန်ရစ်သောသစ္စာ'၊ 'အချစ်ဦးနဲ့လွဲပြီးသည့်နောက်(ဖူးစာ)' နှင့် 'ရင်ခွင်ဆီသို့လှေကားထစ်ကလေးများ' ဆိုတဲ့ စာအုပ်တွေက ကျွန်တော့်ကို Heart ထိစေတယ် ...။

ရန်ပိုင်မိုး
First Year (Myanmar)
အမှတ်(၃၉)၊ နှင်းဆီလမ်း၊
သရက်တောရပ်ကွက်၊
ရွာသစ်နယ်မြေ၊ ပြည်မြို့။

စေတနာ့စာပေ
၏

## အမှတ်တရအစီအစဉ်

မင်္ဂလာပါ မမ

သမီးနာမည်က လမင်းပါ။ သမီးက ကလောင်သစ်တွေကိုဖတ်လေ့ဖတ်ထမရှိဘူး။ သူငယ်ချင်းတစ်ယောက်က ဆုမြတ်မွန်မွန်ဆိုတဲ့စာအုပ်ကို ဖတ်ကြည့်ပါလားဆိုလို့ သမီး စမ်းပြီးဖတ်ကြည့်တာ။ တစ်အုပ်ထဲနဲ့တင် တော်တော်ကိုကြိုက်ပါတယ်။ သမီးစဖတ်တဲ့စာအုပ်က 'သစ်ရွက်စိမ်းလေးရဲ့နွေဦးအလွမ်းရီ' ဆိုတဲ့ စာအုပ်ပါ။ အဲ့ဒီစာအုပ်ကလေးက ဟာသလည်းမြောက်တယ်နော်။ မမရဲ့စာအုပ်တွေကို မလွတ်တမ်းဖတ်ဖြစ်တယ်။ မမရဲ့စာအုပ်တွေကိုဖတ်ပြီးတဲ့အခါ ရင်ဘတ်ထဲမှာ တစ်ခုခုကျန်ခဲ့သလို ခံစားရပါတယ်။

မမရေးသမျှစာအုပ်တွေဖတ်နေမဲ့ ...

လမင်း

လမင်းအိမ်
မြို့မရပ်ကွက်၊
ကမ်းနားလမ်း၊
ငါးသိုင်းချောင်းမြို့နယ်၊
ဧရာဝတီတိုင်း။

www.burmeseclassic.com

www.burmeseclassic.com
စေတနာစာပေ



မဆုမြတ်မွန်မွန်

ညီမလေးက မမရဲ့ ထာဝရစာဖတ်ပရိသတ်တစ်ဦးပါ ...။ မမရဲ့ 'မျက်နှက်ဝန်းရဲ့မေတ္တာတံချူ' စာအုပ်ကလွဲရင် အားလုံးလိုလို ဖတ်လို့ပြီးပါပြီ။ မမရဲ့စာအုပ်တိုင်းက ဘာမှငွေဖန်စရာမလိုလောက်အောင် ကောင်းပါတယ်။ မမဓာတ်ပုံကိုကြည့်လိုက်တာနဲ့ မမက အရမ်းထက်ပြီး စိတ်သဘောထားပြည့်ဝသူလို့ထင်တယ်။ မမနဲ့ အရမ်းခင်ချင်ပါတယ်။ မမဆီကိုလည်း စာအမြဲရေးချင်ပါတယ်။ မမ ညီမလေးရဲ့စာကို အသိအမှတ်ပြုရင် မမရဲ့ဓာတ်ပုံနဲ့ နံပါတ်ကို ပြန်စာနဲ့အတူ ထည့်ပေးပါလား။ ညီမလေးစောင့်နေပါရစေ။ ပင်းတယကိုရောက်ရင်လာခဲ့နော် မမ။ မမဒီထက်မကအောင်မြင်မှုတွေ ပျော်ရွှင်မှုတွေနဲ့ စာတွေအများကြီးရေးနိုင်ပါစေ ...။

အမြဲအားပေးနေမဲ့ ...

ညီမလေး

ဆုမွန်ဝင်း
သံရက်ကုန်းကျေးရွာ၊
ပင်းတယမြို့။

စေတနာစာပေ
၏
## အမှတ်တရအစီအစဉ်

မမ

ညီမက တောင်ငူက ပရိသတ်တစ်ယောက်ပါ။ မမရေးတဲ့ 'ကြယ်ကလေးရဲ့နှင်တံ' စာအုပ်လေးဖတ်ရတာ လက်မလွှတ်ချင်လောက်အောင် ကောင်းပါတယ်။ ညီမမှာ အစ်မ,မရှိတော့ မမကိုခင်ချင်တယ်။ မမကို ဓာတ်လမ်းလေးတစ်ပုဒ်ရေးစေချင်ပါတယ်။ ကောင်မလေးဘက်ကပဲ တစ်ဖက်သတ်ချစ်နေရတဲ့ဓာတ်လမ်းမျိုးလေးပါ။ မမ ဒီထက်မကအောင်မြင်ပါစေလို့ ...။

အဝေးမြေမှ ဆုတောင်းပေးနေမဲ့ ...

မြသလေး
အိမ်အမှတ်(၂/၆၀)၊
(၂)ရပ်ကွက်၊ ရခိုင်စု နေပူကုန်းလမ်း၊
ဦးစိန်ထွန်းကားဝပ်ရှော့၊
တောင်ငူမြို့။

www.burmeseclassic.com

www.burmeseclassic.com

၏

## အမှတ်တရအစီအစဉ်

မမဆုမြတ်

လွှာက မမရဲ့ အဓိကပရိသတ်ပေါ့နော်။ မမကို လွှာ အရမ်း လေးစားပါတယ်။ လွှာရဲ့မေမေကတောင် မမက ငယ်ငယ်လေး နဲ့ အရမ်းတော်တာပဲတဲ့။ မမရဲ့ပထမစာအုပ်ဖြစ်တဲ့ 'ရင်ခုန်ချစ် ခြင်းနှင့်အလွမ်းနှင်းတော်' ကစပြီး အခု 'အချစ်သို့တစ်ချက်ငုံကြည့် စဉ်' အထိအားပေးနေမှာပါ။ မမက စာရေးတာ တော်သလိုပဲ။ ရုပ်ကလည်းအရမ်းချောတယ်နော်။ သရုပ်ဆောင်စိုးမြတ်သူဇာ ငယ်ငယ်တုန်းကနဲ့ အရမ်းတူတယ်နော် .... ။ မမရဲ့ပုံက 2007 August ထုတ်မှာ ပိုလှလွန်းတယ်နော်။ လွှာဆီကို စာပြန်ပါနော်။ မမရဲ့ဓာတ်ပုံပါထည့်ပေးပါနော် ... ။ မမက လွှာအတွက်တော့ Role Model ပါပဲ။

မမကိုချစ်တဲ့

နှင်းထက်လွှာလွှာ
အမှတ်(၈)၊ သနပ်ပင်လမ်းမ၊
ဟသာကုန်း(၁၉)ရပ်ကွက်၊
ပဲခူးမြို့။

www.burmeseclassic.com

၏

## အမှတ်တရအစီအစဉ်

မမမြတ်မွန်

မမမြတ်မွန်လို့ခေါ်ပါရစေနော်။ အချစ်ဝတ္ထုဆိုရင် တစ်ခါမှ မဖတ်ဘူးခဲ့တဲ့ ကျွန်တော် မမမြတ်မွန်ရဲ့ 'မှော်ကမ္ဘာရှေ့ရှုပ်' ကို ဖတ်ပြီးကတည်းက မမမြတ်မွန်ရဲ့စာအုပ်တွေကို သတ်မလွှတ်တမ်း အမြဲတမ်းဖတ်ချင်နေတယ်။ မမမြတ်မွန်ရဲ့ ညာဏ်ရည်ညာဏ်သွေးကို ကျွန်တော် လေးစားမိပါတယ်။ ဓာတ်လိုက်မင်းသမီးကို ဆံပင်ရှည်ရှည်နဲ့ ခင်းရဲပြီး ကိုယ်ကျင့်တရားကောင်းမွန်တဲ့ ဓာတ်လမ်းမျိုးလေး ရေးပေးပါနော် ... ။

သက်နိုင်
စာတော်ကြီးရွာ၊
မြစ်ငယ်မြို့၊
မန္တလေးတိုင်း။

www.burmeseclassic.com



မဆု

ခင်က မဆုရဲ့စာဖတ်ပရိသတ်များစွာထဲက တစ်ယောက်ပါ။ မဆုရေးတဲ့စာအုပ်(၁၅)အုပ်မြောက်အထိ ခင်ဖတ်ပြီးပါပြီ။ လစဉ်ထွက်တဲ့အတိုင်းကို လက်မလွှတ်တမ်းအားပေးပါတယ်။ မဆု အနှစ်သာရရှိပြီး ရသစုံစုံလင်လင်နဲ့ ရင်ထဲကိုထိမဲ့စာအုပ်တွေ များများရေးပါနော်။

အောင်မြင်မှုတွေ ထာဝရရှိနိုင်မြဲပါစေ ... ။

မခင်ဒါလီကျော်
ဦးကျော်မြင့် + ဒေါ်မြမြအေး
လမ်းမတော်လမ်း၊ စစ်ကွင်း။
မင်းလှမြို့နယ်၊ ဝဲခူးတိုင်း။

စာဖတ်ပရိသတ်
၏
အမှတ်တရအစီအစဉ်

မဆုမြတ်

မဆုမြတ်ရဲ့အရေးအသားတွေ အရမ်းကောင်းတယ်။ တစ်ခါဖတ်ပြီးတာနဲ့ ခေါင်းထဲမှာစွဲသွားတယ်။ ဝတ္ထုကအရမ်းလေးနက်ပါတယ်။ စွဲဆောင်မှုအပြည့်ရှိတယ်။ ဝတ္ထုရဲ့ခေါင်းစဉ်နာမည်က လှသလိုဝတ္ထုထဲမှာပါတဲ့ ဇာတ်ကောင်နာမည်လေးတွေက အရမ်းမိုက်တယ်။ မဆုမြတ်ရေးတဲ့ စာသားစကားလုံးတွေက မျက်စိမှာ မြင်ယောင်လာအောင် စွဲဆောင်မှုအပြည့်ရေးထားတော့ စာဖတ်ပရိသတ်တွေက အားရှိတာပေါ့နော် ... ။

မရီရီအောင်
ဦးခင်မောင်ထွေး + ဒေါ်ငွေသိန်း
မြန်မာ့မီးရထား
ခုတွဲစမ်း၊ မြင်
ထန့်ဘလူမြို့။

www.burmeseclassic.com

## အမှတ်တရအစီအစဉ်

မဆုမြတ်မွန်မွန်

သဇင် မိတ်ဆက်စာရေးတာ ဒါပထမဆုံးပဲဆိုတော့ နားလည်ခွင့်လွှတ်ပေးပါ။ ဆုမြတ်ရဲ့ 'ဖူးကံနတ်စနီးရဲ့မေတ္တာတံချူ' ကစပြီး 'နှလုံးသားတစ်ခုအရင်းမြှုပ်' အထိ ဖတ်ပြီးပါပြီ။ မဆုမြတ်ရဲ့ စာအရေးအသား ဇာတ်လမ်းတည်ဆောက်ပုံ ဇာတ်ကောင်တွေပြောတဲ့ ဒိုင်ယာလော့(ခ်)တွေကို အရမ်းသဘောကျတယ်။ ဘယ်သူနဲ့မှ မတူဘူး။ မဆုမြတ်က သဇင် စွဲစွဲမြဲမြဲဖတ်တဲ့ စာရေးဆရာမတစ်ဦးပါ။ အသစ်စာစ်ယောက်ဖြစ်ပေမဲ့ ဒီလောက်ထိ စာအုပ်တိုင်းကို ကောင်းအောင်ရေးနိုင်တာ အရမ်းတော်လွန်းတယ်လို့ ပြောချင်ပါတယ်။ မဆုမြတ်ရေးတဲ့ စာအုပ်တွေထဲမှာ ရင်ထဲကို အထိဆုံးစာအုပ်ကတော့ 'မှော်ကဗျာရွှေရုပ်' နဲ့ 'ရင်ခွင်ဆီသို့ပျော့ကားထစ်များ' စာအုပ်ပါပဲ။ သဇင် အဲဒီစာအုပ်နှစ်အုပ်ကိုဖတ်ပြီးတော့ ဘယ်လိုခံစားရမှန်းမသိဘူး။ နောက်ပြီး သဇင် အမေါ်အခင် ပရိသတ်တော်တော်များများက 'မှော်ကဗျာရွှေရုပ်' ကို ကြိုက်တယ်။ မဆုမြတ်တစ်ယောက် စာပေလောကမှာ အောင်မြင်မှုသရဖူဆောင်းနိုင်ပါစေ။

သဇင်
အိမ်အမှတ်(၁၁၀)
သုခမြိုင်(၃)လမ်း။
ရှမ်းစုရပ်ကွက်၊
တိုက်ကြီးမြို့။



## အမှတ်တရအစီအစဉ်

မဆု

ခင်မင်ရင်းနှီးစွာဖြင့် စာရေးလိုက်ပါတယ်။ ညီမ ပထမဦးဆုံးရေးတဲ့စာဖြင့် အမှားပါရင်ခွင့်လွှတ်ပါနော်။ ညီမက ဒုတိယနှစ်ဥပဒေကျောင်းသူတစ်ယောက်ပါ။ မဆုရဲ့စာအုပ်စ,ထွက်ထွက်ချင်း 'ရင်ခုန်ချစ်ခြင်းနှင့်အတ္တနန်းတော်' ဖတ်ပြီးကတည်းက စွဲသွားတာ ယခုထိပါပဲ။ ပြီးတော့ 'အနမ်းဆတ်တိုင်း'၊ 'လသုံးစင်းနှင့်ကစုန်ခြင်း'၊ 'မှော်ကဗျာရွှေရုပ်' လည်း ဇာတ်လမ်းတွေအရမ်းဖတ်လို့ကောင်းတယ်။ နောက်လထွက်မဲ့စာအုပ်တွေလည်း ဒီ့ထက်ကောင်းအောင် ရေးနိုင်ပါစေလို့ ဆုတောင်းတယ်။ မဆုရဲ့စာအုပ်သစ်တွေထွက်တိုင်း အမြဲတမ်းအားပေးနေမယ်။ စာပေလောကမှာ ထာဝရအောင်မြင်ပါစေ ... ။

ထာဝရပရိသတ်

မိရှား
(မော်လမြိုင်တက္ကသိုလ်)
အမှတ်(၄) ဓိစခါလမ်း။
မော့ကနင်ရေးမြို့နယ်။

အမှတ်(၈၀) ဂန္ဓဝင်အောင်
ရေဘုံဆိုင်မှတ်တိုင်အနီး။
တောင်ဝိုင်းရပ်၊ မော်လမြိုင်မြို့။

www.burmeseclassic.com

www.burmeseclassic.com

မဆုမြတ်မွန်မွန်

မလိုမဲခေါ်ပါရစေ။

ညီမလေးက မရဲ့စာဖတ်ပရိသတ်တစ်ဦးပါ။ အခုလို စာရေးပြီးမိတ်ဆက်စာရေးတာ မက ပထမဦးဆုံးပါပဲ။ မရဲ့ဝတ္ထုတွေအားလုံးကို ညီမလေးဖတ်တယ်။ အားလုံးထဲမှာ 'နူးညံ့ခြင်းဖြိုင်မွှ' နှင့် 'အချစ်ဦးနှင့်လွဲပြီးသည့်နောက်(ဖူးစာ)' စာအုပ်ကို အကြိုက်ဆုံးပဲ။ နောက်ထွက်မဲ့စာအုပ်တွေကိုလည်း မျှော်လင့်နေဆဲပါ။ မက အရမ်းချောတာပဲနော်။ မက စာအရေးအသားတအားတော်တာပဲနော် ... ။ ဒီ့ထက်မကအောင်မြင်ပါစေလို့ဆုတောင်းရင်း ...

မရဲ့ထာဝရပရိသတ်

ဖြိုးအိစံ (စ)-မအိ
မ/၂၇၀ မိုးကုတ်မြို့နယ်၊
ကျောက်ပြင်။



မမမြတ်မွန်

ခင်မင်ရင်းနှီးစွာဖြင့် အိ စာရေးလိုက်ပါတယ်။ အိက ပထမဦးဆုံးမိတ်ဆက်စာရေးတာဖြစ်လို့ အမှားပါရင်ခွင့်လွှတ်ပါ။ အိက မမမြတ်မွန်ရဲ့စာအုပ်ကို အစကမဖတ်ဖြစ်ဘူး ... ။ ဆိုင်ရှင်ကကောင်းတယ်ဆိုလို့ ဖတ်ကြည့်တာ။ တခြားစာအုပ်တွေဆို မတိုးတော့ဘူး။ မမမြတ်မွန်ရဲ့ အရေးအသားတွေက တစ်အုပ်နှင့်တစ်အုပ် မထပ်ဘူးနော်။ အိ အရမ်းကြိုက်တယ်။ 'မျှော်ကချာရွှေရှင်' ဝတ္ထုကို ပိုကြိုက်တယ်။ နောင်ကို စာတ်လမ်းတွေမထပ်ဘဲ များများရေးနိုင်ပြီး အောင်မြင်ပါစေ။

အိဖြူ
အမှတ်(၆) ငွေမောင်း
နမ္မတီး မိုးကောင်းမြို့နယ်။

www.burmeseclassic.com

www.burmeseclassic.com

## အမှတ်တရအစီအစဉ်

သို့

ဆုမြတ်

အစ်မစာရေးလိုက်ပါတယ်နော်။ ဆုမြတ်ရဲ့ (၁၆) အုပ်မြောက်ဖတ်ပြီးသွားပြီလေ။ အရမ်းဖွဲ့ဆောင်အားကောင်းတဲ့ ဇာတ်ရှုပ်လေးတွေနဲ့ စိတ်ဝင်စားစွာနဲ့ဖတ်ရတာ ကျေနပ်သဘောကျမိပါတယ်။ အစ်မက အရမ်းနှစ်သက်တဲ့ ဇာတ်လမ်းတွေဆိုစာအုပ်ကို အပိုင်ဝယ်ဖြစ်ပါတယ်။ အမှတ်တရပေါ့နော်။ အလုပ်တွေမအားတာ အစ်မသိပေမဲ့ ဆက်ပုံနဲ့ ပြန်စာတော့ လောဘတကြီးလိုချင်နေမိပါတယ်။ ချစ်ခင်ရတဲ့ဆုမြတ် အောင်မြင်မှု (များစွာ) ဆက်လက်ပိုင်ဆိုင်နိုင်ပါစေလို့။ ချစ်ခင်ရတဲ့ဆုမြတ် အောင်မြင်မှုများစွာဆက်လက်ပိုင်ဆိုင်နိုင်ပါစေလို့ ... ။

ဆန္ဒမွန်ဖြင့် ...

ငွေငွေလှိုင်
(၃၂) ရွှေတံခွန် (အထက်လမ်း)၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
Ph ; 375222၊ 387721



## အမှတ်တရအစီအစဉ်

မဆု

စ္ ဒုတိယအကြိမ်မြောက် မိတ်ဆက်စာရေးလိုက်ပါတယ်။ မဆုဝတ္ထုတွေကို စဖတ်ထဲက ကြိုက်တယ်ဆိုတဲ့စိတ် (Mood) ဝင်သွားလို့လား မသိဘူး။ ဖတ်ရတဲ့စာအုပ်အားလုံးကြိုက်တယ်။ မဆုကိုကြည့်ရတာ မျက်နှာလေးလှယုံမဟုတ်ဘူး ... ။ Body Structure ပါ မိုက်မဲပုံ။ အခု နောက်ဆုံးထွက်လာတဲ့ 'သစ်ရွက်စိမ်းလေးရဲ့ နွေဦးဥက္ကာရီ' မှာ မင်းသားနဲ့ မင်းသမီးနှစ်ယောက်အချိုးတွေကတော့ တစ်မျိုးထဲပဲ ဘယ်သူ့ကိုမှ ပိုပြီး အကြောပေးမတင်းထားပါလား။ ဝတ္ထုတွေထဲမှာ English လို့ထည့်ရေးတာကို သဘောကျ၍ ဆက်လက်ရေးသားပါရန် မဆုကို ဆက်လက်အားပေးရင်း နောက်ထွက်မဲ့စာအုပ်တွေကို မျှော်နေပါမယ်။ မဆု စာပေလောကမှာ ထာဝရတည်မြဲခိုင်မာစွာ ရပ်တည်နိုင်ပါစေလို့ ဆုတောင်းပေးပါတယ်ရှင့် ... ။

ထာဝရအားပေးနေမဲ့ ...

ခင်သက်စုအောင်
ဝတ္ထုစက်ရုံ၊
စက်တောင်းအမှတ်(၁) ဝတ္ထုစက်၊
သိမ်ဈေး၊ မှန်ပြည်နယ်။

www.burmeseclassic.com

www.burmeseclassic.com

## အမှတ်တရ အစီအစဉ်

မင်္ဂလာပါ မဆုမြတ်မွန်မွန်

မမရဲ့စာအုပ်တွေက အရမ်းဖတ်လို့ကောင်းလှပါတယ်။ 'ကြယ်ကလေးရဲ့နှင်းဆီ' ကို ညီမလေး တော်တော်လေးကြိုက်တယ်။ ညီမလေးတို့ဆိုင်မှာ မမရဲ့စာအုပ်တွေ အရမ်းငှားရပါတယ်။ မမ နောက်ထွက်မဲ့စာအုပ်တွေရဲ့ စာတ်ကောင်နာမည်တွေကို လှလှဆန်းဆန်းလေးပေးပါနော်။ ဖန်စီဆန်တဲ့ စာအုပ်တွေ များများရေးပေးပါ ... ။ မမ ဒီလောက်များပြားတဲ့ စာပေလောကထဲကို ဆုမြတ်မွန်မွန်ဆိုတဲ့နာမည်ရဖို့ ကြိုးစားခဲ့တဲ့ မမကို ညီမလေး အရမ်းအားကျပါတယ်။ မမရဲ့စာကို မျှော်နေမယ်။ မမရဲ့ပရိသတ်တစ်ယောက် .... ။

နှင်းဝတ်ရည်
မြနန္ဒီစာပေ၊
စိုလ်မှူးဖိုးကျွန်လမ်း။
တောင်ငူမြို့

## အမှတ်တရ အစီအစဉ်

ဆုမြတ်မွန်မွန်

ခင်မင်လေးစားစွာဖြင့် မွန်မွန်လို့ပဲခေါ်ပါရစေနော် ... ။ ကျွန်တော်က မွန်မွန်ရဲ့စာဖတ်ပရိသတ်တစ်ဦးပါ။ မွန်မွန်ရဲ့ဝတ္ထုနဲ့ကျမှ ကျွန်တော့်ရဲ့စိတ်တွေကို ဆွဲခေါင်မှုလည်းရှိတယ်။ စာအရေးအသားပိုင်းလည်းကောင်းတယ် ... ။ မွန်မွန်ရဲ့လစဉ်ထွက်ဝတ္ထုအားလုံးဖတ်ဖူးတယ် ... ။ ဝတ္ထုအားလုံးက သူ့ဟာနဲ့သူကောင်းပါတယ်။ အဲ့ဒီဝတ္ထုထဲမှ 'ရင်ခုန်ချစ်ခြင်းနှင့်အဖွဲ့နန်းတော်' 'မှော် တဇျာရွှေရုပ်' ကို ပိုပြီးကြိုက်တယ်။ ကြိုးစားသူတွေရဲ့ အောင်မြင် မှုပန်းတိုင်ဆိုတာ ရှိစမြဲပါပဲ။ မွန်မွန် ဒီထက်မက ကျော်ကြားပါ စေလို့ ... ။ အမှားပါရင်လည်းခွင့်လွှတ်ပါနော်။

ထွန်းထွန်း (စ) ကျော်စေယျာထွန်း
ပြည်တော်သာရပ်ကွက်၊
ကျောက်တော်မြို့နယ်၊
ရခိုင်ပြည်နယ်။

www.burmeseclassic.com

၏

## အမှတ်တရအစီအစဉ်

မမဆု

ခင်မင်စွာဖြင့်စာရေးလိုက်တယ်။ မိတ်ဆက်စာကို တစ်ခါမှ မရေးဘူးလို့ အများပါရင်ခွင့်လွှတ်ပါ။ မဆုရဲ့ ထွက်ပြီးသမျှ စာအုပ်တွေကို တစ်အုပ်မှ မလွတ်တမ်းဖတ်ပါတယ်။ အရမ်းကို ကောင်းပါတယ်။ နောင်ကို ဒီ့ထက်ကောင်းတဲ့ စာသားတွေ ရေးနိုင်ပါစေလို့ ဆုတောင်းပေးနေပါတယ်။

ခင်မင်လျက်

H.W.L
ဥသျှစ်ပင်မြို့သစ်၊
(၁၁)ရပ်ကွက်၊
ပန်းတောင်းမြို့နယ်၊
ပဲခူးတိုင်း။

၏

## အမှတ်တရအစီအစဉ်

ဆု

တချို့စာရေးဆရာတွေဟာ နာမည်လေးတွေက ကဗျာဆန်ပေမဲ့ စာရေးသူဟာ ယောကျ်ားလည်းဖြစ်နေတတ်တာမို့ ဆုလို့ပဲခေါ်လိုက်တာပါ။ ဆုရဲ့စာအုပ်တွေ စထွက်ကတည်းကမှ အမြဲဖတ်ပါတယ်။ အရမ်းလည်းကြိုက်တယ်။ ကျွန်မရဲ့စိတ်နဲ့ အမြဲတမ်းနီးစပ်နေသလို ခံစားရလို့လည်း ပိုကြိုက်ပါတယ် ...။ 'အချစ်ဦးနှင့်လွဲပြီးသည့်နောက် (ဖူးစာ)' ဆိုတဲ့ စာအုပ်လေးက တော်တော်ပဲ စွဲဆောင်မှုအားကောင်းလို့ ဒီလိုမိတ်ဆက်စာလေး ရေးမိတဲ့အထိ ဖြစ်သွားတာ။ ဆုရဲ့ဝတ္ထုတွေကို အမြဲတမ်းစောင့်မျှော်လျက် ...။

မယဉ်ယဉ်ဌေး
မှိုကြီးလမ်း။
ရှိုးဆစ်ရပ်ကွက်၊
အေးသိုင်းချောင်းမြို့နယ်ခွဲ၊
ရေကြည်မြို့နယ်။

www.burmeseclassic.com

www.burmeseclassic.com



ဪ

မဆုမြတ်ခွန်

လေးစားမှု အားကျမှုတွေနဲ့ ခင်မင်စွာစာရေးလိုက်ပါတယ်။ မမရဲ့ ဝတ္ထုကောင်းတွေကို ရန်ကုန်မှာချည်းပဲနေတဲ့ပုံစံကိုပဲ တွေ့နေရတယ်။ တခြားမြို့တွေရဲ့ နောက်ခံလေးတွေနဲ့ရေးပေးပါလား။ မမက နဂိုကတည်းက တော်ပြီးသားမို့ ပိုကောင်းမယ်လို့ မျှော်လင့်ပါတယ်။ မမရဲ့ဝတ္ထုတွေအားလုံးဖတ်ပြီးပြီ။ မိုးကောင်းမှာ 'မျက်နက်ဝန်းရဲ့မေတ္တာတံချူ' ဆိုတဲ့ ဝတ္ထုက လုံးဝမရှိဘူး။ အရမ်းဖတ်ချင်တယ်။ ရှာလို့ကိုမရဘူး။ စာပေအနုပညာကို သက်ဆုံးတိုင်ထာဝရအောင်မြင်မှုများစွာနဲ့ ဖန်တီးနိုင်ပါစေ ... ။

မမရဲ့ပရိသတ်

ညီမလေး

ဝါဝါအေး
၈/၃၃၅ ဈေးကုန်းရပ်၊
မိုးကောင်းမြို့၊
ကချင်ပြည်နယ်။

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး


## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com







# သုမြတ်မွန်မွန်


## ချစ်သူတို့၏
## အခမ်းနားဆုံးအရာ . . .

စီစဉ်သူ
မောင်ကျော်လှိုင်
ဓစဓာနှဒစာပေ

www.burmeseclassic.com

www.burmeseclassic.com









"သက်ပန့်သို့"

❤ သက်ပန် ... ရေ

နေဝင်ချိန်ဆို

တစ်နေ့စာအလွမ်းတွေကို

နှလုံးသားထဲက မြန်သိမ်းဆည်ထားရတာ

ဝဋ်ကြွေးတစ်ခုလို ဖြစ်နေပြီ ...။ ။



www.burmeseclassic.com

www.burmeseclassic.com




❤ မတွေးဘဲ ရောက်လာတတ်တဲ့
နင့်အကြောင်း
အဓိပ္ပာယ်ကို ရှာဖွေကြည့်တော့
အချစ်ဆိုတဲ့အရာ
စာလုံးနှစ်လုံးထဲသာ ရှိပေလို့ပဲနော် ...။ ။

❤ နှင်းဆီတွေလို ပွင့်လာတတ်တဲ့
နင့် နှုတ်ခမ်းပါးလေးအကြောင်း စဉ်းစားမိတိုင်း
"မျှော်လင့်ခြင်း"ဆိုတဲ့ စကားလုံးက
ရင်ထဲကို ရောက်လာတယ် ...။
နင်ဟာ ငါ့ရဲ့ မူပိုင် မီးနပ်စ်ပါ သက်ပန် ...။ ။

မြစ်မင်းဆရာ၏ကဗျာ ...







"မြစ်မင်း... သို့"

❤ ထိုနေရာ ...
သစ္စာတရား၏ အဆုံးမဲ့လွင်ပြင်
အပြာရောင်ပန်းပွင့်တွေ ပွင့်တယ်။

❤ ထိုနေရာ ...
မြင့်မြတ်ခြင်း၏ တည်ရှိမှုအကြောင်း
အဖြူရောင်တံတားလေး ရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com



❤ ထိုနေ့ရာ ...
နေကြာဝါဝါလေးတွေ အရွေ့အာက်လှည့်မွင့်လို့
ချစ်သူအတွက် သဝန်တိုမှုတွေ ရှိတယ်။

❤ တကယ်ပါ ...
ငါ့အိပ်ရာဘေးက ဝက်ဝံရုပ်ကြီးကတောင်
ချစ်သူအကြောင်းတွေ လာလာပြောင်းနဲ့
နားငြီးတယ်တဲ့ ...။
မျက်ဝန်းလေးတစ်စုံက အိပ်မက်ထဲအထိ
လိုက်နှောင့်ယှက်တတ်တာ
အချစ်လို့ ခေါ်လား မြစ်မင်းရယ်။ ။

မေသက်ပန်၏ကဗျာ







"သက်ပန် ... သို့"

❤ မျက်ဝန်းထဲက အလင်းတာတ်တွေ လွှတ်ထားသလို ...
နင့်အကြည့်တစ်ချက်နဲ့တင်
တစ်နေ့တာ အသက်ဆက်ဖို့
လုံလောက်တဲ့ကောင်ပါ သက်ပန် ...။



www.burmeseclassic.com

www.burmeseclassic.com



❤ "ချစ်တယ်"ဆိုတဲ့ စကားတစ်ခွန်း
ပြောဖို့ ပြင်ဆင်အားထုတ်ရင်းပဲ
အလိုလို အားယုတ်နေခဲ့တဲ့သူပါ။

❤ ဘဝရဲ့အစက
လွဲချော်ခြင်းတွေ (ငါ့အတွက်လို့)
ဖန်ဆင်းခဲ့လေသလားတော့ မသိ
မေငှိုရင် (ကိုယ်လေ)
တကယ်ကို မနေတတ်ခဲ့တဲ့သူပါ ...။
ဖွင့်ပြောခွင့်ရှိတဲ့ တစ်နေ့
သူငယ်ချင်း ဆိုတဲ့ ခေါင်းစဉ်အောက်က
ရုန်းထွက်ခွင့် ရှိပါရစေလား မေ ...။ ။

တနိုင်းသစ်ကမ္ဘာ





# အပိုင်း(၁)



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁)

လေပြည်နုနုတွေ တိုက်ခတ်နေသော ဖွန်လ၏နေ့ တစ်နေ့တွင် သူ့ရဲ့ ရင်ခုန်နှုန်းတွေ ခါတိုင်းထက် ပို၍မြန်နေသည် ဟု ထင်လေသည်။ ဒီနေ့သည် သူတို့ရဲ့ ပထမဦးဆုံး ကျောင်းဖွင့် ရက် ဖြစ်သည်။ ဆယ်တန်းကျောင်းသား၊ ကျောင်းသူများအား လုံးထဲတွင် အရေးပါဆုံး ကျောင်းသားများအဖြစ် ကိုယ့်ကိုယ်ကိုယ်





ဂုဏ်ယူမိသော သူ့အတွက်ကတော့ ငါဟဲ့ ဆယ်တန်းကျောင်းသား ဆိုသော မာန်ဖြင့် ဝံ့ကြွားလို့နေသည်။

ဒီထက်ဝံ့ကြွားစရာ တစ်ခုက ဖေဖေက သူ့အတွက် ကျောင်းတက်ဖို့ရာ ဆူပါကပ်ခဲရောင် ဆိုင်ကယ်တစ်စီး ဝယ်ပေး လိုက်ခြင်းပဲ ဖြစ်သည်။ သူ သွားလိုရာနေရာတိုင်းသို့ အချိန်တို အတွင်းမှာ ပို့ဆောင်ပေးသော ထိုဆိုင်ကယ်ကို သူက ဒုတိယ အမြတ်နိုးဆုံး ...။

ဒါဆိုရင် ပထမ အမြတ်နိုးဆုံးက ဘာဖြစ်မလဲ ? ။

သူ့ကိုယ်သူ ဒီလို တွေးကြည့်လိုက်တာနဲ့တင် လှိုက်ခနဲ ဖြစ်သွားသော ခံစားချက်ဟာ ဘာနဲ့မှမတူချေ။ ချစ်သော ကောင်မလေးအကြောင်း တွေးရတာ လောကမှာ စိတ်ချမ်းသာစရာ အကောင်းဆုံးပဲ ဖြစ်ပါသည်။

ဒီအချိန်မှာပဲ သူ့နံဘေးသို့ Dream ဆိုင်ကယ်တစ် စီးက ထိုးရပ်လို့လာသည်။ သူက ဆိုင်ကယ်ပေါ် ထိုင်ခဲ့နေရာမှ စောင့်ကြည့်လိုက်လျှင် ...

"ဟေ့ကောင် ... မြစ်မင်း၊ လက်ဖက်ရည်ဆိုင် သွားရ အောင်"



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို မှမ်းဆက်ကာ ပြောနေသူသည် သူလိုပဲ မြောက်ကြွကြွဒီဇိုင်း ဖြစ်နေသော သူ့ရဲ့အရင်းနှီးဆုံး သော်ဒါ တနိုင်းခ ဖြစ်သည်။ တနိုင်းသည်လည်း သူ့အဖေ ဝယ်ပေးထားသော Dream 125 ဖြင့် စိတ်ကျေနပ်မှု ရနေဟန်တူသည်။ သူက သက်မှနာရီကို မသိမသာ ငုံကြည့်လျက် ...

"မသွားသေးဘူးကွာ။ ခဏနေဦး"

တစ်ခုခုကို စောင့်နေဟန်တူသည့် သူ့အဖြစ်ကို ရိပ်မိသွားဟန်ရှိသော တနိုင်းက သူ့ကို အကဲခတ်သလို ကြည့်လာလျက် ...

"မင်း ဘယ်သူ့ကို စောင့်နေတာလဲ၊ ဒီနေ့မှ ကျောင်းဖွင့်တာ မျှော်ရမဲ့သူ ရှိနေပြီလားကွ"

"မဟုတ်ပါဘူးကွာ၊ မင်းကို စောင့်နေတာပါ"

"အော်ငမာ ... ဘာလာစ္စီးနေတာလဲ ဟေ့ကောင်၊ ဒါဆို လက်ဖက်ရည်ဆိုင် သွားမယ် ပြောတာကို ဘာလို့ ခဏနေဦးဦးလို့ ပြောရတာလဲ"

"သက်ပန် မလာသေးတူးလေကွာ၊ ဘာလုပ်နေလဲ မသိဘူး၊ ပါးကွက်ညှိနေတာကိုက တစ်နာရီလောက် ကြာနေတတ်တာ သူက ..."





"အေး ... ဟုတ်ပါ၊ ဒီငနဲမလေးကို ရှီးတွေ သိပ်မထုတ်ဖို့ ပြောရဦးမယ်၊ စိုးမိုး ဆိုတဲ့ကောင်က ဒီနှစ်တော့ သက်ပန်ကို ရအောင်လိုက်မယ်လို့ ပြောထားတာ မျက်ခြည်မပြတ် ကြည့်ဖို့ လိုတယ်"

အဲဒီအချိန်မှာပင် မျှော်လင့်နေသော တစ်စုံတစ်ရာ သူ့မြင်ကွင်းထဲသို့ ဝင်ရောက်လို့လာသည်။ သက်ပန်တို့အိမ် စူပါရှဖ်အဖြူလေး တရွေ့ရွေ့ လာနေတာကို မြင်လျှင် သူ့ရင်ခုန်နှုန်းတွေက ပို၍ မြန်ဆောင်းလို့ လာသည်။

ကိုယ်ချစ်နေတဲ့သူကို မပြောနဲ့ သူနဲ့ပတ်သက်တဲ့ မဲ့အရာတစ်ခုခုကို မြင်လိုက်ရတာနှင့်တောင် ဒိန်းခနဲ ဖြစ်သွားသော ခံစားမှုဟာ အချစ်မှာပဲ ရှိသည်ဟု ထင်ပါသည်။

စူပါရှဖ်အဖြူသည် သူတို့ဆိုင်ကယ်တွေ ရပ်ထားသော အုတ်ခုံများတွင် တုံ့သွားရင်း ကားနောက်ခန်းထဲမှ သက်ပန် မျက်နှာလေးက ဝင်းပစွာ ထိုးထွက်၍လာသည်။

"ဟိတ် ... ဘာရပ်လုပ်နေကြတာလဲ၊ ငါ့ကို ကြားဖို့စောင့်နေကြတာပေါ့လေ၊ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာပေါ်တွင်ရှိသည့် ပါးကွက်များ၏ အလှဆုံးပိုင်ရှင်ဖြစ်သော သက်ပန်သည် သူနှင့် တနိုင်းကို ပြုံးကာ မေးဆတ်၍ မေးနေသည်။ ပါးကွက်,ကွက်သော သူ မြင်ဖူးသမျှ မိန်းမတို့ထဲတွင် သက်ပန်ရဲ့ ပါးကွက်လောက် လှတာကို သူ မမြင်ဖူးသေးချေ။

သက်ပန်ရဲ့ ပါးကွက်လေးများမှာ မကြီးမသေး အနေတော် အစွယ်လေးများ ဖြစ်ကြလျက် အလွန်ခေတ်မီလှပ၍ မွှေးပျံ့သော ရနံ့တစ်မျိုး ရှိပါသည်။

(မွှေးရနံ့တစ်မျိုး ရှိသည်ဟု ပြောရခြင်းမှာ နမ်းကြည့်ဖူးသောကြောင့်တော့ မဟုတ်ပါ။ စိတ်မှန်းနှင့် ပြောပြခြင်းဖြစ်ပါသည်။)

"တမင်ကြွားတာတော့ မဟုတ်ပါဘူးဟာ၊ ကြုံလို့ကြွားတာပါ"

သူ့စကားကို သက်ပန်သည် လှစ်ခနဲပြုံးလျက် ...

"ကြွားတာက ကြွားတာပဲ၊ မရဘူးနော် ... နင်တို့နှစ်ယောက်စလုံး ငါ့ကို ဖွင့်ပွဲလုပ်ပေးရဦးမယ်"

"ပေါင်းလုပ်မယ်လေ၊ နော် ... တနိုင်း"





သူက တနိုင်းကို စစ်ကူတောင်းလိုက်လျှင် တနိုင်းကလည်း သွက်သွက်ကြီး ခေါင်းညိတ်ပြလေသည်။ သက်ပန်သည် နှုတ်ခမ်းကြီး ချက်ချင်းစူထော်လာကာ ...

"မရဘူး ... မရဘူး၊ ပေါင်းလုပ်ရအောင် နင်တို့နှစ်ယောက်က ဘာမှမဆိုင်ဘူး ....

ဒီတစ်ပတ် ကျောင်းပိတ်ရက်ပဲ တစ်ယောက်က စနေကျွေး၊ တစ်ယောက်က တနင်္ဂနွေကျွေးရမယ်၊ ဒါပဲ ... ဒါပဲ"

လမ်းမှာ ကားရပ်ထားတာ ကြာလာလျှင် သက်ပန်တို့အိမ်က ဒရိုင်ဘာကြီး အဘကျော်က လော်ဆော်သည်။

"သက်ပန်ရေ ... မောင်းတော့မယ်နော်"

"အင်း ... အင်း ... မောင်း အဘ၊ ဟိုနှစ်ကောင် ငါပြောပြီးသားနော်၊ ပြီးမှ ဘာသံညာသံ မကြားချင်ဘူး"

သက်ပန်သည် သူတို့နှစ်ယောက်ကို ချက်နှာလေးအစွယ် လက်ညှိုးတစ်ချောင်းထောင်ကာ ပြောသွား သက်ပန်သူက အဲဒီပုံစံကို ပခုံးတွန့် ရယ်မောနေပြီးနောက် သကြင့်မှန်းအားဖြင့် မြင်ကွင်းထဲက ပျောက်ကွယ်သွားမှ တနိုင်းဘက်သို့ သောင့်ကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဘယ်အချိန်တည်းက ကြည့်နေမှန်းမသိ သော တနိုင်းခရဲ့ မျက်လုံးတွေနှင့် တန်းခနဲ ဆုံလေသည်။ သူက မသိချင်ဟန်ဆောင်ရင်း ...

"သွားမယ်လေကွာ၊ ဘယ်မှာ ထိုင်မှာလဲ၊ Money လား၊ UNISON လား"

"မင်း ကြိုက်တာထိုင်"

တနိုင်းက သူ့သဘောကို ဦးစားပေးလိုက်လျှင် သူက အိုခေဟု တိုးတိုးရေရွတ်ကာ ဆိုင်ကယ်ကို စက်နှိုးလိုက်သည်။ အဒီတော့ ကျောင်းနှင့် မဝေးသော၊ မျက်စိစားပွဲထိုင်ဖို့ အင်မတန် ဗျူးကောင်းသော ကန်စောင်းနားရှိ UNISON လက်ဖက်ရည်ဆိုင် သို့ ရောက်လာကြသည်။ ဆိုင်ထဲတွင် သူတို့လို ကျောင်းသား ... လည်း ကိုယ့်အုပ်စုနဲ့ကိုယ် အုပ်စုဖွဲ့၍ ထိုင်လျက်သား ပါ"

... နှင့် တနိုင်းသည် ပေါ့ကျတစ်ခွက်စီ ကိုယ်စီ ...နောက် ဘာရယ်မဟုတ်ဘဲ ကျောင်းသို့ တဖွဲဖွဲရောက် လာနေကြသော စက်ဘီးတွေ၊ ဆိုင်ကယ်တွေ၊ ကားတွေကို ငေး မောမိကြသည်။





ဒီလို ရှစ်နာရီခွဲ အချိန်လောက်သည် ဒီနားတစ်ဝိုက် ကတော့ အလွန်ကို စည်ကားလေသည်။ သူတို့မြို့လေးရဲ့ အရှေ့ ခြမ်းနှင့် အနောက်ခြမ်းကို ဆက်သွယ်ထားသော တံတားကြီးဟာ အချိန်ကိုတော့ အတော်စိတ်အပျက်ဆုံးပဲ နေလိမ့်မည်။

ဒီလို မနက်ချိန်ခါတွင် ကျောင်းသို့လာသော ကျောင်း သားကျောင်းသူများက အရှေ့မှ အနောက်သို့ ကူးရသလို အနောက် ခြမ်းမှာ နေထိုင်သော လူများကလည်း ဈေးကြီး၊ ဌာနဆိုင်ရာရုံး များထဲသို့ ကူးကြရသည်။

အရှေ့ကလူက အနောက်လာ၊ အနောက်ကလူက အရှေ့သွားနှင့် တစ်နေရာက ထိုင်နေကျဖြစ်သော လူတစ်ယောက် အဖို့ကတော့ ဝါသနာပါလျှင် အပျင်းဖြေစရာပဲ ဖြစ်သည်။

သူက ပေါ့ကျလက်ဖက်ရည်ကို အရသာခံသောက် ... အခုနတုန်းက တွေ့မြင်ခဲ့ရသော သက်ပန်ရဲ့ မျက်နှာလေး ... တရိပ်ရိပ် စားမြုံ့ပြန်နေမိသည်။ အခုတလော သက်ပန် အကြောင်းကို ခဏခဏ စဉ်းစားနေဖြစ်သည်မှာ ဘာကြောင့်မှန်း ... သူ့ကိုယ်သူ ဝေခွဲမရသေးပေ။

"မြစ်မင်း ... မင်း Study အချိန် ဆွဲပြီးပြီလား"



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ထွက်ပေါ်လာသော တနိုင်း စကား ကြောင့် သူ့အတွေးစတို့က ပြတ်တောက်သွားရသည်။ တနိုင်းရဲ့ မျက်နှာကို ဖျတ်ခနဲ ကြည့်မိလျှင် တနိုင်းရော သူ့လိုပဲ သက်ပန် အကြောင်း မစဉ်းစားမိဘူးလားဟု အတွေးပေါ်သွားသေးသည်။

သို့သော် တနိုင်းရဲ့ မျက်ဝန်းတွေက ကြည်ကြည် လင်လင်ပင်။

"မဆွဲသေးပါဘူးကွာ၊ အခုမှ နှစ်စပဲ ရှိသေးတာ၊ အေးဆေး ပေါ့၊ အခုနေ နှင်းကန်သွားကျုံးထားရင် တကယ်တမ်း နီးလာတော့ သိပ်မလုပ်ချင်တော့ဘူး"

"မင်းက ဉာဏ်ကောင်းတော့ အေးဆေးပေါ့ကွာ၊ ဆေး သေချာပေါက် ဝင်မှာပါ"

"အဲလောက်ကြီးလည်း မရည်ရွယ်ပါဘူးကွာ၊ ငါက ဆေး ကို ဝါသနာမပါဘူးကွ"

"ဒါပေမဲ့ မယ်သက်ပန်ကတော့ ဆေးမှဆေးပဲ၊ လုံးဝ လျှော့ဘူး"

သူက တနိုင်းဘက် လှည့်ကြည့်လိုက်လျှင် ဒီကောင် သူ့ကို ကြည့်မနေသဖြင့် မျက်ဝန်းများ၏ အရိပ်အကဲကို ဖမ်း မရချေ။





သူ့ရဲ့အတွေးထဲမှာ သက်ပန်သည် မကြာခဏ နေရာယူတတ်လေ့ ရှိသလို တနိုင်း၏ နှုတ်ဖျားမှာလည်း မကြာ ခဏ နေရာဝင်ယူတတ်လေ့ ရှိလေသည်။

"မင်းကရော ဘာမှ ဘာပဲလဲ"

တနိုင်းသည် အဖြေကို ချက်ချင်းမပြောသေးဘဲ့ ကားလမ်းမက ဖြတ်သန်းသွားသော အရာဝတ္ထုများကို ငေးမော နေသေးသည်။

ပြီးတော့မှ တွေးဆဆဖြင့် ...

"ငါကတော့ အမှတ်မီရာပဲ၊ ငါ့ဘက်က ငါတတ်နိုင် သလောက်၊ အံ့ရွှမ်းရှိသလောက် ကြိုးစားမယ်၊ နောက် ... မိတဲ့ကျောင်းကို တက်မယ် ...

နောက်ဆုံးတော့ ငါက ငါ့အမေ အလုပ်တွေကိုပဲ ဦးစီးရမှာဆိုတော့ ငါ့အတွက်က ဆေးကျောင်းတက်လည်း ဆရာဝန်လုပ်ရမှာ မဟုတ်ဘူး"

တနိုင်းရဲ့အဖေမှာ တနိုင်း ရှစ်တန်းနှစ်တည်းက ပါးသွားခဲ့ပြီဖြစ်၍ သူ့အမေ တစ်ယောက်တည်း စီးပွားရေးကို ဆောင်နေရတာ ဖြစ်သည်။ ဒါကြောင့် ဒီကောင်က မြန်မြန် ၍ သူ့အမေ အလုပ်တွေကို ဝင်ကူရမည့်သူ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လဲကွာ၊ အမှတ်မီတော့လည်း တက်လိုက်ရ
ဆေးကျောင်းတက်ပြီး ဆရာဝန် မလုပ်တဲ့သူတွေ အများကြီး
ပဲဟာ ...

ဒေါက်တာဘွဲ့ အတပ်ခံရတာ နည်းသေးလား။ အနည်း
ဆုံးတော့ မင်း ဆေးကျောင်းတက်ရင်၊ ဆရာဝန်မဖ
ယောက်နဲ့တော့ ရမှာပဲ"

သူ့စကားကို တနိုင်းသည် အလေးအနက်ထ
တွေးတောဟန်ဖြင့် ...

"ငါ့ကို မေမေက ပြောဖူးတယ်ကွ၊ လူတစ်ယောက်ဟာ
ဘယ်လိုပြောရမလဲ အတိအကျ ပြောရရင် ယောက်ျားလေး
ပဲဖြစ်ဖြစ်၊ မိန်းကလေးပဲဖြစ်ဖြစ်ပေါ့ကွာ အချိန်တန်အရွယ်
ရောက်လာရင် ကိုယ်နဲ့နီးစပ်ရာ ပတ်ဝန်းကျင် အသိုင်းအ
က လူတွေနဲ့ပဲ တွေ့ဆုံရတယ်တဲ့ ...

ဥပမာ ... ကျောင်းသားဆိုရင် ကျောင်းသူနဲ့ပဲ တွေ့
မယ်ကွာ၊ ရုံးဆိုရင်လည်း ရုံးကလူအချင်းချင်း တွေ့မယ်
ဖစ်ဆစ်မေဂျာကဆိုရင် ဖစ်ဆစ်ကဟာနဲ့ တွေ့ဖို့များတယ်
ဆေးဆိုရင်လည်း ဆေးကဟာနဲ့ပဲ တွေ့မယ်ပေါ့ကွာ"





"အေးလေ ... ဒါ သီအိုရီတစ်ခုပဲ"

"အဲဒါ သီအိုရီပဲလေ၊ အချစ်မှ မဟုတ်တာ"

"ဟော့ကောင် ... ဘာအချစ်လဲ"

သူက အလန့်တကြား ထအော်လိုက်လျှင် တနိုင်းက
အခုမှ တဟားဟားနှင့် အော်ရယ်လေသည်။ သူနှင့် တနိုင်းသည်
ငါးတန်းတည်းက စတင် အတွဲညီခဲ့ကြတာ အတူတူစား၊ အတူတူ
သွား၊ လူပျိုစိတ်လည်း အတူတူ ဝင်ခဲ့ကြသော်လည်း အချစ်
အကြောင်းတော့ တစ်ခါမှ မဆွေးနွေးခဲ့ကြဖူးသေး။

အခုတော့ သူ့ထက် အေးပါသည်ဆိုသော တနိုင်းရဲ့
ပါးစပ်က အလွန်အင်အားပြင်းထန်သော စကားလုံးနှစ်လုံး ထွက်
လာခဲ့ချေပြီ။

"ဟော့ကောင် ... မင်း ဘာပြောလိုက်တယ်၊ အချစ် ဟုတ်
လား"

"အင်းလေ ... လူတိုင်းနဲ့ မကင်းနိုင်ကြတဲ့ အချစ်ပေါ့"

"ဟား ... ဘာတွေလဲ၊ ဆရာမ သိတာက အဲဒီအကြောင်း
စာစီစာကုံး ရေးခိုင်းထားလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူးကွာ မင်းကလည်း၊ ငါပြောတာက မေ...
ပြောတဲ့အရာက အေး ... မင်းပြောတဲ့ဟာက သီအိုရီတစ်ခု
ပဲလေ ...

ငါကတော့ အဲဒါကို အချစ်လို့ မမြင်ဘူး၊ နီးစပ်မှု
တစ်ခုလို့ပဲ မြင်တယ်၊ မကြားဖူးဘူးလား၊ သဇင် ဆိုထား
တဲ့ သီချင်းလေ ...

သီအိုရီတွေ အကုန်မှားသွားလည်းပဲ ငါရင်ခုန်တာ
မင်း တစ်ယောက်တည်း ဆိုတာလေ"

သူက တနိုင်းရဲ့ စကားကို တဟားဟားနှင့် အော်
ရယ်ပေးလိုက်သည်။ တနိုင်းသည် သူဖွံ့ပြနေသော ကိစ္စအပေါ်
အဟားခံရသဖြင့် မကျေမလည် ဖြစ်သွားဟန်တူသည်။ မျက်နှာ
ကြီး မဲ့သွားလျက် ...

"ဟေ့ကောင် ... ငါ့ကို မဟားနဲ့ကွ၊ ငါက မင်းလို တွေ့
ကရာ ကြည်တတ်တဲ့ကောင် မဟုတ်ဘူး"

"သိပါတယ်ကွာ၊ မင်းက တွေ့ကရာ နောက်တတ်တဲ့
ကောင်ပါ"





"မနောက်တတ်ဘူး၊ တကယ်ပြောတာ၊ ဒီလို အနှစ်တွေ
ကျတော့ မင်းက ဘယ်ခံစားဖူးမလဲ"

"အောင်မာ ... အဖေထက် သားက တစ်လမျှားကြီးလို့၊
ကဲ ... ပြောစမ်းပါဦး၊ မင်းက ဘယ်ကအနှစ်တွေကို
ခံစားနေရတာလဲ ...

မင်းတို့အိမ်က ထမင်းချက်အဒေါ်ကြီး ကျွေးတဲ့
ကြက်ဥအနှစ်တွေကို ပန်းကန်ပြားကြီးနဲ့ ခံစားတာလား"

"ခွေးကောင် ... မင်း ..." ဂျင်းနား

တနိုင်းက သူ့ကို ဆုံးအောင်တောင် မဆဲလိုက်တဲ့လဲ"
ချ။ အဘယ်ကြောင့်ဆိုသော ကျောင်းတက်ခေါင်းလောင်းသံ
ကို ကြားလိုက်ရသောကြောင့် ဖြစ်လေသည်။ သူတို့ဟာ အဲဒီကိစ္စမှ
မှ ဝိုက်ဆံထဲရှင်းလျက် အူယားဖားယား ပြေးရသော်လည်း
ကျောင်းတံခါးက ပိတ်သွားပြီဖြစ်သည်။

အချစ်အကြောင်း အဆွေးနွေးကောင်းသဖြင့် ကျောင်း
ဖွင့်သည့် နေ့မှာတင် အတန်းရှေ့မှာ နားရွက်ဆွဲ၍ ထိုင်ထ
အခါနှစ်ဆယ် လုပ်လိုက်ရလေသည်။

❧ ◇ ❧



www.burmeseclassic.com

www.burmeseclassic.com





သက်ပန်သည် သူနှင့် တနိုင်းတို့ ကျောင်းနောက်ကျသည့် အကြောင်းကို ဘယ်လောက်တောင်များ သိချင်နေသလဲတော့ မပြောတတ်ချေ။ ထမင်းစားကျောင်း ဆင်းတာနှင့် တစ်ပြိုင်နက် သူ့အနားသို့ ရောက်လာကာ မေးလေသည်။ အနားမှာ တနိုင်းလည်း ရှိနေသော်လည်း တနိုင်းကို ဦးတည်၍မမေး။ သူ့ကိုသာ ဦးတည်၍ မေးလေသည်။





"ဟဲ့ ... မြစ်မင်း၊ မနက်က နင်တို့ ဘာလို့ ကျောင်းနောက်ကျနေကြတာလဲ၊ ကျောင်းကို ငါ့ထက်အရင် စောရောက်နေကြရဲ့သားနဲ့ ဘယ်တွေ သွားနေကြသေးတာလဲ"

သူနှင့် တနိုင်းက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေကြပြီးမှ ...

"ဘယ်မှ မသွားပါဘူး၊ UNISON မှာ ထိုင်နေကြတာ"

"ဟင် ... ဒါဖြင့်ရင် ကျောင်းတက်တော့မှာကို မသိဘူးလား၊ ဘာတွေများ ပြောနေ ငမ်းနေကြတာမို့လို့ ကျောင်းနားရောက်တာတောင် ကျောင်းတက်တာကို မသိကြတာတဲ့လဲ"

သူက ခါးထောက်ကာ ဟန်နဲ့ပန်နဲ့ မေးနေသော သက်ပန်ရဲ့ပုံကို ပြုံးစစနှင့် မော်ကြည့်ကာ ရယ်ချင်သလို မျက်နှာနှင့် တနိုင်းကို လှည့်ကြည့်လိုက်လျှင် သက်ပန်ရဲ့ဒေါသသည် တနိုင်းထံသို့ပါ ကူးသွားလေသည်။ တနိုင်းဘက်ကိုပါ လက်ညှိုးငေါက်ငေါက်ထိုးလျက် ...

"နင်လည်း ပါတယ် မဟုတ်လား၊ ပြောစမ်း ... နင်တို့နှစ်ယောက် ဘာတွေတိုင်ပင်ပြီး အကြံစည်ထုတ်နေလို့ ကျောင်းတက်တာတောင် မသိရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



တနိုင်းသည် သက်ပန်ကို ပြုံးစိစိဖြင့်ကြည့်လျက် ...
"မပြောဘူး၊ သတ်ရင်သတ်လိုက်"ဟု ပြောသဖြင့် သက်ပန်ဟာ အတော်ဒေါဖောင်း၍ သွားဟန်တူသည်။ ပါးတွေပင် ဖောင်းလာလျက် ...

"ကြည့်စမ်း ... နင်တို့နှစ်ကောင်က အတော်ဗွာနေပါလား။ နင်တို့နှစ်ယောက်စလုံးကို အန်တီတို့နဲ့ တိုင်ပြောဦးမယ်"

"ဟာ ... သက်ပန်ကလည်းဟာ၊ ငါတို့ ဘာမှမလုပ်ဘူး၊ နောက်မှ နင့်ကိုငါ ရှင်းပြပါ့မယ်ဟာ"

"ဘာရှင်းပြမှာလဲ၊ နင်တို့ ကောင်မလေးတွေကို လိုက်ဖို့ မဟုတ်လား"

"ဟွန်း ... ထွတ် ...၊ ကဲ ... ကဲ ... နောက်တော့ပြောပြမယ်၊ အခုတော့ ဗိုက်ဆာလို့ ပြန်လိုက်ဦးမယ်ဟာ၊ နော် ... ခဏစောင့်"

သူက သက်ပန်ကို မျက်စိတစ်ဖက် မှိတ်ပြလျက် တနိုင်း၏ပခုံးကို ဖက်ကာ လှည့်ထွက်လာခဲ့လျှင် သက်ပန်သည် မျက်စောင်းတခဲခဲနှင့် ကျန်ရစ်ခဲ့လေသည်။ သူနှင့် တနိုင်းက ဆိုင်ကယ်ကိုယ်စီနှင့်မို့ရော ယောကျ်ားလေးပီပီ ထမင်းချိုင့်တွေ





ကိုင်ချင်သဖြင့်ရောကြောင့် အိမ်ပြန်စားကြသော်လည်း သက်ပန်ကတော့ ထမင်းချိုင့်ထည့်သူ ဖြစ်၏။

ထမင်းစားကျောင်းဆင်း အိမ်အပြန်လမ်းတွင် တနိုင်းသည် သူ့ဘေးသို့ ရင်ပေါင်တန်းစီးရင်း ...

"သက်ပန် မေးရင် မင်း ပြောပြမှာလား မြင့်မင်း"

"ပြောရမှာပေါ့ကွ၊ တော်ကြာ မဟုတ်ကဟုတ်ကတွေ မေမေ့ကို သွားချွန်နေရင် ဘယ့်နှယ်လုပ်မလဲ"

တနိုင်းက ဘာမှဆက်မပြောတော့ပေ။ သို့သော် နိုင်းရဲ့ မျက်နှာမှာ ယောင့်ယောင်မှုတော့ ပြုံးသွားသည်ဟု ဆင်ပါသည်။ ဒီလိုနှင့် ညနေဘက် ကျောင်းဆင်းလျှင် စပ်စုမ း သက်ပန်သည် သူ့အိမ်သို့ ရက်ဘီးတစ်စီးဖြင့် ပေါက်ချလို့ ာတော့လေသည်။

အဲဒီအချိန်တွင် သူက ရေချိုးပြီးစ ဆိုင်ကယ်နှင့် ပြင်ထွက်ဖို့ ဟန်ပြင်နေတုန်းရှိဆဲ အချိန်ဖြစ်၏။ ဆံပင်ကို နှစ် ာ်ခွဲစည်းလျက် ပါးကွက်အကြား၊ စကတ်အကားဝတ်၍ ရောက် သော သက်ပန်သည် ကလေးပေါက်စလေးသဖွယ် နုနယ်ချော ာ၍နေလျှင် သူက သက်ပြင်းကို အသာကျိတ်ချမိ၏။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ဆယ့်ခြောက်နှစ်ဟူသော အသက်အရွယ်ဟာ သက်ပြင်းချဖို့အတွက် အချိန်မကျရောက်သေးသော်လည်း သူက ခံနိုင်ရည်မရှိခဲ့ပေ။

"နင် ဘာလာလုပ်တယ်ဆိုတာ ငါ သိပါတယ် သက်ပန်ရာ၊ နင် အဲဒီလောက် စပ်စုတတ်မှန်း အစက ငါမသိခဲ့ဘူး သိလား"

သက်ပန်၏ နှုတ်ခမ်းသည် ချက်ချင်းပင် ရှေ့ကို တစ်တောင်လောက် ထွက်လာလျက် ...

"နင် ... နော်"

ထို"နင်နော်"သည် နင်နှင့် နော်ကြားမှာ သံရှည်တစ်ခုဆွဲသွားလျက် သူ့နားထဲတွင် သံစဉ်တစ်ပုဒ် ဖြစ်လို့သွားသည်။ ဒီထက် ရင်ခုန်စရာ ကောင်းတာက သက်ပန်သည် သူ့လက်မောင်းကို လှုပ်ကာ လှုပ်ကာဖြင့် ထပ်မေးခြင်း ဖြစ်သည်။

ငယ်ငယ်တည်းက သက်ပန်ရဲ့လက်နဲ့ အရိုက်အပုတ်၊ အထုအထောင်း၊ အဆွဲအလိမ်ကို ကြိမ်ဖန်များစွာ ခံခဲ့ရဖူးသော်လည်း ဒီလိုရင်ငြိမ့်ညောင်းမှုကတော့ ဒါ ပထမဆုံးပဲ ဖြစ်လေသည်။





"မပြောဘူးလား၊ ငါ စိတ်တိုလာပြီနော် မြစ်မင်း"

အဲ ... နဂါးရိုင်းလို အကြည့်တစ်ချက်နှင့် ငါစိတ်တိုလာပြီနော် ဟူသော စစ်ခင်းစကားကိုတော့ သူ အဟုတ်ပဲ ...န့်သွားရသည်။ သက်ပန် ဆိုသော ကလေးမသည် စိတ်ကောက်...င် တော်တော်နဲ့ ပြန်၍မပြေတတ်တော့ချေ။

"သက်ပန်ရာ ... နင်က ဘာမှမဟုတ်တဲ့ဟာကို အသည်းအသန် သိချင်နေတာကိုး၊ ကိစ္စက ဘာမှမဟုတ်ဘူး၊ ငါနဲ့တနိုင်းနဲ့ ကိစ္စတစ်ခုကို ဆွေးနွေးရင်းနဲ့ နာရီကို မကြည့်မိ၊ သံချောင်းခေါက်တာကို မကြားမိ ဖြစ်သွားတာ ...

ဒါပဲ ... အဲဒါပဲ ..."

"အေးလေ ... အဲဒီကိစ္စက ဘာကိစ္စလဲလို့"

သူက သက်ပန်ကို သဘောကျစိတ်ဖြင့် ပြုံးကြည့်...ိုက်လေသည်။ ဘာကိစ္စလဲလို့ဟူသော အမေးတွင် လဲနှင့်လို့ကြား...ို သံရှည်ဆွဲတတ်ပုံတို့ဟာ သက်ပန်ရဲ့ ထူးခြားချက်တည်း။ ...က်ပန်သည် စကားတစ်ခွန်းကို ပြောလျှင် အဆုံးသတ်မှာ ...ရှည်ဆွဲ၍ ပြောတတ်သော ပညာကို အလွန်ကျွမ်းပါသည်။ ...တော့ အဲဒီလို ပြောပုံသည် အလွန်ချစ်ဖို့ကောင်းသည်ဟုလည်း ...င်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အချစ်ကိစ္စပါဟာ"

သူက သက်ပန်ကို ငေးကြည့်ရင်း ပြောမဲ့ပြောတော့လည်း ရဲတ်တရက် ပြောချလိုက်လျှင် သက်ပန်သည် ရုတ်တရက် ကြောင်ကာသွားသည်။

ပြီးမှ အထစ်ထစ် အငေါ့ငေါ့ဖြင့် ...

"ဘာ ... ဘာ ... ဘာပြောတယ်၊ အချစ်အကြောင်း ဟုတ်လား၊ ဟင် ... နင့် တော်တော်ကဲနေပါလား၊ ဘာအချစ် အကြောင်းလဲ၊ ပြောစမ်း၊ ဘာအချစ်လဲ၊ နင့်အရွယ်က ဒီ အကြောင်း ပြောရမဲ့ အရွယ်လား"

သက်ပန်ရဲ့ လက်သည် "ဟင်"ဆိုသော စာလုံးဝ ကတည်းက သူ့နားရွက်သို့ ရောက်ပြီးသားဖြစ်လျက် စကားဆုံးလျှင် သူ့နားရွက်တစ်ခုလုံးသည် သက်ပန်ရဲ့လက်ထဲ၌ မွမွကြေနေချေပြီ။

"အား ... ဘာလုပ်တာလဲဟာ၊ လွှတ်စမ်းပါ၊ ဒီအကြောင်းကို ငါပြောတာ မဟုတ်ပါဘူးဟာ၊ တနိုင်း ပြောတာ တနိုင်းနဲ့ ဒီကောင်က စပြောလို့ ငါက ပြန်ပြောရတာပါဟာ နင်ကလည်း"





"သူက ဘာပြောရတာလဲ"

"ဩော် ... သူက အမှတ်မီတဲ့ကျောင်းကို တက်မယ်တဲ့၊ ငါကလည်း တက်ပေါ့လို့၊ မင်း ဆေးကျောင်းတက်ရင် အနည်းဆုံးတော့ ဆေးကျောင်းသူနဲ့ ရည်းစားဖြစ်မှာလို့ ပြောလို့၊ သူ့အမေကလည်း အဲဒီလိုပဲ ပြောတယ်တဲ့ ...

ဒါပေမဲ့ သူက အဲဒါမျိုးတွေကို အချစ်လို့ မသတ်မှတ်ဘူးတဲ့၊ နီးစပ်မှုလို့ပဲ သတ်မှတ်တယ်တဲ့၊ အဲဒါ ... အဲဒါတွေ ပြောနေကြတာနဲ့ ကျောင်းတက် နောက်ကျသွားတာပေါ့ ... သိပြီလား"

"ဟွန်း ... တော်တော် အရေးပါ အရာရောက်တဲ့ စကားတွေကို ပြောနေတယ်၊ နင်တို့နော် ... နင်တို့၊ လူတွေက ဖြင့် လက်တောက်လောက် ရှိသေးတယ်၊ ဒီလိုကိစ္စမျိုးတွေ ပြောနေစရာ အကြောင်းကို မရှိဘူး"

သက်ပန်သည် သူ့ကိုယ်သူ အပျိုကြီးသဖွယ် ဟန်ပင်ကာ ဆုံးမ၍နေတာကို သူက ပြုံးကြည့်နေမိသည်။ သူတို့ကို ဘာ လူက လက်တောက်လောက်ဟု ပြောနေသော်လည်း သူမ ကိုယ်သူမတော့ အပျိုကြီးစတိုင်လ် ဖမ်းနေတာကို သိဟန်မတူပေ။



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ ... နင်လည်း ဒါမျိုးတွေ စိတ်ဝင်စားမနေနဲ့ဦး သက်ပန်"

"အောင်မာ ... ငါက ဘာဖြစ်လို့ စိတ်ဝင်စားရမှာလဲ"

"နင်က လှတယ်လေ"

သူ့ရဲ့မျက်လုံးလှန်ကြည့်သော အကြည့်နှင့် ပြုံး... စပ် အပြောကို သက်ပန်သည် တစ်မျိုးဖြစ်သွားရင်း ...

"အဲဒါနဲ့ ဘာဆိုင်လို့လဲ"

ဟု မပွင့်တပွင့် ပြန်၍မေးလေသည်။ လှကြောင်း မလှကြောင်းကို မငြင်းဆိုဘဲ ဘာဆိုင်လို့လဲဟု ပြန်မေးပုံ... သက်ပန်ဟာလည်း သူ့ကိုယ်သူတော့ လှပကြောင်း သိနေ... တော့ ရှိဟန်တူပါသည်။

"ဩော် ... သက်ပန်ရယ်၊ ဆိုင်ပါသကောဟာ၊ နင်က... တယ်၊ လှတော့ အကောင်တွေက ဝိုင်းကြိုက်ကြမယ်၊ ... ကြမယ်၊ ပန်းကြမယ် ...

နင့်ကို လိုက်ကြတော့မယ် ...

အခုတောင် ကြားသိရတဲ့ နောက်ဆုံးစက်ရုပ်သ... အရ နင့်ကိုလိုက်မဲ့ကောင်တွေ ဆယ်တန်းမှာ ဆယ့်...





ယောက်၊ ကိုးတန်းမှာ အယောက်နှစ်ဆယ်နဲ့ ရှစ်တန်းမှာ ငါးယောက်လောက် ရှိတယ်၊ ဒါ အပြင်က ကလေးမုန့်ပေး ကြိုက်ချင်တဲ့ ဘူတွားကြီးတွေ မပါသေးဘူး"

"ဟယ် ... အဲဒီလောက်တောင်၊ ဟုတ်လို့လားဟင်"

"ဟုတ်တယ်၊ အဲဒီတော့ တစ်ခါတည်း ပြောထားမယ် နော်၊ နင် ဘယ်ကောင်ကိုမှ ပြန်ကြိုက်ဖို့ စိတ်မကူးထားနဲ့၊ အို... ပြန်ကြိုက်ဖို့ မပြောနဲ့ အဲဒီဖို့တောင် စိတ်မကူးနဲ့ ...

ရှိုးစမိုးတွေလည်း သိပ်မထုတ်နဲ့၊ ပဲမများနဲ့"

"ငါက ဘယ်မှာ ရှိုးထုတ်နေလို့လဲ"

"လှလှပပကို မနေနဲ့ဟာ၊ ဖြစ်သလိုနေ၊ ဖြီးစလွယ်နေ၊ ဆံပင်တွေ ရှုပ်ပွနေအောင်ထား၊ ဒါမှမဟုတ်လည်း ဘိုကေ ညှပ်ထား၊ ရှပ်အင်္ကျီတစ်ထပ် အမြဲတမ်းထပ်ဝတ်ထား၊ ရင်ဖုံးအင်္ကျီနဲ့ပဲ မနေနဲ့၊ ခါးအရမ်းတိုတဲ့ ရင်ဖုံးတွေမဝတ်နဲ့၊ ကြားလား"

သက်ပန်သည် သူ့ကို ပြုံးစိစိဖြင့်ကြည့်လျက် "ဟုတ် အဖေရယ်"ဟု ပြောလေသည်။

"ငါ အကောင်းပြောနေတာ သက်ပန်"



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာက တည်သွားလျှင် သက်ပန်သည်လည်း အလိုအလျောက် တည်ပြီးသားဖြစ်လျက် ...

"အေးပါ ... ဘယ်လိုဖြစ်နေလဲ"

ဟု ခပ်ဆောင့်ဆောင့် ပြန်ပြောလျှင် သူ ကျေနပ် သွားရပြီဖြစ်သည်။ ဘယ်လိုဖြစ်နေလဲ ဟူသော စကားသည် မေး ခွန်းသဘောကို ဆောင်သော်လည်း သူ့အတွက်တော့ စိတ်ချမ ဒါမျိုးဖြစ်စရာလား၊ လုံးဝစိတ်မဝင်စားဘူး စသည့် အာမခံကတ စကားများအဖြစ် အဓိပ္ပာယ်သက်ရောက်လေသည်။

ယုံပါတယ် သက်ပန်၊ နင်က ငါ့ရဲ့ မှုပိုင်စီးနင်း ပဲဟာ။

❧ ✧ ❧

ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ဆက်စာများ ပေးပို့လိုပါလျှင် အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ကန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။







## အခန်း(၂)

သက်ပန်တို့အိမ်နှင့် သူတို့ရဲ့အိမ်မှာ သိပ်တော့မဝေး လှချေ။ အထက(၁) ကျောင်းအနားတွင်ရှိသော ဆောက်လုပ်ရေး ခြံထဲတွင် သက်ပန်တို့ရဲ့အိမ် ရှိလေရာ သူသည် အဲဒီကိုရောက် ရန်အတွက် တံတားကြီးကို ဖြတ်ကျော်ရပါသည်။ အဲဒီလို



www.burmeseclassic.com

www.burmeseclassic.com



တံတားကြီးကို ဖြတ်ကျော်လာရတိုင်း သူ့ရင်ထဲတွင် တစ်မျိုးတမ်မည်သော ကျေနပ်ခြင်းကို ခံစားရပြန်သည်။

သူသည် အထက(၁) လမ်းအတိုင်း စက်ဘီးကို ခပ်သွက်သွက် နင်းလာခဲ့လျှင် ကန်လေက သယ်ဆောင်ပို့ပေးလာသော တမာရနံ့ကို အပြည့်အ၀ ရှူရှိုက်မိသည်။ သက်ပန်ဆိုင်သက်သက် သီးသန့်လာလျှင် သူဟာ ဘယ်တော့မှ ဆိုင်ကယ်ကား မသုံးတတ်ပေ။ သူ့ရဲ့လက်စွဲတော် ပြိုင်ဘီးလေးနှင့်သာ လာတတ်ပါသည်။

ပြီးလျှင် သူဟာ ဆောက်လုပ်ရေးဝင်းထဲရှိ သက်ပန်တို့အိမ်ကို ရှေ့တည့်တည့်မှ ဝင်ခဲ့သည်။ အထူးသဖြင့် သက်ပန်ကို အငိုက်ဖမ်းလိုသော အချိန်များတွင် အနောက်ဘက်မှ ဝင်တတ်လေရာ အခုလည်း အနောက်ဘက်ကပင် စက်ဘီးကို စီးလာခဲ့သည်။

သက်ပန်၏အဖေကားကို မောင်းပေးရသော ဒရိုင်ဘာ ကိုတင့်ဆန်းက သူ့ကိုမြင်လျှင် ပြုံးပြနှုတ်ဆက်သည်။ သူက နှုတ်ခမ်းလှုပ်ရုံမျှ လေသံဖြင့် ...

"သက်ပန်ရော"





"ဒန်းပေါ်မှာလေ"

သူက စက်ဘီးကို ဒေါက်ထောက်လျက် အိမ်ရှေ့ဘက် ဒန်းစင်ပေါ်တွင် ရှိနေမည်ဖြစ်သော သက်ပန့်ထံ တိတ်တဆိတ် ချဉ်းကပ်လာမိသည်။ ဒန်းစင်ပေါ်တွင် ငြိမ်သက်စွာထိုင်နေသော သက်ပန်သည် တစ်စုံတစ်ခုကို အာရုံစူးစိုက်နေသည့်အလား ခေါင်းလေးက မသိမသာ ငုံ့နေသည်။ ကြည့်ရတာ စာအုပ်ဖြစ်ဖြစ် ဖတ်နေသည့်ပုံ။

အဲဒီလို ငုံ့နေသည့်အခါ ဖြူဝင်းနေသည့် ကုပ်ပိုးသားလေးများသည် သူ့ကို ဆီးကြိုနှုတ်ဆက်နေဟန် ရှိလေသည်။ သူက အဲဒီကုပ်ပိုးသားလေးကို ဖြန်းခနဲ ရိုက်ပစ်ချင်စိတ်အား အထူးချိုးနှိမ်ထားကာ သက်ပန်ရဲ့အနားသို့ တရွေ့ရွေ့ ချဉ်းကပ်သွားမိသည်။

သူ ... (သက်ပန်) ဘာများ လုပ်နေပါလိမ့်။

သက်ပန်သည် အနောက်မှာ သူ ရောက်နေတာကိုပင် မသိရလောက်အောင် စာတစ်စောင်ကို အာရုံစူးစိုက်စွာ ဖတ်နေလေသည်။ သူက နောက်ပါးမှာ အသာရပ်ရင်း စာကို လိုက်ဖတ်ကြည့်လိုက်လျှင် ...



www.burmeseclassic.com

www.burmeseclassic.com



"မေ … (သက်ပန်)

ကျေးရူးပြုပြီးတော့ ကျွန်တော့်ကို မေလို့ ခေါ်ခွင့်ပြုပါ။ ကျွန်တော် မေ့ကို စပြီးသတိထားမိခဲ့တာ ကိုးတန်းနှစ်တည်းကပါ။ အဲဒီအချိန်တည်းက မေက ကျွန်တော့် နှလုံးသားထဲကို ရောက်နေခဲ့တာပေါ့။

ကျွန်တော် မေ့ကို ဒီစာပေးဖို့ အကြိမ်ကြိမ် စဉ်းစားခဲ့ပါတယ်။ ပညာသင်နေဆဲ အရွယ်မှာ ဒါမျိုးတွေ စိတ်မကူးသင့်ဘူး ဆိုတာလည်း နားလည်ပါတယ်၊ ဒါပေမဲ့ မေ့ကို ကြိုက်တဲ့လူတွေက အရမ်းများတော့ ကျွန်တော် စိတ်မချနိုင်တော့ဘူး မေ။ ပြီးတော့ မေ့အနားမှာ စောင့်ကြပ်နေတဲ့ ယက္ခနှစ်ကောင်ကိုလည်း …"

အဲဒီနေရာ အရောက်တွင် သူသည် ဒေါသထွက်လွန်းအားကြီးလာပြီ ဖြစ်သဖြင့် အသက်ရှူတာ မြင့်သွားလေရာ ထိုလေခွေးခွေးကြီးဟာ သက်ပန်ရဲ့ကုပ်ပိုးကို သွားရောက်ရိုက်ခတ်မိသည် ထင်၏။ သက်ပန်သည် ဆတ်ခနဲ ဖြစ်သွားလျက် သူ့ကို အလန့်တကြား လှည့်ကြည့်၍ လာလေသည်။

ရုတ်တရက် မြင်လိုက်ရသဖြင့် သက်ပန်ရဲ့ မျက်လုံးတွေသည် ဝိုင်းစက်လို့ သွားလေသည်။





"မြစ်မင်း"

သူက အနောက်မှ အရှေ့သို့ ထွက်လာလျက် သက်ပန်ရဲ့ မျက်လုံးများ အတွင်းသို့ တည့်တည့်စိုက်ကြည့်…တာ…

"နင် … အဲဒါ ဘာဖြစ်နေတာလဲ"

"ဟို … ဟိုဟာလေ"

"ကျွတ် …"

သူက သက်ပန်ကို မကြည့်တော့ဘဲ စိတ်ပျက်လက်…ဟ်ပုံစံဖြင့် မျက်နှာလွှဲကာ ကျွတ်ခနဲ စုတ်သပ်လိုက်လျှင် …တ်ပန်သည် အထိတ်ထိတ် အပျာပျာဖြင့် မတ်တတ်ထရပ်…လျှက်…

"ဟင့်အင်း … နင် ငါ့ကို တစ်မျိုးမထင်နဲ့ မြစ်မင်း … ဒါ ငါ ရိုးရိုးသားသား ဖတ်နေတာ"

"ဘာ … ရည်းစားစာကို ရိုးရိုးသားသား ဖတ်နေတာဟုတ်လား၊ ပြောစမ်း … နင့်ကို ဘယ်ခွေးသားက ရိုးရိုးသားသား ရည်းစားစာ ပေးတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူးဟယ်၊ ငါ တကယ်ပြောနေတာပါ၊ ဒီစာကို နင်လာရင် ငါ ပြမလို့ပါ"

"ဩော် ... ငါလာမှာ နင်က ဘယ်လိုလုပ် ကြိုပြီးသိနေ လဲ၊ တော်စမ်းပါ သက်ပန်ရာ၊ နင် ငါ့ကို မြင်လို့ ဒီစကား ပြောတာပါ ...

ဘယ်လောက်တောင်များ ပီတိမနောတွေ ပွားနေလဲ တော့ မသိဘူး၊ ငါလာတာတောင် မသိနိုင်လောက်အောင် ပဲ ...

ကျွတ် ..."

သူ့ရဲ့ ခနိုးခနဲ့စကားတွေကြောင့် သက်ပန်သည် ချက်ချင်း တိတ်ဆိတ်လို့ သွားလေသည်။ ဘာစကားမှ မပြော သဖြင့် သူက ငဲ့ကြည့်လိုက်လျှင် တစ်နေရာကို မျက်လုံးသေကြီး နှင့် စိုက်ကြည့်နေသော နှုတ်ခမ်းများ တဆတ်ဆတ် တုန်နေသော သက်ပန်ကို တွေ့လိုက်ရလေသည်။ သူက ချက်ချင်းပင် လန့်ဖျပ် သွားလျက် ...

"သက်ပန် ... ဘာဖြစ်သွားတာလဲ"





"နင် ငါ့ကို အဲဒီလောက်တော့ အထင်သေးဖို့ မကောင်း ဘူး မြစ်မင်း၊ ငါသာ မရှိးသားရင် ဒီစာကို ဒီလို လူမြင် ကွင်းမှာ ထိုင်ဖတ်နေပါ့မလား ...

ငါ့အခန်းထဲ ငါ တံခါးပိတ်ပြီး ဖတ်နေမှာပေါ့ ...

နင် ငါ့ကို အဲဒီလိုထင်တာ အရမ်းဝမ်းနည်းတယ်"

အဆုံးသတ် ပြောလိုက်သော သက်ပန်ရဲ့ အသံတုန် တုန် စကားလေးသည် သူ့ရင်ထဲမှ တစ်စုံတစ်ရာကို ထုတ်ယူ သွားသလို ခံစားသွားရစေလေသည်။

ချက်ချင်းပင် သက်ပန်ရဲ့ ခြေသလုံးကိုဖက်၍ တောင်း ပန်ချင်စိတ် ပေါ်သွားသည်။

"ဆောရီးဟာ ... ရုတ်တရက်ဆိုတော့ ငါ ဒေါသထွက်သွား လို့ပါ၊ ဒါနဲ့ နေစမ်းပါဦး၊ နင်က ဒီစာကို ဘယ်လိုလုပ် ရတာလဲ"

"ငါတို့အိမ်က ကောင်မလေးနဲ့ ပေးလိုက်တာ"

"ဩော် ... အဲဒီ ငနာမလေးက ယူလာပေးတယ်ပေါ့၊ နေဦး ... နင့်အမေနဲ့ကို တိုင်ပြောဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... မတိုင်ပါနဲ့၊ သူလည်း မသိလို့ ယူလာတာပါ။ ဆရာမကိုပေးဖို့ ခွင့်စာဆိုပြီး ပြောပေးလို့ ဘုမသိ ဘမသိနဲ့ ယူလာရှာတာပါ ...

ငါက မဟုတ်မှန်းသိလို့ ဖွင့်ဖတ်ကြည့်နေတုန်းနင် ရောက်လာတာ"

"ဘယ်က မသာလေးလဲ"

သူ့အပြောကို သက်ပန်က ဒေါသမပါသော မျက်စောင်းလေးထိုးလျက် ထိုစာရွက်ကို သူ့လက်ထဲသို့ ထည့်ပေးလေသည်။ သူက စာရွက်အောက်ဆုံးနားရှိ အမည်ကို ဖတ်ကာ တက်တစ်ချက်ကို ခေါက်လိုက်ရင်း ...

"တောက် ... ဝေဖြိုးလွင် ဆိုတဲ့ ဂန်ဒူးကောင်ပါလား၊ လူကြည့်တော့ ပိုးဟပ်ဖြူလိုလို အခြောက်လိုလိုနဲ့၊ ဒါမျိုးကျ ဖြစ်တယ် ...

ငါ့လက်သီးနဲ့တော့ နီးချင်ပြီနဲ့ တူတယ်"

"သွားပြီး ရန်လုပ်မနေပါနဲ့ မြတ်မင်းရယ် ... နော်၊ ငါ့ကို ကတိပေးစမ်းပါ"

"ဒါဆို နင်လည်း ငါ့ကို ကတိပေး"





"ဘာကတိ ပေးရမှာလဲ"

"ဘယ်နောက်ကိုမှ ပြန်မကြိုက်ပါဘူး၊ စာပေးလည်း မယူပါဘူးဆိုတဲ့ ကတိ"

"အင်းပါ"

"Promise နော်"

"အေးပါဟယ်"

"ရော့ ... ဒီစာကိုလည်း စုတ်ဖြဲပစ်လိုက်"

သက်ပန်သည် သူ့ကို တတ်လည်း တတ်နိုင်တယ်တူသော အကြည့်တစ်ချက်နှင့် ကြည့်သော်လည်း သူ့သဘောအတိုင်း ထိုရည်းစားစာကို အစိတ်စိတ်အမြွှာမြွှာဖြစ်အောင် စုတ်ဖြဲပစ်လိုက်လေသည်။

ပြီးတော့ ဘယ့်နှယ်ရှိစဟူသော သူ့ကိုကြည့်သော အကြည့်တစ်ချက်အောက်တွင် သူ့နှလုံးသားတစ်ခုလုံး သက်ပန်ထံ၌ ကျဆုံးသွားပြီဖြစ်ကြောင်း အတိအကျ သိခွင့်ရလိုက်သေးသည်။

အင်း ... ငါ အမြဲညည်းနေတတ်တဲ့ သီချင်းလေးဟာ တကယ်ပဲ ငါ့အဖြစ်နဲ့ တိုက်ဆိုင်နေပြီပေါ့ သက်ပန်။



www.burmeseclassic.com

www.burmeseclassic.com



"ရင်မှာ ချစ်များ ချစ်မိနေလား ... မသေချာဘူး ရင်ထဲက ငယ်ငယ်က သံယောဇဉ် ... ခင်မင်ရုံ စိတ်လေးများ ရင်မှာ အချစ်ရဲ့စိတ်ရိုင်းများ ... ဖြူစင်နှလုံးသား အရောင်ပြောင်းသွား ... နားလည်ပါ သူငယ်ချင်း ချစ်သူလေးရယ်"

❧ ✧ ❧

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။







❤ လေပြည်တွေက မင်းရဲ့ကိုယ်သင်းရနံ့ကို
တိတ်တိတ်လေး ယူဆောင်လာပေးတဲ့အခါ
ကမ္ဘာလောကကြီးကို
ကျေးဇူးတင်မိတယ် ...။ ။

❤ ကမ္ဘာ့အချိုဆုံး ဝတ်မှုန်တွေ
မင်းနှုတ်ခမ်းမှာ စတည်းချတယ်ဆိုတာ သိရတော့



www.burmeseclassic.com

www.burmeseclassic.com



တစ်ကြိမ်တစ်ခါလောက်

အဲဒီနားကို အလည်ရောက်ချင်တယ် ...။ ။

❤ ချစ်တတ်တဲ့ပညာဆိုတာ

မွေးကတည်းက တတ်လာတဲ့ ငိုကြွေးခြင်းလိုပဲ

ဘယ်သူမှ သင်ကြားပေးဖို့ မလိုဘူး ...

ဒါပေမဲ့ ...

အချစ်ကို တကယ်ခံစားတတ်ဖို့

နှလုံးသားအစစ်တစ်ခုတော့ လိုတယ် ...။ ။







ထိုနေ့က ကျူရှင်မရှိသော တနင်္ဂနွေညနေခင်းဖြစ်သည့်အတွက် သူက ရက်ကက်ကိုလွယ်ကာ သက်ပန်တို့အိမ်သို့ ဘီးနင်းလျက် ထွက်လာခဲ့သည်။ ဖေဖေက တင်းနစ်ရိုက်တာကို ဝါသနာပါကာ ရိုက်လည်း ရိုက်ခဲ့သဖြင့် သူဟာလည်းငြက်တန်းလောက်က စ,ကာ တင်းနစ်ရိုက်ဖြစ်ခဲ့သည်။ ပြီးတော့ အခုချိန်ထိ ကျောင်းပိတ်ရက်များတွင် တင်းနစ်ကို မရိုက်ရလျှင် မနေနိုင်အောင် ဝါသနာပါခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



အရင်ကတော့ သူနဲ့ သူငယ်ချင်းတစ်ယောက်က အထက(၁)ဝင်းထဲရှိ တင်းနစ်ကွတ်မှာ ရိုက်ဖြစ်ခဲ့ကြသော်လည်း သက်ပန်ပါ တင်းနစ်ရိုက်လာပြီးသည့် နောက်ပိုင်းတွင် သက်ပန်တို့အိမ်နားရှိ ဝန်ဇင်းဟိုတယ် တင်းနစ်ကွတ်မှာသာ ရိုက်ဖြစ်တော့သည်။

သူရောက်သွားလျှင် သက်ပန်က ဝတ်စုံလဲပြီးသားနှင့် အဆင်သင့် စောင့်ကြိုနေတာကို တွေ့လိုက်ရလျှင် မျက်မှောင်တစ်ချက် ကုတ်သွားရသည်။ သူ မျက်မှောင်ကုတ်လိုက်တာကို ချက်ချင်း ရိပ်မိသော သက်ပန်သည် ...

"ဘာဖြစ်သွားရတာလဲ၊ မျက်နှာကြီးကလည်း ချက်ချင်း"

ဟု မေးဖော်ရလေသည်။ သူက သက်ပန် ဝတ်ဆင်ထားတာကို မေးငေါ့ပြရင်း ...

"နှင့်ကိုယ်နှင့် ကိုရီးယား ရောက်နေတယ်များ ထင်နေလား သက်ပန်၊ ဒီပုံစံနဲ့ အပြင်ထွက်မယ်၊ ဟုတ်လား"

"ဘာဖြစ်လဲ မြစ်မင်းရယ်၊ ဒါ Addidas က ထုတ်တဲ့ တင်းနစ်ရိုက်ရင် ဝတ်ရတဲ့ ဝတ်စုံပဲ၊ ငါ တင်းနစ်ရိုက်မှန်း သိလို့ အန်တီလေးက ပို့ပေးလိုက်တာ ...





တင်းနစ်ချန်ပီယံ ရှာရာဗိုဗာဝတ်တဲ့ ဒီဇိုင်းနော် ... ဟင်း"

"ရှာရာဗိုဗာ မကလို့ ရှာရာဗိုဗာ အမေပဲဝတ်ဝတ် နင်ဝတ်စရာ မလိုဘူး၊ ရိုးရိုးလုပ်ပါ သက်ပန်ရယ်၊ ကွာတားဘောင်းဘီနဲ့လည်း တင်းနစ်ရိုက်လို့ ရပါတယ်"

သူက တင်းနစ်ဝတ်စုံပြည့် ဝတ်ဆင်ထားသော သက်ပန်ကို ဆက်မကြည့်ချင်တော့စွာနှင့် မျက်နှာလွှဲရင်း ပြောလိုက်တာ ဖြစ်သည်။

တကယ်တော့ သူ ဆက်မကြည့်ချင်တော့တာ မဟုတ်ပါ။

တစ်နေကုန်ကို ထိုင်ကြည့်နေချင်ပါသည်။ အသားအရေ အလွန်လှပသော သက်ပန်နှင့် ခရမ်းရောင်ဖျော့ဖျော့ Addidas ဝတ်စုံသည် မျက်စိမခွာချင်လောက်အောင်ပင် လှပလို့နေသည်။ အပေါ်က စပို့ရှပ်အကျပ်သားဖြစ်သည့် အင်္ကျီဟာ လည်ပင်းကျယ်ကျယ်နှင့် လက်မောင်းသားလျော့လျော့ အင်္ကျီမို့ သူဟာ အိမ်မှာ ဖေဖေဆိုနေကျဖြစ်သည့် အောင်ရင်သီချင်းကို သွား၍ အမှတ်ရမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာတဲ့၊ လက်ပြတ်အကျႌ ဝတ်ဆင်ထားတော့ ရင်များပင် တဖိုဖို ဆိုလား။ အခုဟာသည် လက်ပြတ်အကျႌတင် မကချေ။ အောက်ပိုင်းက ဝတ်ဆင်ထားသော စကတ်တိုတိုကား ကားလေးဟာ ရင်ဖိုရုံတင် မကတော့ဘဲ ရင်မရမည့်ကိန်းကို ဆိုက်နေတာ ဖြစ်လေသည်။

ဒီဝတ်စုံမျိုးကို ဝတ်၍ ရှာရာဗိုဟာ တင်းနစ်ရိုက်လျှင် တောင် ဟိုက အမြုံကောင် ကြီးကြီးငယ်ငယ် မှန်သမျှ သွားရည်ကျရသေးတာ ကျွန်တော်မျိုး မောင်မြစ်မင်းတို့မှာလည်း ဘာသား နဲ့ ထုထားတာမှတ်လို့။

သူသည် သက်ပြင်းမောကြီး တစ်ခုကို သက်ပန် မသိအောင် ကျိတ်ချလျက် ...

"အဲဒါကြီးနဲ့ ရိုက်မနေပါနဲ့ သက်ပန်ရယ်၊ နော် ... လိုမှာ ပါတယ်ဟာ၊ ဒါမှမဟုတ်လည်း ဟိုရောက်မှ လဲဝတ်ရင် လည်း ဝတ်ပါဟာ"

"ဟာ ... ဒီနားနဲ့ ဟိုနား နီးနီးလေးကို ငါက လဲဝတ်နေ ရဦးမှာလား၊ ကဲ ... ငါစိတ်မရှည်တော့ဘူးနော် မြစ်မင်း နင် ရိုက်မှာလား မရိုက်ဘူးလား၊ ဒါပဲပြော၊ မရိုက်ရင် လည်းနေတော့"





သက်ပန်က စိတ်ကောက်သလို လှည့်ထွက်သွားဖို့ ပြင်လျှင် သူ့မှာ လက်ကို ကပျာကယာ လှမ်းဆွဲထားရသေးသည်။

"ဟာ ... နေပါဦး၊ နင်ကလည်း စိတ်ကောက်ဖို့ချည်းပဲ၊ ကဲ ... ကဲ ... သွားမယ်၊ ရိုက်မယ်၊ ဒီနေ့တော့ ငါရှုံးဖို့ပဲ မြင်တယ်"

သူက သူ့အတွေးနှင့်သူ ပြောလိုက်သော်လည်း သက်ပန်သည် ထိုအဓိပ္ပာယ်ကို နားမလည်ချေ။ တစ်ခုခုကို သဘောမပေါက်လျှင် ဝိုင်းစက်သွားတတ်သော မျက်လုံးဝိုင်းလေး နှင့် ခေါင်းလေး အသာငဲ့ကာ ...

"ဘာဖြစ်လို့လဲဟင်"

"ဪ ... ဘာမှမဖြစ်ပါဘူး၊ ကဲ ... ဒါဆိုလည်း သွားကြ စို့"

သက်ပန်နှင့် သူသည် ဆောက်လုပ်ရေးဝင်းထဲနှင့် မဝေးလှသော ဝန်ဇင်းဟိုတယ်သို့ လမ်းလျှောက်၍ ထွက်လာ ကြသည်။

ခြေခင်းလက်ခင်း သာယာလှပသော ညနေခင်းဖြစ် သလို ဝန်ဇင်းဟိုတယ်၏ အနောက်ဘက်တွင်ရှိသော မိတ္ထီလာကန်



www.burmeseclassic.com

www.burmeseclassic.com



ကြီးဆီမှ တိုက်ခတ်လာသော လေပြည်တွေက သက်ပန်ရဲ့ကိုယ်သင်းရနံ့ကို သူ့ထံသို့ တိုးဝှေ့သယ်ဆောင်ပေးလာသည်။

ရေမွှေးနံ့မဟုတ်သော ကိုယ်သင်းရနံ့ဖျော့ဖျော့လေးကို ဘယ်လိုရနံ့ဆိုတာ နာမည်တပ်မရပေ။ အင်းပေါ့လေ ... သက်ပန် ရနံ့ပဲ ထားပါတော့။

"မြစ်မင်း ... ငါတို့မြို့က ဒီကန်ကြီး ရှိနေလို့ ပိုပြီးလှနေတာနော်"

သူက အင်းခနဲ သံရှည်တစ်ချက်ဆွဲကာ ...

"နေပါဦး၊ ငါတို့မြို့ဆိုတော့ နင်က ဒီမြို့သူမှ မဟုတ်တာ၊ နင် ဒီကို နှစ်တန်းမှ ရောက်တဲ့ဟာပဲ"

"ဟဲ့ ... ဘာပဲဖြစ်ဖြစ် ဒီလောက်ကြီး နေလာတာ ဒီမြို့သူပဲပေါ့ဟဲ့"

"ဒါပေမဲ့ မစစ်ဘူးပေါ့ဟာ၊ ဒီမြို့သူ စစ်သွားအောင် ဒီမြို့သားနဲ့ ယူရတယ်၊ အဲဒါဆို စစ်သွားပြီ"

သက်ပန်က သေဦးမယ်ဟု အော်ကာ သူ့လက်မောင်းကို တစ်ချက်ပိတ်ထုသည်။ အဲဒီမှာ သက်ပန် ရနံ့တွေက ပို၍သင်းထုံသွားသည်ဟု ထင်ပါသည်။





J.Lo ရေမွှေးတောင် ဒီ လောက်မွှေးလိမ့်မည်ဟု သူ ထင်ပေ။

"သက်ပန် ... တို့တွေ တင်းနစ်မရိုက်ဘဲ ကန်ပတ်လမ်းဘက်သွားပြီး အတွဲချောင်းရအောင်"

"ဟာ ... ဘယ်ဖြစ်မလဲ၊ ဒီပုံကြီးနဲ့"

"ဘာလဲ ... လေတိုက်ရင် လန်သွားမှာစိုးလို့လား၊ စိတ်မပူပါနဲ့ဟာ၊ ငါ မျက်စိမှိတ်ထားပေးပါမယ်"

"နင် ... နော်"

လမ်းလျှောက်နေရာမှ ခြေစုံရပ်ပစ်တော့လျက် နှုတ်ခမ်းကြီးဆူကာ နင်နော် လုပ်လာလျှင် သူက ပခုံးလှုပ်ရယ်မောချင်စိတ်ကို ချိုးနှိမ်ထား၍ မရတော့ချေ။

"ကဲ ... လာပါ မပုရားရယ်၊ ဒီလိုနဲ့ ရိုက်ရတော့မှာကို မဟုတ်တော့ဘူး"

သူက ပင့်တော့မှပင် သက်ပန်က ရှောရှောရှူရှူလာတော့သည်။ အဲဒီလို စကားပြောရင်း လျှောက်လာရင်းမှ ဝန်ဇင်းဘိုတယ်ထောင့်ချိုးရှိ အုတ်ခုံတွင် အုပ်စုဖွဲ့ ဝိုင်းထိုင်နေသော ချမ်းမင်းတို့အဖွဲ့ကို တွေ့လိုက်ရတာ ဖြစ်သည်။ ဒီကောင်တွေ အုပ်စုကို တွေ့လိုက်ရလျှင် သူ့စိတ်ထဲ၌ သတိဆွဲပြီးသား ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သလို သက်ပန်၏ ခြေလှမ်းတွေတောင် မသိမသာ တုံ့သွားသည်ဟု သူ ထင်သည်။

သို့သော် သူတို့နှစ်ယောက်ဟာ ခပ်တည်တည်ပင် ထိုအုတ်ခုံရှေ့မှ ကျော်ဖြတ်လို့သွားသည်။ အဲဒီမှာပင် စတင်ရန်စသော ချမ်းမင်းရဲ့ စကားသံကို ကြားလိုက်ရတာ ဖြစ်သည်။

"မိုက်တယ်ကွာ၊ ဒီညအဖို့တော့ အိပ်ပျော်မှာ မဟုတ်တော့ဘူး"

"ရှယ်ပဲနော် ... အဟိ ... ဂလု။ ဂလု ညီမျှခြင်း တံတွေးမျိုချသံ မြည်သံစွဲအလက်ာ ... အဟားဟား"

"ဟေ့ကောင် ... မင်း ဘာစကားပြောတာလဲ၊ ကိုယ့်ဆရာကတော်ကို ဒီလို ပြောစရာလား၊ အခု ပြန်ပြင်ပြောစမ်း"

"တပည့်ကြီး မှားသွားပါတယ် ဆရာ၊ ဆရာကတော်ကို ဆရာပဲ ခံစားပါ၊ တပည့်တို့ မခံစားပါဘူး ... ဟဲ ဟဲ"

"အေး ... ဒီလိုမှပေါ့"

ချစ်မင်းနှင့် နောက်လိုက်ခွေးများ ဒီလောက် အတိုင်အဖောက်ညီစွာ အူနေတာကို သူက လက်ပိုက်ကြည့်မနေနိုင်ပေ။ ဒါကြောင့် လမ်းလျှောက်နေရာမှ နောက်ကို ချက်ချင်းလှည့်ကြည့်



လိုက်လျှင် သရော်မော်ကား မျက်နှာတွေနှင့် စောင့်ကြိုနေသော ခွေးအ,အုပ်စုကို တွေ့မြင်လိုက်ရသည်။

"ဟေ့ကောင်တွေ ... မင်း ဘာစကားပြောတာလဲ၊ မင်းတို့ မိကောင်းဖခင် သားသမီးဆိုရင် စကားကို ယဉ်ယဉ်ကျေးကျေးပြော ...

သူများကို ဘာမှ ပုတ်ခတ်ရိသဲ့ပြီး ပြောနေစရာ မလိုဘူး"

သူ့အသံက ဒေါသဖြင့် ပေါက်ကွဲနေလျှင် သက်ပန်က "မြစ်မင်း"ဟု ခပ်တိုးတိုး ဟန့်သည်။ သို့သော် သူက အဲဒီအသံကြားမှပင် ပို၍ဒေါသထွက်လာတာ ဖြစ်လေသည်။

ချမ်းမင်းသည် သူက အော်ဟစ်လျှင် ရှေ့သို့ထွက်လာရင်း ...

"မင်းက ဘာကောင်မို့လို့ ငါ့ကို လာအော်နေရတာလဲ၊ ဟင် ... ဟေ့ကောင်၊ နာချင်လို့လား ... ပြောစမ်း"

ချမ်းမင်းက ထစ်ခနဲဆိုလျှင် ရန်ဖြစ်ဖို့ ဝန်မလေးတတ်သောကောင် ဖြစ်၍ သူတို့က ရှောင်တတ်သော်လည်း ဒီအစ်ခါတော့ သူက ရှောင်ဖို့ စိတ်ကူးမရှိတော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



"မင်းသာ မျက်ခွက်စုတ်သွားချင်လား၊ အလေနတောစကားတွေ လာပြောနေတဲ့ ကောင်ကများ"

"ဟေ့ကောင် ... မင်း ဘာမှ အပိုတွေပြောမနေနဲ့၊ မင်းသတ္တိရှိလား ပြော"

"မင်းလိုကောင်ကို အုံးမစားဘူး"

"အုံးမစားရင် ... ရော့"

ချမ်းမင်းသည် ပြောပြောဆိုဆိုနှင့် သူ့ထံသို့ လက်သီးတစ်လုံး ပစ်သွင်းလိုက်လျှင် ရုတ်တရက် အငိုက်မိသွားသဖြင့် သူ ခံသွားရသည်။

သူ့အသားကိုထိလျှင် ဒေါသအလွန်ကြီးတတ်သောသူ့ထုံးစံအတိုင်း ဒေါသဖြစ်လာလျှင်လည်း မျက်လုံးထဲမှာ ဘာကိုမှမမြင်တော့ချေ။

တစ်ဖက်က အုပ်စုက သုံးယောက်။ သူက တစ်ယောက်တည်း ဖြစ်သော်လည်း နွေရာသီ ကရာတေးသင်တန်းတက်ထားဖူးသဖြင့် သူ့အတွက်က အခံဘက်ချည်းတော့ မဟုတ်။ နားထဲတွင် သက်ပန်၏ အော်ဟစ်တားမြစ်သံတွေကို ကြားသော်လည်း ဘာမှန်းမသိတော့ချေ။





သူ့အသားကိုထိ၍ နာကျင်တာထက် သူ တစ်ယောက်လုံး အနားမှာပါတာတောင် သက်ပန်ကို ပြောထွက်လေခြင်းဟူသော အဖြစ်ကို သူက အသည်းနာတာ ဖြစ်ပါသည်။

❖ ✧ ❖

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





တနိုင်းသည် သူနှင့် ချမ်းမင်းတို့အုပ်စု ဖိုက်တင်ပလေးကြသည် ဆိုတာကို ကြားလျှင်ကြားခြင်း မျက်လုံးတွေပြူးကာ လာ၍မေးလေသည်။ ဖြစ်တုန်းက သိပ်မနာသော်လည်း အခုမှ စွတ်နာနေသည့် မေးရိုးကိုကိုင်ကာ ချမ်းမင်းကို ကျိန်ဆဲရင်း သူကလည်း ရန်ဖြစ်ရသည့် အကြောင်းရင်းကို ပြောပြရသည်။





သို့သော် ဒီအကြောင်းရင်း၏ မူလဇာစ်မြစ်ဖြစ်သော Addidas တင်းနစ်ဝတ်စုံ အကြောင်းတော့ မပြောတော့ပါ။

"အဲဒါပဲ တနိုင်း။ သက်ပန်ကို လိုက်နေတဲ့ကောင်တွေက ဒီမိတ္တီလာတစ်မြို့လုံးလားတော့ မပြောတတ်တော့ဘူး"

တနိုင်းသည် သူ့စကားကို ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်ကာ နေလေသည်။ ပြီးလျှင် စကားတစ်ခွန်းကို ပြောသင့် မပြောသင့်ကလည်း ချိန်ဆနေပုံ ရသေးသည်။

"ဒါတော့ ဘယ်တတ်နိုင်လိမ့်မလဲ မြစ်မင်းရာ၊ သက်ပန်ကလည်း အရမ်းလှနေတာကိုး"

တနိုင်း ပြောနေပုံကြီးသည် တမေ့တမောကြီး ဖြစ်သဖြင့် သူက အထိတ်တလန့် လှည့်ကြည့်မိလျှင် ရီဝေဝေမျက်လုံးများဖြင့် တစ်နေရာကို စိုက်ကြည့်နေသည့် ပုံစံကို မြင်တွေ့လိုက်ရလေသည်။ ဘုရားရေ ... ဒီပုံမျိုးကို သူ မြင်ဖူးသားပဲ။

မြင်ဖူးဆို သူကိုယ်တိုင်လည်း တစ်ခါတလေမှာ သက်ပန်အကြောင်း စဉ်းစားလျှင် အဲဒီပုံမျိုး ဖြစ်ဖြစ်သွားတတ်သည်။

ဒါဆို ... ဒီကောင်လည်း ... ? ...။



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး ... မင်းကရော သက်ပန်ကို ဖောက်ပြန်နေတာလား"

ငြင်းမည်ထင်သော်လည်း တနိုင်းသည် သူ့ကို အရောင်လင်းဖြာနေသော မျက်လုံးများဖြင့် လှည့်ကြည့်လာကာ_

"ငါ သက်ပန်ကို ချစ်နေတယ် မြစ်မင်း"

သူက ဘာစကားမှတောင် ပြန်မပြောနိုင်ချေ။ တနိုင်းရဲ့ပါးစပ်က ဒီလိုကြီး ပြောထွက်လိမ့်မည်ဟု ထင်မထားသဖြင့် အငိုက်မိ အံ့အားသင့်လျက် ရှိနေသည်။ ဒါပေမဲ့ အထစ်ထ… အငေါ့ငေါ့ဖြင့် ဘာထွက်မှန်းမသိ ထွက်သွားသေးသည်။

"မင်းကွာ ..."

တနိုင်းသည် မချိုပြုံး ပြုံးရင်းမှ ...

"မတတ်နိုင်ဘူးလေကွာ၊ နှလုံးသားက သူ့အလိုလို ချ… သွားတဲ့ဥစ္စာပဲ၊ ငါလည်း မျိုသိပ်ထားတာ ကြာပါပြ… ဒီနေ့တော့ မင်းက မေးနေတာနဲ့ ပြောလိုက်ရတာ၊ အဲ… ငါ ဘာလုပ်ရမလဲကွာ ... ဟင်"

"ဟာ ... ဟော့ကောင်၊ မင်း ဘာတွေကြံစည်နေတာလဲ… သူငယ်ချင်း အချင်းချင်း စောင့်ရှောက်ရမဲ့ ဝတ္တရားတော… ရှိတဲ့ဟာကို"



တနိုင်းသည် ငါ သိပါတယ်ဟူသော အပြုံးမျိုးဖြင့် သူ့ကို ပြုံးကြည့်၍လာသည်။

"အဲဒါက- ဘေးကကောင်တွေ မဟုတ်မဟတ်တွေနဲ့မို့ မင်း သဘောမတူနိုင်တာ မဟုတ်လား၊ ငါလိုကောင်ဆို ရင် မင်း သဘောမတူစရာ ဘာအကြောင်းရှိလဲ ...

ငါ သက်ပန်ကို တကယ် မြတ်မြတ်နိုးနိုးနဲ့ ချစ် တာပါကွာ ...

မင်း ကူညီမယ် မဟုတ်လား၊ ဖိတ်ချင်းဖိတ် ကိုယ့် အိတ်ထဲ ဖိတ်တာပေါ့၊ မဟုတ်ဘူးလား"

"မဟုတ်ဘူး"

သူက ဘုဆတ်ဆတ် ဆိုလိုက်လျှင် တနိုင်းက သူ့ကို အံ့အားသင့်သလို လှည့်ကြည့်လာသည်။

"ဘာဖြစ်လို့လဲ"

"ဟော့ကောင် ... မင်းတောင် သက်ပန်ကို ကြိုက်နေမှတော့ ငါလည်း ကြိုက်နေပြီပေါ့ကွ၊ မင်းလို အေးပါတယ်ဆိုတဲ့ ကောင်တောင် ဒါတွေ စဉ်းစားနေမှတော့"

"ဟာကွာ ... မြစ်မင်းကလည်း"

www.burmeseclassic.com

www.burmeseclassic.com



"မြစ်မင်းက မလည်းနဲ့၊ ငါလည်း မျိုသိပ်ထားရတာပဲ၊ ဒီအချိန်ဟာ ဆယ်တန်း အရေးကြီးတယ်ဆိုပြီး စိတ်ကို ချုံးနှိမ်ထားရတာ၊ ဒါပေမဲ့ ဒီပုံစံအတိုင်း ဆိုရင်တော့ မဖြစ်တော့ဘူး"

"ဘာ ... ဘာမဖြစ်တော့တာလဲ"

တနိုင်းသည် မျက်နှာပျက်စွာဖြင့် အတုန်တုန် အလှုပ်လှုပ် မေးလေသည်။ တကယ်တော့ တနိုင်းခ ဆိုသော ကောင်မ သူ့ထက် ဘယ်နေရာမှ သာသည်ဆိုတာ မရှိခဲ့။ ရုပ်ရည်၊ ပညာ အရည်အချင်း၊ သတ္တိ၊ အားကစား၊ နောက်ဆုံး သက်ပန်ထိ ငါးရာနှစ်ဆယ့်ရှစ်ကိုဝင်လျှင် မသိမသာလေးတော့ လျော့နေတ ကာ၊ သူက ငါးရာသုံးဆယ်လောက် ရထားသူ ဖြစ်လေသည်။

ထို့ကြောင့် သူနှင့် ယှဉ်ရမည့်ကိစ္စမျိုးတွင် တနိုင်း ဟာ မသိမသာ နောက်ဆုတ်နေတတ်တာ များလေသည်။

"ဟာ ... မင်းရော၊ ငါရော နှစ်ယောက်စလုံးက သက် ကို အတူတူ ချစ်နေကြပြီ မဟုတ်လား။ တစ်ယောက် တစ်ယောက်တော့ မပိုတောင် လျော့မှာမဟုတ်ဘူး။ ဒီ ဘယ်လိုလိုက်ကြမလဲ။ အဲဒါ ပြဿနာရှိတယ်နော်"





သူ့ရဲ့ ဆရာကြီးစတိုင်လ် အပြောကို တနိုင်းသည် မျက်လုံးအပြူးသားဖြင့် ...

"ဒါဖြင့် ဘယ်လို လိုက်ကြမှာလဲ၊ တစ်ယောက် တစ်လှည့် စီလား"

"ဟား ... မင်းဘာဘကြီး၊ ရွှေဉာဏ်တော်ကလည်း စူးရောက်ပါပေ့၊ အဲဒီလိုသာ လိုက်လို့ကတော့ ငါတို့နှစ်ယောက်စလုံး ကျွတ်ပြီပဲ ... တစ်ယောက်ယောက်က နောက်ဆုတ်ပေးရမှာ"

"ဟာကွာ ... ဒါကြီးကတော့ ..."

"နေဦးလေ၊ ငါပြောတာကို ဆုံးအောင်နားထောင်စမ်းပါဦး၊ ဒီအတိုင်း ဘလိုင်းကြီးကတော့ ဘယ်သူက နောက်ဆုတ်ပေးချင်မလဲ၊ မင်းနဲ့ ငါနဲ့က တန်းတူအခွင့်အရေးရှိကြတာပဲလေ ...

ဒီကိစ္စမှာ တစ်ယောက်ယောက်က နောက်ဆုတ်ပေးမှုကို ဖြစ်မှာကွ၊ ဥပမာ ... မင်းနဲ့ငါ အတူတူလိုက်ရင်လည်း သက်ပန်က အရမ်းစိတ်ဆိုးသွားမယ်၊ ငယ်စာရင်းကတောင် ဖျက်သွားနိုင်တယ်။ ဒီလိုမှ မဟုတ်ဘဲ မင်းအရင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်ပဲ ထားပါဦး၊ မရဘူးဆိုမှ ငါက ကပ်လိုက်ရင်လည်း မင်းမရလို့ ငါက အကဲစမ်းပြီး လိုက်တာလား ဆိုရင်လည်း မှတ်သွားဦးမယ် …

အဲဒီတော့ တစ်ယောက်က လုံးဝအရှင်း ပွဲထဲကထွက်ပေးမှကို ဖြစ်မှာ”

သူ့စကားကို တနိုင်းသည် ထောက်ခံဟန်ဖြင့် အလေးအနက် စွေးတော၍ နေလေသည်။ ပြီးတော့မှ တစ်လုံးချင်းထွက်လာသော လေသံဖြင့် …

“ဒါဖြင့် ငါ ထွက်ပေးရမှာလား”

“ဒါဆို ဘယ်တရားပါ့မလဲ၊ အခွင့်အရေးဆိုတာ မင်းနဲ့ငါနဲ့ တန်းတူရှိတာပဲ၊ ကံတရားသာ တန်းတူမရှိတာ တနိုင်း၊ ဒီတော့ ငါတို့ ကံတရားကို အားကိုးရလိမ့်မယ်”

“ဘယ်လို အားကိုးမှာတုန်း”

“မင်းနဲ့ ငါ ခေါင်းပန်းလှန်မယ်ကွာ၊ နိုင်တဲ့လူက …”

“သက်ပန်ကို လိုက်ပေါ့၊ ဟုတ်လား”

“မဟုတ်ဘူး”

“ဟင် … မင်းဟာက ဘယ်လိုကြီးလဲ”



“မင်းက ငါ့စကားမှ ဆုံးအောင်နားမထောင်တာ၊ နိုင်တဲ့လူက သက်ပန်ကို မလိုက်ရဘူး၊ နိုင်တဲ့အတွက် လိုက်ခွင့်မရှိဘူး၊ ရှုံးတဲ့လူကသာ သနားစရာကောင်းမို့ လိုက်ရမှာ၊ နိုင်တဲ့လူက ပွဲကထွက်ရမယ်၊ ငါက လုပ်ရိုးလုပ်စဉ်ထုံးစံတွေကို မကြိုက်ဘူးကွ၊ အဲဒီဟာကို မင်း သဘောတူလား …

ရှုံးတဲ့လူကလိုက်၊ နိုင်တဲ့လူကထွက်၊ ဘယ်လိုလဲ၊ As you like ”

“ဒါဆို ရှုံးပါစေလို့တောင် ဆုတောင်းနေရမှာပေါ့”

“ဒါပေါ့ … အဲဒါက ပိုမိုက်တယ်၊ တစ်ခါတလေမှာ အရှုံးရဲ့အရသာက ပိုချိုမြိန်နေတတ်တယ်ကွ၊ ကဲ … မင်းသဘောတူရင် အခုပဲ အနိုင်အရှုံး ခွဲလိုက်ကြစို့”

“အိုခေ … မင်းကတော့ တကယ်ထွင်တဲ့ ကောင်ပဲဟာ၊ ကောင်းပါတယ်၊ ဒီလို ကံတရားနဲ့ပဲ ဆုံးဖြတ်လိုက်တာ၊ မင်းနဲ့ ငါနဲ့ နှစ်ယောက်ယှဉ်လိုက်ကြဆိုရင်လည်း မင်းရဲ့ အုံးပြေးပုံမျိုးနဲ့ဆိုရင် ငါပဲ ကျန်ရစ်ခဲ့မှာ …”

“ဒီလိုလည်း မဟုတ်ပါဘူးကွာ၊ အချစ်ဆိုတာ နတ်ကြီးတယ်ကွ”

www.burmeseclassic.com

သူက ဆရာကြီးလိုလိုဖြင့် တနိုင်းကို နှစ်သိမ့်လိုက်ပြီးနောက် ပိုက်ဆံအိတ်ထဲတွင် အမြဲဆောင်ထားလေ့ရှိသော အကြွေစေ့လေးကို ထုတ်ယူလိုက်သည်။ ထိုအကြွေစေ့လေးသည် ဂျပန်ခေတ်က အကြွေစေ့လေးဖြစ်၍ သူ့အဘိုးဆီမှ အမွေရထားခြင်းဖြစ်သည်။

ဆုံးဖြတ်ရခက်သော အချို့ကိစ္စများတွင် သူက ထိုအကြွေစေ့လေးနှင့်သာ ဆုံးဖြတ်တတ်လေသည်။ တချို့ကိစ္စတွေဟာ လူက ဆုံးဖြတ်လို့ မရဘဲ ကံတရားကပဲ ဆုံးဖြတ်ပေးတာမျိုးတွေ ရှိတတ်သေးတာ ဖြစ်သည်။

"မင်း ဘာယူမလဲ"

သူက အကြွေစေ့လေးကို လက်ဝါးပေါ်တင်ကာ မေးလိုက်လျှင် တနိုင်းသည် စိတ်လှုပ်ရှားရိပ်ဖြင့် နှုတ်ခမ်းကို လျှာနှင့်ဆောင် တစ်ချက်သပ်လိုက်သေးလေသည်။ ဪ ... ဒီကောင်လည်း သက်မန့်ကို ချစ်ရှာမှာပဲ။

"ပန်းယူမယ်ကွာ၊ ငါက ပန်း ကြိုက်တယ်၊ ဒါပေမဲ့ အကြွေစေ့မြှောက်ရင် ဘယ်တော့မှ ပန်းမကျတတ်ဘူး၊ ခေါင်းပဲကျတယ် ...



ဒါကြောင့် ဒီတစ်ခါလည်း ခေါင်းပဲကျအောင် ပန်းယူမယ်"

"အိုခေ ... အိုခေ ... မင်းက ပန်းဆိုတော့ ငါကခေါင်းပေါ့၊ ဟုတ်ပြီနော်၊ ကဲ ... မြှောက်ပြီ"

သူက နှလုံးသားတထိတ်ထိတ်ဖြင့် အကြွေစေ့လေးကို မြှောက်ချလိုက်ပြီး ဆတ်ခနဲ ပြန်ဖမ်းကာ လက်ခုံပေါ်သို့ မှောက်ချလိုက်သည်။ ရုတ်တရက် မဖွင့်ရဲသေးချေ။ တနိုင်းကလည်း သူ့ကို ဖွင့်ပါဟု မပြော။ နှစ်ယောက်စလုံးသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ တစ်ယောက်ရဲ့ စိတ်လှုပ်ရှားမှုကို တစ်ယောက်က အထင်းသား သိမြင်နေရလေသည်။

အဲဒီနောက်မှာတော့ သူဟာ အုပ်ထားသောလက်ကို ဖြည်းဖြည်း ဖယ်လိုက်လျှင် ...။

www.burmeseclassic.com



❤ ချစ်တယ်လို့ မပြောရဲခဲ့တာ မဟုတ်ဘူး

ပြောလိုက်ရင် မယုံမှာကို စိုးတာ။

❤ ဖွင့်မပြောဖြစ်ခဲ့တာ သတ္တိကြောင်ခဲ့တာ မဟုတ်ဘူး

မင်း အထင်သေးသွားမှာကို ကြောက်တာ။

❤ ချစ်သူ့ပါးပြင်ကို မနမ်းချင်ခဲ့တာ မဟုတ်ဘူး

လှလွန်းလို့ မမွှေးရက်ခဲ့တာ။

❤ နှလုံးသားပေါ် လာလည်သွားတဲ့

သူ့ခြေရာတွေ

ကမ္ဘာတည်သရွေ့ ရှိနေဦးမယ်ဆိုရင်

ချစ်သူ့ဖဝါးအောက်က ရင်ခွင်တစ်ခုလုံး

အလွမ်းကင်းမဲ့ဖို့ ဖြစ်ပါရစေသား။ ။

❀ ✧ ❀



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၃)

သက်ပန်က သူ့ကို အိမ်လာခဲ့ဖို့ ဖုန်းဆက်ခေါ်လျှင် သူက ကျောင်းမှ ပြန်ရောက်ပြီးချင်းချင်း ရေချိုးပြီးတာနှင့် ထွက်လာခဲ့ရသည်။ သို့သော် စက်ဘီးနှင့် မဟုတ်တော့ချေ။ စက်ဘီးစီးရလောက်အောင် သူ အချိန်မပေးနိုင်တော့။





အာရုံတွေ များလွန်းသဖြင့် သက်ပန်ထံတောင် ဘယ်လိုရောက်လာခဲ့မှန်း မသိပေ။ စာမေးပွဲမှာ မေးခွန်းဖတ်တာတောင် ဒီလောက် ရင်မတုန်ခဲ့ချေ။

သက်ပန်ရဲ့ မျက်နှာကို ကြည့်လိုက်တော့လည်း ခါတိုင်းထက်ကို ထူးထူးခြားခြား တည်ငြိမ်၍ နေလေသည်။

သူသည် သက်ပန် မသိအောင် သက်ပြင်းတစ်ချက် ကျိတ်ချလျက် ...

"သက်ပန် ... နင် ငါ့ကို ပြောစရာရှိလို့ဆို၊ ဘာပြောမလို့လဲ"

သက်ပန်သည် သူ့ကို မျက်နှာတစ်မျိုးဖြင့် မော့ကြည့်လာလျက် ...

"တနိုင်းလေ ... ငါ့ကို ရည်းစားစာပေးတယ် မြစ်မင်း"

သူက သိပြီးသားကိစ္စမို့ ရုတ်တရက် ဘာပြန်ပြောရမှန်း မသိပေ။ သက်ပန်ရဲ့ မျက်နှာကိုသာ ကြောင်ပြီး ငေးကြည့်နေမိလေသည်။ ဒါကို သက်ပန်က သူ အံ့သြလွန်းသဖြင့် အငိုက်မိနေပြီး ကြည့်နေတယ်ဟု ထင်ကာ ...

"ဟဲ့ ... ငါပြောတာ ကြားရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... ကြားပါတယ်၊ ဒီလောက် နီးနီးလေး ကပ်ပြော နေတဲ့ဟာပဲ"

"နင် ဘယ်လိုသဘောရလဲ"

"ဘာ ... ဘယ်လို"

သူက အလန့်တကြား ဖြစ်သွားကာ ရုတ်တရက် ပင် ထအော်မိသွားသည်။ သက်ပန်၏ မျက်နှာတွင် တနိုင်းက စာပေးခြင်းကြောင့် စိတ်ဆိုးသော အရိပ်သဏ္ဍာန်ကား လုံးဝရှိမနေ တာတော့ သေချာသည်။ ထို့အတွက်ကြောင့်ပင်လျှင် သူ့ရင်ထဲ၌ အပူလှိုင်းတစ်ခု ဖြစ်စီးလို့ သွားလေသည်။

"အဲဒီကိစ္စကို နင် ဘယ်လိုသဘောရလဲလို့ မေးတာ၊ နင်နဲ့ တိုင်ပင်တာပေါ့ဟာ"

ဘုရားရေ ... တိုင်ပင်တာ ဆိုပါလား။ ဒီလိုဆိုရင်တော့ အခြေအနေက တနိုင်းဘက်မှာ အလေးသာ၍ နေပြီထင်သည်။ ဘယ်လိုလဲ သက်ပန်ရယ်။ နင့်မျက်ဝန်းတွေက ပြောတဲ့ စကားရဲ့ အဓိပ္ပာယ်ကျတော့ တစ်မျိုးပါလား။

သူသည် အကြာကြီး တိတ်နေ၍ မကောင်းသဖြင့် ရင်ထဲက စကားတချို့ကို ဖျစ်ညှစ်ကာ ထုတ်လိုက်ရသည်။





"ဒါကတော့ ငါ ဘယ်လိုအကြံပေးရမှာလဲ သက်ပန်၊ နင့် စိတ်ထဲ ရှိတဲ့အတိုင်း ဆုံးဖြတ်ရမှာပေါ့"

"သူများတွေ စ,တာ နောက်တာကျတော့ နင် အရမ်းစိတ် ဆိုးပြီး တနိုင်းက စာပေးတာကျတော့ စိတ်မဆိုးဘူးလား"

သူက သက်ပန်ရဲ့မျက်နှာကို မော့ကြည့်လိုက်လျှင် သူ့ကို မျက်ဝန်းများ မှေးစင်းကာ ကြည့်နေသော ခနဲ့တဲ့တဲ့ မျက်လုံးများကို တွေ့လိုက်ရသည်။

"ဒါကတော့ သူက ငါ့သူငယ်ချင်း အရင်းခေါက်ခေါက် ကြီးကိုဟ"

"ဒါဖြင့် နင် သဘောတူတယ်ပေါ့"

သူက သက်ပန်ရဲ့ မျက်နှာကို အလန့်တကြား မော့ကြည့်မိလေသည်။

လက်ပိုက်လျက် သူ့ကို ပြုံးစစ မေးဆတ်ပြနေသော သက်ပန်သည် သူ့ကို လုပ်နေပုံမှာ ကြောင်က ကြွက်ကလေးကို သက်ခုပ်ထဲထည့်၍ လိုရာဆော့ကစားနေပုံ ဖြစ်သည်။

သူ့အသည်းကို တဆစ်ဆစ် ဖြစ်စေအောင် ကလိနေသော စကားများကြောင့် ယောက်ျားစိတ်က ခေါင်းပြူ၍ ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့သဘောထားက နင့်အတွက် အရေးပါနေလို့လား သက်ပန်"

သူက သက်ပန်ရဲ့ မျက်ဝန်းတွေထဲသို့ တည့်တည့်စိုက်ကြည့်ရင်း မေးလိုက်လျှင် ဆရာမကြီးစတိုင်လ် ဖမ်းထားသော သက်ပန်ရဲ့ အိုက်တင်တွေသည် နည်းနည်းတော့ ဖရိုဖရဲ ဖြစ်သွားလေသည်။

သူက ခေါင်းငုံ့သွားသော သက်ပန်ရဲ့ပုံစံကိုကြည့်ကာ အခြေအနေကို အလွတ်မပေးဘဲ လူပ်ရှားရတော့မည်ဆိုတာ နားလည်လိုက်လေသည်။ မတ်တတ်ထရပ်လိုက်ကာ သက်ပန်ရဲ့ အနားသို့ ပိုမိုတိုးကပ်ပစ်လိုက်လျက် ...

"ဟိတ် ... ပြောလေ သက်ပန်"

"ငါက ဘာပြောရမှာလဲ"

ဒီအသံသည် မှုမမှန်တော့ပေ။ သူက လှစ်ခနဲ ပြုံးမိကာ ပြတင်းပေါက်မှတစ်ဆင့် လှမ်းမြင်နေရပြီဖြစ်သော သက်ပန်ရဲ့နှလုံးသားကို မျက်စိတစ်ဖက် မှိတ်ပြလိုက်မိသည်။ ဒီအချိန်မှာ တနိုင်းနှင့် သဘောတူညီချက်ထား,ထားသည့် ကိစ္စတွေလည်း သူ့ခေါင်းထဲမှာ မရှိတော့ပေ။ လောကမှာ အခြေအနေနဲ့ အချိန်အခါကိုသိမှ လူတော်တဲ့။





သူဟာ လူတော်တစ်ယောက်လို့ သူ့ကိုယ်သူ မသတ်မှတ်ထားသော်ငြားလည်း လူအ,တစ်ယောက်တော့ မဖြစ်ချင်ခဲ့ပါ။

"နင် ... တနိုင်းကို ပြန်ချစ်မှာလားဟင်"

"အိုး ... ဘာလို့ချစ်ရမှာလဲ"

သက်ပန်ရဲ့ ရိစပွန့်(response)က ချက်ချင်းလိုပင် ပြန်ထွက်လာသည်။ တစ်စက်မှ တွန့်ဆုတ်ခြင်း မရှိ။ သူသည် သဘောကျစွာ ပြုံးလိုက်ကာ နှစ်ကိုယ်တည်း ကြားလောက်သော အသံဖြင့် ...

"ဒါဖြင့် ဘယ်သူ့ကို ပြန်ချစ်မှာလဲ"

"မြစ်မင်း နော်"

အဲဒီ မြစ်မင်းနော်သည် နင့်ကိုပဲ ပြန်ချစ်မှာပေါ့၊ ထားလွဲပြီး ချစ်စရာ ဘယ်သူရှိသေးလို့လဲ၊ တနိုင်းကို ပြန်ချစ်မှာလား စသဖြင့် အဓိပ္ပာယ်များစွာ အကျုံးဝင်နေသော မြစ်မင်းနော် ဖြစ်လေသည်။

သူတို့အနားသို့ ချက်ချင်းပင် လေပြည်တွေ တိုက်ခတ်လာသလို ခံစားလာရသည်။ အချစ်ဟူသော ထိုအရာ ခိုအောင်းတတ်သော မျက်နှာသည် ဘာ Sikn care မှ လုပ်စရာမလိုဘဲ



www.burmeseclassic.com

www.burmeseclassic.com



နှင့်ကို ကမ္ဘာပေါ်မှာ အနူးညံ့ဆုံး ဖြစ်တတ်သည်ဟု သူ ကြားဖူးထားသည်။

သက်ပန်ရဲ့ ပါးလေးများသည် မွေးကင်းစ ကလေးငယ်၏ ပါးပြင်လေးများလို နီရဲနူးညံ့ကာ အိထွေး၍ နေပါသည်။

"သက်ပန် ... နင် တနိုင်းကို မစဉ်းစားဘူးဆိုရင် ငါ့ကို စဉ်းစားပေးပါလား၊ ငါလည်း နင့်ကို ချစ်နေတာပဲ ... ဟို ... တနိုင်းကို ... နင် ..."

"အို ... သူ့ကို ငါ မချစ်နိုင်ဘူး၊ သူငယ်ချင်းလိုပဲ ခင်မယ်လို့ အပြတ်ငြင်းလိုက်ပြီးသား"

သက်ပန်သည် သူ့ကို ငါးဆယ်ရာခိုင်နှုန်းသော အဖြေကို ပေးလိုက်ပြီဆိုတာ သူမကိုယ်သူမ မရိပ်မိရှာချေ။ သူက လည်မလိုလိုနှင့် အနှသောကောင်မလေးကို တစိမ့်စိမ့်စိုက်ကြည့်ရင်း အသည်းယားလာသည်။

"ဒါဆို ငါ့ကိုရော"

သက်ပန်သည် ရင်ခုန်စရာကောင်းအောင် မျက်လုံးတစ်ချက် လှန်ကြည့်လျက် ...

"ခုချိန်မှာ ငါ ဒါတွေ မတွေးချင်သေးဘူး မြစ်မင်း"





"ဟာ ... ဒါဆိုရင် ..."

"စာမေးပွဲကိုပဲ ထူးထူးချွန်ချွန် ဖြေနိုင်ဖို့ စဉ်းစားပါ မြစ်မင်းရယ်၊ နောက်တော့ ..."

သက်ပန်သည် စကားကို ဆက်မပြောဘဲ အသည်းသားအောင် ရယ်ထားကာ အနားရှိ သစ်ပင်မှ သစ်ခေါက်ကို ာက်နှင့်ခွာနေလေသည်။ ဒီအခြင်းအရာသည် သူမလည်း စိတ် ှုပ်ရှားနေတယ်ဆိုတာကို ဖော်ပြနေခြင်း ဖြစ်လေသည်။

"ဟာကွာ ... သက်ပန်ကလည်း၊ ငါ နင့်ကို တကယ်ချစ်တာပါ၊ တကယ်ချစ်တယ် ဆိုတာ မယုံဘူးလား"

သူမ မဖြေချေ။ အနီးကပ်ကြည့်မှ တဆတ်ဆတ် န်နေသော နှုတ်ခမ်းများကြောင့် သူမလည်း ရင်ခုန်နေပြီ ဆို ာကို သူ အတိအကျ သိခွင့်ရလိုက်ပြီဖြစ်သည်။ သူက ရင်ခုန် ံကို မထိန်းနိုင်စွာဖြင့် သက်ပန်ရဲ့ လက်ကလေးကို ရုတ်တရက် ွဲယူဖျစ်ညှစ်လိုက်လျှင် သက်ပန်ရဲ့ မျက်လုံးတွေက ဝိုင်းစက်လို့ ားလေသည်။

ငယ်ငယ်တုန်းကလည်း စိန်ပြေးတမ်း ဆော့ကစား ် နင့်လက်ကို ငါဆွဲခဲ့ဖူးတာပဲ သက်ပန်ရယ်။



www.burmeseclassic.com

www.burmeseclassic.com



"သက်ပန် … နင် ငါ့ကို အဖြေပေးပါဟာ … နော်"

သက်ပန်သည် သူ့လက်ထဲမှ သူမရဲ့လက်ကို ရုန်းထွက်သည်။ ပြီးတော့ သူ့မျက်နှာကို စေ့စေ့ကြည့်ကာ ပြုံးပြသည်။ ခေါင်းကို ညိတ်လိုက်ရင်း …

"ခုချိန်မှာ စာကိုပဲ ကြိုးစားပါ မြစ်မင်းရယ်၊ စာမေးပွဲဖြေပြီးရင် နင့်ကို အဖြေပေးမယ်"

ရုတ်တရက် လေဟာနယ်ထဲသို့ ရောက်သွားသော ခံစားမှုနှင့်အတူ နှလုံးသားမှာ အားအင်သစ်တွေ စီးမျော သလိုကို ခံစားလိုက်ရလေသည်။

ဒါဟာ အချစ်ကပေးသော လက်ဆောင်လည်း ဖြစ် သေးသည်။







သူက အချစ်ရဲ့တွန်းအားဖြင့် စာကို အပတ်တကုတ် ကြိုးစားခဲ့သော်လည်း တနိုင်းကတော့ အတော်ဟတ်ထိနေရှာဟန် ရှိသည်။ မျက်နှာကို မကောင်းချေ။ သူ့ရင်ထဲမှာ တနိုင်းအပေါ် ထားမှ တရားရဲ့လားလို့ တွေးမိသော်လည်း သူဟာ သက်ပန် နှင့် တနိုင်းကို နှောင့်ယှက်ခဲ့တာ မဟုတ်။ နှလုံးသားရဲ့ အလိုဆန္ဒ အတိုင်း လွတ်လပ်စွာ ဆုံးဖြတ်ခဲ့ကြတာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူက သက်ပန်ကို propose လုပ်ခဲ့သည့် အကြောင်းတော့ တနိုင်းကို ပြောမပြဖြစ်ခဲ့ချေ။ ဒီလိုနှင့် စာသင် နှစ်တစ်နှစ် ပြီးဆုံးကာ တက္ကသိုလ်ဝင်တန်းစာမေးပွဲကြီး ဖြေဆို အချိန်ကျရောက်လို့ လာခဲ့သည်။ စာမေးပွဲ တစ်ဘာသာဖြေပြီး တိုင်း... "ဖြေနိုင်ရဲ့လား သက်ပန်"ဟု သူ့မှာမေးရတာ အမောပ

ပါးစပ်ကသာ အဲဒီလို မေးသော်လည်း မျက်လုံးချင်း က လှမ်း,လှမ်းပြီး အဖြေတောင်းတတ်တာကို သက်ပန်လည်း မသိဘဲနဲ့ နေမှာမဟုတ်ချေ။ ချစ်သူတို့ဟာ အဲဒီတစ်ခုတော့ အတော်ထူးခြားသည်ဟု သူ ထင်သည်။

တစ်ယောက်နဲ့ တစ်ယောက် ပါးစပ်က စကားတွေ ပြောခွင့်မရှိသော်လည်း မျက်လုံးချင်း ဆုံမိကြတာနဲ့ကို ပြီးပြည့် သွားသလို ခံစားရလေ့ ရှိကြသည်။ ပြောရလျှင် အကြည့်တစ် ချက်က တစ်နေ့စာ အသက်ဆက်ဖို့ လုံလောက်သွားစေသည် ဆိုပါတော့။

ဒီလိုနဲ့ စာမေးပွဲ နောက်ဆုံးနေ့ ရောက်ခဲ့လျှင် သူ သည် စာမေးပွဲ ဖြေပြီးတာနှင့် သက်ပန်ရဲ့အနားသို့ ချက်ချင်း ပြေးကပ်သွားကာ ...





"သက်ပန် ... ဟဲ ... ဟဲ ... ဖြေနိုင်လား"

သက်ပန်က သူ ဘာကိုရည်ရွယ်တော့မယ် ဆိုတာကို သိနေသဖြင့် မျက်စောင်းနုနုလေး တစ်ချက်ထိုးကာ ...

"ဖြေနိုင်တယ်၊ ဩော် ... တနိုင်း ... လာလေ၊ ဖြေနိုင် လား"

သူက မွန်နေသဖြင့် နောက်မှာ တနိုင်း ရောက်လာ တာတောင် မသိချေ။ တနိုင်းကတော့ အပြုံးနွမ်းနွမ်းဖြင့်သာ ခေါင်းညိတ်ပြရှာလေသည်။

သူ့ပခုံးကို ဆတ်ခနဲ ပုတ်ရင်း ...

"ဟေ့ကောင် ... ညနေရောက်ရင် season သွားရအောင် ကွာ"

"အေးပါ ... ငါ လာခေါ်ရမှာလား"

"အေးပေါ့ ... မင်းက မြို့ထဲကဟာကို၊ ငါးနာရီခွဲလောက် ပေါ့၊ ငါ စောင့်နေမယ်"

"ကားနဲ့ပဲ လာခဲ့ရမလား"

"အေး ... အဲဒါ ကောင်းတယ်၊ ပြန်မယ်လေကွာ၊ မင်းက ဘာလုပ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



တနိုင်းက သက်ပန် အနား တကပ်ကပ်လုပ်နေသော သူ့ကို နားမလည်သည့်ဟန်ဖြင့် မေးဆတ်၍ မေးလျှင် သူ... ရုတ်တရက် ဘာပြန်ဖြေရမှန်း မသိချေ။

သက်ပန်က လှစ်ခနဲ ဝင်ရောက်ကာ ...

"မြစ်မင်းကို ငါ ဆရာမဆီ လိုက်ပို့ခိုင်းမလို့ ပြောနေတာ... နင် ပြန်ချင် ပြန်နှင့်လေ"

တနိုင်းသည် အဲဒီစကားကြောင့် သူ့ကို ဖျတ်ခနဲ ကြည့်လာသည်။ သူက အဲဒီအကြည့်ကို ဘာကြောင့် မျက်နှာလွှဲ... ပစ်မိမှန်း မသိချေ။ တကယ်ဆို သူ မလွှဲသင့်။ စိတ်ထဲတွင် ကိုယ့်... ကိုယ်ကိုယ် ကျိန်ဆဲမိရုံမှအပ မတတ်နိုင်တော့။

တနိုင်းသည် ဘာမှဆက်မပြောတော့ဘဲ အသာလှည့်... ထွက်လို့ သွားသည်။

တနိုင်းရဲ့ဆိုင်ကယ် ခပ်ဝေးဝေးသို့ ရောက်သွား... သူက သက်ပန်ဘက်သို့ အလျင်အမြန်လှည့်ကာ ...

"သက်ပန် ... ဟို ... နင် ငါ့ကို အဖြေ ... အဲ ... အဲဒါ ..."

"အဖြေက နေစမ်းပါဦး၊ နင်တို့က ညနေ season ... ဘာကိစ္စနဲ့ သွားကြမှာလဲ"





"ဘာကိစ္စ !။ အာ ... ငါ ဘယ်သိမလဲဟ၊ နင့်ရှေ့တင် တနိုင်း ပြောသွားတဲ့ ဥစ္စာပဲ ... season ကိုသွားတာ ဘာကိစ္စဖြစ်ရမလဲဟာ၊ စားသောက်ဆိုင်သွားတာ စားဖို့သောက်ဖို့ပေါ့"

"အဲဒီဆိုင်က သီချင်းဆိုတဲ့ မိန်းမတွေကို ငမ်းဖို့ရော မပါဘူးလား"

"ဟား"

သူက ဟားခနဲ ရေရွတ်လျက် နောက်နေသည်ဟု ...သော သက်ပန်ရဲ့ မျက်နှာကို ကြည့်လိုက်လျှင် နောက်နေတာ ...တ်ဘဲ တကယ့်ကို မနှစ်မြို့ဟန်ဖြင့် မျက်ခုံးကြုတ်၍ ပြောနေ ...ဖြစ်သည်။

သက်ပန် သူ့ကို သဝန်တိုနေတာလား။ ဒီလိုတွေး ...ချင် သူ့ရင်ခုန်သံတွေ နည်းနည်းမြန်သွားသည်။ ယောကျ်ားလေး ...အဖို့ ချစ်သူကောင်မလေးရဲ့ သဝန်တိုမှုဆိုတာလည်း သိပ် ...န်ကဲဘူးဆိုလျှင် ကြည်နူးရသော အဖြစ်အပျက် တစ်ခုပဲ ဖြစ် ...သည်။



www.burmeseclassic.com

www.burmeseclassic.com



"နှင်းနော် … ငါ တစ်ခါတည်း ပြောလိုက်မယ်၊ ည…
ရောက်ရင် နှင်း season ကို လုံးဝလိုက်မသွားရဘူး၊ နှ…
တို့ အဲဒီမှာ အရက်သောက်မယ် …

အဲဒီက မိန်းမတွေ သီချင်းဆိုတာကို ငမ်းမယ်…
အဆင်ပြေရင် နှင်းတို့ဝိုင်းမှာ ခေါ်ထိုင်ပြီး ကြူမယ် …

တွေ့လာရင် ပြည်သာယာထဲက massage တော…
ရောက်ချင် ရောက်သွားဦးမှာ၊ ငါ မသိဘူး မထင်နဲ့"

"ဟာ … သက်ပန်၊ နှင်းက မဟုတ်တာတွေ လျှောက်ထ…
နေပြန်ပါပြီဟာ၊ အဲဒါတွေ တစ်ခါမှ မလုပ်ဖူးပါဘူ…
အရက်လည်း မသောက်ပါဘူးဟာ …

ဘီယာပဲ သောက်မှာပါ၊ သီချင်းဆိုတဲ့ မိန်းမတွေ…
ကိုလည်း မငမ်းပါဘူးဟာ၊ နှင့်လောက်မှ မလှတာ …

ဟုတ်တယ်ဟုတ် … နှင်းသာ ငါ့ကို အစိုးမိုးနိုင်ဆုံး…
ပါ သက်ပန်ရယ်၊ ငါ့ကို အဖြေပေးတော့နော်"

"မလိုချင်ဘူး၊ မလိုက်သွားနဲ့ဆို မလိုက်သွားနဲ့နော် မြစ်မင်း…
ဘီယာသောက်တာလည်း မကြိုက်ဘူး၊ အဲဒီလိုနေရာတွေ…
သွားတာကို မကြိုက်တာ"





အိုခေ … ဒီလောက်ဆို သူ သဘောပေါက်လိုက်…
ဒီအချိန်တွင် သူ့ရဲ့ကံကြမ္မာသည် သက်ပန်ရဲ့လက်ထဲတွင်
…သသည်။ မိန်းကလေးတွေဟာ အဖြေပေးခါနီးအချိန်တွင်
…ာကျိုးလေးတွေကို ဘာကြောင့် နိုင်စားတတ်သလဲ ဆိုတာ
…က်များကျမှ သက်ပန်ကို သူ မေးကြည့်ရပါဦးမည်။

အခုချိန်မှာတော့ ချစ်သူလေးရဲ့ ဆန္ဒကို ဖယ်ရှားဖို့
…တတ်နိုင်သေးပေ။

"ကဲကွာ … လုံးဝမသွားဘူး၊ ကတိပေးတယ်၊ … …
အဖြေပေးတော့"

"နှင်း တကယ်မသွားဘူးနော်"

"မသွားပါဘူး ဆိုမှကွာ"

"ငါ နှင့်အိမ်ကို ဆယ့်ငါးမိနစ်တစ်ခါ ဖုန်းဆက်ပြီး လှမ်း
ချက်ခ်နေမှာနော်"

"ကဲ … အချစ်အနားမှာ မောင့်ကို ခေါ်သာထားလိုက်တော့"

"သွား … ကောင်စုတ်"

သူက အဲဒီလို ပြောလိုက်လျှင် သက်ပန်၏ မျက်နှာ
…သည် ရှက်သွေးနှင့် ရဲရဲနီ၍ သွားလေသည်။ သက်ပန် ရှက်



www.burmeseclassic.com

www.burmeseclassic.com



နေသောပုံသည် သူ့မျက်လုံးထဲ၌ ဘယ်လိုချစ်ဖို့ကောင်းမှန်းကို မသိချေ။ ရဲတွတ်နေသော ပါးပြင်လေးများကို အားပါးတရပင် ဆွဲလိမ်ပစ်ချင်စိတ်အား အထူးပဲ ချိုးနှိမ်ထားရလေသည်။

"သက်ပန် ... အဖြေပေးမယ်လို့ ပြောထားတယ်လေ။ ပေးတော့လေ"

သူ့ရဲ့ လူမဲ့ အမဲခြောက်တောင်း သဏ္ဌာန်ကို သက်ပန်ဟာ စိတ်ရှည်လက်ရှည်နဲ့ ပြုံးကြည့်နေနိုင်ရက်သည်။

"သက်ပန် ... ဘာလို့ အဲဒီလောက် ရက်စက်နေတာလဲ"

"ဟဲ့ ... ဘယ်လိုဖြစ်နေလဲ၊ တကျိုကျိုနဲ့ နားငြီးလိုက်တာ"

"အဖြေပေးမယ်ဆို"

"နေဦး ... သင်္ကြန်အကြိုနေ့မှ ပေးမယ်"

"ဟာကွာ ... သက်ပန်က ညစ်ပြီ၊ စာမေးပွဲပြီးရင် ပေးမယ်ဆို၊ သူပဲ ပြောထားပြီးတော့"

"အင်းလေ ... စာမေးပွဲပြီးရင်လို့ပဲ ပြောတာလေ၊ ကဲပါ ... အခု အတိအကျ ပြောနေပြီပဲ၊ သင်္ကြန်အကြိုနေ့မှာ ပေးမယ်၊ တကယ် ... မညာဘူး"

"သေချာတယ်နော်၊ မပေးလို့ကတော့ ... ဟင်း ..."





"အောင်မယ် ... မပေးလို့ ဘာလုပ်မှာလဲ၊ ပြောစမ်း"

"ဟြော် ... မပေးမချင်းကို တောင်းနေမှာလို့ ပြောမလို့ပါ၊ တကတည်းမှပဲ၊ သူကလည်း"

သူ့အပြောကို သက်ပန်သည် ချစ်စဖွယ် မျက်စောင်းလေးထိုးလျက် အသာပြုံးလို့ နေလေသည်။

မိန်းမတွေဟာ ယောကျ်ားတွေကို ချစ်မှန်းသိလျှင် ပို၍ အထာကိုင်တတ်ကြတယ် ဆိုတာ တကယ်ဖြစ်နိုင်ပါသည်။ သို့သော် မရမချင်း ပိုးပန်းရမည်မှာလည်း ယောကျ်ားတို့၏ သမိုင်းပေးတာဝန်ပင် မဟုတ်ပါလော။

✧

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သက်နှင်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၄)

တူးပို့တေးသံတွေ ထုံလွှမ်းနေသော သကြိန်အကြို
နေ့သို့ ရောက်လျှင် သူသည် အင်မတန်ခုန်လွှန်းသော ရင်ကိုဖိ
ကာ သက်ပန်တို့အိမ်သို့ ရောက်လာခဲ့ရသည်။ သူ့အတွေးထဲမှာ
တော့ ပျော်စရာတွေက တသီတတန်းကြီးပဲ ဖြစ်သည်။ သူ့ကို





သက်ပန်ရဲ့ မျက်ဝန်းတွေက အဖြေပေးထားပြီး ဖြစ်သော်လည်း
သချာရေရာသော ချစ်သူဘဝကို ဒီနေ့တွင် သူ ပိုင်ဆိုင်ရမည်။

သက်ပန်ရဲ့ အချစ်ကို တရားဝင် ပိုင်ဆိုင်ပြီးသွား
သာသူဟာ အကြိုနေ့မှာ သူမကို ဦးဦးဖျားဖျား ရေလောင်းမည်။
ပြီးလျှင် သူ့ရဲ့ဂျစ်ကားနှင့် သကြိန်လည်ပို့ခေါ်မည်။ သကြိန်သည်
သူတို့လို ပူပူနွေးနွေး ချစ်သူစုံတွဲတို့ကို အမှတ်တရများစွာ ပေး
နိုင်လိမ့်မည်ဟု ထင်ပါသည်။

အတွေးနဲ့ ပျော်ရွှင်ကျေနပ်နေသော သူဟာ၊ သက်ပန်
တို့အိမ်ရောက်လျှင် သက်ပန်တို့အိမ်မှ ကောင်မလေးက စာတစ်
စောင်ဆီး၍ပေးသည်။

"မမက ကိုမြစ်မင်းကို ပေးခိုင်းတာ၊ မြန်မြန်ယူ ကိုမြစ်မင်း၊
အန်တီ မြင်သွားမှာစိုးလို့၊ စာယူပြီးရင် ပြန်တော့တဲ့"

ဒီလောက်တော့ သူကလည်း ဒက်ခံနဲ့ သဘောပေါက်
သည်။ သက်ပန်ဟာ သူ့ကို ရှက်နေတာလား၊ ရင်မဆိုင်ရဲ
လို့လားတော့ မပြောတတ်။ အခုလောလောဆယ်တွင် ပန်းရောင်
စာအိတ်လေးက အရေးကြီးနေသည်မို့ သူက ဖျတ်ခနဲ ဆွဲယူ၍
သက်ပန်တို့အိမ်မှ အသာလစ်ထွက်လာရသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပြန်ရောက်လျှင် သူ့အခန်းထဲသို့ဝင်ကာ ရင်တဖိုက်ဖိုက်ဖြင့် သက်ပန်ရဲ့စာကို ဖွင့်ဖတ်ရလေသည်။

အထဲတွင် လှပညီညာစွာ ဝိုင်းစက်နေသော သက်ပန်ရဲ့ လက်ရေးလှလှလေးများက မဖတ်ရသေးဘဲနဲ့ကို သူ့ရင်အား ချမ်းမြေ့သွားစေပါသည်။

"မြစ်မင်း ...

အချစ်နဲ့ ထိတွေ့မိတဲ့အခါ လူတိုင်းဟာ ကဗျာဆရာဖြစ်သွားတတ်ကြတယ်တဲ့၊ ငါလည်း နင့်အတွက် ရည်စူးပြီး ကဗျာတစ်ပုဒ် ရေးထားတယ် ...

အဲဒါ နင့်အတွက် အဖြေပါပဲ။

နင့်ရဲ့

သက်ပန်"

ထိုမျှလောက်သော စာတိုလေး ဖတ်ရတာကို သူ့မှာ လွင့်ခနဲ ဖြစ်သွားရလေသည်။ သူသည် ကမန်းကတန်းပင် နောက်တစ်စောင်ကို ဖွင့်ရပြန်သည်။

သက်ပန်ရဲ့ကဗျာလေးသည် ရေးတတ်သလို ရိုးရိုးလေး ရေးထားတာ ဖြစ်သော်လည်း သူ့အတွက်တော့ ကမ္ဘာပေါ်တွင် အကောင်းဆုံး ကဗျာတစ်ပုဒ်ပဲ ဖြစ်လေသည်။





❤ သတိရတိုင်းကသာ အသက်ရှူခြင်းကို
ထိန်းချုပ်ကန့်သတ်ထားမယ်ဆိုရင်
ငါဟာ နှလုံးသွေးရပ်ပြီး
သေဆုံးအေးခဲသွားတာ ကြာလှပြီပေါ့။ ။

❤ အလွမ်းဆိုတာ အချစ်ရဲ့အနားက
ကပ်ပါးကောင်ဆိုရင်
သူ့ကို တိုက်ထုတ်ဖို့ရာ
တို့နှစ်ယောက် နီးနေမှ ဖြစ်တာ။ ။

❤ ကိုယ့်ချစ်သူအတွက် ကိုယ်ဟာ
အချစ်ဦးဖြစ်ခွင့် ရှိခဲ့မယ်ဆိုရင်
အဲဒီလူဟာ ကံအကောင်းဆုံးလူတဲ့
ငါဟာ ... နင့်အတွက်
ကံရေးတဲ့သူ ဖြစ်ပါရစေလားနော် ...။ ။

မေသက်ပန်

ကဗျာဖတ်ပြီးသွားလျှင် သူ့ရင်ထဲ၌ ကြီးမားသော ပျော်တစ်ခု ဖြစ်ထွန်းလို့ သွားခဲ့သည်မှာ ပြောဖွယ်ပင် မရှိတော့။ သို့သော် ... သက်ပန်ရဲ့နှုတ်ဖျားက ချစ်ပါတယ် ဟူသော



www.burmeseclassic.com

www.burmeseclassic.com



စကားကို မကြားရသေးသဖြင့် သူဟာ ထိုစကားကို အလွန်ပင် ကြားလိုလှသေးသည်။ (ကြားလိုလှတဲ့ သူ့ချစ်စကားပေါ့)။

ဒါကြောင့် မြန်မြန် ကြားချင်လွန်းတာရော အပြင်မှာ တွေ့လျှင် သက်ပန် ရှက်နေမှာ စိုးတာကြောင့်ရော သူက သက်ပန်ထံ ခပ်မြန်မြန်ပဲ ဖုန်းဆက်လိုက်လေသည်။ တစ်ဖက်မှ လာကိုင်သူဟာ သက်ပန်ရဲ့အမေ ဖြစ်လို့နေသည်။

"ဟယ်လို ... အန်တီ၊ ကျွန်တော် မြစ်မင်းပါ၊ သက်ပန်ကို ခဏလောက်"

"ဩော် ... သား မြစ်မင်း၊ ဟဲ့ ... သက်ပန်က ဒီနေ့ တရားစခန်း သွားပြီလေ"

"ဗျာ ... တရားစခန်းသွားပြီ၊ ဟို ... ဘယ်အချိန်ပြန်ရောက်မှာလဲ အန်တီ"

"ဩော် ... ဒီကလေးနယ်၊ သက်ပန်က ပြောပြမသွားဘူးနဲ့ တူတယ်၊ သင်္ကြန်တွင်းတရားစခန်းဝင်တာလေ သားရဲ့၊ နှစ်ဆန်းတစ်ရက်နေ့မှ ပြန်ထွက်လာမှာ"

"ဗျာ ... ဩော် ... ဟုတ် ... ဟုတ်လား အန်တီ၊ ဘယ်သူနဲ့ သွားတာလဲ"





"သူ့အဘွားနဲ့လေ သားရဲ့၊ သားကို မပြောပြသွားဘူးလား"

"ဟင့်အင်း အန်တီ၊ ကျွန်တော်က သင်္ကြန်လည်ဖို့တောင် ခေါ်ထားတာ၊ သူက ဘာစိတ်ကူးတွေများ ပေါက်သွားတာလဲ မသိဘူး၊ အဟင်း ... ဟို ... ဘယ်မှာဝင်တာလဲ မသိဘူး၊ မိုးကုတ်ဝိပဿနာလား အန်တီ"

"မဟုတ်ဘူးကွယ်၊ အလိုတော်ပြည့်ကျောင်းမှာ"

"ဩော် ... ဟုတ် ... ဟုတ်ကဲ့၊ ဒါပဲနော် အန်တီ"

"အေး ... အေး"

ဖုန်းချပြီးလျှင် သူ့ရင်ထဲ၌ အတော့်ကို ကလိ ကလိဖြစ်၍ ကျန်ခဲ့လေသည်။ သက်ပန်က တစ်ခါတလေမှာ ထင်မထားတာတွေကို အတော်လုပ်တဲ့သူပဲ ဖြစ်၏။ သူမလုပ်သော အစွတ်တိုင်းဟာ ဘယ်တော့မှ အပြည့်အဝ မျှော်ခွင့်ရသည်ဆိုတာ ရှိခဲ့ပေ။

အခုကိစ္စမှာလည်း သူ့လိုအဖြစ်မျိုး ဘယ်ယောက်ျား ဆီးမှ ကြုံဖူးမှာ မဟုတ်ဘူးဟု ထင်သည်။ ချစ်သူကောင်မလေး ဆီတ အဖြေရသောနေ့မှာပင် ထိုမိန်းကလေးက တရားစခန်းဝင် သွားသည်ဟူသော အဖြစ်အပျက်ဟာ (ငရဲကြီးလျှင်လည်း မတတ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်တော့) သူ့အတွက်တော့ အတော့်ကို ရင်နာစရာကောင်းသော ကိစ္စပဲ ဖြစ်သည်။

လူက ချက်ချင်းကို ဟုန်ဟုန်ကြီး ဖြစ်သွားကာ ဘာလုပ်လို့ ဘာကိုင်ရမှန်းကို မသိပေ။ တွက်ရေး စက်သူဌေး ဖြစ်လျက် အကြိုနေ့မှာ အဖြေရမည်။ သက်ပန်ကို ရေလောင်းမည်။ သကြံန်တွင် အတူလည်ကြမည်။ ညဥ့်နက်သန်းခေါင် ဖုန်းခိုးပြောကြမည် စသော စိတ်ကူးတိမ်တိုက်တွေကို ဘယ်နေရာမှ လိုက်ရှာရမှန်းတောင် မသိတော့ချေ။

သူ့စိတ်ကြိုက် စပါယ်ရှယ် သ,ထားသော ဂျစ်ကားကိုပင်လျှင် လှည့်ချင်စိတ် မရှိတော့။ သူ့ရဲ့ ငူတူတူပုံစံကို မေမေကတောင် ဩတိထားမိလျက် မေးယူရသည်အထိ သူ့ပုံစံက သိသာ၍ နေလေသည်။

"သား ... မင်းပုံစံက ဘယ်လိုဖြစ်နေတာလဲ"

"ဟိုဒင်း ... သက်ပန် တရားစခန်း ဝင်တယ်တဲ့ မေမေ"

"အေး ... ကောင်းသားပဲ၊ စာမေးပွဲ ဖြေပြီးတော့ ဝင်တာနေမှာပေါ့၊ သားလဲ သကြံန်တွင်း ဘုန်းကြီးလေးဘာလေး ဝတ်ပါလား၊ တစ်နှစ်တလေ အန္တရာယ်ကင်းအောင်ရှင်းအောင်"





"အွန်း ... တော်ပါ မေမေရာ"

သူက ဘုန်းကြီးဝတ်ဖို့ ဗွတ်တိုက်တွန်းနေမည်စိုးဖြင့် မေမေ့အနားမှ အလျင်အမြန် ခွာလာရသည်။ သူ့ကိုယ်သူသည်း ဘာလုပ်လို့ လုပ်ရမှန်း မသိပေ။ အထူးသဖြင့် ချစ်သူတွေသော ခေါင်းစဉ်အောက်ကို ပိုင်ပိုင်နိုင်နိုင် တိုးဝင်ခွင့်ရသွားသည့်တွက် သက်ပန်ရဲ့ မျက်နှာလေးကို မြင်လိုလှသည်။

တွေးရင်းနှင့် အရမ်းကို မြင်ချင်လှလေသည်။

အဲဒီလို ဟာတာတာကြီးနှင့် အကြိုနေ့တစ်ညဟာယ်လိုကုန်သွားမှန်း မသိရ။ အကျနေ့ မနက်ခင်းသို့ရောက်ချင် ကားပေါ်မှာ ကဲဖို့ စိတ်မပါတော့ဘဲ ကားမောင်းပေးဖို့သာ ကူးရှိသော သူ့ကို သူငယ်ချင်းတွေက တစ်ယောက်တစ်ပေါက်းမေးကြသည်။

သကြံန်မတိုင်ခင်က အကဲမရသော ပျော်ရွှင်မှုငွေ့ ကုန်ဆုံးသွားသည့် သူ့အဖြစ်က ရိပ်မိမယ်ဆိုလျှင်ကိုယ်ကိုပင် ပေ။ သည်။ သူမ

"ဟော့ကောင် ... မင်းပုံက ဘာဖြစ်တာလဲ၊ အဲ့မျှ၊ ချစ်ဘူးလား၊ သက်ပန်ကိုရော သွားမခေါ်ဘူးလား" ကာ သကြံန်



www.burmeseclassic.com

www.burmeseclassic.com



အကြိုနေ့မှာ သက်ပန်ဆီက အဖြေရမည့်ကိစ္စကို သူငယ်ချင်းတွေ အားလုံးကလည်း သိကြလေသည်။ မသိသူက တနိုင်းသာ ဖြစ်၏။ တနိုင်းကလည်း စာမေးပွဲပြီးကတည်းက သူ့အမေနှင့်အတူ မော်လမြိုင်သို့ ပါသွားလေရာ ဒီကိစ္စတွေကို ဘာမှမသိတော့။

"အေး ... မင်း ဘာဖြစ်နေတာလဲ၊ ပုံစံက လုံးဝရွဲနေတယ်၊ ဘာလဲ ... အဆင်မပြေဘူးလား၊ အဖြေမရဘူးလား"

"ရပါတယ်ကွ၊ သက်ပန်က မမိုက်ဘူးကွာ၊ အကြိုနေ့ တည်းက တရားစခန်း ဝင်သွားပြီတဲ့ကွ ... တောက်"

"ဟား ... အဲဒါမှ ပြဿနာပဲ၊ မင်း ဘာလုပ်မလဲ"

"ဘာလုပ်ရမယ်မှန်း မသိလို့ ငေါင်နေတာပေါ့၊ နှစ်ဆန်း တစ်ရက်နေ့မှာ ထွက်မှာ ဘာသွားလုပ်ရမှာလဲ၊ ရေလည်း လောင်းလို့မရ၊ ဘာစကားမှလဲ ပြောလို့မရ၊ ကျွတ် ... ခမိုက်လိုက်တဲ့ ရည်းစားကွာ"

"ဟိုဒင်း၊ သူငယ်ချင်းတွေသည် သူ့အဖြစ်ကို ရယ်ချင်ဟန် "အေး ပဲည်း မရယ်ရက်ကြချေ။ သူတို့အုပ်စုထဲတွင် မှာကို ကောင်းကောင်းညက်သော သူရသည် သူ့ဘက်က ပါလာဖြင့် ...





"ဒီအတိုင်းတော့ မနေနဲ့ကွာ၊ ဒီလိုလုပ်၊ တရားစခန်းဝင် တယ်ဆိုတာ၊ ရေသာလောင်းလို့ မရတာ၊ သွားတွေ့လို့တော့ ရတာပဲကွ၊ အချိန်ပြည့် တရားထိုင်နေတာမှ မဟုတ်တာ၊ နေ့လယ်နေ့ခင်း နားချိန်တွေ ရှိတာပဲ ...

အဲဒီမှာ မင်း သွားတွေ့။ အအေးဘူးလေး ဘာလေး လဲ ဝယ်သွားပေါ့ကွာ၊ နောက် ... မင်းပြောချင်တာတွေကို စာရေးသွား၊ ဟိုရောက်ရင် ပေးလိုက်၊ ဒါပဲ၊ သူတောင် ကိုယ့်လုပ်သွားသေးတာပဲ၊ ဘာမှမဖြစ်ဘူး၊ သွား ... ငါ ပြောသလိုလုပ်"

"ဟုတ်တယ် ဟော့ကောင်၊ သူရ ပြောတဲ့အကြံ ကောင်း တယ်၊ မနက်ဖြန်ဖြစ်ဖြစ် မင်း သွားလိုက်၊ နေ့ခင်း နား ချိန်လောက်ဆို အတော်ပဲ"

အာကာကပါ မြှောက်ပေးလျှင် သူသည် အဲဒီအတိုင်း ပဲ ဆုံးဖြတ်ချက် ချလိုက်တော့လေသည်။ တကယ်ကိုပင် သက်ပန်ရဲ့ မျက်နှာလေးကို မြင်လိုလှပြီ ဖြစ်သည်။ သူမ ဘယ်လိုလွမ်းမှန်းကို မသိချေ။ ဒါကြောင့် လွမ်းသမျှ၊ ချစ် ကို စာစီကုံးရေးသားလျက် အအေးဘူးတစ်ဖာဝယ်ကာ သကြံန်



www.burmeseclassic.com

www.burmeseclassic.com



အကြွတ်နေ့လယ်ကြီးတွင် သူရကိုပါ မရမက အဖော်ခေါ်လျက် ဘုန်းကြီးကျောင်းသို့ ရောက်လာရလေသည်။

တစ်သက်နှင့် တစ်ကိုယ် တရားစခန်းသို့ ရောက်ဖူးသည်မှာ ဒါပထမဆုံးအကြိမ်ဖြစ်၍ သူရရော သူပါ အူကြောင်ကြောင် ဖြစ်လို့နေလေသည်။ အကျီအဖြူ၊ လုံချည်အညိုတွင် ယောဂီတာဘက်လေးတွေ ပတ်ထားသော အေးချမ်းသည့် သွင်ပြင်နှင့် စကြိန်လျှောက်နေကြသည့် သူတို့အရွယ် ယောဂီကောင်မလေးများကို သူရက တအံ့တသြနှင့် မျက်လုံးပြူးကြည့်ကာ ...

"ဟား ... အသင်လောက၊ ဘယ်လိုတွေ ဖြစ်ကုန်ကြတာလဲ၊ ဒါကြောင့် သကြိန်တွင်းမှာ အချောအလှတွေ နည်းကုန်တာကိုး၊ အလှအပ အဖူးအညွန့် မှန်သမျှ တရားစခန်းရောက်နေပါလားကွ၊ ဒီလိုမှန်းသိရင် သားသားလည်း ဘုန်းကြီးဝတ်ပါတယ် ... အဟဲ ... ဟဲ"

"ဟေ့ကောင်၊ သွားပြစ်မှားမနေနဲ့၊ ငရဲကြီးနေမယ်"

"ငရဲကြီးတော့ ငရဲလေးကို နိုင်တာပေါ့ကွ၊ မင်းတောင် ယောဂီကို လာရှိတ်တာ မဟုတ်လား၊ နေပါဦး ... မင်း ယောဂီက ဘယ်အဆောင်မှာလဲ၊ အဲဒါရော သိလား"





"သိတယ်၊ ငါ ညက သူ့အမေကို မေးပြီးပြီ၊ ဒီကနေ တည့်တည့်ဆင်းသွားရုံပဲ၊ မိတ်ကပ်ရောင် သုတ်ထားတဲ့ တစ်ထပ်တိုက်လေး၊ ဝိသေသသုခကျောင်းဆောင် ဆိုလားပဲ"

"ဒါမျိုးကျ တတ်တယ်"

သူက သူရ စကားကို ဟက်ခနဲရယ်ကာ ဂျစ်ကားကို ကုန်းလျှောအတိုင်း ခပ်ဖြည်းဖြည်း လိမ့်ချလာခဲ့သည်။ ကြိန်လည်သည့် သူတို့ဂျစ်ကား ကြောင်ကြောင်ကျားကျားကြောင့် အချို့က ကွက်ကြည့် ကွက်ကြည့် လုပ်ကြသေးသည်။ မတတ်နိုင်ဘူး။

သူက နှလုံးသားလေး ခေတ္တနားခိုရာ ကျောင်းဆောင်နား အရောက်တွင် ကားကို စက်သပ်လျက် ကားပေါ်မှ ခုန်ခနဲ ခုန်ဆင်းလိုက်သည်။ သူရကတော့ ကားပေါ်မှ မဆင်းချ။ သူသည် အနားမှ ဖြတ်သွားသော ကောင်မလေးတစ်ယောက်ကို ...

"ဟို ... ခဏလောက်၊ ဒီအဆောင်မှာလေ မေသက်ပန် ဆိုတာမျိုး ရှိလား မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... မေးကြည့်ပေးမယ်၊ ခဏလေးစောင့်"

ကောင်မလေးက အဆောင်ဘက် လျှောက်သွား

အထဲကိုခေါ်ကာ မေးပေးသည်။ ခဏအကြာတွင် သူ့ရဲ့ သက်

သည် အူယားဖားယားပုံစံလေးနှင့် အပြေးတစ်ပိုင်း ထွက်လာ

သည်။

သူက ဂျစ်ကားကို လက်ပိုက်မှီနေရာမှ သက်ပန်

ပြုံးပြနှုတ်ဆက်လိုက်သည်။

သက်ပန်သည် ကျောလယ်လောက်ရှိသည့် ဆံ

လေးများကို အုပ်လုံးသိမ်း စုစည်းထားကာ ရင်ဖုံးအကျီအ

လုံချည်အညိုဖြင့် သူ့မျက်လုံးထဲ၌ တစ်မျိုးသစ်နေသည်။ ထ

သနပ်ခါးနုနုတို့ဖြင့် မွှန်ညက်နေသည့် မျက်နှာလေးဟာ အခု

ကိုးပါးသီလ စောင့်ထိန်းထားသဖြင့် ပကတိ ပြောင်ပြောင်

ရှင်းနှင့် သဘာဝအတိုင်း။

အဲဆီဥနေသလို ဖြစ်နေသော မျက်နှာလေးဟာ

တစ်မျိုးပို၍ ဆွဲဆောင်မှုရှိသည်ဟု ထင်ပါသည်။ ဩော် ...

ပုတီးနဲ့ ရိပ်ကြီးကိုခိုမည့် ကလေးမ။

"ဘာလာလုပ်တာလဲ"





သက်ပန်သည် သူ့ကို ကျယ်ကျယ်လည်း အော်မ

မေးရဲ။ တိုးတိုးတိတ်တိတ်နှင့် ကျိတ်၍မေးရတာ ဖြစ်သည်။

သူက ဂျစ်ကားကို မှီရပ်နေရာမှ ခွာကာ ...

"လာတွေ့တာလေ"

"ဟာ ... ဘာဖြစ်လို့လာရတာလဲ၊ ပြန်တော့ မြစ်မင်း"

သက်ပန်ပုံစံဟာ ဘေးဘီပတ်ဝန်းကျင်က မြင်မှာ

စိုးရိမ်နေသည့် မလုံမလဲပုံစံ ဖြစ်၍နေသည်။ တကယ်လည်း

ဘေးပတ်ဝန်းကျင်က ယောဂီတချို့တလေသည် ခေတ်ပေါ်ပုံစံနှင့်

သူ့ကိုတစ်လှည့်၊ ရိုးရှင်းစွာ ဆင်ခြင်ရနေသည့် သက်ပန်ကိုတစ်

လှည့် မသိမသာတော့ အကဲခတ်နေကြတာ ဖြစ်သည်။

သူက ကိုယ့်ရဲ့ချစ်သူပါလားဟူသော အသိဖြင့်

သက်ပန်ရဲ့ မျက်နှာလေးကို တရိုက်မက်မက် ငေးကြည့်ကာ ...

"သက်ပန် ကိုယ့်ကို ရက်စက်သွားတယ်နော်"

ပြောင်းလဲသွားသော သူ့ရဲ့ အသုံးအနှုန်းကြောင့်

သက်ပန်ရဲ့ မျက်နှာလေးမှာ ပန်းရောင်ပြေးသွားလေသည်။

"ကဲ ... ပြန်တော့လေ၊ ဘာလို့ လာတွေ့နေရတာလဲ

မြစ်မင်းကလည်း၊ ဟိုမှာ အဘွားလည်း ရှိနေတယ်၊ နှစ်

ဆန်းတစ်ရက်နေ့ကျ ထွက်မှာပဲ ဥစ္စာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... အရမ်းတွေ့ချင်နေပြီလေ၊ အရမ်းလွမ်းနေတဲ့ဥ

"ကျွတ် ... ဘုန်းကြီးကျောင်းလာပြီး ဘာတွေလာပြော
တာလဲ၊ ပြန်ပါတော့ မြစ်မင်းရယ်"

သက်ပန်ရဲ့ မျက်နှာလေးမှာ တကယ်ကို စိတ်ရှု
တွေးသည့် အရိပ်သဏ္ဌာန် ပေါ်နေလျှင် သူက သက်ပြင်းကို
ချက်ချကာ အလျှော့ပေးဖို့ ဆုံးဖြတ်လိုက်ပါသည်။

"ပြန်မှာပါကွာ၊ အဲဒီလောက်လည်း နှင်မနေစမ်းပါနဲ့
ဒီမှာ အအေးဘူးလာပေးတာ ဘုရားဖြစ်မဲ့ အုတ်နီခဲမ
ကို"

ဒီလို ငေါ့ပြောတော့လည်း သူမက ဟက်ခနဲ ရယ်
ဖော်ရသေးသည်။ သူ့လက်ထဲမှ အအေးဘူးတွေကို လွှဲပြောင်းယူ
ကာ အဆောင်ထဲသို့ သွားချထားသည်။ ပြီးလျှင် အဆောင်ထဲမှ
ပြန်ထွက်လာကာ နာရီကို တစ်ချက်ကြည့်လျက် ...

"သကြိန်လည်သေးလား"

"လည်တာပေါ့"

အဲဒီအခိုက်မှာပင် ခေါင်းလောင်းထိုးသံ တစ်ချက်
ကြားလိုက်ရသည်။ သူက ရိပ်မိစွာဖြင့် ...





"ဘာလဲ ... တရားထိုင်ရတော့မှာလား"

"အင်း ... သွားတော့နော်"

သူက သူမကို ပိုင်ပိုင်နိုင်နိုင်ကြီး ပြုံးကြည့်နေလျှင်
သူမက မနေတတ်သလို ခေါင်းငုံ့၍ သွားလေသည်။ သူက ခါး
ကြားထဲတွင် ထိုးထားသော စာအုပ်ကို ရုတ်တရက် ဆွဲထုတ်ကာ
သက်ပန်ကို ကမ်းပေးလိုက်သည်။

သက်ပန်ရဲ့ မျက်ဝန်းများမှာ အံ့ဩသွားဟန်ဖြင့် ...

"အို ... အဲဒါ ဘာကြီးလဲ"

"ဘာမှ မဟုတ်ဘူး၊ မြန်မြန်ယူလိုက်လေ"

သူမ သဘောပေါက်သွားဟန် တူသည်။ ကေသီပန်
ကြော့ကြာထဲမှ မျိုးသန္တာထွန်း ပုံစံလို ဘောဘီကို မလုံမလဲကြည့်
ကာ သူ့လက်ထဲမှ စာအုပ်ကို ကပျာကယာ ဆွဲယူလိုက်ပုံလေးကို
ချက်လုံးထဲမှ မထွက်ချေ။ ပြီးလျှင် ကယောင်ကတန်းဖြင့် ရည်းစား
စာပါဝင်သော စာအုပ်ကိုပါ ယူကာ တရားထိုင်မည့် ဓမ္မာရုံပေါ်သို့
ပြေးတက်သွားလျှင် သူ့မှာ မျက်လုံးပြူးလျက် ရယ်ဟဟဖြင့်
ကျန်ရစ်ခဲ့ရသည်။

"ဟော့ ... အဲဒါကို ဘယ်ယူသွားဦးမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



သက်ပန်က သူ့ကို လှည့်ကိုမကြည့်တော့ လေကားတွေအတိုင်း ပြေးတက်သွားလျှင် သူ့မှာ ဟက်ဟက် ပက် ရယ်မိတော့သည်။

ဘာပဲဖြစ်ဖြစ် တွေ့ချင်နေသူကို တွေ့လိုက်ရ အတွက် ရင်ထဲမှာ နေသာထိုင်သာ ရှိသွားတာတော့ အမှန်ပဲ လေသည်။

သူက ပြုံးမြမြ မျက်နှာထားဖြင့် ကားပေါ် စက်နှိုးပြီး ထွက်လာလျှင် သူရက လက်နှစ်ဖက်ကို နောက် ထားကာ ခပ်လျော့လျော့ မှီထိုင်ထားရင်းမှ ...

"ဘယ်လိုလဲ၊ သွားတော့လည်း တွေ့သွားတာပဲ မဟုတ် လား၊ မင်း ယောဂီကလည်းကွာ၊ ရှက်နေတာ အသား ပဲ ...

မင်းစာကိုလည်း ခမ္မာရုံပေါ် ယူသွားတယ် မဟုတ် လား"

သူက ဟက်ခနဲ ရယ်ချကာ "အေးကွ"ဟု ပြန် လိုက်ရသည်။ သူတို့အဖြစ်ကို သူရကပါ သဘောတကျ တဟားဟား ရယ်မော၍ နေလေသည်။





"ရည်းစား ဆိုတာ သူတို့အလိုချည်းလိုက်ပြီး မ,နေလို့လည်း မရဘူးကွ၊ နည်းနည်းပါးပါး ဖွတ်လုပ်ပေးစရာရှိ ပေးရ တယ် ...

နို့မို့ဆို မင်းကို "အမြဲနိုင်စားသွားမယ်"

"သက်ပန်က အဲဒီလို မဟုတ်ပါဘူးကွာ"

"ဟေ့ကောင် ... မင်းက မနေ့ကမှ အဖြေရတဲ့ကောင်ပါ ကွာ၊ ဒါတောင် မင်းကို ဟိုက ဘယ်လို ဟဖ်ဖီးလ်(h feel) ပေးသွားလဲ ...

သူရကြည့် ဆိုတဲ့ကောင်က ရှစ်တန်းဝ စားထားလာတဲ့ကောင်ကွ၊ မိန်းမတွေ အထ ပြီ ...

လိုအပ်ရင် မင်းကို ကောင်းကောင်း ထရိန်န နိုင်တယ်၊ သဘောပေါက်လား"

သူက ခေါင်းငုံ့ညိတ်ပြလိုက်ရသည်။ ဟုတ်တော့ လည်း ဟုတ်သည်။ တကယ့်တကယ်တမ်းကျတော့ နှလုံးသားရေး ရာကိစ္စနှင့် ပတ်သက်လာလျှင် သူ့မှာ တိုင်ပင်ဖော် တိုင်ပင်ဖက် က မယ်မယ်ရရ မရှိချေ။ တနိုင်းဟာလည်း သူနှင့် သက်ပန်



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကို သိသွားလျှင် အခြေအနေက တစ်မျိုးပြောင်းသွား

နိုင်သေးသည်။

အခုချိန်မှာတော့ သူရကြည်ကသာ သူ့ရဲ့စိန်ယ

ဖြစ်တော့သည်။

❧ ✧ ❧

စက


ထားကာ

"

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။







## အခန်း(၄)

သကြိန်ပြီးသွားလျှင် သူနှင့် သက်ပန်သည် မိတ္ထီလာ
ဈေးကုန်းဘုန်းကြီးကျောင်းတွင် ဖွင့်လှစ်ထားသည့် ဆရာတော်
သာရ၏ စေတနာဒါနသင်တန်းဖြစ်သော ဗေဒါလမ်းစကား
သင်တန်းကို တက်ဖို့စီစဉ်ကြသည်။ သက်ပန်သည် ဗေဒါ
စကားပြောသင်တန်းတွင် ဂျပန်စပီကင်ကို တက်ရုံမျှမက



www.burmeseclassic.com

www.burmeseclassic.com



KMD မှာလည်း ကွန်ပျူတာသွားတက်လိုက်သေးရာ သူမမှာ အချိန်အအားက သိပ်မရှိနိုင်ပေ။

သူနဲ့လည်း အေးအေးဆေးဆေး တွေ့ဆုံရသည်ဟူ၍မရှိရ။ ချစ်သူတွေ ဖြစ်သွားပြီးမှ ပို၍ဝေးသွားအောင်ပင် ရှိလေသည်။ ဒါနဲ့ သူ့မှာ သက်ပန်ကို အမြဲနီးစပ်ခွင့်ရအောင် ကြံဆောင်ရပြန်သည်။

"သက်ပန် ... နင် KMD မှာ မတက်ဘဲ ငါ့ဆီလာတက်ပါလား၊ ငါလည်း အဲဒီလောက်တော့ သင်ပေးနိုင်ပါတယ်ဟာ"

သူက ရှစ်တန်းထဲက ကွန်ပျူတာကို စ,ကိုင်လာကာ ဝါသနာလည်း ပါသူမို့ အတော်ကျွမ်းကျင်နေပြီဖြစ်သည်။ သို့သော် သက်ပန်သည် ပြုံးပြုံးလေးနှင့် ခေါင်းယမ်းကာ ...

"လူကြီးတွေ မျက်စိနောက်အောင် မလုပ်ချင်ပါနဲ့ မြစ်မင်းရယ်၊ ပြီးတော့ ကွန်ပျူတာက နင့်အခန်းထဲမှာ မဟုတ်လား"

"အာ ... အဲဒါ ဖေဖေ့ စာကြည့်ခန်းထဲ ရောက်သွားပြီ၊ ဒီလကုန်ရင် လေးလေး ပြန်ရောက်လာမှာ၊ အဲဒီကျ ငါ့ဖို့ Laptop တစ်လုံး ပါလာမယ် ...





သက်ပန်ကလည်းကွာ၊ ဘာကြီးမှန်းလဲ မသိဘူး၊ စပီကင်ကို အတူတူ သွားမယ် ဆိုတော့လည်း မဟုတ်ဘူး၊ အိမ်မှာ ကွန်ပျူတာကို ငါ သင်ပေးမယ် ဆိုတော့လည်း လက်မခံဘူး ...

ဘာတစ်ခုမှ မလိုက်လျောဘူး"

"ဟဲ့ ... စပီကင်နဲ့ နင့်အိမ်နဲ့က နီးနေတာပဲ၊ ငါနဲ့အတူတူ သွားဖို့ဆိုရင် နင် တစ်ပတ်ကြီး ပြန်လှည့်ခေါ်နေရမှာပေါ့ ...

ကွန်ပျူတာကလည်း နင့်ဆီမှာသင်ဖို့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူးဟယ်၊ ငြိမ်းငြိမ်းတို့ကလည်း ရှိသေးတဲ့ဟာကို"

"ဘာဖြစ်လဲဟာ တစ်ပတ်ကြီး ပြန်ပတ်ရတော့လည်း ဘာဖြစ်လဲ၊ ကိုယ့်ချစ်သူကိုယ် အကြိုအပို့ လုပ်တာပဲ ...

နော် ... သက်ပန်ရာ၊ လိမ္မာပါတယ်ကွာ၊ အချစ်ကလည်း"

"ဟာ ... မြစ်မင်းနော်၊ ဘယ်လိုတွေ ဖြစ်နေတာလဲ"

သက်ပန် ဆိုသော ကလေးမသည် ချစ်သူတွေလို ဒိတ်ထိုင်ဖို့ သွားဖို့လာဖို့ကိုပင် မဆိုထားဘိ စကားလေးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ပြောတာတောင် ခံစားပေးတတ်သော နှလုံးသား မရှိချေ။ သူက
များ တစ်ခုခု မပြောလိုက်နှင့် ခေါင်းကြီးစောင်းကာ တစ်ဖက်သို့
လှည့်လှည့်သွားတတ်ကာ ပြန်ကိုမကြည့်တော့။

ဒါကြောင့် သူ့မှာ ရင်ထဲမှာ စကားလုံးတွေ ပြည့်
လာလျှင် စာရေးပြောရတာက အလုပ်တစ်ခုပင်။ နှစ်ဆယ့်တစ်
ရာစုခေတ်ကြီးထဲမှာ ရည်းစားဖြစ်နေတာတောင် ရည်းစာစာရေး
ပေးနေသေးသော သူ့ကို သူရကြည်တို့က ရေရေလည်လည်
ဟားလေ့ရှိသည်။

"ဟေ့ကောင် ... မင်း ဘယ်ခေတ်မှာ နေနေတာလဲ၊ ညီ
ပါကွာ၊ မင်းနဲ့ ပေါင်းရတာ ငါတို့ ယောကျ်ားသိက္ခာကျ
တယ် ...

ဒီခေတ်ကြီးထဲမှာ လာပြီးတော့ စာတစ်တန် ...
တစ်တန်နဲ့ မောင်ကြီးနှမ ညက်လုပြာစင် မြိတ်လွှတ်စရာည်
အငယ်တည်းက ချစ်ကျွမ်းဝင်ခဲ့ရသူပါတွေ ဘာတွေ လုပ်
နေတယ်"

"ဟာ ... သူရတော့ မြန်မာစာဂုဏ်ထူး ထွက်ဦးမှာပဲ...
ရွှေနှယ်ရိုးမှား ပန်းစကားကို ခုထိ ရသေးပါလား"





"အထင်ကြီးမနေနဲ့၊ အဲဒီတစ်ပုဒ်တည်းရတာ၊ ဟား ဟား
ဟား"

သူ့သူငယ်ချင်းတွေက သူနဲ့ သက်ပန်ကို အဲဒီလို
...င် အမြဲလှောင်နေကြ ဖြစ်ပါသည်။ လှောင်လည်း လှောင်လောက်
...အောင်ကိုပင် သက်ပန်နဲ့ သူနဲ့ဟာ ဘုရားစူး မိုးကြိုးပွတ် သမီး
...ည်းစားဖြစ်သည်။ ရည်းစားဖြစ်ပြီးတာသာ တစ်လကျော်လာခဲ့
... ရည်းစားတို့ သွားတတ်သော နေရာများကိုဝေးစွ ကန်စောင်း
... အကြော်ဆိုင်တောင် အတူမထိုင်ဘူးသေးချေ။

သူ့ဆိုင်ကယ်နောက်က ဆိုလျှင်လည်း သက်ပန်ဟာ
...ယ်တော့မှမလိုက်။ ဆိုင်ကယ်စီးကို သူ သင်ပေးပါမယ် ဆိုတာ
...ောင် လက်မခံပေ။ အဓော်ကို နေစိမ့်နိုင်အားသော မယ်သက်ပန်
... ဖြစ်လေသည်။

"သက်ပန် ... ငါ ပေးထားတဲ့စာကို ဘယ်လိုသဘောရလဲ
ဟင်"

"ဘယ်စာလဲ"

"တရားစခန်းမှာ လာပေးတဲ့စာလေ"

"အို ... အဲဒီစာကို မဖတ်ဘူး၊ လွှင့်ပစ်လိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဘာဖြစ်လို့လဲ၊ ဘာလုပ်တာလဲ"

"အိုး ... နဲ့ လုပ်ပုံကရော ကောင်းသေးလား. စဉ်းစား
ဦး၊ တရားစခန်းလာပြီး ရည်းစားစာပေးနေတယ်၊ အဲဒါ
ငါ ဖတ်ရင် သီလကျိုးသွားမှာပေါ့ ...

အဲဒါကြောင့် ဝဲပစ်လိုက်တယ်"

"အေး ... ကောင်းရောပေါ့ကွာ"

သူက သူ့နဖူးသူ လက်ဝါးနဲ့ပဲ ပိတ်သာချလို
တော့လေသည်။ သက်ပန်ဆိုသော ကလေးမဟာ အဲဒီလို ကလေး
ဖြစ်သည်။ ဒါကြောင့် သူဟာ တစ်ခါတလေ၌ သက်ပန်ရဲ့အချ
ဆိုတာကြီးကို သံသယတော့ ဖြစ်မိလေသည်။ ဟုတ်တယ်လေ
သူသိသော ချစ်သူစုံတွဲဆိုတာ ဒီလိုမျိုးကြီးမှ မဟုတ်ဘဲ။

တရားလွန်ကဲနေကြသော အတွဲတွေကို ဆိုလို
မဟုတ်ဘဲ ချစ်သူတို့ဘာသာဘာဝတော့ ဆိုင်ကယ်အတူတူစီး
ကန်စောင်းရှိ အကြော်ဆိုင် ထိုင်တာမျိုး၊ ကန်ပတ်လမ်းမှာ
ညင်းခံပြီး စကားပြောတာမျိုး၊ ရွှေမြင်တင်ဘုရား၊ နဂါးရုံဘုရား
တို့မှာ ဘုရားအတူတူ တက်ကြတာမျိုး၊ ဝါဝါတီးဟောက်
ဘာဂါအတူစား ကော်ဖီအတူသောက်ကြတာမျိုးတော့ လုပ်ချင်
တာပဲ မဟုတ်လား။





"သက်ပန် ... နင် ငါ့ကို တကယ်ရော ချစ်ရဲ့လားဟင်"

သူက ရင်မောသံကြီးနှင့် မေးလိုက်လျှင် သက်ပန်
သည် အိပ်မပျော်စေသော မျက်လုံးဝိုင်းကြီးများဖြင့် အသာငဲ့ကြည့်
လာလေသည်။ ဒီလိုကျတော့လည်း သူမရဲ့ မျက်ဝန်းတွေမှာ
ထွေးရိပ်တွေကို ရှာ၍ရသားပဲ။ ပြီးလျှင် သက်ပြင်းတစ်ချက်
သည်။

အိုခေ ... ဒီလောက်ဆို သူ ဝမ်းသာသွားပြီ။ သက်
ချတယ်ဆိုတာ ရင်ထဲမှာ ခံစားမှုတွေများမှ ချတတ်ကြတာ
ဟုတ်လား။

သက်ပန်သည် သူ့ကို ကြည်လင်သော အပြုံးတစ်ခု
အရင်ပြုံးပြလိုက်သေးသည်။ ပြီးတော့မှ ...

"နင့်ကို ငါ နားလည်ပါတယ် မြစ်မင်းရယ်၊ နင့်စိတ်ထဲ
မှာ ဘယ်လိုခံစားနေရလဲ ဆိုတာလည်း သိပါတယ်၊
ဒါပေမဲ့ ငါတို့ဟာ အခုမှ ဆယ်တန်းဖြေပြီးထားကြတာ
လေ မြစ်မင်း၊ အောင်စာရင်းတောင် မထွက်သေးဘူး ...

အခုမှ ဘဝခရီးကို စ,ဖို့ ပြင်ဆင်နေကြတုန်းပဲ
ရှိသေးတယ်၊ ရှေ့ဆက်ပြီး ဘဝခရီးလမ်း အရှည်ကြီးကို
လျှောက်ကြရဦးမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



သက်ပန်ရဲ့စကားတွေက ဟုတ်မလိုလိုနှင့် ဘယ်ရ လမ်းချော်သွားပြန်လဲ မသိချေ။ သူက မျက်မှောင်တစ်ချက် ကုတ်မိကာ ...

"အဲဒါနဲ့ ဘာဆိုင်လို့လဲ"

"ဩော် ... မြစ်မင်းရယ်၊ အခုနေချိန်မှာ တပူးပူးတတွဲတွဲ ကြီးနဲ့ ဘာလုပ်မှာလဲ၊ အဓိက,က နင်နဲ့ငါ တစ်ယောက် ကိုတစ်ယောက် သစ္စာရှိရှိနဲ့ ချစ်နေဖို့က အရေးကြီးဆုံး မဟုတ်လား။ နင် စိတ်ချမ်းသာအောင် စိတ်ချရအောင် နင်လိုချင်တဲ့ အဖြေကို ငါ ပေးပြီးပြီပဲလေ ...

ဘာလိုသေးလို့လဲဟယ်၊ ပြီးတော့ နင်ရော ငါရော ဆယ်တန်းမှာ အစွမ်းကုန် ကြိုးစားခဲ့တာပဲ၊ ဆေးကျောင်း ကို အတူတူတက်ချင် တက်ရမှာပဲ၊ အဲဒီကျတော့ ဘာပဲ ဖြစ်ဖြစ် တွဲသွားတွဲလာ လုပ်လို့လည်း သင့်တော်သွားပြီ၊ တက္ကသိုလ်ရောက်ရင် ကိုယ့်အသိစိတ်ဓာတ်နဲ့ကိုယ် လွတ် လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင် နေလို့ရတာပဲ မဟုတ်ဘူး လား"

"ဟင်း"



ဒီတစ်ခါ သက်ပြင်း ချရတာက သူ့အလှည့် ဖြစ် သည်။ သက်ပန်သည် သူ ဖြစ်နေသောပုံကို ရယ်ချင်သလို မျက်နှာပေးနှင့်ကြည့်လျက် တစ်စုံတစ်ရာကို ကမ်းပေးလာလေ သည်။

သူက သက်ပန် ကမ်းပေးလာသော စာအိတ်အဖြူကို နားမလည်သလိုကြည့်ကာ ...

"အဲဒါက ဘာလဲ"

"နင့်အတွက်ပါ၊ ငါနဲ့ နီးနီးမနေရဘူးဆိုတဲ့ နင့်အငြ... present "

သူက စိတ်မပါ လက်မပါဖြင့် ယူကာ ကျောပိုးအိတ် ထဲ ထိုးထည့်လိုက်သည်။ သူလုပ်ပုံကို သက်ပန်သည် မျက်မှောင် တစ်ချက် ကုတ်ချိကာ ...

"စပီကင်သင်ပေးတဲ့ ဘုန်းဘုန်း ပြောတာ နင်မကြားဘူး လား၊ မိန်းကလေးတွေ ရည်းစားမထားနဲ့တဲ့၊ ရည်းစားထား လိုက်ပြီဆိုတာနဲ့ သိက္ခာက ငါးဆယ်ဖိုး ကျသွားပြီတဲ့"

"ဟာ ... ဘုန်းဘုန်းကတော့ ဒီလိုပဲ ဆုံးမမှာပဲပေါ့။ ဒါဆို နင်က ဘာလို့ ထားနေသေးလဲ"

www.burmeseclassic.com

www.burmeseclassic.com



သူက မကျေမနပ်ဟန်ဖြင့် ဘုတောလိုက်သော်လည်း သက်ပန်က စိတ်ဆိုးသွားဟန် မပြပေ။ သူ့ကို နှာခေါင်းဝင်း ပြလျက် ...

"အဲဒီတုန်းက မသိလို့ပေါ့ဟဲ့"

ဟု စွာကျယ်ကျယ် ပြန်ပြောလေသည်။ သူသည် အရင်းမှာတွတ်၍ အဖျားရှူးသွားသော သက်ပန်ရဲ့ လက်ဖြောင့် ဖောင်းဖောင်းလေးများကို ခေတ္တမျှ ငေးစိုက်ကြည့်ကာ အကြိုက်တစ် မျိုးဖြင့် သက်ပန်ကို စည်းရုံးဖို့ ပြင်သည်။

"သက်ပန် ... နင် ဝါဝါတီးဟောက်စ်ကို မရောက်ဖူးသေး ဘူး မဟုတ်လား၊ အဲဒီဆိုင်လေးက အရမ်းမိုက်တာဟာ ရန်ကုန်က မစ္စတာဂစ်တာအတိုင်းပဲ၊ ဘာဂါလည်းကောင်း တယ်၊ ဟိုဟာလေ ... ယိုးဒယားသံဘော်သီးထောင်းလည်း တော်တော်ကောင်းတယ် သိလား ...

အဲဒါ သွားစားရအောင်"

"အာ ... မသွားချင်ပါဘူး၊ အဲဒီဆိုင်က အတွဲတွေ သွား ကြတာ မဟုတ်လား၊ နင်က ဘယ်တုန်းက ရောက်သွား ရတာလဲ"





"ကျွတ် ... နင်က တကယ်ဝေးတဲ့ကောင်လေးပဲ၊ အတွဲ တွေသွားတာ မဟုတ်ပါဘူးဟာ၊ အေးပေါ့ ... နေရာက ခြံနဲ့ဖွင့်ထားပြီး ပရိုက်ဗေဆီ ဖြစ်တော့ အတွဲတွေတော့ အလာများတာပေါ့ ...

သူငယ်ချင်း အုပ်စုတွေလည်း ကိုယ့်အဖွဲ့နဲ့ကိုယ် လာကြတာတွေ ရှိပါတယ်ဟာ၊ အဲဒီက ဆိုင်ရှင် အန်တီဝါ ကလည်း အရမ်းသဘောကောင်းတာဟ၊ ငါတို့နဲ့ဆို လုံးဝ ဘော်ဒါပဲ၊ နင် မြင်ရင်လည်း ခင်မှာပါ ...

တစ်ခါလောက် လိုက်လည်ကြည့်ပါလား၊ ဟင် ... ဟော့လိုရှိုးလည်း ရှိတယ်၊ နင့်ကို ငါ ဂစ်တာတီးပြီး သီချင်းဆိုပြမယ်လေ"

သူက အမျိုးမျိုး နှုးနပ်လျှင် သက်ပန်သည် မျက် တောင်ပုတ်ခတ် ပုတ်ခတ်လုပ်လျက် စိတ်ဝင်စားဟန်တော့ ပြသည်။

သို့သော် ချက်ချင်းပဲ ခေါင်းကို သွက်သွက်ခါယမ်း ကာ ...

"နောက်များမှပဲ သွားမယ်ဟာ၊ အခုတော့ မသွားချင်သေး ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ် ... သက်ပန်ရာ"

သူက ဘယ်လိုမှ မြော်မရသော သက်ပန်ကို အမြင်ကတ်ကတ်နှင့် တမင်စိုက်ကြည့်နေလိုက်သည်။ သက်ပန်က သူ့ကို ရင်ခုန်ချင်စိတ် ပျောက်သွားအောင်ပင် လှျာထုတ်ပြောင်ပြသွားလေပြီးလျှင် အိမ်ကလာကြိုသော ကားပေါ်တက်လို့သွားသည်ကို အခဲမကျေစွာ ကြည့်ရင်း ကျန်ရစ်ခဲ့ရသည်။

"ပြန်သွားပြီပေါ့၊ ကားနောက်က လိုက်လေ"

သူလိုက်နေသော ကောင်မလေးထင်၍ သင်တန်းကကောင်တစ်ကောင်က သူ့ဘေးမှာ ဆိုင်ကယ်လာထုတ်ရင်း မြှောက်ပေးသည်။

သူ့မှာ အောင့်သက်သက်နှင့် နှာခေါင်းက လေထွက်ရုံတစ်ချက်ရယ်ကာ ဘာမှတောင် ပြန်မပြောနိုင်ချေ။ ထိုသကောင့်သားက ဆိုင်ကယ်ထုတ်ပြီး စက်နှိုးလျှင် သူ့ကောင်မလေးကစွေ့ခနဲတက်ထိုင်ကာ ကောင်လေးခါးကို ခပ်တင်းတင်းဖက်သည်။ ထိုအကောင်ရဲ့ နောက်ဘက်လှည့်ကာ ခပ်တိုးတိုး ဆိုသော်လည်း ကြားနိုင်လောက်သော လေသံဖြင့် ...





"ဖူးစာကို သွားမယ်နော်" တဲ့။ ကောင်မလေးကည်း နှစ်ခါမပြောရချေ။ ခေါင်းတစ်ချက်ညိတ်ပြအပြီး ထိုဆိုင်ကယ်ဝေါခနဲ မောင်းထွက်သွားလျှင် သူဟာ မိတ္တီလာကန်ထဲ ခုန်ချသချင်စိတ်ပင် ပေါက်သွားလေသည်။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင် အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





"အေးပေါ့ကွာ၊ အဲဒါ မင်းကို ဓာတ်ပုံကြီးပဲ ထိုင်ကြည့်နေ၊ အနားကပ်မလာခဲ့နဲ့၊ ဓာတ်ပုံနဲ့ပဲ စကားပြော၊ အဲဒါလေးနဲ့ပဲ စိတ်ဖြေ၊ မောင်ကြီးကလက်လျှော့ နေပေတော့လို့ ပြောတာ ... ဟား ဟား ဟား"

သူရတို့ အာကာတို့သည် သက်ပန် ပေးလိုက်သောစာအိတ်ထဲမှ ဓာတ်ပုံကိုကြည့်ကာ သူ့ကို လှောင်ပြောင်ရယ်မောရက်ကြပါသည်။ သူကတော့ မချိပြုံး ပြုံးလို့သာတည်း။





သူတို့အဖွဲ့ စတည်းချရာ ဝါဝါတီးဟောက်စ်ခြံထဲတွင် သူရနှင့် အာကာ အသံက အညံ့ဆုံးဖြစ်သည်။ ဆိုင်ရှင် အန်တီဝါကတောင် သူရကို ဆူလွန်းသဖြင့် အော်ရသည်အထိ သူရက သူ့ကို အကြီးအကျယ် လှောင်လျက်ရှိလေသည်။

"သူရရယ် ... မင်းအသံကလည်း ပြဲနေလိုက်တာ၊ ဘာတွေများ မြစ်မင်းကို လှောင်နေရတာတုန်း"

"ဟား ... အန်တီဝါ မသိဘူးနော်၊ ဒီကောင်က အလကားကောင်၊ ရည်းစားထားတာ အန်တီဝါရယ်၊ ပဝါတစ်ကမ်းလက်တစ်လှမ်း စာချုပ် ချုပ်ထားတယ်ဗျာ ...

ဟော့ကောင် ... ဘာလဲ၊ မင်းက နတ်လားကွ ... ဟော ...

အငွေ့ပဲ စားတာလား၊ ဒါဆိုလည်း ရမ်လေး ဘာလေး ဆက်ရအောင်"

သူ့ရဲ့မျက်နှာငယ်ပုံစံလေးကို အန်တီဝါက သနားသွားဟန်ဖြင့် ...

"ဟဲ့ ... အဲဒါ ဘာရယ်စရာရှိလဲဟဲ့၊ နင်တို့သာ မဟုတ်က ဟုတ်ကတွေ ကြံစည်နေ၊ ဒီခေတ်ကြီးထဲမှာ ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



လေးတွေက လက်သွက်ကသွက်နဲ့၊ ဒီလို ပဝါတစ်ကမ်း လက်တစ်လှမ်း စာချုပ် ချုပ်ထားမှ တော်ကာကျမှာ"

"ဟား ... တီဝါက သားတို့ကို ဖွဲ့တယ်ဗျာ၊ သားတို့က လိုင်းသန့်ပါတယ် တီဝါရဲ့"

"ရည်းစားထားရင်လည်း အေးအေးဆေးဆေး ထားကြနော်၊ သူများသားသမီးကိုတော့ ပန်းကောင်း အညွန့်ချိုး မလုပ်ကြနဲ့"

"ကြံကြီးစည်ရာ၊ ဒီကောင်သာ အ,လွန်းလို့ ပြောနေတာ၊ သူ့ကောင်မလေးက လွန်ကို လွန်တာ အန်တီဝါရဲ့ ကဲ — ကျွန်တော်တို့ဆို ကျွန်တော်တို့ ကောင်မလေးတွေ ဒီဆိုင် ခေါ်လာတယ်ဗျာ၊ ဘာဖြစ်လဲ၊ ကော်ဖီသောက်တယ်၊ ဘာဂါစားတယ်၊ သီချင်းနားထောင်တယ်၊ စကားပြောတယ်၊ အေးဆေးပဲ ...

ဘာမှ မဟုတ်တာလုပ်လို့ရတဲ့ နေရာလည်း မဟုတ်ဘူး၊ အဲဒါကို သူကမရတာ၊ ဘာကြီးမှန်းလဲ မသိဘူး၊ ဆိုင်ကယ်တောင် အတူတွဲမစီးဘူး၊ ဘာအထာမှန်းကို မသိဘူး၊ ဆိုက်ကို သူကလည်း"





သူရ ပြောတာတွေက အမှန်တွေချည်းမို့ သူ့မှာ ဘာမှမပြောသာချေ။ သူရသည် အန်တီဝါ ထွက်သွားမှ အသံကို နှိမ့်ကာ ...

"ဟေ့ကောင် ... ငါ့ကောင်မလေးတွေဆို ဘယ်လိုပိလဲ၊ မင်းတို့ နားထောင်မလား"

သူနှင့် အာကာက တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကာ ရယ်မိကြသည်။ အာကာသည်လည်း ရည်းစားတော့ ရှိသည်။ ဒါပေမဲ့ ဒီကောင်က သူ့လောက်တော့ အခြေအနေမဆိုး ချေ။

သို့သော် သူတို့အုပ်စုထဲတွင် သူရကြည်က ဆရာကြီးဖြစ်သည်။

"ဒီကောင်တွေ သိပ်နားမထောင်ချင်ဘူးနဲ့ တူတယ်"

"ဟာ ... နားထောင်မှာပေါ့ကွ၊ မင်းကလည်း"

"ပြောသာ ပြောစမ်းပါကွာ၊ မစားရတော့လည်း အညှော်ခံရုံပေါ့၊ ငါတို့က မုဒိတာပွားတတ်ပါတယ်"

သူတို့ ယောကျ်ားလေးတွေသည် ဒါမျိုးဆိုလျှင် သမင်းမေ့ ဟင်းမေ့ကို နားထောင်တတ်ကြသူများ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြောတဲ့သူကလည်း လျှာထွက်၍ မောသေသွားပါစေ ပြောဦးမှ ဟူသော အစားထဲက ဖြစ်လေရာ သူတို့အတွက် သူရဟာ ဒီကိစ္စ တွေ၌ စိနိယာဖြစ်လို့နေသည်။

သူရသည် ရုပ်ဖြောင့်သည်။ ရေလျှံသည်။ ပြီးတော့ ငယ်ငယ်ကတည်းက လူပျိုတွေနဲ့ နေလာရသဖြင့် သူတို့ထက် လူပျိုစိတ် ပို၍စောပေါက်သူဖြစ်သည်။ မိန်းမတွေနှင့် တွေ့လျှင် တော်လီကီကလည်း ရေရေလည်လည်လည် ကောင်းလေရာ သူရကြည် ဆိုလျှင် စော်ကြည်ဘဲ ဟူ၍တောင် နာမည်တပ်ထား ရတာ ဖြစ်လေသည်။

သူရက စပျစ်ဝိုင်ကို တစ်ချက်မော့ကာ Lesson(I) ကို စသည်။

"လူနှစ်ယောက်ကွာ ယောကျ်ားနဲ့ မိန်းမပေါ့ သမီးရည်းစား ဖြစ်သွားပြီဆိုရင် တစ်ယောက်နဲ့ တစ်ယောက်ကြားမှာ သမ္မဒယတွေ ရှိရတယ်ကွ ...

ဒါက တမင်ဖန်တီးတဲ့ ကိစ္စလည်း မဟုတ်ဘူး သူ့အလိုလို ဖြစ်ပေါ်လာတဲ့ကိစ္စ"

"ဟင် ... ဒီကောင့် သက်ယန်ကတော့ ဒါမျိုးမဖြစ်ပေါင်"





"အေးလေ ... ဒါက ကြာရင် မင်းအတွက် မကောင်းဘူး မြစ်မင်း၊ ကိုယ့်ကောင်မလေးကိုယ် ပါးလေးတွေတော့ ပိုင်အောင် ဖွဲ့ထားရတယ်ကွာ၊ မင်းကြည့်ရတာ လက်တောင် မကိုင်ဖူးသေးဘူးနဲ့ တူတယ်၊ ဟုတ်လား"

"လက်မပြောနဲ့၊ အတူတောင် ပူးကပ်မထိုင်ဖူးဘူး၊ အဲ ... ဒါ ... ဒါပေမဲ့ သူ့ကို ငါ ဖွင့်ပြောတုန်းက လက်လေးကို ဖျတ်ခနဲတော့ လှမ်းကိုင်ဖူးတယ်ကွ ...

ဟုတ်တယ် ... ဟုတ်တယ်"

သူ့စကားကို သူရက လက်ဖျောက်တစ်ချက်တီး ဘ ...

"အဲဒါပဲကွ၊ တွေ့တယ် မဟုတ်လား။ လုပ်ရင် ဖြစ်တာပဲ၊ မင်းက သတ္တိမှ မရှိတာ၊ နောက်ဆုံး ဒီလောက် ဖြစ်နေ ရင် သူတို့အိမ်ထဲမှာပဲ ဖက်နမ်းပစ်"

"ဟာကွာ ... အချွန်နဲ့ မ,နေပြန်ပြီ"

"ဟုတ်တယ်၊ တချို့မိန်းကလေးတွေက သွားပြီး နမ်းပေးနေ လို့ မရဘူး၊ ကြမ်းသင့်ရင် ကြမ်းပေးရတယ်၊ နေမကောင်း ပါဘူးဆို ဖွတ် ... ဆိုတာမျိုး မင်း မကြားဖူးဘူးလား ...



www.burmeseclassic.com

www.burmeseclassic.com



သွား ... လူဆိုး ဆိုပြီး၊ ပြီးတော့လည်း ပြီးသွားတာပဲ၊ နောက်ပိုင်း used to ဖြစ်သွားရင် ကျန်တဲ့ကိစ္စ... က လွယ်သွားပြီ”

“ဟော့ကောင် ... မင်းတုန်းက ကျတော့ရော တစ်ချိတည်းနဲ့ အဆင်ပြေခဲ့လို့လား”

“ငါလည်း ဆရာ့ ဆရာကြီးများ သင်ပေးထားတဲ့အတိုင်း လုပ်ရှားရတာပေါ့ကွ၊ နောက်ကျတော့လည်း အတွေ့အကြုံ က သင်ပေးသွားတာပေါ့ကွာ ...

ဟိုး အရင်တုန်းကတော့ ကောင်မလေးလက်ကို သွားကိုင်ဖို့ ကိုယ့်လက်ကိုယ် မြှောက်နေရတာ ဘယ်နှစ်... ရှိမှန်းကို မသိဘူး ...

နောက်တော့လည်း ထမင်းစား ရေသောက်ပေါ့ ဟဲ ... ဟဲ”

“...ထမင်းစား ရေသောက်လဲ”

“ဩော် ... ဒါလား၊ ဒီလိုပေါ့ကွာ”

သူရ ပြောပြသော စကားတွေကို နားထောင်ရလျှင် သူသည် ကြားရတာနဲ့တောင် ရင်တွေဖို၍ လာရလေသည်။





...မိန်းမတစ်ယောက်နှင့် ချစ်ရတာဟာ ဒီလောက် ရင်ဖိုစရာကောင်းမှန်း မသိခဲ့ချေ။ သူရ ပြောပြတော့မှပင် ဒီလိုရင်ဖိုစရာကိစ္စမျိုးတွေ ရှိပါလားဆိုတာ သိရခြင်းဖြစ်သည်။

သူရသည် ပြောရင်းတန်းလန်းမှ ခံစားချက်နဲ့ ကိုက်ညီသော သီချင်းကိုတောင် ဆိုပြလိုက်သေးသည်။

“မျက်ဝန်းများနဲ့ သူရယ်ကိုယ် ဆုံတွေ့တဲ့ခဏ xxx မျက်ဝန်းများနဲ့ အချစ်ကို တွေ့ရှိခဲ့ကြ xxx လောကကြီးနဲ့ အဆက်ဖြတ်ကာ လေဟာနယ်ထဲ xxx မိုးသားများအဖြစ် တို့နှစ်ဦး မျောလွင့်သွားကြ xxx တိမ်လိုလွင့်မျောလိုက် xxx တိမ်လို ပြိုလဲလိုက် xxx နာကျင်မဲ့ ငရဲလား xxx ကောင်းကင်ဘုံလေးလား xxx မင်းနဲ့တို့နှစ်ယောက် ရှက်လွင့်ခဲ့ xxx နူးညံ့တဲ့ အမိန့်တော်အတိုင်း”

“တွေ့တယ် မဟုတ်လား၊ ဘယ်လောက် ခံစားလို့ကောင်းလဲ၊ အေးဆေးပဲ၊ နူးညံ့တဲ့ အမိန့်တော်အတိုင်း အသာလေး ပဲ ...

သီချင်းတွေ စပ်ထားတာ အလကားစပ်ထားတာမှ မဟုတ်တာကွာ၊ ရှေ့လည်တိုင်ကိုကွယ် အနမ်းလေးပေးစဉ်



www.burmeseclassic.com

www.burmeseclassic.com



ဝယ်တို့ ... ပန်းနုရောင် နှုတ်ခမ်းပါးကို နမ်းဖူးသူ
ယောက်မို့ပါ တို့ ... မောင် ကျွန်မပါးမှာ အနမ်းလေး
ပေပြီတို့ ဆိုတာတွေက တကယ်ရှိလို့ ရေးထားတာ
ကွာ"

"ဒီကောင်နဲ့ ကိုက်တဲ့ သီချင်းတစ်ပုဒ်လည်း ရှိပါ
တယ်"

"ဘာသီချင်းလဲ"

ဒီတစ်ခါတော့ စီနီယာသူရကြည်က ပြန်မေးရ
အလှည့် ဖြစ်သည်။ အာကာက သူ့ကို မျက်စိတစ်ဖက် မှိတ်
ကာ ...

"ဒီနေ့ည မင်း ကောင်မလေး အိမ်ရှေ့မှာ ဂစ်တာသွား
မယ်ကွာ၊ အဲဒီသီချင်းကို အရင်ဆုံး တီးမယ်၊ ငါကိုယ်တိုင်
မင်းကို သနားသောအားဖြင့် ဆိုပေးမယ် ... နားထောင်"

ထိုညက သူတို့အုပ်စုသည် သက်ပန်တို့ အိမ်
သို့သွားကာ ဂစ်တာတီး၍ သီချင်းတွေ ဆိုကြလေသည်။ အာ
သည် သီချင်းကို ဆိုတာတောင် ရိုးရိုးမဆိုဘဲ ကြေညာပြီးဆို
ဖြစ်သည်။





"ဒီသီချင်းဟာ အင်မတန် ရိုးသားဖြူစင်တဲ့ ကျွန်တော်
ရဲ့သူငယ်ချင်း မြစ်မင်း အတွက် အထူးရည်စွယ်ပြီး ဆို
ပေးတာ ဖြစ်ပါတယ် ...

မြစ်မင်းရဲ့ ခံစားချက်သီချင်းလည်း ဖြစ်ပါတယ်
ခင်ဗျာ"

ဟု အစချီကာ အပီဟဲတော့တာ ဖြစ်လေသည်။

"လမ်းလျှောက်တိုင်းလည်း လိုနေတာ xxx ဘေးနားမှာ
ကြင်နာသူပါ xxx

(အိုး ... ရေး)

တခြားအတွဲလေးများ မြင်ရင်ကွာ xxx ငါက အားကျနေ
ရုံလား xxx

ချစ်သူ့ဘဝ တွေ့လိုက်ရင်များ xxx စိတ်ညစ်တာ ကြာနေ
ပြီသိလား xxx နှလုံးသားလေးလည်း သိမ်းထားရ xxx
ကြင်နာသူ မင်းအချစ် ငါရခဲ့ပြီးမှ အတွေးထဲမှာတင်
မပျော်တတ်ပါ xxx ချစ်ရတာ လေဟာနယ်ပါ ...
ပါးလေးတွေဟာ မွှေးများနေလား xxx ခုထိတော့ ငါ
မသိရ xxx



www.burmeseclassic.com

www.burmeseclassic.com



အဝေးကြည့်လေးနဲ့ တမ်းတနေရ xxx စည်းနည်းနည်း

လျှော့ပါလား xxx

သေချာစဉ်းစား xxx သေချာစဉ်းစား xxx တကယ်ချစ်တာ

သေချာလား xxx

ကြင်နာသူနှစ်ယောက်နဲ့ တူရဲ့လား xxx အချိန်တွေ

မလွန်ခင် သေချာစဉ်းစား xxx

ဒီရင်ခွင်မှာ လိုတာ အချစ်လေးများ xxx နာကျင်နေတာ

အချစ်ဆုံးလေး နားလည်ပါ xxx

ငါ့ရင်ထဲ မင်းဝင်ကြည့် xxx နှလုံးသားချင်းလည်း နီးချင်

ပြီ xxx

ငါ့ရင်ထဲ ခဏလောက်ဝင်ကြည့် xxx ငါ့ နှလုံးသားလေး

လိုက်မောပြီ xxx ”

ဝိုင်းဝိုင်းရဲ့ “လေဟာနယ်”သီချင်းသည် သူ့ကို စောင်းဆိုထားသလား မှတ်ရအောင်ပင် ခံစားချက်တို့က တိုက်ဆိုင်နေသောအခါ သူပါ အပီအပြင် ဝင်နွှဲတော့သည်။ ဒီတော့ သူရကပါ သွေးကြွလာလျက် “မင်းလက်ကလေး ကိုင်ချင်လို့” ဆိုသော သီချင်းကိုပါ ထပ်၍ဖျော်ဖြေလေသည်။





“မင်းလက်ကလေး ကိုင်ချင်လို့ xxx တစ်စက္ကန့်လောက်

ခွင့်ပြုပါ”

ဟုတ်တယ် သက်ပန်ရယ်၊ နင့်လက်ဖဝါးလေးတွေ ယယ်လောက် နူးညံ့ကြောင်း သူငယ်ချင်းတွေကို သက်သေပြလို့ အောင် တစ်စက္ကန့်ရဲ့ လေးပုံတစ်ပုံလောက် ပေးကိုင်ရင်ကို ငါ ကျေနပ်နိုင်ပါပြီ။

❧ ✧ ❧

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၅)

"နင် တော်တော် အတတ်ကောင်းတွေ တတ်နေတယ်ဆေ ဟုတ်လား မြစ်မင်း၊ နင့်ကိုလေ ဒီလောက် ဆိုးသွမ်းသွား လိမ့်မယ်ကို မထင်ဘူး၊ အဟုတ်"

သက်ပန်သည် လက်ကို ခပ်တင်းတင်းပိုက်ကာ တကာယ့်ကို ဆရာမကြီးစတိုင်လ်ဖြင့် သူ့ကို ခပ်တည်တည်ေါင်





တာ ဖြစ်၏။ သူက ထိုပုံကို သစ်ပင်၌ လက်တစ်ဖက်ထောက် ာ ကြည့်ကောင်းကောင်းဖြင့် ကြည့်ပေးလိုက်သည်။

သက်ပန်က သူ့ကို အပြစ်တွေ ဖွဲ့ထားသော ကိစ္စ မှာ တော်တော်များလေသည်။ သူမတို့ အိမ်ရှေ့ကို ညဥ့်နက် န်းခေါင် သီချင်းတွေလာဆိုသောကိစ္စ၊ ညနေတိုင်း သူရတို့နှင့် ိုင်ကယ်တွေ အုပ်စုဖွဲ့ကာ လျှောက်လည်တတ်သောကိစ္စ၊ နား ာက်ထားသောကိစ္စ၊ ဆံပင်ကို ဟိုက်လိုက်ဖောက်သောကိစ္စ ဖြင့် အပြစ်တွေကို မရိုးနိုင်အောင် ခေါင်းစဥ်တပ်လျှက်ရှိသည်။

"ပြောစမ်းပါဦး၊ ညနေတိုင်း အပြင်ထွက်နေတာက ဘယ် ကို ဂလေရိုက်နေရတာလဲ"

"ဒီလိုပေါ့"

"ဘာဒီလိုပေါ့လဲ၊ ကောင်းကောင်းမေးရင် ကောင်းကောင်း ဖြေနော်"

သက်ပန်သည် ချစ်သူတို့ရဲ့ အခွင့်အရေးတွေသာ ဆေးတယ်၊ ငေါက်ငမ်းတတ်သည့် စစ်ဆေးတတ်သည့် နေရာမှာ တော့ တခြားကောင်မလေးတွေထက်ကို အပြန်တစ်ကာပေးမဆီး သာလေသည်။ သူကလည်း တမင်စွဲ့ချင်စိတ်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းကောင်းဖြေနေတာပဲ၊ သွားတဲ့နေရာတွေက တူ မတူတာ၊ ဒီနေ့ ဂျီတီစီဘက်လှည့်ရင် နောက်တစ်နေ့ အီကိုဘက်ပေါ့၊ နောက်တစ်နေ့ကျတော့ အနောက် တက္ကသိုလ်က အဆောင်တွေဘက် ...

ဟော ... တီတီစီရှေ့လည်း သွားတာပဲ၊ ငွေသော်တာ ရောင်ခြည်လေးတွေ၊ နောက် အတွင်းလူနာအဖြစ် အကု ခံချင်စရာကောင်းတဲ့ နာ့စ်သင်တန်းကျောင်းက နာ့စ်လေး တွေဆီ၊ နောက်ပြီး ကွန်ပျူတာကောလိပ်ဘက်၊ မိတ္ထီလာ မှာ ကျောင်းတွေပေါ်လာတာ အရမ်းကောင်းတယ်ဟား မျက်လုံးတွေ အရမ်းကြည်လင်လာတယ် ...

ငါတို့ မသွားတာဆိုလို့ အာကာသသိပ္ပံ(တက္ကသိုလ်) ပဲ ရှိတယ်၊ ဟဲ ဟဲ"

လေကြောင်းနှင့် အာကာသသိပ္ပံတက္ကသိုလ်သည် ယောက်ျားလေး သီးသန့်ကျောင်းဖြစ်မှန်း သိသည့်အတွက် သက်ပန် က သူ့ကို မျက်စောင်းပျစ်ပျစ်နှစ်နှစ်ကြီးကို ထိုးလေတော့သည်။ [illegible] ခါးကိုထောက်လျက် မျက်ဝန်းများကို မေးစင်းကြည့် တကယ့်ကို ဆရ





"နင်တို့ အဲဒီက မိန်းမတွေကို သွားရှိတ်နေတာပေါ့၊ ဟုတ်လား"

"ငါ့မှာ အချိန်တွေ ပိုနေတယ်လေ၊ နင်ကမှ အချိန်မပေးဘဲ၊ ဒီတော့ အချိန်တွေကို အဲဒီလိုပဲ ဖြုန်းရတာပေါ့"

သူမက မျက်စောင်းတစ်ချက်ထိုးလျက် မဆိုင်လိုက် တာဟု ရေရွတ်သည်။ သို့သော် အတင်းမာကြီးတော့ မဟုတ်ချေ။ အခြေအနေကို သုံးသပ်နေပုံရသဖြင့် သူက အားတက်လာကာ အရဲစွန့် လှုပ်ရှားလိုက်သည်။

"သက်ပန် ... အဘကျော် လာကြိုရင် နင် လိုက်မသွားနဲ့"

"ဟဲ့ ... ဘာဖြစ်လို့လဲ"

သက်ပန်က တကယ့်ကို ဘာမှမသိသော အရိုးခံ မျက်ဝန်းများဖြင့် မေးတာဖြစ်သည်။ သူသည် သက်ပန်ရဲ့လည် တိုင်ဝင်းဝင်းလေးကို ခိုးကြည့်မိရင်းမှ သက်ပြင်းတစ်ခုကို ကျိတ် ချမိသည်။ ပြီးလျှင် သက်ပန်ကို တောင်းပန်တိုးလျှိုးသည့် မျက် လုံးများဖြင့်ကြည့်တာ ...

"သက်ပန်ရယ် ... ငါတို့တစ်ခါမှ အေးအေးဆေးဆေး မတွေ့ဖူးဘူး မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်ပြောတာကို ငထူမလေးဟာ နားမလည်သေး။ မျက်လုံးပြူးလျက် ခေါင်းကိုငဲ့ကာ စောင်းကာ လုပ်၍နေပြီးလျှင် ...

"ဟဲ့ ... ဘယ်လို အေးအေးဆေးဆေးလဲ၊ စပီကင်မှာလည်း နေ့တိုင်းတွေ့ရ၊ အိမ်ကိုလည်း အမြဲတမ်းလာ၊ ဖုန်းလည်း ဆက်၊ ဘာတုန်း ... နင့်ဟာက"

သူက အကောင်လိုက်ကြီး ပြတော့မှ အရိပ်ကိုမြင်တော့မည့်ဟန်ရှိသော သက်ပန်ကို စိတ်ထဲရှိတဲ့အတိုင်း ပြောချပ်လိုက်တော့တာ ဖြစ်သည်။

"သက်ပန် ... နင်နဲ့ ငါနဲ့က ချစ်သူတွေလေ၊ ချစ်သူတို့သဘာဝအတိုင်း ငါလည်းနေချင်တာပေါ့၊ ငါက နင့်အပေါ်မှာ အခွင့်အရေးယူမဲ့ ယောကျ်ားမျိုးလည်း မဟုတ်ပါဘူး။ နင် ငါ့ဘက်ကိုလည်း နည်းနည်းလောက်တော့ ဇွဲညှာစေ့ကောင်းပါတယ်ဟာ"

သက်ပန်သည် သူ့စကားကို မဖွယ်မရာစကားကြားသည့်အလား မျက်လုံးပြူး မျက်ဆန်ပြူးနှင့် အကြောင်အကန်ကို ငြင်းတာဖြစ်လေသည်။





"ဟာ ... ဘာတွေ လာပြောနေတာလဲ မြစ်မင်း၊ နင့်ကို ငါ အပြတ်ပြောပြီးသားပဲ၊ အခုချိန်မှာ အဲဒါမျိုး နေဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်သေးဘူး ...

လူကြီးတွေ မျက်စိနောက်မဲ့ ကိစ္စမျိုး ငါကိုယ်တိုင်လည်း ဝါသနာမပါဘူး၊ နင့်ကိုလည်း အဲဒီလိုယောကျ်ားမျိုး မဖြစ်စေချင်ဘူး မြစ်မင်း ...

နင် ငါ့ကို နောက်ထပ် ဘယ်တော့မှ ထပ်မတောင်းဆိုပါနဲ့၊ ငါပြောထားတဲ့ စကားကို ဘယ်တော့မှ ပြင်မှာမဟုတ်ဘူး၊ ဒါပဲ"

သက်ပန်ရဲ့ မျက်နှာက မှုန်တင်းလို့နေသည်။ သူ့ရင်ထဲမှာက အဲဒီထက် အဆများစွာ ပို၍တင်းသွားခဲ့ပြီဖြစ်သည်။ ယောကျ်ားမာနနှင့်အတူ ရင်ထဲမှာ မီးညွန့်လေးတစ်ညွန့်က တလူလူ ထက်၍လာနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com





သူ့စိတ်ထဲတွင် မခံမရပ်နိုင်လွန်းသော ကိစ္စကို သူငယ်ချင်းတွေအား ဖွင့်ပြောပြလိုက်လျှင် သူရကြည်က သူ့ကို စိတ်ဝင်စားစရာ အကြောင်းတစ်ခုအား ပြောပြလေသည်။

"ရှုပ်တယ် ဟေ့ကောင်၊ မင်း နောက်တစ်ယောက် ထပ်ထားလိုက်၊ ရည်းစားထားတယ်ဆိုတဲ့ အရသာကို အဲဒီကျမှ နားလည်သွားလိမ့်မယ်"





"ဟာကွာ ... မဖြစ်နိုင်တာ၊ ငါက ဘယ်သူ့ကို ထားရမှာလဲ"

"မင်းလည်း သက်ပန်နဲ့တွဲပြီး အူနေပြီ၊ သက်ပန်နဲ့ချစ်ရတာ ရည်းစားထားရတဲ့ အရသာကို အပြည့်အဝ မခံစားရဘူး မဟုတ်လား ...

ဒီမှာ မြစ်မင်း။ ရည်းစားသုံးယောက်လောက် တစ်ပြိုင်နက် ထားရတဲ့ အရသာကို မင်း မသိသေးပါဘူး၊ အဲဒါတွေကို အငြိမ်ချည်ထားနိုင်တာမှ တကယ့်ပညာ ...

သက်ပန်မှ မသိတာကွာ၊ မင်း သတ္တိမရှိဘူးလား"

အဲဒီနောက်ဆုံးစကားက သူ့ရဲ့ ယောကျ်ားစိတ်ကို ချွဲပေးသလို ရှိလေသည်။ နဂိုတည်းကမှ သက်ပန်ကို မကျေနပ်သည့်စိတ်များသည် စွန့်စားချင့်စိတ်ကို မီးထိုးပေးလိုက်သကဲ့သို့ ရှိသည်။ အခုလောလောဆယ်၌ သူ့စိတ်ထဲတွင် ကြီးစိုးနေတာသည် သက်ပန်ကို အရွဲ့တိုက်ချင်စိတ်တွေပဲ ဖြစ်လေသည်။

"ငါက ဘယ်သူ့ကို လိုက်ရမှာလဲ"

"ဘယ်မှ ရှည်ရှည်ဝေးဝေး စဉ်းစားမနေနဲ့။ မနက်ဖြန်ကျရင် မန္တလေးလမ်းဘက် အထွက်က ငါတို့ စပျစ်ခြံမှာ ငါ့ကောင်မလေးနဲ့ ချိန်းထားတယ် ...



www.burmeseclassic.com

www.burmeseclassic.com



သူက သူ့သူငယ်ချင်းတစ်ယောက် အဖော်ခေါ်

လိမ့်မယ်၊ နာမည်က မိုးပုလဲတဲ့ကွ၊ မှည့်တယ်၊

သက်ပန်ထက်ဆောင် မိုက်သေးတယ် …

အဲဒါ ငါတို့တွေ့နေတုန်း မင်းကလည်း သူ့

ပီအောင်ဖန်ထား”

“ဟာ … ဘယ်လို ဖန်ရမှာလဲ”

“ကျွတ် … မင်းကွာ၊ တကယ် ငှူပဲ၊ မပြောတော့

ဟော့ကောင်၊ ဒီလို ရှေ့တည့်တည့်မှာ ချပေးထားတာ

မစားတတ်ရင် မင်း လူမိုက်ပဲ …

အဲဒီလောက် အ,နေရင်လည်း ငါတို့အတွဲကို

မင်း လာချောင်းရင်း သွားရည်ကျနေပေတော့”

“မင်းက ခြံမှာချိန်းတဲ့ အဆင့်တောင် ရောက်နေပြီလား

သူရကြည်က ဘာမှ ပြန်မဖြေအဲ သူ့ကို မျက်

ပြူးပြကာ ကော်လာထော်ပြလေသည်။ ထိုအမူအရာသည်

မာနကို နိုးဆွလိုက်သည့် အစ်လည်းဖြစ်သည်။ သူ့သူငယ်

တွေက ကိုယ်စီ ကိုယ်စီ အစွမ်းတွေ ထက်နေကြလျက်

ဘာအစွမ်းမှ မပြနိုင်သောအခါ ကိုယ့်ကိုယ်ကိုယ် အဖြစ်မရှိ

ခံစားလာရလေသည်။





တကယ်တမ်းပြောရလျှင် သူဟာလည်း ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်တစ်ယောက်ပဲဖြစ်သည်။ ဒီလိုလူမျိုးကို ဖုတ်လေသည့်ငါးပိ ရှိတယ်တောင်မထင် သဘောထားသော သက်ပန်ကို ကျောင်းမှန်း ကန်မှန်း သိအောင် ပညာတော့ ပြချင်လာသည်။

“ဘယ်လိုလဲ မင်း လိုက်မှာလား”

“လိုက်မှာ စောင့်ကြည့်လိုက်။ ငါ့အစွမ်းကို ပြရတာပေါ့ကွာ”

သူရကြည်က သူ့စကားကို တဟားဟားနှင့် အော်ရယ်လျက် သူ့ပခုံးကို အားပါးတရ သိုင်းဖက်ကာ …

“ဟား ဟား ဟား … ယောက်ျားဆိုတာ ဒါမျိုးမှပေါ့ကွ၊ အထာကိုင်တဲ့ မိန်းမတွေကို သိပ်အုံးစားမနေနဲ့ …

သူလည်း သူ စိတ်ချမ်းသာသလို နေတယ်ဟုတ်ကိုယ်လည်း ကိုယ် စိတ်ချမ်းသာရာကို ရှာဖွေရမှာပဲ …

ဘဝမှာ မိန်းမတွေ အများကြီး ထပ်တွေ့လာရဦးမှာမြစ်မင်း။ တစ်ယောက်တည်းကို ပုံအောပြီး သွားမချစ်နဲ့၊ ရှုံးသွပ်သွားမယ်”



www.burmeseclassic.com

www.burmeseclassic.com



စီနီယာ သူရကြည်ကတော့ သူ့ကို ကောင်းကောင်းကြီး လက်ချာပေးလျက်ရှိလေသည်။ သူကတော့ ဖြစ်ချင်ရာဖြစ် ဟူသော ဆုံးဖြတ်ချက်နှင့်အတူ နောက်တစ်ရက်တွင် မန္တလေးလမ်းရှိ စပျစ်ခြံကြီးဆီသို့ လိုက်ပါသွားသည်။ သူရ မောင်းသော ကားပေါ်တွင် သူရရဲ့ ကောင်မလေးနှင့်အတူ မိုးပုလဲ ဆိုသော တစ်ယောက်ပါ ပါလာခဲ့လေသည်။ နှစ်ယောက်စလုံးမှာ သူရ ပြောသလိုပင် တကယ်ကို ဟော့ထ်ရှော့တွေဖြစ်၏။ သက်ပန်ရဲ့အလယ်တွင် အဆင့်တစ်ခုရှိနေလျက် ထိုကောင်မလေးနှစ်ယောက်မှာတော့ ထိုအဆင့်တစ်မျိုးမှာ ကွက်၍ပျောက်ဆုံးနေလေသည်။

သို့သော် သူဟာ အခုချိန်မှာ ဒါတွေကို မစဉ်းစားမိတော့ချေ။

"နဒီနဲ့ ပုလဲ ... ဒါ ကိုယ့်ဘော်ဒါလေး မြစ်မင်းရော သိတယ် မဟုတ်လား"

နဒီက ပြုံးရုံပြုံးကာ ခေါင်းပဲညိတ်ပြသော်လည်း ပုလဲ ဆိုသူတစ်ယောက်က ခပ်သွက်သွက်ပင် နှုတ်ခွန်းဆက်လေသည်။

"သိတာပေါ့၊ အထက(၁)ရဲ့ King ပဲဥစ္စာ"





သူရက သူ့ကို မသိမသာ မျက်ရိပ်ပြလျက် လက်ခုပ်တစ်ချက်တီးလိုက်သေးကာ ...

"ဟား ... မြစ်မင်းတို့ကတော့ အဲဒီမှာ စ,တွေ့တာပဲကွာ၊ ဒါဆို မင်းတို့ အေးဆေးစကားပြောကြဦး၊ ဖြစ်တယ်မဟုတ်လား"

ဒီတစ်ခါတော့ သူက နောက်ကျနေ၍ မရတော့ချေ။ သွက်သွက်ကြီးပဲ ဝင်ဖြေလိုက်ရသည်။

"ဖြစ်တာပေါ့ အေးဆေး ... အေးဆေး"

"အိုခေ ... ဒါဆို လန်းပြီနော်"

သူရက သူ့ကို လက်မတစ်ချက် ထောင်ပြလျက် နဒီ ပခုံးကို ဖက်ကာ တစ်ထပ်အိမ်လေးထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားလေသည်။ အပြင်ဘက်တွင် သူနဲ့ ပုလဲသာ ကျန်ရစ်ခဲ့သည်။ သူက ပုလဲကို အကဲခတ်ကြည့်လိုက်လျှင် သူမက အပင်တွေကို ငေးသလိုလိုဖြင့် အခြေအနေတစ်ခုကို မသိဟန်ဆောင်နေသည်။

သူ့နားထဲတွင် သိပ်မကြာခင်က ပြောခဲ့သော သူရရဲ့ စကားသံတို့ကို ပြန်လည်ကြားယောင်၍ လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မိုးပုလဲက မင်းကို ကြွေနေတာကွ၊ နဒီနဲ့ ပါလာတိုင်း မင်း အကြောင်းတွေကို အမြဲတမ်းမေးတယ်၊ မင်း ရှည်ရှည် ဝေးဝေး try နေစရာမလိုဘူး၊ ခပ်ပါးပါးပဲ ချည်လိုက် အေးဆေးဖြစ်သွားလိမ့်မယ် ...

ဟိုက မင်း မဆွတ်ခင်တည်းက ညွတ်ပြီးသားပဲ"

သူက အဲဒီစကားသံများကြောင့် ကိုယ့်ကိုယ်ကိုယုံကြည်မှုပိုလာပြီးလျှင် ပုလဲရဲ့ အနားသို့ တိုးကပ်သွားလိုက်သည်။ ပုလဲက ဆတ်ခနဲ လှည့်ကြည့်ပြီးလျှင် တမင် ထိတ်လန့်ဟန်ဆောင်ထားသော မျက်ဝန်းများဖြင့် ...

"အမလေး ... လန့်လိုက်တာ"

"ကိုယ့်ရုပ်က အဲဒီလောက် ကြောက်စရာကောင်းနေလို့လား ပုလဲရဲ့"

"ဟွန်း ... ဒီမေးခွန်းကြီးက ချောပါတယ်လို့ အပြောခံချင်နေတဲ့ မေးခွန်းကြီးမှန်း သိပါတယ်နော်"

သူက ကိုရီးယားမင်းသားတွေရဲ့ စတိုင်လ်အတိုင်း နှာခေါင်းမှ လေထွက်ရုံရယ်ကာ ...

"ကိုယ် လှတယ်ဆိုတာ ပုလဲကို ဘယ်မီမလဲ"





"အင် ... လျှောက်ပြောနေတာ"

အသံက မှုမမှန်ချေ။ ချွဲသလိုလို နွဲ့သလိုလိုနှင့် ကလူသလို မြူသလိုရှိလေသည်။ သူလည်း အဲဒီလောက် အ,သော သောကျူးလေးတစ်ယောက် မဟုတ်သဖြင့် အရိပ်ကောင်းသော သစ်ပင်အောက်ကို ညွှန်ပြကာ ...

"အဲဒီမှာ သွားထိုင်ရအောင်လေ ပုလဲ"

သူမကား နှစ်ခါမခေါ်ရချေ။ အသာတကြည်ပင် လိုက်ပါလို့လာလေသည်။ ကြီးမားသော ညောင်ပင်ကြီးအောက်ရှိ အမြစ်ဖုများပေါ်တွင် သူမက အရင်ထိုင်သည်။ သူမ ထိုင်ပြီးမှ ကျန်သောနေရာလွတ်လေးတွင် သူက မရမက ဝင်ထိုင်လိုက်လျှင် အကျီလက်မောင်းသားချင်းကတော့ ထိ၍ တွေ့သွားသည်။ သူမထံမှ တစ်ဖက်သို့ တိုးလိုက်သေးသော်လည်း သိသိသာသာ ရွှေ့သွားသည့် တုံ့ပြန်မှုတစ်ခုနှင့်အတူ။

"ဟယ် ... ဘာဖြစ်လို့ လူ့အနားပဲ လိုက်တိုးနေရတာလဲ"

"ဩော် ... လူ့အနားပဲ တိုးချင်နေတာလေ"

"အောင်မာ ဘာဆိုင်လို့ တိုးချင်နေရတာလဲ"

ဒီစကားက လမ်းဖွင့်ပေးသောစကားမှန်း မရိပ်မိရလောက်အောင် သူ မအ,နဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"တိုးချင်ရင် ဆိုင်ရတာပေါ့။ ဒီလိုလည်း ဖြစ်ပါတ

ပုလဲရယ်။ ကိုယ်က ဆိုင်ချင်နေတဲ့သူပါ"

"အံမယ် ... ဘာဆိုင်ချင်နေတာလဲ"

"ချစ်သူပေါ့"

သူက ရင်ထဲကလာသော အသံမျိုး တမင်မွတ်သိပ်

ဖန်တီးပြလိုက်လျှင် ပုလဲက ဒေါသမပါသော မျက်စောင်းလေး

တို့ပြန်သည်။ အဲဒီအခါတွင် သူက မျက်စောင်းပြင်းပြင်းတွေ

တတ်သော သက်ပန်ကို ဖျတ်ခနဲ သတိသွားရခဲ့သည်။

သက်ပန်ရယ် ... နင်သာ ပုလဲလောက်များ

ဝက်ပဲ သဘောကောင်းခဲ့ရင်ကို ငါ အင်မတန်ရင်ခုန်ကျေနပ်မိမှာ

"လူကို လာပြီး အိပ်မက်တွေ ပေးမနေနဲ့နော်"

"အိပ်မက်ပေးရအောင် ကိုယ်က ဘိုးတော်မှ မဟုတ်တာ

ပုလဲရဲ့"

သူ့စကားကို သူမက ပါးစပ်ကို လက်နှင့်အုပ်လျှ

တခစ်ခစ် ရယ်မောလျှင် သူက အဲဒီလက်ကလေးကို အသာ

ဖယ်လိုက်သည်။

"အိုး ... အဲဒါ ဘာလုပ်တာလဲ"



"ပုလဲ ရယ်နေတာ အရမ်းလှနေတဲ့ဟာကို ဘာဖြစ်လို့

လက်နဲ့ ကွယ်ထားရတာလဲ"

"ဟာ ... ဘာတွေပြောမှန်းလဲ မသိဘူးကွာ"

သူမက စတင်ကာ သူ့လက်မောင်းတစ်ဖက်ကို

ခမ်းရိုက်သည်။ သူသည် ကိုယ့်ဆီရောက်လာသော အဲဒီလက်

လေးကို ဆွဲမဖမ်းတတ်သည်အထိတော့ မညံ့သေးချေ။

အခုခေတ် ယောက်ျားလေးဆိုသည်မှာ လက်ဘွဲ့

ညံ့ပေးတောင် မကိုက်တတ်သူဆိုတာ မရှိတော့၊ မကိုက်ချင၍

ကိုက်လို့သာပဲ ရှိမည်ဖြစ်သည်။

"ဟိတ် ... လွှတ်ကွာ၊ အကဲလေးနော် ... ဟင်း"

"ကိုယ်က အကဲလေး မဟုတ်ပါဘူး။ အကဲလေးက

ပိုးအိစံ ... ဟဲ ဟဲ"

"ဒါဖြင့် ရှင်က ဘာလဲ"

"ကိုယ်က အကဲကြီးလေ"

သူက ပြောလည်းပြော ကျန်လက်တစ်ဖက်ကလည်း

သူမကို ရုတ်တရက်ဆိုင်းဖက်၍ အနားသို့ ဆွဲယူလိုက်လျှင် ပုလဲ

သည် ထင်မထားသဖြင့် တစ်ကိုယ်လုံးပါလာ၍ နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... ဘာလုပ်တာလဲ မြစ်မင်းနော်"

"ကိုယ့်ကို မချစ်ဖူးလား ပုလဲရဲ့"

"အခုမှ တွေ့တဲ့လူကို ယုံရမှာလား"

"ယုံပါကွာ မကြားဖူးဘူးလား၊ မြင်မြင်ချင်းပဲ ချစ်မိတယ် တယ်ဆိုတဲ့ သီချင်းလေ"

"ဟွန်း ... ဘိုးတော်ဘုရား လေးဖက်ကုန်းခေတ်က သီချင်းကြီး"

"အဲဒီခေတ်တည်းက ချစ်နေတဲ့ဟာကို"

သူက မွှတ်သိပ်စွာ ပြောလိုက်ပြီးသည့်နောက်တွင် သူမ မျက်နှာအနားသို့ သူ့မျက်နှာကို အသာတိုးကပ်သွားမိသည်။ သူမက မျက်လွှာအသာချကာ မနေတတ်သလို ငြိမ်သက်၍နေသေး သည်။ သူ့ရင်ထဲတွင် ကုလားဘုရားပွဲလှည့်သလို တဒိတ်ဒိတ်နှင့် တုန်၍လာသည်။ ရင်ခုန်တာမဟုတ်။ ရင်ခုန်ခြင်းသည် သက်ေ ကို တစ်မိုင်အကွာလောက်မှ လှမ်း၍မြင်လည်း ရင်ခုန်သည်။

ယခု ထိုအခြင်းအရာသည် ရင်တုန်ခြင်းသက်သ သာဖြစ်သည်။ ပြီးတော့ စိတ်ထဲမှာ တစ်မျိုးဖြစ်လာသော ခံစား ထိုခံစားမှုကို ယောကျ်ားတစ်ယောက်ရဲ့ ခံစားမှုဟူ၍ပင် ခပ်လ လွယ် အမည်တပ်ကြပါစို့။





သူက မွှတ်သိပ်သော မျက်ဝန်းများဖြင့် ပုလဲရဲ့ မျက်နှာကို စေ့စေ့ကြည့်မိသည်။ ပုံဖော်ရိတ်သင်ထားသော မျက်ဝန်း တစ်စုံအောက်တွင် အရည်လဲ့၍ တဆတ်ဆတ် လှုပ်ခါနေသော နှုတ်ခမ်းတစ်စုံရှိသည်။ အနီးကပ်ကြည့်မှ အစက်အပြောက် အနည်း ငယ်ရှိနေသော ပါးပြင်ဖြစ်သော်လည်း သူ့ ... သိစိတ်မာတက်တို့ကို ထိန်းချုပ်မထားချင်ခဲ့တော့ချေ။

သူနှင့် ပုလဲတို့၏ မျက်နှာနှစ်ခုကြားတွင် လေပြည် လေးသည် ခက်ခက်ခဲခဲကို တိုးဝင်ကျော်ဖြတ်သွားသည်။ ပဒေ၁ ကျင်ရှိ သစ်ပင်ကြီးငယ်မှန်သမျှဟာ သူတို့ကို ချောင်းမြောင်းကြည့် နေသည့်အလား တိတ်ဆိတ်၍နေသည်။

ଈ ✧ ଈ

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၈၆၊ သုဓမ္မာလာ (၆)လမ်း၊ သုဓမ္မာလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၆)

တနိုင်း ရောက်နေတယ်ဆိုသဖြင့် သူဟာ ရေချိုးခြင်းကို မြန်မြန်လက်စသတ်လျက် အင်္ကျီဝတ်ကာ ထွက်လာခဲ့သည်။ တနိုင်းနဲ့ တွေ့ရမှာ သူ နည်းနည်းတော့ မျက်နှာပူပါသည်။ သို့သော် မတွေ့ဘဲနေလို့ရသော ကိစ္စလည်းမဟုတ်ချေ။ အောင်





ဆပ်ဧည့်ခန်းထဲသို့ ရောက်လျှင် တနိုင်းသည် ဂျာနယ်တစ်စောင်ကို အေးအေးလူလူဖတ်ကာ သူ့ကို စောင့်နေတာ တွေ့ရ၏။

"တနိုင်း ... မင်း ဘယ်တုန်းက ပြန်ရောက်တာလဲ"

တနိုင်းသည် ဂျာနယ်ကိုချကာ သူ့ကို အေးအေးဆေးဆေးပဲ မော်ကြည့်လာသည်။ တနိုင်းရဲ့ မျက်လုံးတွေထဲတွင် သူ့အပေါ်မှာ မကျေနပ်ရိပ်တွေလည်း မတွေ့ရ။ သို့သော် အရင်လိုခင်မင်ရင်းနှီး နွေးထွေးရိပ်များသည်လည်း ထူးဆန်းစွာ ပျောက်ဆုံးနေလေသည်။

"မင်းကို ငါ မေးစရာရှိတယ် မြစ်မင်း"

သူက တနိုင်းနှင့် ရှေ့တည့်တည့်ရှိခုံတွင် ဝင်ထိုင်လိုက်ရင်းမှ မေးဟူသော သဘောမျိုးဖြင့် မေးဆတ်ပြလိုက်လေသည်။

"မင်းနဲ့ သက်ပန် ဖြစ်သွားပြီဆို"

သူ့ခန္ဓာကိုယ် မသိမသာ တောင့်မတ်သွားပြီးနောက် "ဟုတ်တယ်"ဟု အစချီကာ ဖြစ်ကြောင်းကုန်စင် ရှင်းလင်းပြလိုက်သည်။ သူ့စကားဆုံးသွားသော်လည်း တနိုင်းရဲ့ မျက်နှာကအေးဆိုမှ ပြောင်းလဲသွားခြင်း မရှိပေ။



www.burmeseclassic.com

www.burmeseclassic.com



"အေးပေါ့ကွာ၊ ဘာပဲပြောပြော ငါဝမ်းသာပါတ
ဒါပေမဲ့ မင်း တစ်ခုသိထားဖို့က အခြေအနေတွေ
အမြဲတမ်း ပြောင်းလဲနေတယ်ကွ ...

ဘယ်တော့မှ တစ်သမတ်တည်း မရှိဘူး၊ အခုချိ
သက်ပန်ရဲ့ အချစ်ကို မင်း ရလိုက်ပေမဲ့ တစ်နေ့
ဆုံးရှုံးချင် ဆုံးရှုံးသွားနိုင်သေးတာပဲ ...

အဲဒီလို ဆုံးရှုံးသွားတဲ့အခါမှာ ငါ ပြန်ကြိုး
မင်းလည်း ငါ့လိုပဲ ပြုံးနေနိုင်ပါစေ"

တနိုင်းရဲ့ စကားကြောင့် သူ့စိတ်ထဲတွင် တ
ဖြစ်သွားရလေသည်။

ဒါကြောင့် မျက်ခုံးကြုတ်သွားရင်း ...

"ငါက ဘာကိစ္စနဲ့ သက်ပန်ကို ဆုံးရှုံးရမှာလဲကွ၊ အစ
မရှိတာ"

တနိုင်းက ပြုံးသည်။ ဒီကောင့်အပြုံးသည် လော
ကြီး အကြောင်းကို သူ့ထက်နားလည်နေတယ်ဟူသော အပြုံး
ဖြစ်၏။





"ဒီမှာ မြစ်မင်း မနက်ဖြန်မှာ ဘာဖြစ်မယ်ဆိုတာ ရှစ်ဆယ်
ရာခိုင်နှုန်းပဲ မှန်းလို့ရတယ်၊ သန်ဘက်ခါအတွက် ငါးဆယ်
ရာခိုင်နှုန်း၊ ဖိန်းနွဲခါအတွက် သုံးဆယ်ရာခိုင်နှုန်း၊ အဲဒီထက်
ပိုတဲ့ တစ်လ တစ်နှစ်တို့ တာကယ် လူလားမြောက်မဲ့
နှစ်ဆယ့်ငါး နှစ်ဆယ့်ခြောက် အသက်အရွယ်တွေမှာ
ဘယ်သူ ဘာဖြစ်မယ် ဘယ်လိုမှ မခန့်မှန်းနိုင်ဘူး ...

အဲဒါတော့ မင်း မငြင်းနဲ့"

သူက ဘာမှ မပြောတတ်တော့လျှင် လုပ်နေကျ
ဖြစ်သည့်အတိုင်း ပခုံးနှစ်ဖက်တွန့်ပြလိုက်သည်။ တနိုင်းသည်
သူ့ကို ပြုံးကြည့်နေပြီးမှ ...

"ငါ မန္တလေးကို အပြီးရွှေ့ပြောင်းတော့မယ် မြစ်မင်း"

"ဟင် ... ဟုတ်လား ဘာဖြစ်လို့လဲ"

"ငါ့အမေက ဟိုမှာပဲ ငါ့အဒေါ်တွေနဲ့ စီးပွားရေးကို
ခေါက်ချလုပ်တော့မယ်၊ ဟိုက ပိုအလုပ်ဖြစ်တာကိုးကွ၊
လမ်း(၂၀)မှာ နေမယ်၊ မင်းတို့ ကျောင်းတွေ ဘာတွေ
မန္တလေးမှာ လာတက်ချင် တက်ရမှာပေါ့ ...

www.burmeseclassic.com



အဲဒီကျ ဘာပဲအကူအညီလိုလို ငါ့ကို သတိရလိုက်ပါ၊ ကဲ ... သွားမယ် သူငယ်ချင်း၊ မင်းကို တစ်ခါတည်း နှုတ်ဆက်ခဲ့ပါတယ်"

တနိုင်းက ထိုင်ရာမှထသည်။ ဒီတော့မှ သူ့ဟာ မေးသင့်သော စကားတစ်ခွန်းကို သွား၍သတိရသည်။

"ဟိုဥစ္စာ ... မင်း သက်ပန်ကိုရော နှုတ်ဆက်ပြီးပြီလား"

တနိုင်းက တစ်မျိုးပြုံးကာ သူ့ကို ခေါင်းညိတ်ပြသည်။ ပြီးလျှင် လက်တစ်ဖက်ထောင်ပြလျက် နှုတ်ဆက်ကာ ထွက်ခွာသွားလေသည်။ တကယ်တော့ ငါးတန်းနှစ်တည်းက စ၍ ပေါင်းသင်းခဲ့လာသော သူတို့ရဲ့ ဆက်ဆံရေးက ဒီလိုပုံစံမျိုး မဟုတ်ချေ။

တစ်ယောက်နဲ့တစ်ယောက် နာအောင်ပြောလည်းမဲ့ မနာခဲ့ကြသောသူများဖြစ်၏။ တနိုင်းရဲ့ မျက်နှာတွင် ဒေါသလည်း မရှိ၊ အပျော်လည်းမရှိ၊ ဝမ်းနည်းမှုလည်းမရှိ၊ ဒါပေမဲ့လည်း ထူးခြားသော ခံစားချက်တစ်မျိုး ရှိနေသည်ဟု သူ သတိထားမိပါသည်။





သို့သော် သူကလည်း ဘာပြောလို့ ပြောရမှန်းမသိတော့ပေ။ သေချာတာကတော့ သူဟာ သက်ပန်ကို တနိုင်းရဲ့ လက်ထဲမှ လုယူခဲ့ခြင်းမဟုတ်ဘဲ နလုံးသားကိစ္စတွင် သက်ပန်က သာ အလိုအလျောက် ဆုံးဖြတ်ခဲ့ခြင်းအတွက် သူဟာ အဲဒီကိစ္စမှာတော့ လိပ်ပြာသန့်နိုင်ပေသည်။

လိပ်ပြာမသန့်နိုင်တာက ...။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ၊ ပေးပို့လိုပါလျှင် တမူထဲ ဝေဇီ၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





ဆယ်တန်းစာမေးပွဲ၏ အောင်စာရင်းတွေ ထွက်လာခဲ့သောအခါ သူရော သက်ပန်ရောသည် ငါးဘာသာဂုဏ်ထူးကိုယ်စီဖြင့် ဆေးတက္ကသိုလ်သို့ ဝင်ခဲ့သည်။

တနိုင်းက နှစ်ဘာသာထွက်၏။ သူသည် သက်ပန်နှင့်အတူတူ ဆေးကျောင်းတက်ရတော့မည် ဟူသော အသိဖြင့် ပျော်လိုက်သည်မှာ နေစရာ နေရာတောင်မရှိပေ။





သူရော အာကာတို့တစ်တွေဟာလည်း ဂုဏ်ထူး ဘာသာ၊ သုံးဘာသာတွေ ပါကြလေရာ ဝါဝါတီးဟောက်စ်မှ န်တီဝါက သူတို့ကို ဂုဏ်ပြုပွဲလေးတစ်ပွဲ လုပ်ပေးဖို့စီစဉ်သည်။ သူက အဲဒီပွဲတွင် သက်ပန်ကို မရအရ ခေါ်ဖို့ ဆုံးဖြတ်ထားပါသည်။

သို့သော် သက်ပန်မှာ အစဉ်အလာကို နည်းနည်းမှ ချိုးဖောက်ခဲ့ချေ။

"ဟင့်အင်း မြစ်မင်းရယ်၊ အခုဆိုရင် မေမေကလည်း နင်နဲ့ကိစ္စကို ရိပ်မိသလိုရှိတယ်၊ ငါ့ကို ဆုံးမစကားတွေ အရမ်းပြောတာပဲ"

"ဘာလဲ ရည်းစားမထားရဘူးတဲ့လား"

"အဲဒီလိုတော့ မပြောပါဘူး၊ ရည်းစားထားတယ်ဆိုတာ သိသာသိစေ သိုသိုသိပ်သိပ် ရှိရမယ်ပေါ့။ အရမ်းကြီး တွဲသွားတွဲလာ လုပ်တော့လည်း ပတ်ဝန်းကျင်က မျက်စိနောက်တယ်တဲ့။ တစ်ခုခု နစ်နာစရာရှိရင် မိန်းကလေးကပဲ ပိုနစ်နာမယ်၊ နာမည်ပျက်စရာရှိရင်လည်း မိန်းကလေးကပဲ ပိုနာမည်ပျက်မယ်ပေါ့ ...



www.burmeseclassic.com

www.burmeseclassic.com



နင်နဲ့ ငါနဲ့ကလည်း မတွေ့ရတာမှ မဟုတ်တာ မြစ်မင်းရယ်၊ နင် ငါ့ကို တွေ့ချင်ရင် အိမ်လည်း လာလို့ နေတာပဲ"

ဒါဆိုလည်း နင်တို့အိမ်မှာပဲ နင့်ကို ဖက်နမ်းရမှာ လားဟူ၍ သူ့စိတ်ထဲက အကျယ်ကြီး အော်မေးမိလေသည်။

"ဒါတော့ ဒါပေါ့ သက်ပန်ရယ်။ ဒါပေမဲ့ ဒီလိုနေ့မျိုး တော့ နင် လိုက်သင့်ပါတယ်၊ အန်တီဝါက နင့်ကို သေချာဖိတ်ခိုင်းလိုက်တာဟ ...

ငါတို့နှစ်ယောက်တည်းမှ မဟုတ်တာ၊ သူရင်း အာကာတို့ရောလေ"

"အာ... နင်တို့ ယောကျ်ားလေးတွေထဲ ငါက ကန့်လန့် ကန့်လန့် ပါရဦးမယ်၊ မဖြစ်ပါဘူးဟာ"

"ဟာ ... ဒါဆိုလည်း ညည်းယောက်မတွေပါ ခေါ်ခဲ့ ဟာ"

သူက စိတ်တိုလာသဖြင့် အော်ထည့်လိုက်လျှင် သက်ပန်သည် သူ့ကို အော်ရကောင်းနိုးလားဟူ၍ စိတ်ကောက် သွားလေသည်။ သူကလည်း ကြည့်မရတော့သဖြင့် မချော့တော့

www.burmeseclassic.com



ဘက်တစ်ချက်ခေါက်ကာ မကျေနပ်ကြောင်း ခဲတစ်လုံးကိုပင် ဖိတ်ကန့်ပြလျက် ထွက်လာခဲ့လေသည်။

ဒီအကြောင်းကို သူရက သိသွားလျှင် ...

"ဟေ့ကောင် မင်းရဲ့ နန်းမတော်မယ်နကို ဘာမှ အုံးစား မနေနဲ့၊ သူ မလိုက်ချင်နေ အဲဒီနေ့ကျ ပုလဲနဲ့ နဒီကိုပါ ခေါ်လိုက်၊ လုပ်မနေနဲ့ ရည်းစားနှစ်ယောက်ထားရခြင်းရဲ့ အကျိုးက အဲဒါပဲ တွေ့တယ်မဟုတ်လား၊ နေတတ်ရင် လောကကြီးက ကျေနပ်စရာတွေချည်းပဲ"

မောင်သူရတို့ကတော့ ဘာမဆို ခပ်ပေါ့ပေါ့ပဲတွေး တာ သူ့ကိုလည်း အမြဲမြှောက်လို့ပေးတာဖြစ်လေသည်။ သက်ပန် လိုက်သဖြင့် သူက ပုလဲကို ဝါဝါသို့လာဖို့ ပြောလိုက်သည်။ ပုလဲကား နှစ်ခါမပြောရချေ။ အန်တီဝါ့ခြံတွင် သူတို့အုပ်စုမှာ ပျော်တပါး စားသောက်ကြသည်။ သီချင်းတွေ ဆိုကြသည်။

သူဟာ သက်ပန်ကို အမြင်ကတ်သည့်ကြားမှပင် စိတ်တခိုး သတိရလျက်ရှိသေးလေသည်။ ပုလဲနေရာမှာ သက်ပန် သာဆိုလျှင် ဘယ်လောက် ပျော်စရာကောင်းလိမ့်မလဲ ဆိုတာ တွေးမိတာလည်း ခဏခဏပင်။ အဲဒီလိုတွေးမိတိုင်းလည်း ဘာ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်သည့် ကိစ္စလေးကိုတောင် မလိုက်လျောနိုင်သော သက်ပန်ကို အမြင်ကတ် ဒေါသထွက်ရသည်။ ဒီလိုနှင့် လုံးချာလိုက်၍ နေတော့သည်။

"ဟော့ကောင် မြစ်မင်း၊ ပြီးရင် ခြံသွားရအောင်ကွာ"

သူက ခေါင်းတစ်ချက်ညိတ်ပြပြီး ပုလဲ့ဘက်လှည့်ကြည့်လိုက်လျှင် ပုလဲသည် သူ့ကို ပြောင်စပ်စပ်ဖြင့် နှာခေါင်းရှုံ့ပြလေသည်။ မှန်တာဝန်ခံရလျှင် အဲဒီပုံစံကို သက်ပန် မျက်စောင်းထိုးတာထက် သူ မစွဲလမ်းချေ။

လူဆိုတာကလည်း မရတာကိုမှ ပိုမက်မောကြသည်မှာ သဘာဝပဲဖြစ်ပါသည်။

ဒီလိုဆိုတော့ ရတာကိုကျတော့လည်း မမက်မောဘူးလားဟု မေးကြမည်။ အခုချိန်မှာ သူဟာ ရတာကိုလည်း မက်မောသည်။ သို့သော် တန်ဖိုးထားတာခြင်းတော့ မတူပေ။

သူ့စိတ်က သက်ပန်အပေါ် မကျေနပ်သမျှတို့ဟာ ပုလဲနှင့် သမုဒယတွေ ပို၍ပွားလာဖို့ပဲ ဖြစ်လာသည်။ သူရေ အာကာတို့နှင့် စကားပြောလျှင် သူလည်း ဘယ်လောက်ပီကြောင်း ပြောနိုင်လာတာကို ဂုဏ်ယူစရာတစ်ခုလို မြင်လာခဲ့ပြီဖြစ်သည်။





ဒီလိုကိစ္စမျိုးတွေတွေဟာ သူ့ဘို့လို အရွယ်ရောက်စ ယောက်ျားလေးတွေကြားမှာ ဂုဏ်ယူပြောပြစရာကိစ္စမျိုး ဒါမျိုးမှ မရှိလျှင် ယောက်ျားမပီသတော့သလို အပြောခံရတာမျိုးကို သူက အဟုတ်ကြီး ထင်လာလေသည်။ တစ်ခါတလေမှာ တွေဝေတာမျိုး ရှိတတ်သော်လည်း ပုလဲနှင့် တွေ့ရလျှင် သူ့စိတ်တွေဟာ တွေပြားဆဲ စိတ်အလိုနောက်ကို လိုက်စမြဲ။

ဆားငန်ရေ ဆိုတာ သောက်လေ သောက်လေ တော်မပြေဘူးဟု သတိမဝင်နိုင်ခဲ့တော့ချေ။

✧


ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





"မြစ်မင်း ပုလဲကို ရုပ်ရှင်လိုက်ပြကွာ၊ အခုတင်တဲ့ကား အရမ်းရယ်ရတယ်လို့ ပြောတယ်"

ပုလဲက သူ့ကို အဲဒီလိုပူဆာလျှင် သူ့မှာ ကျောထဲက တွန့်ခနဲဖြစ်သွားရလေသည်။ သူနှင့် ပုလဲသည် သူရုံ့ ခြံနှင့် တခြားလွတ်လပ်သော နေရာများမှာ တွေ့ဆုံလေ့ရှိကြသော်လည်း လူမြင်ကွင်းသို့ ဘယ်တော့မှ ထွက်လေ့မရှိကြပေ။





ပုလဲက ဟိုဟိုဒီဒီ ခေါ်သော်လည်း သူက အကြောင်း အမျိုးမျိုးပြ၍ ငြင်းဆန်တတ်တာဖြစ်၏။ ဒီတစ်ခါတော့ ပုလဲရဲ့ ပုံစံက ဆန္ဒမပြည့်လျှင် အတော်စိတ်ကောက်မည့်ပုံပေါက်၍နေလေသည်။

"ညပွဲကြည့်မှာလား"

သူ့အပြောကို ပုလဲက ဘယ်လိုသဘောပေါက်သွားသလဲမသိချေ။

မျက်စောင်းနှနှ တစ်ချက်ထိုးလျက် သူ့လက်မောင်းကို ဖျတ်ခနဲ ပိတ်ရိုက်ကာ ...

"ညပွဲ မကြည့်ပါဘူး၊ အိမ်က ညဘက် ရုပ်ရှင်ကြည့်တာ မကြိုက်ဘူး၊ နေ့ခင်းဘက်ပဲ ကြည့်မှာပေါ့။ နေ့ခင်း လက်မှတ်ဝယ်လိုက်"

"ဟိုကောင်တွေလည်း ကြည့်မယ်ပြောတယ်၊ အတူကြည့်ရအောင်နော်"

ပုလဲက ဘာမှ မပြောဘဲ ခေါင်းအသာညိတ်ပြသဖြင့် သူ့မှာ အခုမှ သက်ပြင်းချနိုင်သွားသည်။ သူရုကို ပြောပြလျှင် သူရုက တဟားဟားရယ်မောလျက် ...



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတွေပဲကွ။ ရည်းစားနှစ်ယောက် တစ်ပြိုင်နက်ထားရတဲ့ အရသာဆိုတာ၊ မင်း ငါတို့အတွဲကို cover ယူမှန်းသိပါတယ်ကွာ၊ ငါကတော့ အဲဒါတွေ အုံးမစားဘူး၊ သိချင်တဲ့နေ့သိပဲ"

"ဒါတော့ မင်းက တကယ်မှ မချစ်ဘဲကိုးကွ"

"မင်းကတော့ သက်ပန်ကို တကယ်ချစ်တယ်ပေါ့။ တကယ်ချစ်တဲ့အကြောင်းက ရည်းစားနှစ်ယောက် ပြိုင်ထားတယ် ဟား ဟား"

သူက မချိပြုံး‚ပြုံးနေသော်လည်း ဘာမှ ပြန်မပြောနိုင်ချေ။ အဲဒီနေ့က ပုလဲနှင့်အတူ နေ့ပွဲရုပ်ရှင် ကြည့်ကြတော့လည်း သူ့စိတ်တို့က ရုပ်ရှင်ရုံထဲမှာ အပြည့်အဝ မရှိချေ။ သူ့ပခုံးကို လာမှီသော ပုလဲရဲ့ ခပ်ချွဲချွဲအသံကြောင့်သာ အလိုက်သင့် ပခုံးကို ဖက်ထားရသော်လည်း စိတ်တို့သည် သက်ပန်နှင့်အတူ တနင်္ဂနွေနေ့လယ်မှာ ကြည့်ခဲ့ကြဖူးသော ဗီဒီယိုကားအကြောင်းကိုသာ ပြန်သတိရလျက်ရှိသည်။

အဲဒီတုန်းက သက်ပန်သည် အိမ်နေရင်း စပန့်ဝတ်ဝတ်စုံလေးဖြင့် ဆံပင်လေးကို နှစ်ဖက်ခွဲစုစည်းကာ သနပ်ခါး





ဆေးကျဲလေး လိမ်းထားပြီး သူ့မျက်စိထဲဟွင်တော့ အတော်ကြီးချစ်စရာကောင်းလျက်ရှိသည်။ အခွေက ဟာသကားဖြစ်သောကြောင့် သဘောကျလျှင် တခစ်ခစ် ရယ်မောနေပုံလေးကို သူက အနားမှာ ကြည့်လို့ကိုမဝချေ။

ရယ်လိုက်လျှင် မို့တက်သွားသော ပါးပြင်လေးများကို တစ်ကြိမ်လောက် နမ်းမွှေးခွင့်ရလျှင်ပဲ သူ ကျေနပ်နိုင်ပါပြီဟု တွေးခဲ့ဖူးလေသည်။ ပုလဲရဲ့ ပါးကို တစ်ခါနမ်းတိုင်း သက်ပန်ကို သတိရသွားမိဟတ်တာတော့ ဘယ်ဘဝက ကျိန်စာမှန်းမသိခဲ့ပါ။

သေချာတာကတော့ ပုလဲနှင့် ဇာတ်လမ်းကို ကြာကြာဆက်ထားလို့မရတော့ဘူးဆိုတာ သူ သိခဲ့ရတော့သည်။ အဲဒါကတော့ တစ်ခုသော ညနေခင်းမှာ သက်ပန်က သူ့ကို ခပ်တည်တည်ဖြင့် စကားဆိုလာခဲ့ခြင်းဖြစ်ပါသည်။

"နင့်ကို ငါ မေးစရာရှိတယ် မြစ်မင်း၊ နင် လိမ်ဖို့တော့ မကြိုးစားနဲ့"

ဒီလိုမေးလိုက်လျှင် ဘာမေးတော့မည်ဆိုတာ သူက သိပြီးသားဖြစ်သည်။ သိလျှင် သိချင်းပဲ စီနီယာသူရ၏ စကားတို့ကို ချက်ချင်းကြားယောင်လာကာ သတိအနေအထားဖြင့်လည်း



www.burmeseclassic.com

www.burmeseclassic.com



ပြင်ဆင်ပြီးဖြစ်သည်။ သူရရဲ့ လက်ချာတွေသည် လက်တွေ့မှာ တော့ တကယ်အသုံးဝင် မဝင် ကြည့်ရတော့မည်။

သူက မျက်နှာကို မှင်သေသေဖြင့် ထားကာ ...

"ဘာမှ မလိမ်ဘူး၊ ဘာတွေ ဖြစ်လာပြန်ပြီလဲ။ သက်ပန် နင်ကလေ ငါ့စိတ်ကြိုက် လိုက်လျောတာလည်း ဘာတစ်ခု မှ မရှိဘူး၊ ပြီးရင်လည်း နင်ကချည်းပဲ စိတ်ကောက်တယ် ကဲ ... ပြော ဘာကောက်ဦးမှာလဲ"

သူက ခပ်တည်တည်ဖြင့် ဖိန့်လိုက်လျှင် သက်ပန် က နည်းနည်းတော့ ငြိမ်သွားသည်။ သို့သော် မာန်တင်းလိုက် သောပုံစံဖြင့် ...

"နင် တနင်္ဂနွေနေ့က ဘယ်သူနဲ့ ရုပ်ရှင်ကြည့်တာလဲ၊ မှန်မှန်ပြောနော် မညာနဲ့"

သူ့ခေါင်းထဲတွင် ဒိန်းခနဲ ဖြစ်သွားသော်လည်း အမူအရာကား လုံးဝမပျက်စေရပေ။ ဦးခေါင်းကို အပေါ်စောင်း လျက် မျက်လုံးလှန်စဉ်းစားဟန်ဖြင့် ပြီးတော့မှ လက်ဝါးနှစ်ချက် ကို ဖြန်းခနဲ ရိုက်ချကာ ...

"သြော် ... နဒီကိုး"





သက်ပန်ရဲ့ မျက်ဝန်းများသည် မီးဝင်းဝင်းတောက် သွားလျက် သူ့ကို မျက်လုံးပြူးကြည့်ကာ ...

"ဘာ နဒီလဲ၊ အဲဒါ ဘယ်ကလဲ၊ နင့်ရည်းစားပေါ့ ဟုတ်လား မြစ်မင်း၊ တော်ပြီ နင် ငါ့ကို လုံးဝလာမပတ် သက်နဲ့တော့ ....

သစ္စာမရှိတဲ့လူဆို ငါ အမုန်းဆုံးပဲ"

သက်ပန်သည် ပြောပြောဆိုဆိုပင် သူ့အနားမှ ထွက်ဖို့ဟန်ပြင်သည်။ သူက သက်ပန်ရဲ့လက်ကို ကပျာကယာ ဆွဲထားရကာ (လက်ကိုင်ထားရပါလားဟူသော ကြည်နူးမှု တောင် မခံစားနိုင်ဘဲ) ...

"ဟာ ... မဟုတ်ပါဘူးကွာ၊ သက်ပန်ကလည်း နင့် ထင် တာတွေချည်း စွတ်ပြောမနေနဲ့၊ ငါ ပြောတာလည်း နား ထောင်ဦးမှပေါ့ ...

နင်တစ်ယောက်လုံး ရှိရဲ့သားနဲ့ ငါက ဘာကိစ္စ ရည်းစားထပ်ထားနေရမှာလဲ"

သူက နောက်ဆုံးစကားကို ခပ်ဆတ်ဆတ်အော်လိုက် ချင်း သက်ပန်သည် တွေခနဲဖြစ်သွားလေသည်။ သူက အဲဒါကို



www.burmeseclassic.com

www.burmeseclassic.com



အခွင့်ကောင်းယူကာ ...

"အဲဒီ နဒီဆိုတာ သူရရဲ့ ရည်းစား၊ ရုပ်ရှင်ကြည့်တာ သူ လည်းပါတယ်၊ ငါကလည်း အဲဒီကားကို ကြည့်ချင်တာ ရော သူရကလည်း အဖော်ခေါ်တာရောကြောင့် ပါသွား တာ ...

ငါနဲ့ ဘာမှမဆိုင်ဘူး၊ နင် မယုံရင် သူရကို မေး ကြည့်၊ အဲဒါမှ မယုံရင် အဲဒီအတွဲနဲ့ ငါ ဆုံပေးမယ်"

"နင် လျှောက်မပြောနဲ့နော်"

သူက ဟန်ပါပါဖြင့် ကျစ်ခနဲ စုတ်သပ်လိုက်ကာ_

"နင့်ကို ငါကဒီလိုမပြောလို့ ဘယ်လိုပြောရမှာလဲ သက်ပန် ရယ်၊ ငါ နင့်ကို သိပ်ချစ်တာ မယုံဘူးလားဟင်"

သူက ဆုပ်ကိုင်ထားသော လက်ကလေးကို တင်း တည်သလိုနှင့် တစ်ချက်ဖျစ်ညှစ်၍ မေးလိုက်လျှင် သက်ပန်သည် လက်ကိုင်ထားတာကို အခုမှ သိသွားဟန်ဖြင့် ဆောင့်ရုန်း ထွက်သွားသည်။ ပြီးလျှင် သူ့တစ်ကိုယ်လုံးကို တရားခံရှာသော အကြည့်မျိုးဖြင့်ကြည့်ကာ ...

"ထားပါတော့ နင် ပြောတဲ့အတိုင်းပဲပေါ့"





"ဘာလဲ သက်ပန်ရာ မယုံဘူးလား၊ အဲဒီလို သံသယကြီး နဲ့တော့ အင်တင်တင် လက်မခံနဲ့ဟာ၊ နင့်စိတ်ထဲမှာ မရှင်းသေးရင် အားလုံးဆုံပြီး ငါ ရှင်းပေးမယ်၊ သူရရယ်၊ နဒီရယ် ငါ ခေါ်ပေးမယ် ...

အဲဒါဆို နင်လည်း စိတ်ရှင်းသွားမယ်"

"ကဲ ... တော်ပါပြီ၊ ဒီလောက်ကြီးလည်း ဖြစ်ပြမနေပါနဲ့၊ မဟုတ်ဘူးဆိုလည်း ပြီးတာပဲ"

သက်ပန်ရဲ့ မျက်နှာတွင် အပြုံးရိပ်လဲ့လဲ့ ခိုဝင်လာ လျှင် စိတ်ဆိုးပြေသွားပြီဖြစ်ကြောင်း သူ သဘောပေါက်လိုက်ရ သည်။

စိတ်ကောက်ပြေသွား၍ ပြုံးသွားသော ချစ်သူနှုတ်ခမ်း သည် ကမ္ဘာပေါ်မှာ အချိုမြိန်ဆုံး ဖြစ်တတ်သည်ဟု သူ ကြားဖူးထား သည်။

သို့သော် ချိုမြိန်ခြင်းရဲ့ အရသာကိုတော့ တစ်ခါမှ မြည်းစမ်းရဖူးသေးချေ။

"သက်ပန်ရယ် နင့်ကို ငါ သိပ်ချစ်တာပဲ သိလား"

"ချစ်နေရုံနဲ့ မပြီးသေးဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ဘာလုပ်ပေးရဦးမှာလဲ၊ ဇက်ကျောဆွဲပေး ဦးမှာလား၊ လက်သည်းညှပ်ပေးရဦးမှာလား၊ သနပ်ခါးသွေး ပေးရမှာလား ပြော"

"လျှောက်မပြောနဲ့၊ ငါ အတည်ပြောမှာ နားထောင်

အချစ်မှာ ချစ်နေရုံနဲ့ မပြီးသေးဘူး မြစ်မင်း ချစ်သူနှစ်ယောက်မှာ အဓိက အရေးကြီးဆုံးက တစ်ယောက် နဲ့တစ်ယောက် သစ္စာရှိနေဖို့ပဲ ...

သစ္စာတရားတွေ ခိုင်မြဲနေမှ တွဲလက်တွေလည်း ခိုင်မြဲနေမှာ။ အဲဒါကို နင် လက်ခံလား"

"လက်ခံပါတယ်"

ဒီအသံက တက်တက်ကြွကြွ မရှိမှန်း သူ့ဟာသူ သိလေသည်။

သို့သော် သက်ပန်ကတော့ မသိပေ။ သူမ ပြောချင် တာတွေ ဆက်ပြောနေသည်။

"နင်နဲ့ ငါရဲ့ဘဝ ပေါင်းစည်းဖို့ဆိုတာ အဝေးကြီးလိုသေး တယ် မြစ်မင်းရယ်။ အချိန်ကာလကြီးတစ်ခုကို တို့တစ်တွေ ဖြတ်ကျော်ကြရဦးမှာ ...





မနက်ဖြန်မှာ ဘာဖြစ်လာမယ်ဆိုတာကို ဘယ်သူမှ ကြိုမသိနိုင်ဘူး၊ ယေဘုယျအားဖြင့်သာ အကြမ်းဖျင်းမှန်နေ တတ်တာ၊ တကယ့်အပြောင်းအလဲနဲ့ကြုံရမယ့်ကိစ္စတွေကို ဘယ်သူမှ ကြိုမသိနိုင်ဘူး ...

အဲဒီတော့ တို့နှစ်ယောက်ကြားမှာ သစ္စာဆိုတာ အခိုင်အမာရှိနေဖို့လိုတယ်၊ ငါက သစ္စာတရားကို သိပ်တန် ဖိုးထားတယ် ...

ငါ အခုတည်းက ပြောထားမယ်နော်၊ ငါ့အပေါ်မှာ နင် သစ္စာမဲ့ခဲ့ရင် နင့်ကို ငါ လုံးဝခွင့်မလွှတ်ဘူး"

အဆုံးသတ်ပြောလိုက်သော သက်ပန်ရဲ့ စကားသည် ကျမှုဖြင့် ရဲရင့်ပြတ်သားလို့နေလေသည်။ သူသည် ဖော်လိုလေး သက်ပန်ကို ဘာအာမခံစကားမှတောင် မပေးနိုင်ပေ။ ပြော င် ပြောတဲ့အတိုင်းလုပ်တတ်သော မယ်သက်ပန်ရဲ့ စကားတွေ ကြောင့် ရင်ထဲတွင် လေးလံတင်းကျပ်၍လာသည်။

အဲဒီအခါတွင် လိုက်ဖိုရင်ခုန်ခဲ့ရသော ပုလဲရဲ့ အနမ်း ကိုလည်း မက်မောချင်စိတ်မရှိတော့။ အဲဒီအစား သက်ပန်ရဲ့ ဉ်ဝန်းတစ်စုံကိုသာ ရိုးရိုးရှင်းရှင်း ရင်ခုန်လိုတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နင့်ကို ချစ်တဲ့အချစ်တွေကို နင် တစ်ယောက်တည်း အတွက်ပဲ ရင်ထဲမှာ သိမ်းထားပေးတယ်ဆိုရင် သစ္စာမဲ့တယ် မသတ်မှတ်ပါနဲ့လား သက်ပိုင်ရယ် ...။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင် အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။







## အခန်း(၇)

သိပ်မကြာသော အချိန်တွင်း၌ တက္ကသိုလ်တွေ ...လှစ်ကြတော့မည်ဖြစ်လေရာ သူနှင့် သက်ပန်က ဆေးတက္ကသိုလ် ...လေး)သို့ တက်ရောက်ရမည်ဖြစ်ပြီး သူရနှင့် အာကာက ...ဝါးကျွမ်းကျင်သို့ တက်ကြမည်ဖြစ်လေရာ အားလုံးသည် ...ချက် အသစ်အဆန်းတွေနှင့် ပျော်ရွှင်လျက်ရှိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် ရည်းစားကိစ္စနှင့် ပတ်သက်လာလျှင် သူရကို ဆရာတင်ရသည်ဖြစ်လေရာ ဒီတစ်ခါလည်း မကင်းရချေ။

"သူရ ဟိုရောက်ရင်တော့ သက်ပန်လည်း အချိုးပြောင်း ချင်ပြောင်းတော့မှာ၊ ပြီးတော့ ပုလဲနဲ့ကိစ္စကလည်း ကြာရှည် သိပ်လွှယ်မှာ မဟုတ်တော့ဘူး ...

ပုလဲက ငါ့ကို အရမ်းကပ်လွန်းတယ်ကွာ၊ ကျောင်း ပြီးရင် လက်ထပ်ကြရအောင်တွေ၊ မင်္ဂလာ လေးကို လာလည် မယ်တွေ ဘာတွေတောင် ဖြစ်နေပြီ၊ ဘယ်လိုလုပ်မလဲ"

သူရက အေးဆေးပါပဲဟူသော အပြုံးမျိုးပြုံးကာ ...

"ဘယ်လိုမှ မလုပ်နဲ့၊ ဒီအတိုင်းပဲထားလိုက်"

"ဟာ ... ဒီအတိုင်းထားလို့ ဘယ်လိုလုပ်ဖြစ်မှာလဲ၊ ကြာ ရင် အားလုံး ရှုပ်ကုန်တော့မယ်၊ သက်ပန်ကလည်း ငါ့ကို ဝမ်နင်ပေးထားပြီးသား၊ ငါ သက်ပန်ကို အဆုံးရှုံးမခံနိုင် ဘူးကွာ"

အာကာက သူ့အပြောကို တရားကျသလိုနှင့် ခေါင်း တွဆတ်ဆတ်ညိတ်ကာ ...





"ငါတို့ ယောကျ်ားလေးတွေက အဲဒီတစ်ခုတော့ တော်တော် ဆိုးတယ်ကွာ၊ ပန်းတိုင်းကိုတော့ နမ်းလိုက်ကြတာပဲ၊ တကယ်တမ်း ခြည့်ခန်းမှာ အလှထားတော့မယ်ဆိုရင်တော့ တန်ဖိုးရှိတဲ့ပန်းကို ရွေးချင်ကြတာ ...

ဒီလျှို့ဝှက်ချက်ကြီးကို ကောင်မလေးတွေများ မသိ ရှာဘူး၊ သနားပါတယ် ... ကျွတ် ကျွတ် ကျွတ်"

"ဟေ့ကောင် အရေးထဲ မင်းက လာဖွဲ့မနေနဲ့ကွာ၊ ဒီမှာ အုံးကိုက်နေရတဲ့ကြားထဲ ငါ ပုလဲကို ဖြတ်လိုက်မယ်လေ မကောင်းဘူးလား"

ဆရာကြီး သူရကြည်သည် ရေနွေးကြမ်းကို ဝိစကီ အလား ပဲ့ပေးသောက်နေလျက် ...

"ဖြတ်တာတော့ ဖြတ်ရမှာပဲ၊ ဒါပေမဲ့ နင့်ကို ဖြတ်ပြီလို့ ပြောပြီးမဖြတ်နဲ့"

"ဟမ် ... ဘယ်လိုကြီးလဲ"

အာကာ အမှန်ပင် လိုက်မမီတော့ချေ။ သူရကတော့ ငါးသလောက်ပြုံး ခပ်ပါးပါးလေးဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ဟော့ကောင်၊ ရုပ်ရှင်တွေထဲကလို မင်း ကိုယ့်
မေ့လိုက်ပါတော့တွေ၊ မှန်းလိုက်ပါတော့တွေ၊ မဆိုတဲ့
စာတွေ ဘာမှသွားလုပ်မနေနဲ့ ...

အားလုံး ချည်ခင်တွေ ရုပ်ကုန်မယ်၊ မိန်းက
တစ်ယောက်ကို အကောင်းဆုံးဖြတ်နည်းက ဘာအဆ
အသွယ်မှ မလုပ်တော့တာပဲ ...

ရှောင်နေလိုက်၊ ဖုန်းလာလည်း မပြောနဲ့၊ လမ်း
လည်း အိမ်ယောင်ဝါးလုပ်ပြီး ရှောင်ထွက်လိုက်၊ ကြာ
တော့ သူတို့လည်း အလိုလိုသဘောပေါက်လာလိမ့်မယ်
အဲဒီကျ သူ့ဟာသူ ပြီးသွားလိမ့်မယ် ...

တဲ့တိုးကြီး သွားပြောတာမျိုးကျတော့ သူတို့လည်း
ရှော့ခ်ဖြစ်ပြီး ရူးရူးဝါးဝါးတွေ ထ,ဖြစ်နိုင်တယ်ကွ၊ မှတ်
မိန်းကလေးတစ်ယောက်ကို ဖြတ်တဲ့နည်းထဲမှာ အဲဒီနည်း
အကောင်းဆုံးပဲ"

"ဒါဖြင့် မင်းတုန်းကရော"

"ဟာ ... ကိုယ့်တုန်းကလည်း ဒီလိုပဲ ဆရာ။ တချို့
တော့လည်း နှစ်ယောက်စလုံး အဆင်မပြေလို့ ဖြတ်





တာ၊ တချို့ကျတော့လည်း ကိုယ်က ဖြတ်ချင်ရင် အဲဒီ
နည်းနဲ့ ဖြတ်လိုက်တာပဲ ...

မင်းလည်း အဲဒီလိုပဲလုပ်၊ တဖြည်းဖြည်းနဲ့ရှောင်၊
မတွေ့တော့နဲ့၊ နောက် ဟိုမှာ ကျောင်းသွားတက်တော့
အလိုလို ပြီးသွားမှာပေါ့ကွာ၊ မဟုတ်ဘူးလား"

မဟုတ်ဘူးလား ဟုတ်လား ဆိုတာကတော့ ကိုယ်
တိုင်လုပ်ကြည့်မှ သိမှာဖြစ်သောကြောင့် သူက သူ့ရ ပြောတဲ့အတိုင်း
ပဲ လုပ်လိုက်သည်။ ပထမဦးစွာ ပုလဲကို လုံးဝအဆက်အသွယ်
မလုပ်တော့။

ပုလဲက ဖုန်းဆက်၍ မေးလျှင် ...

"ဩော် ... ပုလဲ၊ ကိုယ် အလုပ်နည်းနည်းရှုပ်နေလို့ပါ၊
ကျောင်းသွားတက်ရတော့မယ်ဆိုတော့ သိပ်မအားလို့လေ
အဲဒါကြောင့်။ ဒါပဲ မဟုတ်လား ပုလဲ"

"နေပါဦး၊ ဘယ်လိုဖြစ်လို့ ဖုန်းကိုပဲ ခွတ်ချနေချင်ရတာလဲ၊
ဒါဖြင့် ဘယ်နေ့လောက် အားလဲ၊ အန်တီဝါ ဆိုင်မှာ
ဆုံရအောင်လေ။ ပုလဲ ပြောစရာရှိလို့"

"အင်း ... ဘယ်နေ့အားလဲ မပြောတတ်သေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မြစ်မင်း ဘာဖြစ်နေတာလဲ၊ ပုလဲကို ရှောင်ချင်နေသလား မချစ်ချင်တော့ဘူးလား"

"မဟုတ်ပါဘူး၊ ကိုယ် အိမ်မှာလည်း နည်းနည်းစကားများထားတာ ရှိနေလို့ပါ"

"ဘာတွေဖြစ်နေတာလဲ၊ ပုလဲကို ပြောပြ၊ မန္တလေးမှာ ဘယ်မှာနေမှာလဲ၊ လိပ်စာနဲ့ ဖုန်းနံပါတ် ပေးထားဦးလေ"

"မသိသေးဘူး ဒါပဲနော် ပုလဲ"

သူက ခွတ်ကို စကားဖြတ်ကာ ဖုန်းချပစ်လိုက်ရသည်။ ဒီလိုနဲ့ သူဟာ ပုလဲကို မြွေမသေ တုတ်မကျိုးသောနည်းသုံးကာ ရှောင်ရှားခဲ့သည်။ တဖြည်းဖြည်းနှင့်လည်း သူ၏ကျောင်းသွားတက်ရတော့မည့်ရက်က နီးကပ်လို့လာခဲ့ပြီဖြစ်သည်။ သူဟာ မန္တလေး၌ သက်ပန်နှင့်အတူတူ ကျောင်းတက်ရတော့မည့် လွတ်လပ်ပျော်ရွှင်စွာ တွေ့ခွင့်ရတော့မည်ဟူသော အတွေးဖြင့် ရင်ထဲမှာ တထိတ်ထိတ် ပျော်ရွှင်ကြည်နူးလျက်ရှိသည်။

မန္တလေး၏ အထင်ကရ နေရာများသို့ သက်ပန်၏ လက်ကလေးကိုဆွဲကာ ခြေရာချင်းထပ်ကြရတော့မည် ဟူသော အသိသည် သူ့ရင်တို့ ပူနွေး ဆွတ်ပျံ့စေသည်။ ဒါပြော





မန္တလေးကို အတူတူသွားဖို့တောင် တိုင်ပင်ကြည့်သည်။ ဒီတစ်ခါတော့ မသက်ပန်သည် တင်းတင်းမာမာကြီးတော့ မဟုတ်ချေ။ အပြုံးနုလေးဖြင့် သူ့ကို နှစ်သိမ့်ရှာသည်။

"အတူတူတော့ မသွားပါနဲ့ မြစ်မင်းရယ်၊ ဟိုကျတော့ နင်နဲ့ ငါရဲ့ နေတဲ့အဆောင်ချင်းက တူတာမှ မဟုတ်တာ၊ နေရာချမှာနဲ့ ဘာနဲ့ အလုပ်တွေက ရှုပ်ဦးမှာ ...

ပြီးတော့လည်း အေးအေးဆေးဆေး တွေ့ရမှာပဲဟာ"

"တကယ်နော်"

သူက အဲဒီလိုမေးလျှင် သက်ပန်ရဲ့ မျက်စောင်းနုလေးက ရင်ဝသို့လာ၍စိုက်သည်။ သက်ပန်သည်လည်းပဲ ပျော်နေမှာပါပဲ။ နှုတ်ခမ်းအဖျားစွန်းလေးတွေ ကော့တက်ကာပြုံးနေသော မျက်နှာလေးဟာ ဘယ်လို လှပကျက်သရေရှိမှန်း သိပေ။

သူ သိပ်မြတ်နိုးလှပါသည်။

"သက်ပန် နင့်ကို ငါ အရမ်းချစ်တာပဲ သိလား"

သူက အဲဒီလိုပြောလိုက်လျှင် သက်ပန်ဟာ မနေ တတ်သလို ရယ်မော၍နေလေသည်။ သူမ ရယ်နေပုံမှာ လေပြည်



www.burmeseclassic.com

www.burmeseclassic.com



တိုက်ခတ်သလို ညင်းညင်းသွဲ့သွဲ့လေးဖြစ်သည်။ အရင်က သူ့အဲဒီလိုပြောလိုက်လျှင် ရှက်သလိုလို မနေတတ်သလိုလိုနှင့် ဟားဟင်တွေ ထ,ထအော်တတ်သော်လည်း အခုတော့ အသာရယ်မောလို့နေသည်မှာ အခြေအနေကောင်းတစ်ခု ဖြစ်သည်။

"နင့်ပါးစပ်က ငါ့ကို ချစ်တယ်လို့ တစ်ခါမှ မပြောဖူးသေးဘူးနော် သက်မှန်၊ နင် ငါ့ကို ချစ်လားဟင်"

"မြစ်မင်းကလည်း"

"မြစ်မင်းက မလဲဘူး မတ်တတ်ရပ်နေတယ်၊ ပြောပါ သက်ပန်ရယ်၊ ငါ ကြားချင်လွန်းလို့ပါ၊ တစ်ခါတည်းနော် ... တစ်ခါတည်းပဲ ပလိစ်"

"အေးပါဟာ ... အေး"

"ဟာ ... ဘာအေးပါလဲ၊ အေးပါဆိုတာ ချစ်တယ်လို့ ပြောတာမှ မဟုတ်တာ၊ ပြောပါဟာ သက်ပန်ကလည်း လိမ္မာတယ်"

သက်ပန်သည် အသာပြုံးလျက် သူ့ကို မျက်လုံးလေးထောင့်ကပ်ကာ ခိုးကြည့်သေးသည်။ ရွှန်းရွှန်းစားစားနှင့် မျက်တောင်မခတ်တမ်း စိုက်ကြည့်နေတာကို တွေ့ရလျှင် လှစ်ခနဲ





ပြုံးကာ ခေါင်းအသာငုံ့သွားပြန်သည်။ သူဟာ အဲဒီပုံစံလေးကို ဘယ်လိုခိုက်သွားမှန်း မသိပေ။

သူ့အကြည့်တွေကို ရင်မဆိုင်ရဲရှာသော ကလေးမတကယ်တော့လည်း တစ်ခါတလေမှာ ဒီလို ပဝါတစ်ကမ်း လက်တစ်လှမ်း အခြေအနေလေးကလည်း အမှန်ရင်ခုန်ဖို့ ကောင်းပါသည်။

"သက်ပန် ... ပြောဆို"

သူက လက်ဖဝါးအချင်းချင်း ပွတ်ကာ မအောင့်အီးနိုင်သလို မေးလိုက်လျှင် သက်ပန်သည် နှုတ်ခမ်းကို အသာကိုက်လျက် သူ့ကို မျက်စောင်းထိုးသေးသည်။

သို့သော် ... အဲဒီ မျက်စောင်းက အချစ်မျက်စောင်းသာလျှင် ဖြစ်လေသည်။

"ချစ်ပါတယ် ... ချစ်လို့ပဲ ..."

"ပြော ... ပြော ... ချစ်လို့ပဲ၊ ဘာဖြစ်လဲ"

"သြော် ... ချစ်လို့ပဲ အဖြေပေးထားတာပေါ့ဟဲ့"

ခပ်ဆောင့်ဆောင့် ဖြေလိုက်သော်လည်း ထိုစကားသံလေးဟာ သူ့နှလုံးသားထဲသို့ ချိုမြစွာ တဆုံးစီးဝင်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သက်ပန်ရယ် ... ငါ့ရင်ထဲမှာ နင့်ကြောင့် နွေးထွေးတောက်ပခဲ့ရတယ်ဆိုရင် အဲဒီအရာရဲ့ ဖန်ဆင်းရှင်ဟာ နင်ပါ။

နင်တစ်ယောက်တည်းပါ၊ သူငယ်ချင်း ချစ်သူလေးရယ်။

❧ ✧ ❧

ပေးစာ၊ အကြံပြုစာ၊ ဝိတ်သက်စာများ ပေးပို့လိုပါလျှင် အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။





❤ နူးညံ့တဲ့ အမိန့်တော်အတိုင်း
နင့်ကို ချစ်ပါတယ်လို့ တွေးဖြစ်တော့
အဲဒီသီချင်းကို ရေးခဲ့တဲ့ ကိုမြင့်မိုးအောင်ကို
ကျေးဇူးအလွန်တင်မိတယ်။

❤ နင့်ပါးက သနပ်ခါးတွေကြောင့် စဉ်းစားဖြစ်တော့
(ဘာမှ မဆီမဆိုင်ဘဲ)
နေညိုရင် ရွှေဘိုကို လွမ်းမိတယ်။



www.burmeseclassic.com

www.burmeseclassic.com



❤ နှင့်အကြောင်း မင်တွေးမိတဲ့ ညဆိုတာ
မလှမပ ရှိတတ်လွန်းလို့
ကြယ်ကြွေတွေကို လိုက်ကောက်ရင်း
လွမ်းတဲ့အကြောင်း ညည်းမိတယ်။

❤ ကောင်မလေးရယ် ...
မင်းမျက်ဝန်းတွေ လာစိုက်တတ်တဲ့ ဒီကော်င့်ရင်ခွင်ထဲ
ခဏလောက်ဖြစ်ဖြစ် ခိုနားကြည့်ပါ
ငါ့ရဲ့တန်ဖိုးအရှိဆုံး အချစ်တွေ
မင်းရဲ့ခြေရင်းကို ဦးညွှတ်နေကြတယ်။ ။

❧ ◇ ❧





မနက်ဖြန်လိုနေ့မျိုး မန္တလေး သွားရတော့မည့် အချိန်တွင် မသွားခင်တစ်ရက်၌ သူ့ထံသို့ စိတ်ရှုပ်စရာတစ်ခုက ရောက်ရှိလို့ လာခဲ့တာဖြစ်သည်။ ထိုစိတ်ရှုပ်စရာသည် နောင်အခါ၌ သူ့အတွက် ကြီးစွာသော စိတ်ဆင်းရဲမှုတစ်ခု ဖြစ်လာလိမ့်မည်ဟု သူ ယောင်၍မျှ မတွေးခဲ့ဖူးသေးချေ။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က မနက်ခင်းအစောကြီး ရှစ်နာရီခန့် သူရသည် သူ့ထံသို့ ပေါက်ချလာတာဖြစ်သည်။ သူရရဲ့ မျက်နှာတွင် စိတ်ရှုပ်ထွေးသော အရိပ်သဏ္ဌာန်တို့ကလည်း ကပ်ငြိ၍ နေသည်။

"ဟော့ကောင် ... အရှုပ်ထုပ်ကို လိုက်ရှင်းလိုက်ဦး၊ စော စောစီးစီး ငါ့ကို ပြဿနာ လာရှာနေတယ်၊ မင်းကို အခ ခေါ်ပေးတဲ့၊ စာရင်းရှင်းစရာ ရှိတယ်လို့ ပြောတာပဲ"

"ဘယ်သူလဲ ... ပုလဲလား"

"ဒါပဲပေါ့ ... ကြည့်ရတာတော့ ရည်းစားလူလု အနေ ခတ်လာတဲ့ ဒီဇိုင်းပဲ၊ သူက ရှင်းဆိုတော့လည်း ရှင်းလိုက် ရုံပဲ ရှိတာပဲ၊ ဖြေပေးလိုက် ဟော့ကောင်၊ အုံးစားမနေ သွားမယ်၊ လာ ... ငါ့ဘီးနဲ့ပဲ လိုက်ခဲ့လိုက်"

"သူက ဘယ်မှာလဲ"

သူက သူရရဲ့ DT ဆိုင်ကယ်နောက်မှ ခွထိုင်လိုက်ရင်း မေးလိုက်သည်။ သူရက ဆိုင်ကယ်ကလပ်ကို ဆောင့်လွှတ်ရင်း

"ကန်ပတ်လမ်းမှာ နဒီနဲ့ စောင့်နေတယ်"

သိပ်မကြာသော အချိန်တွင်းမှာပင် သူရရဲ့ ဆိုင်ကယ် က ကန်ပတ်လမ်းရှိ အရိပ်ရ သစ်ပင်တန်းများရှိရာတွင် ထိုး





ဆိုက်သွားသည်၊ ယူကလစ်ပင်အောက်တွင် နဒီနှင့် ပုလဲကို ဆိုင်ကယ်တစ်စီးနှင့်အတူ ရပ်လျက် မှုန်တေတေ မျက်နှာထားများ ဖြင့် တွေ့လိုက်ရလျှင် အခြေအနေက သိပ်မကောင်းတော့ဘူးဆို တာ နားလည်လိုက်ရလေသည်။

သူ ရောက်လာတာ မြင်တာနှင့် နဒီက အသာရှောင် ပေးသွားသည်။

"ပုလဲ ... ဘာဖြစ်လို့လဲ"

သူ့ကို ကြည့်လာသော ပုလဲရဲ့ မျက်လုံးများသည် ကြွေကွဲမှုနှင့် ဒေါသဖြစ်မှုတို့ ပေါင်းစပ်ထားခြင်းကြောင့်လားတော့ သိ၊ အရည်တဖျပ်ဖျပ်လက်ကာ အရောင်တလဲ့လဲ့ တောက်ကာ နေသည်။

"မြစ်မင်းမှာ အိမ်က သဘောတူထားတဲ့သူ၊ အချင်းချင်း လည်း ရည်းစားဖြစ်နေကြတဲ့ မိန်းကလေး ရှိတယ်ဆို"

ပထမတော့ သူက ဘယ်ကသိလဲ၊ ဘာလဲနှင့် မေး လိုပင်။ သို့သော် ဒီပုံအတိုင်းဆို ဇာတ်လမ်းဟာ ဒီနေရာမှာပဲ ပြတ်တော့မဲ့ဒီဇိုင်း ဖြစ်နေသည်။ ဒါကြောင့် သူက ခပ်တည် တည်ပဲ ဝန်ခံလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ပုလဲ"

ဒီလိုကြီးတော့ ယတိပြတ် ဝန်ခံလိမ့်မည်ဟု ထင်မ ထားသော ပုလဲသည် သူ့စကားကြောင့် ခေတ္တမျှတော့ အငိုက် မိသွားဟန်တူသည်။

ပြီးတော့မှ တဆတ်ဆတ်တုန်ယင်လာသော နှုတ်ခမ်း များနှင့်အတူ ...

"ဒါဆိုရင် ရှင် ဘာဖြစ်လို့ ပုလဲကို လှည့်စားခဲ့ရတာလဲ၊ သက်သက် ယုတ်မာတာပေါ့နော်၊ ဟုတ်လား"

"ဆောရီး ပုလဲ၊ ကိုယ် အဲဒီလို ရည်ရွယ်ခဲ့တာ မဟုတ်ပါ ဘူး"

"ဘာ ... အဲဒီလို ရည်ရွယ်ခဲ့တာ မဟုတ်ဘူး၊ ဟုတ်လား။ ဒါဆိုရင် ဘာလဲ၊ ရှင့်မှာ လက်ထပ်ရမဲ့ မိန်းကလေးတစ် ယောက်လုံး ရှိတာတောင် ကျွန်မကို ဖော်တ်လမ်းစ,ခဲ့တာ ဘာရည်ရွယ်ခဲ့တာလဲ ...

ရှင်တို့ ယောက်ျားတွေဟာ အလကား၊ ဆန္ဒတစ်ခုပဲ သိတဲ့ဟာတွေ၊ မိန်းကလေးတစ်ယောက်ကို နမချင်းမစာ နာတတ်တဲ့သူ၊ အခွင့်အရေး ယူတတ်တဲ့ ယောက်ျား"





ပုလဲရဲ့အသံက ဒေါသကြောင့် ကျယ်လောင်စူးရှ နေလေသည်။ အသံတွေကို ကြားသဖြင့် အခြေအနေ မကောင်း ဘူးဟု ထင်ကာ ပြေးလာသော သူရက ပွဲကိုဝင်ထိန်းသည်။

"ပုလဲ ... ပြေပြေလည်လည် ပြောကြပါဟာ၊ ဒေါသမကြီး ပါနဲ့"

"နင်လည်း ဘာမှဝင်ပြောမနေနဲ့၊ နင်တို့တွေ တစ်ကျိတ် တည်း တစ်ဉာဏ်တည်းတွေချည်းပဲ၊ မိန်းကလေးတစ် ယောက်ကို အပျော်တွဲပြီး အလကား ဒုက္ခပေးတဲ့ကောင် တွေ ...

နင်တို့အလှည့်ကျမှ ကော့နေအောင် ခံရမယ်မှတ်"

ပုလဲက ဒေါသတကြီး ပြောဆိုကာ နဒီနှင့်အတူ ထွက်သွားလေသည်။ ပုလဲ ထွက်သွားမှပင် သူ့ရင်ထဲက အပူလုံး ကြီးက ပြုတ်ကျသွားတော့သည်။ သူရက သူ့ပခုံးကို လာဖက် ကာ ...

"တစ်တောတော့ ရှင်းသွားပြီပေါ့ကွာ၊ နဒီကတောင် ငါ့ကို တင်းနေတာကွ၊ သူ့ကို ပြောမပြရကောင်းလား ဆိုပြီးတော့၊ ဘာဆိုင်လို့ ပြောပြရမှာလဲ ...



www.burmeseclassic.com

www.burmeseclassic.com



တို့ယောက်ျားတွေမှာ ဒါမျိုးကိစ္စတွေ နှုတ်လုံပြီး စည်းလုံးတာ သူတို့မှ မသိတာ”

“ဒါနဲ့ ပုလဲက သက်ပန်နဲ့ ကိစ္စကို ဘယ်လိုလုပ် သိသွားတာလဲ”

“သြော် ... သူတို့ မိန်းကလေးတွေမှာလည်း လူစုံရင် တို့လို ကြွားတတ်တဲ့ အကျင့်လေးတွေ ရှိတာပေါ့ကွာ၊ ဒါနဲ့ သူ့လူကဘယ်လို ကိုယ့်လူကဘယ်လို ပြောကြတာပေါ့၊ ပုလဲကလည်း မင်းအကြောင်းကို ကြွားတာပေါ့၊ မင်းအဖြောင့်တယ် မဟုတ်လား ...

အဲဒါနဲ့ သူတို့အုပ်စုထဲမှာ မင်းနဲ့ သက်ပန်အကြောင်းကို သိတဲ့လူတစ်ယောက်က ပါလာတယ်၊ ဒီတော့ ကြွင်းတွေ အားလုံးရှုပ်ကုန်ပြီ၊ နောက်ဆုံး မင်းနဲ့ ဒီလိုစာရင်းရှင်းကြတာပေါ့ကွာ ... အဲဒါပဲ”

“မင်းကိုလည်း နဒီက တင်းသွားတဲ့ပုံပဲ၊ ငါ့ကြောင့် မင်းတို့ပြဿနာတက်နေပါဦးမယ်ကွာ”

“တက် ... တက်၊ သူ့ကိုလည်း ငါက အုံးမစားသူ မန္တလေးရောက်ရင် တွေ့ဦးမှာတွေက အများကြီး ဝင်းတူးကမ်း သရီးရယ်ဒီပဲ ...





ကဲ ... မင်းလည်း အေးဆေးဖြစ်သွားပြီ မဟုတ်လား၊ ဆေးကျောင်းမှာ သက်ပန်နဲ့ အငြိမ် လှုပ်ရှားနိုင်ပြီ... All Ok ...”

သူရက လက်ညှိုးနှင့် လက်မကို ဝိုင်းပြီးနောက် အားလုံး အရှင်းဆိုသော ပုံစံဖြင့် လုပ်ပြလျှင် သူက သဘောကျစွာဖြင့် ပြုံးမိသေးသည်။ အဲဒီနောက် ဘယ်တော့မှ အပျော်ရည်းစား ထပ်မထားတော့ဘူး ဟူ၍လည်း အလိုလို ဆုံးဖြတ်ချက်ချပြီး ဖြစ်လို့နေပေသည်။

✧

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင် အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





သူဟာ မန္တလေးကိုရောက်၍ အဆောင်မှာ အားလုံး နေရာတကျ ပြင်ဆင်ချထားပြီးလျှင် ၂၉ x ၃၀ ကြား၊ ၇၃ x ၇၅ ကြား၊ ကသည်းဝင်းရှိ သက်ပန်ရဲ့ အဆောင်သို့ ဆိုင်ကယ်နှင့် အေးအေးလူလူ ထွက်လာခဲ့သည်။ မန္တလေးဟာ တစ်ချိန်က စက်ဘီးမြို့တော်ဟု နာမည်ကြီးခဲ့သော်လည်း အခုချိန်မှာတော့ ဆိုင်ကယ်မရှိလျှင် ခြေထောက်ကျိုးသည်ဟု ယူဆရလောက်အောင် ဆိုင်ကယ်တစ်စီးလောက်မှ မရှိလျှင် အလုပ်သိပ်မဖြစ်ချေ။





သက်ပန်လည်း ဆိုင်ကယ်တစ်စီး ယူထားလေရာ နောက်ဆိုလျှင် သူတို့နှစ်ယောက်စလုံး အဆင်ပြေမည့် အရေးကို တွေးရင်း ကြည်နူးလာလေသည်။ သို့သော် အားလပ်ရက် အတူ သွားကြမည့် အချိန်များတွင် သက်ပန်ကို သူ့နောက်မှာတင်ဖို့မှ လွဲ၍ တခြားအခွင့်အရေး မပေးနိုင်ချေ။

သူဟာ အဆောင်ရှေ့သို့ ရောက်လာလျှင် ပါလာမှာ သက်ပန်ကို ခေါ်ပေးဖို့ အကြောင်းကြားလိုက်သည်။ ခဏကြာလျှင် သူ့ရဲ့သက်ပန်သည် လွတ်လပ်ချောင်ချိသော စပန့်ချ်ဂါဝန် ရှည်တစ်ထည်ဖြင့် ရောက်လို့လာလေသည်။ ဒီပုံလေးကလည်း မဆိုးပါဘူးဟု တွေးမိသဖြင့် ...

"သက်ပန် ... ဒီနားမှာ တုတ်ထိုးသွားစားရအောင်"

သက်ပန်က သူ့ကို ကြည့်လာသော မျက်ဝန်းများသည် ပကတိတည်ငြိမ်၍ နေလေသည်။ သူ့ကို အဲဒီလို တည်ငြိမ်စွာ စူးစမ်းအကဲခတ်နေသည်မှာ အကြာကြီးမို့ သူတောင်အနေခက်သလို ဖြစ်လာသည်။

"သက်ပန် ... ဘာဖြစ်နေတာလဲ၊ သွားစားမယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



သက်ပန်က ခေါင်းကို ဖြည်းဖြည်းခါယမ်းပြသည်။ တိုးတိတ်သော လေသံမျှဖြင့် ...

"နင့်ကို ငါ အရမ်းအရေးကြီးတဲ့စကား ပြောစရာရှိတယ် မြစ်မင်း"

သက်ပန်ရဲ့ပုံစံသည် တစ်စုံတစ်ခုကို သေရေးရှင်ရေးတမျှ အရေးကြီးနေသလို အတူးတည်ငြိမ်လေးနက်လို့နေသည်။ အဲဒီပုံစံကြောင့် သူပါ ထိုင်ရမလို ထရမလိုနှင့် ဖင်တကြွကြွဖြစ်လို့လာလေသည်။

သူ့တစ်သက်တွင် ဤမျှလောက်သော တည်ငြိမ်ရင့်ကျက်မှုမျိုး သက်ပန်ရဲ့မျက်နှာပေါ်တွင် မမြင်ခဲ့ဖူးချေ။

"ပြောလေ သက်ပန်၊ နင့်မှာ ဘာအခက်အခဲ ရှိနေလို့လဲ"

"ငါ ဒီဆုံးဖြတ်ချက်ကို အကြိမ်ကြိမ်အခါခါ စဉ်းစားပြီးမှ ဆုံးဖြတ်ခဲ့တာပါ မြစ်မင်း၊ ဒီအတွက် ပြင်ဆင်ဖို့ စိတ်ထားလုံးဝမရှိဘူး"

ပြောရင်းနဲ့ သက်ပန်ရဲ့မျက်နှာသည် တင်းမာခိုင်မာမှုတွေ တဖြည်းဖြည်း ထင်ဟပ်လို့လာသည်။

"နင် ဘာပြောချင်တာလဲ သက်ပန်"





"နင်နဲ့ငါ လမ်းခွဲကြစို့ မြစ်မင်း၊ အင်းလေ ... လမ်းခွဲကြစို့ဆိုတာ နှစ်ဦးသဘောတူ ညှိသလို ဖြစ်နေတယ်၊ နင်သဘောတူသည်ဖြစ်စေ မတူသည်ဖြစ်စေ ငါကတော့ နင့်ကို ချစ်သူအဖြစ် လုံးဝမသတ်မှတ်နိုင်တော့ဘူး ...

ပြီးတော့ ... ငါ့ရင်ထဲမှာလည်း သစ္စာမဲ့သူတစ်ယောက်အတွက် အချစ်ဆိုတာ မရှိတော့ဘူး"

သူ့ခေါင်းပေါ်သို့ မိုးကြိုးငါးစင်းလောက် တစ်ပြိုင်နက် ပစ်ချခံလိုက်ရသလို ခံစားသွားခဲ့ရသည်။ ရုတ်တရက် နင်သွားသည်မှာ ဘာမှတောင် ပြန်မပြောနိုင်ချေ။

သက်ပန်ရဲ့ မျက်နှာကတော့ အစွမ်းကုန်ရက်စက်ညှိသူလို အေးစက်မှုန်မှိုင်းလို့ နေသည်။

"မ ... မဟုတ်သေးဘူး သက်ပန်၊ နင် ထင်နေတာတွေ မှားနေပြီ"

သက်ပန်က သူ့ကို သရော်တော်တော် မျက်လုံးများဖြင့် ဖျတ်ခနဲဆိုရုံကြည့်ကာ ...

"နင် ငါ့ကို တစ်ခါပဲ လိမ်လို့ရမယ် မြစ်မင်း၊ အေး ... အဲဒီတစ်ခါကလည်း နင့်ကို ငါ သံသယရှိခဲ့ပေမဲ့ ချစ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



စိတ်နဲ့ရော၊ နောက်ပြီး နင်ဟာ ငါ့အပေါ်မှာ ဒီလောက်တော့ မရက်စက်တန်ကောင်းပါဘူး ဆိုတဲ့ အတွေးနဲ့ရော နင့်ကို ငါ ယုံကြည်ခဲ့တယ် မြစ်မင်း ...

ဒါပေမဲ့ နင်ဟာ ငါ့ယုံကြည်ချက်တွေကို ရိုက်ချိုးခဲ့တယ် မြစ်မင်း၊ နင်နဲ့ ဖြစ်ခဲ့တဲ့ မိုးပုလဲ ဆိုတဲ့ ကောင်မလေး ငါ ဒီကို မလာခင်တစ်ရက်က အိမ်ကိုရောက်လာတယ် ...

ပြီးတော့ သူနဲ့ နင့်ရဲ့ပတ်သက်မှုတွေကို နားရှက်စရာကောင်းအောင်ကို ပြောပြသွားတယ် ...

သူက နင့်ကို ငါနဲ့အကြောင်း ဖွင့်မေးတဲ့အခါ နင်က ဟုတ်တယ်လို့ ဝန်ခံတယ်တဲ့၊ သူ့ကိုတော့ အပျော်တွဲခဲ့တာ ဆိုတာ သိရပေမဲ့ နင့်ကို မကျေနပ်တာကြောင့် ငါ့ကို လာပြောပြတာလို့ ပြောတယ် ...

နင်ဟာ သူ့ကို အပျော်ပဲတွဲတွဲ တကယ်ပဲချစ်ချစ် ငါ့အပေါ်မှာ သစ္စာမဲ့ခဲ့တာပဲ မြစ်မင်း၊ အဲဒါကို နင် မငြင်းနဲ့"

"ဒါ ... ဒါပေမဲ့ ... သက်ပန်ရယ် ..."





"နင် ငါ့ကို ဘာမှရှင်းပြဖို့ ကြိုးစားမနေတော့နဲ့ မြစ်မင်း၊ နင့်ကို ငါ ယုံကြည်ထားသမျှ အထင်ကြီးထားသမျှ အားလုံး အလကား ဖြစ်သွားပြီပဲ ...

နင်ဟာ ဘယ်လိုယောက်ျားမျိုးဆိုတာ သိလိုက်ရတော့ နင့်ကို ဆက်ပြီးလက်မတွဲချင်လောက်အောင် စက်ဆုပ်သွားတယ်"

သက်ပန်ရဲ့ စကားကြောင့် သူသည် ချက်ချင်းပဲ အငွေ့ပျံ ပျောက်ဆုံးသွားသလို ခံစားသွားရသည်။ သက်ပန် ဘာကိုဆိုလိုချင်မှန်း သိလျှင် မျက်နှာတစ်ပြင်လုံး ရေနွေးပူနှင့် အပက်ခံရသလို ပူနွေးစုတ်ပြတ်သွားသည်ဟု ထင်ပါသည်။

"သက်ပန် ... နင့်ကို ငါ ဘယ်လိုတောင်းပန်မှ ကျေနပ်မှာလဲ၊ ငါ မှားခဲ့ပါတယ်၊ ဒါပေမဲ့ ..."

"ဆန္ဒကို မလွန်ဆန်နိုင်လို့ပါ၊ ဟုတ်လား မြစ်မင်း၊ နင်တို့ ယောက်ျားလေးတွေဟာ ဘာကြောင့်များ အချစ်နဲ့အတူ လွတ်လပ်ခွင့်တွေကိုပါ တွဲမြင်နေတတ်သလဲဆိုတာ ငါ စဉ်းစားလို့ကို မရဘူး ..."



www.burmeseclassic.com

www.burmeseclassic.com



ထားပါလေ၊ ဘယ်လိုပဲ ဖြစ်ဖြစ်ပါ၊ နင် ငါ့ကို ဘယ်လိုနည်းနဲ့မှ တောင်းပန်ဖို့ စိတ်မကူးနဲ့တော့ မြစ်မင်း၊ နင်လည်း ငါ့စိတ်ဓာတ်ကို အသိဆုံးပဲ ...

အထူးသဖြင့် နင်ဟာ ငါ့အပေါ်မှာ သစ္စာမဲ့ခဲ့တယ် ဆိုတဲ့ အဖြစ်ကို ငါ ဘယ်တော့မှ ခွင့်မလွှတ်ဘူး ...

အဲဒါ နင် မြဲမြဲမှတ်သွားလိုက်၊ ဒါပဲ။ နင် ပြန်တော့ မြစ်မင်း ...

ဒီနေ့ကစပြီး နင်နဲ့ ငါနဲ့ဟာ ဘာမှမဆိုင်တော့ဘူး ဆိုတာ မြဲမြဲမှတ်သွားပါ ...

သူငယ်ချင်း ဆိုရင်တောင် သိပ်ရင်းနှီးတဲ့ ငယ်ပေါင်း ကြီးဖော် သူငယ်ချင်း စာရင်းထဲမှာ နင်မပါတော့ဘူး ...

နင်ဟာ ငါ့အတွက် အဝေးဆုံးလူ ဖြစ်သွားပြီ"

သက်ပန်သည် နောက်ဆုံးစကားကို နင့်နင့်နဲနဲကြီး ရေရွတ်ကာ သူ့ကို စိမ်းရှရှ တစ်ချက်ကြည့်လျက် ချာခနဲလှည့် ထွက်လို့သွားလျှင် သူဟာ ဘယ်လိုမှ မတတ်နိုင်ဘဲ ကျန်ရစ်ခဲ့ ရသည်။





သွားပြီ ... ဆုံးရှုံးပြီ ဆိုသော အသိများသည် ရင်ကို ဖိစီးနှိပ်စက်သည်မှာ နေစရာ နေရာတောင် မရှိချေ။ အချစ်ကို ဆုံးရှုံးလိုက်ရပြီဆိုသော အဖြစ်အပျက်သည် သူ့ဦးနှောက်တွေ ရော နှလုံးသားကိုရောပါ ပွက်ပွက်ဆူလောင်စေပါသည်။

သက်ဝန် ကြည့်သွားသော အကြည့်များထဲတွင် ယောကျ်ားတစ်ယောက်အဖို့ ရှက်တတ်လျှင် သတ်သေချင်စရာ ကောင်းသော အထင်သေးသော မျက်ဝန်းတွေပါသည်။

ပြတ်သားတတ်သော နှုတ်ခမ်းများဟာ ပြောပြီးလျှင် ပြန်ပြင်ဖွယ်ရာ မရှိသော စကားလုံးတွေ ပါဝင်သည်။ ချာခနဲ လှည့်ထွက်ကာ ကျောခိုင်းထားသော ခြေလှမ်းတွေသည် သူနှင့် အဝေးကြီး ဝေးသွားပြီဟူသော အသိတို့ကို ဖော်ပြနေသလို ရှိလေသည်။

ဒုမ္ဗော်လင့်ကြီး မျှော်လင့်ခဲ့ရသော ရင်ခွင်တစ်ခု ဟာ ပြိုကျပျက်စီး ဆုံးရှုံးသွားခဲ့ရလျှင် သူများထက် အဆပေါင်း များစွာ ပိုခံစားရသည်။ ဒါပေမဲ့ ဒီရင်ခွင်ကို ဖြိုချသူမှာ တကယ် ဆမ်းတွင် ဒသက်ပန် မဟုတ်ခဲ့။ ပုလဲလည်း မဟုတ်ခဲ့။

တစ္ဆေ ငါကိုယ်တိုင်ပါပဲ ...။



www.burmeseclassic.com

www.burmeseclassic.com



အလွန်လှပသော မန္တလေးညနေခင်းသည် သူ့ရဲ့ အသည်းကွဲဒဏ်ရာကို ရက်ရက်စက်စက် ဥပေက္ခာပြုထားခဲ့လေသည်။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင် အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ ... ရိပ်သာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။







❤ တိမ်ညိုတွေ ပြိုဖို့အတွက်
မှာချမဲ့ မိုးရေစက်တွေကို
ငါ့မျက်ရည်တွေက
စပွန်ဆာပေးတယ်။ ။

❤ မန္တလေးသွားလမ်းကမျှော်လို
ကြည်နူးဖို့ မကောင်းတဲ့



www.burmeseclassic.com

www.burmeseclassic.com




တို့ဓာတ်လမ်းမှာ
အလွမ်းတွေ နိစ္စဓူးဖို့
နှလုံးသားတစ်ခုလုံး ရဲပေးရတယ်။ ။

❤ ပြက္ခဒိန်တွေ အသစ်လဲသွားလည်းပဲ
အမုန်းတွေကို မလျှော့ဖွပ်ပစ်သေးတဲ့ ချစ်သူကြောင့်
နားလည်မှု အလွဲတွေနဲ့ ရှေ့ဆက်
အမှားဆိုတာ ပြင်ဆင်ခွင့် ပြန်[illegible]သေးတဲ့သူ။
ဆုတောင်းများခဲ့တော့လည်း
သူ့အကြောင်းတရားနဲ့ သူပေါ့ ...
ယုံကြည်ပါ ချစ်သူ ...
တို့အသက်တွေ ရင့်ကျက်လာတိုင်း (မင်းကို ...)
နှစ်ဆတိုးပြီး ချစ်နေဦးမှာပါ။ ။








www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၈)

သက်ပန်က ပေးသော ချစ်ခြင်း၏ အပြစ်ဒဏ်သည်
သူ့အတွက်တော့ သတ္တဝါနဲ့လက်နက် မမျှသလို ကြီးမားပြင်းထန်
ခဲ့ပါသည်။ သူ့ဘက်ကကြည့်တော့ သက်ပန်ဟာ ရက်စက်မိမ်း
ကားနိုင်လွန်းသည်ဟု ထင်ရသော်လည်း သက်ပန်ဘက်က ကြည့်





လျှင် သူဟာ သစ္စာမဲ့သော ချစ်သူတစ်ယောက်အဖြစ် လုံးဝခွင့်မလွှတ်နိုင်သော အမှုကို ကျူးလွန်ခဲ့သည်တဲ့။

သူဟာ သက်ပန်ရဲ့ ခွင့်လွှတ်မှုကိုရဖို့ နည်းလမ်းမျိုးစုံနှင့် ကြိုးစားခဲ့သည်။ တောင်းပန်ခဲ့သည်။ အားလုံး အချည်းနှီးသာပင်။ သက်ပန်ဟာ သူ့ကို စူးစိုက်စွာကြည့်ရင်း ယတိပြတ်ပြောကြားခဲ့သည်မှာ ...

"နင့်လုပ်ရပ်တွေကို ရုပ်တန်းကရပ်တော့ မြစ်မင်း၊ ဒီအတိုင်း ဆက်လုပ်နေရင် နင့်မျက်နှာကို ငါ လုံးဝမကြည့်ချင်တော့လောက်အောင် ဖြစ်သွားမယ် ...

နင့်အဖြစ်ကို နင်သိပြီး အေးအေးဆေးဆေးမှာ တစ်သက်လုံး ပေါင်းလာတဲ့ သူငယ်ချင်း သဲဟားပေါ် နင့်ကို မေးထူးခေါ်ပြော၊ ငါ လုပ်နိုင်သေးခဲ့ဖူးတယ် ...

နင့်အတွက်က မိန်းမ မရှားပါဘူးတယ် ..."

တောင် ရည်းစားဖြစ်အောင် စွမ်းနိုင်ခဲ့နေ၍ လှမ်းမြင် မိန်းမတစ်ယောက်အတွက်နဲ့ အချိန်ကုန်လွမ်းလွမ်းဆွတ်

သက်ပန်က သူ့ကို ခနဲ့တဲ့တဲ့ စကားသူ့ကိုယ်စား
တ်ခဲ့လျှင် သူ့မှာ ဘယ်လိုမှ ခံနိုင်ရည်အား မရှိချေ။

www.burmeseclassic.com

www.burmeseclassic.com



ပြောသော စကားတွေထက် သက်ပန် ကြည့်သော အကြည့်တွေ က သူ့ရင်ကို ပို၍နာကျင်ရှက်ရွံ့စေတာ ဖြစ်လာသည်။ သူ့ရဲ့ အခန်းဖော်ရော အတန်းဖော် သူငယ်ချင်းပါ ဖြစ်သည့် ကျောက်ခဲ သား စိုင်းနွံတောင် သူ့အကြောင်းကို အတော်သိနေပြီဖြစ်သည်။ စိုင်းနွံသည် သူရတို့ အာကာတို့လို မဟုတ်ချေ။ လူက အေး အေးသော်လည်း ခေတ်မီသော အတွေးအခေါ်ရှိသလို သူ့ကိုလည်း အကြံဉာဏ်ကောင်းတွေ ပေးစွမ်းနိုင်သောသူ ဖြစ်သည်။ သူရတို့ နဲ့က ကျောင်းချင်းလည်း မတူတော့သလို အဆောင်ကလည်း ပြောင်းသွားသဖြင့် တကျူးတကချိန်းမှသာ တွေ့ဖြစ်တော့သည်။

အဲဒီလိုနှင့် ၃ MB ရောက်သည့်တိုင် လုံးဝခွင့်လွှတ် ပေးသေးသော သက်ပန်ကြောင့် သူ့နှလုံးသားတစ်ခု ...း‌ချိပင်ပန်းခဲ့ရပြီ ဖြစ်သည်။ ဒီလိုပဲ သူနှင့်အတူတူ ...ငါင်းဖြစ်ခဲ့ကြသည့် စိုင်းနွံတစ်ယောက်သည်လည်း သ...လမ်းကို ထုံးလိုကျေ ညက်ခဲ့ရသည်။

သူ့အတွက်တော့သည် တစ်နေ့တခြား အလုတွေ စုပုံလျက် ခဲ့ပါသည်။ သူ ဖူးပွင့်လာပြီဖြစ်သော ပန်းကလေးကို အဝေးမှ ကားနိုင်လွန်ရုံကလွဲ၍ ဘာမှမတတ်နိုင်တော့ပေ။ သက်ပန်သည်





သူ့ကို လုံးဝဥပေက္ခာပြုထားတာ ဖြစ်သည်။ ဆေးကျောင်းရဲ့ ခွားပြားရှုပ်ထွေးသော စာများနှင့်အတူ အသည်းကွဲဒဏ်ရာကိုပါ ထွေးပိုက်ထားရသော သူ့အဖြစ်ဟာ တကယ်ပဲ မသက်သာလှ ချေ။

တစ်ခါတလေ စိတ်တွေ သိပ်မွန်းကျပ်လာလျှင် သူဟာ စိုင်းနွံနှင့်အတူ တောင်သမန်အင်းဘက် သွားထိုင်ကြသည်။ နွန်ကြော်ကို တကြွပ်ကြွပ်ဝါးလျက် ရင်ထဲခံစားရသမျှကို ရင်ဖွင့် ခစ်လျှင် အတော်အတန်တော့ သက်သာသွားစမြဲ။

"အရင်ကကွာ၊ ဒီနေရာတွေကို သက်ပန်နဲ့ အတူတူ ခြေ ရာချင်းထပ်မယ်လို့ စိတ်ကူးထားတာကွ၊ ညနေစောင်းမှာ သက်ပန်ရဲ့ လက်ကလေးကိုတွဲပြီး ဦးပိန်တံတားပေါ် ဖြတ်လျှောက်ရတာ အတော်မိုက်မှာပဲလို့ တွေးခဲ့ဖူးတယ်... အတွေးနဲ့တင်ကို အရမ်းပျော်ခဲ့ရဖူးတယ် ..."

သူက မယ်ဇယ်ပင်ကြီးအောက်ကနေ၍ လှမ်းမြင် နေရသော တောင်သမန်အင်းကြီးကို ကြည့်ရင်း လွမ်းလွမ်းဆွတ် ဆွတ် ပြောလိုက်လျှင် စိုင်းနွံက သူ့ကိုကြည့်ကာ သူ့ကိုယ်စား ရှင်မောဟန်ဖြင့် သက်ပြင်းတစ်ချက် ချသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းက သက်ပန်ကို မျှော်လင့်နေတုန်းပဲလား မြစ်မင်း"

"ငါ အသက်ရှူတိုင်း သူ့ကို မျှော်လင့်နေတယ်"

သူ့အသံက တိကျမှုဖြင့် ရဲရဲတောက်ပလို့နေသည်။

"မင်းအတွက် မပင်ပန်းဘူးလားကွာ"

"ပင်ပန်းလည်း ငါ့အပြစ်တွေအတွက် ငါ ပေးဆပ်ရတယ်

လို့ပဲ သတ်မှတ်ပါတယ်ကွာ၊ ခုဆိုရင် 3rd MB ရောက်

ပြီ။ သူ့သဘောထားတွေ မပြောင်းလဲသေးဘူး၊ ဒါပေ

ငါ ကျေနပ်တယ်၊ သူ့မှာ နောက်ထပ် အချစ်သစ်မရှိသေး

တာကိုက ငါ့အတွက် မျှော်လင့်စရာတစ်ခုပဲ မဟုတ်လား"

"အချစ်သစ် ရှိခဲ့ရင်ရော"

သူက ခပ်ဝေးဝေးသို့ လှမ်းမျှော်ကြည့်လိုက်လျှင်

အိပ်တန်းတက်ဖို့ ပျံသွားသော ငှက်တစ်အုပ်ကို တွေ့လိုက်ရသည်။

တောင်သမန်၏ ညနေခင်းသည် အသက်ဝင်နေသော ပန်းချီကား

တစ်ချပ်လို ပစ်ရက်စရာမရှိအောင် ခမ်းနားလွန်းနေသည်။

"ရှိခဲ့ရင်လည်း ငါကတော့ ခွင့်လွှတ်ပေးရမှာပေါ့၊ သူ

အိမ်ထောင်မကျမချင်း မျှော်လင့်နေခွင့် ရှိတာပဲ မဟုတ်

လား"





"ဟာ ... ဒါဆို မင်းဘဝရဲ့ အချိန်တွေအားလုံးကို သူ့ဆီ

မှာပဲ မြှုပ်နှံထားတော့မှာလား"

စိုင်းနွံက လက်ဖက်ထမင်းကို အပြီးသတ်စားကာ

...း၀ါး၀ါးနှင့် ထ,မေးလေသည်။

"ငါ့ဘဝရဲ့ အချိန်တွေကို သူ့ဆီမှာမြှုပ်နှံထားတာ မဟုတ်

ပါဘူး ...

မင်းမြင်တဲ့အတိုင်း ငါ စာကို သေချာလုပ်နေတာပဲ။

ဆပ်ပလီထိမိုးဝေးလို့ ဂုဏ်ထူးတွေတောင် ထွက်နေတာပဲ

မဟုတ်လား။ ငါ့နှလုံးသား တစ်ခုလုံးကိုသာ သူ့ဆီမှာ

မြှုပ်နှံထားတာပါ"

"အချစ်များ သူ့ဆီမှာပေါ့၊ ဟုတ်လား"

စိုင်းနွံက သူ့ကို နောက်လိုက်ရင်းမှနေ၍ အချစ်

...သူ့ဆီမှာ သီချင်းကို အသံဝဲတဲတဲဖြင့် ဆိုပြသေးသည်မှာ

...ထောင်လို့တော့ ကောင်းသားပင်။

"သူ့စကားလေးများ ကြမ်းတဲ့အခါ xxx ကိုယ့်နှလုံးသား

လေး ဝမ်းနည်းသွား xxx နာကြည်းလို့ မခေါ်မပြော

လည်း xxx အချစ်များ သူ့ဆီမှာ xxx "

www.burmeseclassic.com



အဲဒီ သီချင်းထဲကလိုပင် သက်ပန်ဟာ သူ့ရှေ့ နာကြည်းစွာဖြင့် မခေါ်မပြောစေဦး၊ သူ့အတွက် ရင်ထဲမှာ တစ်စုံတစ်ရာ ကျန်ရှိသေးသည် ဆိုလျှင်ပဲ သူ ကျေနပ်နိုင်ပြီဖြစ် သည်။

"ဒီအတိုင်းဆိုရင်တော့ မင်း စိတ်ရှည်လက်ရှည်နဲ့ ကြိုးစား ယူရမှာပဲ မြစ်မင်း"

သူ့မျက်လုံးများသည် ရှေ့က စားပွဲတွင် ကျောပေး ထိုင်နေသော စုံတွဲတစ်တွဲဆီ ရောက်သွားသည်။ နှစ်ယောက်သား ဟာ တစ်စုံတစ်ခုကို သဘောကျ ရယ်မောနေသဖြင့် ကျောပြင်နှစ်ခုလုံး လှုပ်ခါလို့ နေလေသည်။

"ဘာဖြစ်လို့များ သက်ပန်ဟာ ဒီလောက် အစွဲအမှတ်ကြီး သလဲဆိုတာ ငါ စဉ်းစားလို့ မရဘူး စိုင်းနွံရာ၊ ဘာမှဟုတ် တဲ့ ကိစ္စလေးနဲ့"

စိုင်းနွံက ပြုံးလေသည်။ စားစရာ ဘာမှမကျန်တော့ သဖြင့် ရေနွေးကြမ်းကို ငှဲ့သောက်ရင်းမှ ...

"မင်းဘက်ကသာ ဘာမဟုတ်တဲ့ ကိစ္စလေးလို့ ထင်တာ လေ၊ ဒီမှာ မြစ်မင်း ... လူတိုင်းမှာ ကိုယ့်စံ သူ့စံ စံထား





တွေတော့ ရှိကြတာပဲကွ၊ သူများအတွက် ဘာမှမဟုတ်ဘူး ထင်တဲ့ ကိစ္စတွေဟာ ကိုယ့်အတွက် ကြီးကျယ်ချင် ကြီး ကျယ်နေတတ်တာပဲ မဟုတ်လား ...

မေသက်ပန်လို မိန်းကလေးမျိုးအတွက် သစ္စာတရား ဆိုတာ အကြီးကျယ်ဆုံး စံတစ်ခု ဖြစ်ရမှာပဲ၊ အေး ... အဲဒီလို စံမျိုးကို သူ့ချစ်သူကမှ ဖောက်ဖျက်ခဲ့ပြီ ဆိုမှတော့ ဘာပြောကောင်းတော့မလဲကွာ"

ကြောက်ပါတယ် ဆိုတာကမှ ဖြစ်ခြောက်နေသော စိုင်းနွံကို သူက မျက်စောင်းတစ်ချက်နှင့် ကြည့်မိသည်။

"ဘူမရှိုးနဲ့ ကိုယ့်လူ၊ ကောင်းပြီ ... မင်းကို ငါ မေးမယ်၊ မင်းနဲ့ မေသက်ပန်ဟာ 1st MB စတက်တည်းက ပြတ် တယ်၊ အခု 3rd MB ရောက်လာပြီ၊ မင်း သူ့ကို အစော ပိုင်းကာလတွေမှာ အနူးအညွတ် တောင်းပန်တယ် ...

ဒါပေမဲ့ ... မီးပုလဲကို ဘာကြောင့် စပယ်ယာရည်း စားအနေနဲ့ ထားခဲ့တယ်ဆိုတာ ပြောပြခဲ့လား"

"ဟာ ... အဲဒီလို ဘယ်လိုလုပ် ပြောကောင်းမှာလဲကွ"

"ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဖွီး ... ငါက ဘယ်လိုမျက်နှာနဲ့ ပြောရမှာလဲ၊ ဒါပေ
ပုလဲက အကုန်ဖွင့်ချသွားတော့ သက်ပန်လည်း ရိုပ်မိမှာပေ
နောက်ဆုံး လမ်းခွဲစကားဆိုတုန်းကတောင် နင်တို့ ယောက်ျာ
လေးတွေဟာ အချစ်နဲ့ လွတ်လပ်ခွင့်ကို ဘာကြောင့်ရွေ
မြင်တတ်ကြသလဲဆိုတာ ငါ စဉ်းစားလို့ မရဘူးလို့ ပြော
သွားသေးတာပဲ ...

သူ့အကြည့်တွေထဲမှာ ငါ့ကို နာဘူးကောင်လို့
ပြစ်ပြစ်နှစ်နှစ် ပြောနေတာ ငါ သိတယ်"

သူ့စကားကြောင့် စိုင်းနွံက တဟားဟားနှင့် ရယ်မော
သီးအောင်ပင် ရယ်မောရက်လေသည်။

"အဲဒီတော့ မင်းက အခု သစ္စာမဲ့ဗိုင်ကြီးကို တည်ပြုထား
တယ်ပေါ့"

"တည်ပြုထားတယ်လို့တော့ မဟုတ်ဘူးပေါ့ကွာ၊ ဒါပေမဲ့
ငါ့စိတ်ထဲမှာ သူနဲ့ငါ အပြီးဝေးသွားတယ်လို့ မခံစားရဘူး"

သူ နာကြည်းချက်တွေ ပြေတဲ့တစ်နေ့ကို ငါ
စောင့်မယ်၊ ဘယ်နေ့ဖြစ်ဖြစ်ပေါ့ကွာ၊ သူ ယောက်ျားမယူ
မချင်းပေါ့ ...

www.burmeseclassic.com



လူတိုင်းက အမှားနဲ့ မကင်းကြပါဘူးကွာ၊ ငါမှား
ခဲ့တယ်၊ အေး ... အဲဒီအတွက် သူက ပြစ်ဒဏ်ချထားတယ်
လို့ပဲ ငါ သတ်မှတ်တယ်၊ ဒါကြောင့် ဒီကြားထဲမှာ သူ
မကြိုက်တဲ့ကိစ္စ မှန်သမျှ ငါ ဘာမှမလုပ်ဘူး၊ စာကြိုးစား
တယ်၊ အေးအေးဆေးဆေးနေတယ် ...

အချိန်ကာလတစ်ခုမှာတော့ ငါ့အချစ်တွေကို သူ
ပြန်အသိအမှတ်ပြုပေးတန်ကောင်းတယ်လို့ပဲ ..."

သူက အဆုံးသတ်စကားကို ဆက်မပြောဖြစ်တော့
ဘဲ ငြိမ်သက်သွားမိသည်။ နေဝင်ချိန် ရောက်သွားပြီဖြစ်သဖြင့်
ထို Sun Set မြင်ကွင်း အလှရှုခင်းကို နိုင်ငံခြားသား ခရီးသည်
တွေက အသည်းအသန် အပီအပြင် ခံစားကာ ဗီဒီယိုရော၊
ဓာတ်ပုံတွေရောပါ မနားတမ်း ရိုက်ကူးနေကြလေသည်။

အဲဒီအချိန်မှာ အကြော်သည်မိန်းမနှစ်ယောက်သည်
အဲဒီ Sun Set ရှုခင်းကို ကျောပေးလျက် ကိုရီးယားဓာတ်ကား
အကြောင်းကို အာပေါင်အာရင်းသန်သန်ဖြင့် ပြောဆိုနေကြသည်။
နေလုံးကြီး ပျောက်ကွယ်ပျောက်ဆုံးသွားခြင်းအပေါ် ဘာခံစားမှုမှ
ရှိမနေပေ။

www.burmeseclassic.com

www.burmeseclassic.com



တန်ဖိုးထား ခံစားမှုဆိုတာ ကိုယ်ကပဲ ပြုလုပ်ဖန်တီးတာဆိုသော စကားလေးကို ပြန်လည်ကြားယောင်မိလျှင် သူ့ရင်မှာ နာကျင်ဆို့နင့်လို့လာသည်။

တန်ဖိုးထားချစ်တယ် ဆိုသော စကားရဲ့ အနက်အဓိပ္ပာယ်ကို သိရသည့် အချိန်တွင် သူ့အတွက် ခရီးတွေများစွာ လွန်ခဲ့ပြီဖြစ်သည်။

သက်ပန်ရယ် ... တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ငါ ဖြတ်ထားခဲ့တဲ့ တန်ဖိုးဟောင်းကို တန်ဖိုးသစ်နဲ့ ပြုပြင်လဲလှယ်ခွင့် ရှိရပါစေလား။







နှလုံးသားမှာ ချစ်ခဲ့မိသော အချစ်များဟာ ဒီအချိန်မှာတော့ တည်ငြိမ်စပြုပြီး ခံနိုင်ရည်တွေရှိပြီဟု ထင်ခဲ့သော်လည်း တကယ့် တကယ်တမ်းမှာကျတော့ မဟုတ်သေးပါလားဆိုတာ သူ လက်တွေ့သိခွင့်ရခဲ့သည်။ အဲဒီနေ့က သူနဲ့ စိုင်းနွံဟာ ဝယ်စရာပစ္စည်း နည်းနည်းပါးပါးရှိ၍ ရတနာပုံဈေးရှိ Sky Walk Shopping Mall သို့ ရောက်ခဲ့ချိန် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



Orange ထဲတွင် သူနဲ့ စိုင်းနွံသည် ဟိုဟိုဒီဒီ ကြည့်လျက် အသုံးလိုသည့် ပစ္စည်းများကို ခြင်းထဲ ကောက်ထည့်နေကြတုန်းမှာပဲ ထောင့်ချိုးတစ်ခုမှ ဘွားခနဲ ပေါ်လာသော အတွဲတစ်တွဲနှင့် တိုက်မိမလို ဖြစ်သွားလျှင် သူက ကမျာကယာ ဆောရီး လုပ်လိုက်သည်။

အဲဒီမှာပဲ သူ့အတွက် အံ့ဩစရာ (ရင်နင့်စရာ)ကို မြင်တွေ့လိုက်ရတာ ဖြစ်သည်။

"ဩော် ..."

"ဟာ ... မြစ်မင်း"

အဲဒီနှစ်ယောက်ရဲ့ နှုတ်ဆက်ပုံက မတူချေ။ တစ်ယောက်သောသူရဲ့ ဩော်သည် ဖော်ရွေခြင်း၊ လှိုက်လှဲခြင်း ကင်းစင်လျက်၊ တစ်ယောက်ရဲ့ အသံကတော့ သူ့ကိုတွေ့၍ ဝမ်းတော့သာသွားသည်။ ဒါပေမဲ့ ဂုဏ်ယူချင်သော ဝမ်းသာဟန်မျိုးကြီး ဖြစ်၏။

တနိုင်းသည် သူ့ကို ပြုံးစစနှင့် မေးဆက်ပြလျက် ...

"မတွေ့တာတောင် ကြာပြီ မြစ်မင်းရာ၊ မန္တလေးတစ်မြို့ထဲ ရှိနေတာတောင် မင်းက ငါ့ဆီ မလာဘူး၊ ငါက မင်း လိပ်စာ မသိလို့ကွ ...





ဘယ်မှာနေတာလဲ ..."

"(၇၄)လမ်းမှာ၊ အောင်ရတနာဆောင်၊ ယောက်ျားလေး ဆောင်ပေါ့"

တနိုင်းရဲ့ ပုံစံက သွက်လက်နေသလောက် သက်ပန်ကတော့ သူ့ကို ရှိတယ်ဟုတောင် သဘောမထားချေ။ ဘေးစင်ရှိ ပစ္စည်းများကို ဟိုဟိုဒီဒီ ကြည့်ကာနေသည်။ မတွေ့ရတာကြာနေသော အချိန်တွင်း၌ တနိုင်းရဲ့ပုံစံသည် လုံးဝပြောင်းလဲသွားပြီဖြစ်သည်။ တနိုင်းက ရတနာပုံတက္ကသိုလ်တက်ရင်းမှ သူ့အမေ၏ လုပ်ငန်းတွေမှာ ဝင်ကူညီနေရတာမို့ ကျောင်းပြီးချိန်တွင် လုပ်ငန်းရှင်ပေါက်စ ဖြစ်လို့နေချေပြီ။

ဟမ်းဖုန်းကို ခါးမှာချိတ်ထားရင်း ဟန်ပါပါစကားပြောနေသော ပုံစံဟာ ဟိုးယခင် ဆယ်တန်းကျောင်းသားဘဝကလို ကုပ်ချောင်းချောင်းပုံစံ မဟုတ်တော့။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိသည့် ယောက်ျားတစ်ယောက် အသွင်သို့ လုံးဝပြောင်းလဲသွားပြီဖြစ်သည်။

"သူငယ်ချင်းတွေဆုံတုန်း တစ်ခုခု သွားစားရအောင်လေ၊ ဒီနားက JJ ပဲဖြစ်ဖြစ်"



www.burmeseclassic.com

www.burmeseclassic.com



သူကတောင် ဘာမှမပြောရသေး သက်ပန်က တစ်သျှူးဘောက်စ်တွေ ရွေးနေရာမှ ဆတ်ခနဲလှည့်ကာ ...

"နင်တို့ဘာသာ သွားချင်ရင်သွား တနိုင်း၊ ငါ့ကို အဆောင်အရင်ပြန်ပို့ဦး"

"သက်ပန်ကလည်းဟာ"

တနိုင်းက သူ့ကို အားနာသလိုနှင့် ဝင်ဟန့်လေသည်။ အဲဒီလို အားနာပြသည် ဆိုတာကိုက သူကို သူစိမ်းသူယံအသွင် အဆင့်ခွဲလိုက်ခြင်း ဖြစ်သည်ဟု နားလည်ရသည်။

"ရတယ် တနိုင်း၊ နောက်မှ အေးဆေးဆုံတာပေါ့၊ ငါတို့လည်း သွားစရာ ရှိသေးလို့"

"အေးကွာ၊ မင်းဆီ ငါလာခဲ့ဦးမယ်၊ မင်းတို့ အဆောင်ဖုန်းနံပါတ် ပေးထားဦးလေ၊ ငါ့ဖုန်းလည်း မှတ်ထား (09 20 ------)တဲ့"

သူက ခေါင်းတစ်ချက်ဆတ်ကာ သူ့အဆောင်ဖုန်းနံပါတ် ပြန်ပေးလိုက်ရသည်။ အဲဒီအချိန်တွင် သက်ပန်သည် သူတို့အနားမှာ ရှိမနေတော့။ ခပ်လှမ်းလှမ်းသို့ ရောက်သွားပြီဖြစ်သည်။ တနိုင်းက သူ့ကို အဓိပ္ပာယ်ပါသော မျက်လုံးများဖြင့်





ကြည့်ကာ နှုတ်ဆက်ထွက်သွားခဲ့သည်။ သူ့နားထဲတွင် တစ်ချိန်က တနိုင်း ပြောခဲ့ဖူးသော စကားများကို ပြန်လည်ကြားယောင်၍ လာသည်။

["အေးပေါ့ကွာ၊ မင်းနဲ့ သက်ပန်နဲ့ ဖြစ်သွားတာ သူငယ်ချင်း အချင်းချင်း ဝမ်းသာပေးပါတယ်၊ ဒါပေမဲ့ မင်းတစ်ခု သိထားဖို့က အခြေအနေတွေက အမြဲတမ်းပြောင်းလဲနေတယ်ကွ၊ ဘယ်တော့မှ တစ်သမတ်တည်း မရှိဘူး၊ ခုချိန်မှာ သက်ပန်ရဲ့အချစ်ကို မင်း ရလိုက်ပေမဲ့ တစ်နေ့နေ့မှာ ဆုံးရှုံးချင် ဆုံးရှုံးသွားနိုင်သေးတာပဲ ...

အဲဒီလို ဆုံးရှုံးသွားတဲ့အခါမှာ ငါ ပြန်ကြိုးစားရင် မင်းလည်း ငါ့လိုပဲ ပြုံးနေနိုင်ပါစေ" ]

သူ့ နှလုံးသားထဲတွင် မိုးတွေ ရွာကျသွားသလို ရုတ်တရက် သည်းထန်သွားသည်။

မျက်လုံးထဲတွင် ဘာမှမမြင်တော့သလိုတောင် ဖြစ်၍သွားလေသည်။

သူဟာ တနိုင်း ဆိုသော အခြေအနေတစ်ခုကို သတိလက်လွတ် မေ့လျော့ထားခဲ့မိသည်။ ကျောင်းပိတ်ရက်မှာ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်အတူတူ ဈေးဝယ်ထွက်ရလောက်အောင် ရင်းနှီးပတ်သက်နေသော အဖြစ်ဟာ ...။

"တော်တော်အီသွားလား မြစ်မင်း"

သူ့ပခုံးကိုပုတ်ကာ မေးလိုက်သော စိုင်းနွံရဲ့အသံကြားမှပင် သူ့စိတ်နဲ့ ကိုယ်ဟာ ပြန်လည်ကပ်ငြိတော့တာဖြစ်၏။

"tea time ရောက်ပြီကွ၊ မင်းသီဟမှာ လက်ဖက်ရည်သွားသောက်ရအောင်ကွာ"

သူက ခေါင်းအသာညိတ်ပြလိုက်ရင်း Sky Walk စက်လှေကားမှ ဆင်းလာလျှင် တစ်ဖက်ပလက်ဖောင်း ကားပါကင်မှာ ရောက်နေပြီဖြစ်သော တနိုင်းနှင့် သက်ပန်ကို လှမ်းမြင်တွေ့လိုက်ရသည်။

ဝယ်ယူထားသော အထုပ်အပိုးတွေကို နောက်ခန်းထဲသို့ထည့်ကာ တနိုင်း ဖွင့်ပေးသော တံခါးမှနေ၍ သက်ပန်က ပြုံးရွှင်စွာ တက်သွားသည်။

ဒီမြင်ကွင်းသည် သူ့နှလုံးသားကို ဓားတုံးတုံးဖြင့် ကြိတ်လှီးနေသည့်အလား ဆိုးဆိုးဝါးဝါး ခံစားရစေပါသည်။





"ဟော့ကောင် အောက်ရောက်တော့မယ်နော်၊ ခလုတ်တိုက်ဦးမယ်"

စိုင်းနွံက နောက်သလိုလိုဖြင့် သတိပေးသော်လည်း သူ့မှာ ပြုံးတောင် ပြုံးမပြနိုင်တော့ချေ။ (၇၇)လမ်းရှိ မင်းသီဟလက်ဖက်ရည်ဆိုင်သို့ ရောက်လျှင် ချောင်တစ်ချောင် ဝင်ကပ်ရင်းလူက နွမ်းချည့်လို့နေပေသည်။

"မင်းရုပ်ကလည်းကွာ နေဆယ်စင်းနဲ့ ကျပ်တင်ခံထားရတဲ့ရုပ်လိုပဲ၊ ဒီလောက်လည်း ဖြစ်ပြမနေစမ်းပါနဲ့၊ မေသက်ဝန်နဲ့ ဟိုကောင်နဲ့က ဘာမှ ဖြစ်ဟန်မတူသေးပါဘူး"

"ငါ ဘာလုပ်ရမလဲကွာ"

သူ့ရဲ့ သေလုမြောပါး ဖြစ်နေပုံဟန်ကို စိုင်းနွံက မသက်မသာကြည့်ကာ သက်ပြင်းတစ်ချက် ချပေးသည်။ သူနဲ့ ချစ်သူရည်းစားတွေ ဖြစ်ခဲ့ကြတုန်းကတောင် နှစ်ယောက်အတူတူ ဘယ်မှ သွားလာဖူးခြင်းမရှိသော သက်ပန်သည် တနိုင်းနဲ့ကျတော့ ရှော့ပင်းတောင် အတူထွက်ကြသတဲ့လား။ ကျောင်းချင်းလည်း မတူ၊ နေတဲ့နေရာချင်းလည်း မနီးစပ်သော ဒီနှစ်ယောက်ဟာ ဒီလိုဆုံကြဖို့ဆိုတာ တကူးတက ချိန်းမှပဲ တွေ့ရမည့်ကိစ္စဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



“တနိုင်းခ ကြည့်ရတာ မေသက်ပန်ကို try နေဆဲပဲနဲ့ တူပါတယ်ကွာ။ အဆင်တော့ပြေပုံပဲ။ သူ မင်းကို ပြောပြထားတဲ့ စကားအခံလည်း ရှိတယ်မဟုတ်လား”

သူ ပြန်ပြောပြထားသော စကားကို စိုင်းနွံကတောင် မှတ်မိ၍နေသည်။ သူသည် စိတ်တွေ မွန်းကျပ်လွန်းသဖြင့် အလွန်ကြိုက်နှစ်သက်သော လက်ဖက်ရည်ကိုတောင် ကောက်မသောက်နိုင်ချေ။

“မေသက်ပန် ရင်ထဲမှာ မင်း ရှိသေးတယ်ကွ”

ဒီစကားကို စိုင်းနွံက အကြာကြီးစဉ်းစားပြီးမှ ပြောတာဖြစ်သည်။ အဲဒီစကားသည် သတိမေ့နေသော သူ့ကို ရေနှင့်ပက်၍နိုးလိုက်သလို ဆတ်ခနဲတော့ ဖြစ်သွားစေသည်။ ရေနစ်သေသူတစ်ယောက်အတွက် ကောက်ရိုးတစ်မျှင်ဟာလည်း အားထားစရာမဟုတ်ပါလား။

“မင်းက ဘာကို ကြည့်ပြောတာလဲ”

စိုင်းနွံက သူ စိတ်သက်သာရာရအောင် တမင်ပြောနေတာတော့ မဟုတ်မှန်း သူ သိသည်။ စိုင်းနွံက စားပွဲခုံကို လက်နှင့် တခေါက်ခေါက်ခေါက်ကာ ...





“မေသက်ပန်က မင်းကို လုံးဝ အံ့မစားတော့ဘူး ဆိုရင် အေးဆေးပဲ နှုတ်ဆက်နိုင်ရမှာပေါ့။ သူ့ဘေးမှာလည်း တနိုင်းခ တစ်ယောက်လုံး ပါသေးတာပဲ၊ မင်းကို ကလိချင်ရင် ကလိလို့ရတဲ့နည်းတွေ အများကြီးပဲ ...

ဒီလို မင်းတို့အတူတူ မုန့်မစားနိုင်တာ မထိုင်နိုင်တာကိုက သူ့ရင်ထဲမှာ မင်း ရှိသေးတယ် ဆိုတာကို ပြနေတာပဲကွ ...

မင်းကို နာကြည်းနေတုန်းပဲ စိတ်ဆိုးနေတုန်းပဲ တစ်နည်းအားဖြင့် နာကြည်းနေတုန်းပဲဆိုတာကလည်း တစ်မျိုးဝမ်းသာစရာကောင်းတာပဲ”

“မင်းကလည်းကွာ ဟုတ်မလိုလိုနဲ့”

သူက အခုမှ ကမူးရှူးထိုးဖြစ်ကာ လက်ဖက်ရည်ကို မော့သောက်ဖြစ်လေသည်။

“ဟာ ... ငါ တကယ်ပြောနေတာ၊ နာကြည်းနေတုန်းပဲဆိုရင် နာကြည်းတာကို ပျောက်အောင်လုပ်လို့ရတယ်။ ဒါဟာ သူ့စိတ်ထဲမှာ မင်းကို နာကြည်းတယ်ဆိုတဲ့ နေရာတစ်နေရာ ပေးထားလို့ပဲ ...



www.burmeseclassic.com

www.burmeseclassic.com



အေး … ဘာခံစားချက်မှ ရှိမနေဘူးဆိုရင် လုံးဝ neglect(ဥပေက္ခာပြု)လုပ်ထားနိုင်ရမယ်လေ။ အေးဆေးဝဲ မုန့်စားမလား … စား၊ တနိုင်းခနဲ့ အတူတူယှဉ်ထိုင်ပြီး တွဲစားပြလိုက်စမ်း၊ အဲဒီကျ မင်း ဒီထက်တောင် ကျွတ်သွားဦးမယ်, …

ငါပြောတာ ဟုတ်,မဟုတ် မင်း စဉ်းစားကြည့်"

သေသေချာချာ စဉ်းစားကြည့်တော့လည်း စိုင်းနွံ ပြောတာတွေဟာ ဖြစ်နိုင်ချေများလို့နေသည်။ ဒါကို သူ ဘာလို့ မတွေးတတ်ခဲ့မိတာပါလိမ့်။

ဒီလိုတွေးမိသွားလျှင် သူ့ရင်ထဲ၌ သက်တံတစ်ခု ဖြစ်ပေါ်လို့သွားသည်။

"ဒီတော့ ငါ ဘာဆက်လုပ်ရမလဲ"

စိုင်းနွံက သူ့ကို မေးပင့်၍ တစ်ချက်ကြည့်ကာ –

"မင်း သူ့ကို ပြန်လိုက်ချင် လိုက်တော့ပေါ့"

"ဘယ်လို ! ပြန်လိုက်ရမယ် ဟုတ်လား"

"ဟုတ်တယ်လေ၊ သုံးနှစ်တိတိ မင်း အပြစ်ဒဏ်တွေကို ဆေးကြောထားပြီးပြီပဲ။ သူ့ရှေ့မှာ အမှားအယွင်း အကင်းဆုံး နေပြထားတာပဲ …



ပြီးတော့ မင်းကံ အချာလည်း မဟုတ်ပါဘူးကွာ၊ ဒီလောက်စာတော်ပြီး ရုပ်ဖြောင့်နေတဲ့ မင်းအနားမှာ ဝိုင်းဝိုင်းလည်နေမှန်း သူလည်း သိမှာပါ …

ဒါတွေကို လှည့်မကြည့်ဘဲ သူ့ကို စောင့်နေတဲ့ အဖြစ်ကို သူလည်း မသိစိတ်ကတော့ အသိအမှတ်ပြုချင်ပြုမှာပါ"

စိုင်းနွံရဲ့စကားတွေသည် သူ့ရင်ခုန်သံတွေကို စည်းချက်မြန်လာစေသည်။ သူ့မျက်လုံးထဲတွင် စိတ်ကောက်ပြေသွားတိုင်း နှုတ်ခမ်းလေးထော်ကာ ပြုံးတတ်သော သက်ပန်ရဲ့ ချစ်စဖွယ် ပုံရိပ်တို့က လွှမ်းမောဖွယ် ထင်ဟပ်၍လာလေသည်။

အဲဒီအခါတိုင်း သူက "အရင်တစ်ခါ စိတ်ကောက်တတ်တဲ့ မင်းရဲ့မျက်နှာ xxx ငါ ပြန်ချော့လိုက်လို့ ပြုံးသွားတဲ့ အခါ xxx လေပြည်တွေလို ကြည်နူးစွာ၊ xxx နူးညံ့မှုတွေပေးတဲ့ မျက်နှာ xxx"ဟူသော သီချင်းလေးကို ညည်းပြတတ်တာကအစ ရင်ခုန်ဖွယ်ဖြစ်အောင် ပြန်သတိရသွားသည်။

"မင်းတို့က ငယ်ရည်းစားတွေပဲကွာ၊ ငယ်ကအချစ် အနှစ်တစ်ရာမမေ့သာတဲ့၊ ငယ်ရည်းစားကိုမှ မင်းတို့က ငယ်ငယ်

www.burmeseclassic.com

www.burmeseclassic.com



တည်းက သူငယ်ချင်း၊ ပြီးတော့ အချစ်ဦး။ ထောက်ထား စရာတွေ အများကြီးပါကွာ ...

မေသက်ပန်ဟာ အချစ်ကြီးတော့ အမျက်ကြီးသွား တာပါ။ ဒီအသက်အရွယ်မှာတော့ ခွင့်လွှတ်တတ်တဲ့ နှလုံး သားနဲ့ သူလည်း စဉ်းစားတတ်လောက်ပါပြီ”

စိုင်းနွံရဲ့ အားပေးစကားတွေကြောင့် သူ့နှလုံးသား တစ်ခုလုံး လှုပ်ရှားတက်ကြွလို့လာလေသည်။ ပြီးတော့ အားအင် တွေလည်း စီးမျောလာသလို ခံစားရသည်။ ယောကျ်ားတစ် ယောက်ရဲ့ သတ္တိတွေဟာ အခုမှ ရဲရဲတောက်ပ ရောက်ရှိလို့လာ ခဲ့တာ ဖြစ်လေသည်။

ဟုတ်သားပဲ။ သက်ပန်နဲ့ သူဟာ မနေ့တစ်နေ့ကမှ သိကျွမ်းခဲ့ကြသော သူတွေမဟုတ်။ အနှစ်နှစ်အလလ တည်ဆောက် နှောင်တွယ်ခဲ့ကြသည့် သံယောဇဉ်တွေရှိသည်။ ပြီးတော့ သက်ပန် ဟာ သူ့ရဲ့ချစ်သူ သက်ပန်ရဲ့ အချစ်ဦးဟာလည်း သူ ဖြစ်ခဲ့ကြ ဖူးသည်။

ရင်ခုန်တတ်စအရွယ်ရဲ့ အချစ်တစ်ခုဟာ ဒီလောက် ထိတော့ ညှိုးမှိန်ပျောက်ကွယ်နေဖို့ မကောင်းခဲ့ဟူ၍ တွေးမိသွား





ချိန်ဝယ် သူသည် ဆုံးရှုံးသွားခဲ့ဖူးသော အချစ်တစ်ခုကို ပြန်လည် ရယူ ကြိုးပမ်းဖို့အတွက် သတ္တိတွေ ရှိနေခဲ့ကာ မျှော်လင့်ချက်တွေ ဖြင့် တောက်ပနေခဲ့ပါသည်။


ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





❤ မနေ့ကအကြောင်းကို ပြန်မပြောနဲ့
သွေးနဲ့ကိုယ်၊ သားနဲ့ကိုယ်လူပဲမို့
အမှားတွေရှိခဲ့မယ်
ငါ အိပ်နေတာ ဝန်ခံတာ မဟုတ်ဘူး
ရှုံးသွပ်မှုတစ်ဝက်၊ အသည်းကွဲမှုတစ်ဝက်နဲ့
နှလုံးသားကို အော်တိုကလေ့ဗ်ထဲ ထည့်ပြုတ်မှာ။ ။





❤ သက်ဝန်ရေ ...
ငါ့ဆုတောင်းခြင်းမှာ
နင့်နှုတ်ခမ်းတွေ ငြိမ်းချမ်းပါစေ ...
ကံကောင်းခြင်းတွေ မွေးဖွားပါစေ ...
ငါ့အတွက် ... (နင်ဟာ ...)
နွေလယ်ကောင်မှာ
ငွေရောင်စိုလက်နေတဲ့ နှင်းပွင့်လေးပေါ့။ ။

(မှတ်ချက်။ ။အော်တိုကလေ့ဗ် ဆိုသည်မှာ ခွဲစိတ်ခန်းသုံး ပစ္စည်းများကို ဖိအားသုံးကာ ပိုးသတ်သန့်စင်သည့် ကိရိယာတစ်မျိုး ဖြစ်ပါသည်။)

❧ ◇ ❧



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၉)

သူသည် အရင်ကတော့ 3rd MB ကျောင်းသားကျောင်းသူများ စာသင်ကြားရာ လေးထပ်တိုက်ဆောင်ကြီး၏ အောက်ဆုံးထပ် နားနေခန်းများမှလည်းကောင်း၊ ထိုင်စရာ ကျောက်ခုံတန်းများမှလည်းကောင်း၊ ဒါမှမဟုတ် ဆေးရုံတွေသို့ ဆင်းရာတွင် အုပ်စုတူသဖြင့် အဝေးမှ ခိုးငေးခြင်းဖြင့်သော်လည်းကောင်း





သက်ပန်ကို အလွမ်းဖြေခဲ့သော်လည်း အခုတော့ နှလုံးသားရဲ့ ဒီမကိန်း၊ ဦးနှောက်ရဲ့ ဆုံးဖြတ်ချက်ဖြင့် သက်ပန်ဆီ တည့်တည့်ဝင်သွားကာ စကားပြောဖို့ စိတ်ကူးတော့သည်။

ကျောင်းဆင်းအပြီး ညနေ ငါးနာရီလောက်တွင် ရေချိုးပြင်ဆင်နေသော သူ့ကို စိုင်းနွံက ပြုံးစိစိဖြင့် ကြည့်ကာ သက်မတစ်ချက်ထောင်ပြသေးသည်မို့ "လိုက်ဦးမလား"ဟု မေးလိုက်ရသေးသည်။

"တော်ပါပြီကွာ၊ ကိုယ့်ဟာကိုယ် အေးအေးဆေးဆေးသွားပါ"

"ဘာဖြစ်လဲကွ၊ မင်းလည်း အဲဒီအဆောင်က တစ်ယောက်ယောက်ကို ချိန်လို့ရတာပဲ"

"နေပါ၊ အဲဒီအဆောင်က အပျိုကြီးအဆောင်လို့ နာမည်ကြီးတယ်ကွ။ အပျိုကြီးလုပ်မယ့်သူတွေချည်းနေတာနဲ့ တူပါတယ်၊ မင်းပဲ သက်ပန်ကို အပျိုကြီးဘဝက ရအောင်ချွတ်ခဲ့"

"စိတ်ချ၊ ငါ့ဘက်က ဖိတ်စာတစ်ခြမ်းကတော့ သေချာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... သူ့ဘက်က ဖိတ်စာတစ်ခြမ်းကတော့ ရဲစခန်းရောက်နေပြီ ... ဟား ဟား"

သူက စိုင်းနွံကို လက်သီးတစ်ချက် ထောင်ပြရင်းမှ အသာလစ်ထွက်လာခဲ့သည်။ ဘာကြောင့်မှန်းမသိချေ။ သူဟာ ဟိုးအရင် သက်ပန်ကို ရည်းစားစကားပြောခဲ့စဉ်ကတောင် ဒီလောက် ရင်မခုန်ခဲ့။ အခုအချိန် ရင်ခုန်သံများဟာ ဆယ့်ခြောက်နှစ်သားတုန်းက ရင်ခုန်သံထက်တောင် လန်းဆန်းနုသစ်လို့နေလေသည်။

သက်ပန်တို့ရဲ့ အဆောင်ဖြစ်သော "သီရိဆောင်" နှစ်ထပ်တိုက်လေးရှေ့သို့ရောက်လျှင် သူ့မှာ ရင်ခုန်သံတွေ စည်းချက်ညီစေဖို့ အတော်အားမွေးရသေးလေသည်။ အဆောင်သူတစ်ယောက်က စာဖတ်နေရာမှ သူ့ကို မျက်လုံးဖြင့် လှမ်းမေးလျှင် ...

"မသက်ပန်ကို ခဏလောက်"

ခေါ်ပေးပါလားတွေ ဘာတွေ ထည့်ပြောစရာမလိုပေ။ ကောင်မလေးက ချက်ချင်းပဲ ပြန်ပြောသည်မှာ ...

"သက်ပန်က ဟိုရှေ့က ဘုရားထဲမှာ ... သွားကျက်နေတယ် လိုက်သွားလိုက်လေ"





သူက စိတ်ထဲမှ အိုခေဟု တိုးတိုးရေရွတ်ကာ ဆိုင်ကယ်ကို စက်နှိုးလျက် သက်ပန်တို့အဆောင်နှင့် မျက်နှာချင်းဆိုင်ဖြစ်သော မင်္ဂလာမာန်အောင်ဘုရားရှေ့သို့ မောင်းလာခဲ့လိုက်သည်။

အခြေအနေက သူ့ဘက်ပေးသည်ဟု ပြောရလောက်အောင်ပင် သက်ပန်သည် ဘုရားထဲက မမှာရုံနားရှိ ခုံတန်းလေးတွင် တစ်ယောက်တည်း အေးအေးလူလူ စာကျက်၍နေသည်။ သူလာတာကို မမြင်သေး။ သူမဘာသာ စာထဲ၌ အာရုံအပြည့်ဝင်စားလျက်ရှိလို့နေပေသည်။

"သက်ပန်"

သူက သက်ပန်ရဲ့ အရှေ့သို့ ခြေစုံရပ်၍ ခေါ်လိုက်တော့မှပင် သက်ပန်သည် မျက်လုံးအဝိုင်းသားဖြင့် မော်ကြည့်လေသည်။ အတန်ငယ်ဝိုင်းသွားသော မျက်လုံးများသည် သူ့ကို ထင်မှတ်မထားဘဲ တွေ့လိုက်ရသဖြင့် ရုတ်တရက် ဘာပြန်ပြောရမှန်းမသိ ဖြစ်နေပုံရသည်။

"ဘာ ... ဘာကိစ္စလဲ"



www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ် ထစ်ငေါ့သွားကာ ဖြောင့်ဖြူးခြင်းမရှိသော လေသံအရ သူမလည်း မတည်ငြိမ်နိုင်သေးသော နှလုံးသားနဲ့ဆိုတာ သိခွင့်ရခဲ့လျှင် သူ့ရင်ထဲမှာ မချိအောင်ခံစားရပါသည်။

သက်ပန်ရယ် ငါတို့နှစ်ယောက် ဆက်မဝေးပါရစေနဲ့တော့လား။

"နင့်ကို ငါ စကားနည်းနည်း ပြောစရာရှိလို့ပါ"

"ဘာပြောမှာလဲ၊ မဟုတ်ကဟုတ်က ပြောမှာဆိုရင်တော့ နင် ပြန်တော့ မြစ်မင်း၊ အဲဒီအကြောင်းတွေပြောဖို့ အချိန်မရှိဘူး"

သူက သက်ပန် ကျက်နေသော စာအုပ်တွေဘက် တစ်ချက်ငဲ့ကြည့်ကာ ...

"နင် စာတွေ ရနေပြီလား"

စာအကြောင်း ရောက်သွားလျှင် သက်ပန်ရဲ့ မျက်နှာကြောက နည်းနည်းလျော့သွားသည်။ စာအတော်ဆုံး ကျောင်းသားများစာရင်းတွင် ပါဝင်သောသူ့ကို သက်ပနဟာ အဲဒီတစ်ချက်နဲ့ ပတ်သက်လာလျှင် အထင်ကြီးတာတော့ သူ သိထားသည်။





"ဒီလိုပဲ ကျက်တော့ ကျက်နေရတာပေါ့။ နင်ကရော စာမကျက်ဘဲနဲ့ ဘာလို့ လျှောက်ထွက်နေတာလဲ"

ဒီလောက်ဆို အရင်ပုံစံ သက်ပန် ပြန်ဖြစ်လာပြီဆိုတာ သတိပြုမိရသည်။ သူတို့ဟာ စိုင်းနွံ ပြောသလို မနေ့တစ်နေ့ကမှ တွေ့ခဲ့ကြသောသူများ မဟုတ်ကြ။

အင်မတန် ချစ်ခင်ခဲ့သည့် သူငယ်ချင်းအရင်း ခေါက်ခေါက်တွေ ဖြစ်ခဲ့ကြဖူးသည်။

ဒီသံယောဇဉ်တွေကိုတော့ဖြင့် သက်ပန် မေ့နိုင်မည်ထင်ပါ။ သူက သက်ပန်ရဲ့ နံဘေးနေရာလွတ်တွင် ဝင်ထိုင်လိုက်သော်လည်း သက်ပန်က ဘာမှတော့မပြောချေ။

"စာကျက်ချိန်က သူ့အချိန်နဲ့သူ ရှိတယ်လေ။ နင်က အားတိုင်း စာပဲကျက်နေတာပဲလား။ အဲဒီလို မလုပ်နဲ့လေ သက်ပန်။ ဦးနှောက်ဆိုတာ လွတ်လွတ်လပ်လပ် အနားပေးတဲ့အချိန်လည်း ရှိဦးမှာပေါ့ ..."

သက်ပန်က သူ့ကို ဆရာလာလုပ်နေတယ်ဟူသော မျက်စောင်းတစ်ချက်ထိုးလျှင် သူဟာ ဒီညအဖို့ အိပ်ပျော်တော့မှာ မဟုတ်တော့မှန်း နားလည်လိုက်ရသည်။ တစ်လက်စတည်း



www.burmeseclassic.com

www.burmeseclassic.com



မှာပင် ထိုမျက်စောင်းလေးနှင့်အတူ သူ့ရင်ထဲက ပြောချင်သော

စကားများကိုပါ ထည့်ပေးလိုက်ပါသည်။

"သက်ပန် နင် ငါ့ကို အခုထိ ခွင့်မလွှတ်နိုင်သေးဘူးလား

ဟင်"

"ဘာ ... ငါက ဘာကို ခွင့်လွှတ်ရမှာလဲ"

သက်ပန်သည် အရင်တုန်းက ဘာမှ မဖြစ်သယော

နားမလည်သည့် အထာတွေဖြင့်မေးသည်။ အဲဒီလို အိပ်ချင်ယ

ဆောင်ထားတာကိုက ရင်ထဲမှာ အမှတ်တရတွေ ရှိဆဲပဲဆို

နားလည်ရပါတယ် မသက်ပန်။

"ငါ့အမှားတွေ အတွက်လေ ငါ မှားခဲ့တယ် ဆိုတာ

ဝန်ခံပါတယ်။ အမှားဆိုတာ လူတိုင်းမှာရှိကြတာပဲ မဟု

လား၊ နင်လည်း မှားခဲ့ဖူးမှာပဲ၊ နင့်သူငယ်ချင်းတွေလည်း

မှားခဲ့ဖူးမှာပဲ။ အဲဒီအမှားကြီးကို ဘယ်သူမဆို ပြန်ပြင်ခွ

ရှိတာပဲ မဟုတ်လား ...

ဒီအမှားအတိုင်း တစ်သက်လုံး နေသွားရမှာလ

နင်ပဲ ပြောစမ်းပါဦး"

"အဲဒါ ငါနဲ့ ဘာ ဆိုင်လဲ"





"သက်ပန်ရယ် ... နင် ငါ့ကို ဒီလောက် ရက်စက်ရရင်

တော်ရောပေါ့။ နင့်ကို ငါ အဆုံးရှုံးမခံနိုင်အောင် ချစ်တယ်

သက်ပန်။ ငါ မှားခဲ့တာတွေအတွက် နင့်ကို တောင်းလည်း

တောင်းပန်တယ် ...

ပြီးတော့ အချိန်ကာလတစ်ခုအထိ ငါ နင့်ကို

ကျွတ် ... ငါ အပြစ်ဒဏ်တွေအတွက် ပေးဆပ်ပြီးပြီပဲ၊

ဒီအချိန်မှာ"

"တော်တော့ မြစ်မင်း"

သူ့စကားတောင် မဆုံးသေး။ သက်ပန်က ဖြတ်

အော်ထည့်လိုက်သဖြင့် သူဟာ စကားပြောရင်းတန်းလန်းမှ ရပ်

သွားရသည်။ သက်ပန်သည် ထိုင်နေရာမှ ဆတ်ခနဲ ထလိုက်ရင်း

သူ့ကို ခပ်တည်တည်ဖြင့် တစ်ချက်ကြည့်ကာ ...

"နင့်စိတ်ထဲမှာ ငါက နင့်ကိုများ တစ်ချိန်ချိန်မှာ ပြန်လက်

ခံလိမ့်မယ်လို့များ ထင်နေလား မြစ်မင်း ... ဟင်။ ဝေးပါ

သေးတယ် ...

အဲဒီအပြစ်ဒဏ်ဆိုတာလည်း နင့်ဟာနင် ချထားတဲ့

အပြစ်ဒဏ်ပဲ။ နင့်ဟာနင်ချပြီး နင့်ဟာနင် လွှတ်လပ်ခွင့်



www.burmeseclassic.com

www.burmeseclassic.com



လာတောင်းမနေနဲ့။ နင့်ကိုလည်း ငါ ဘာမျှော်လင့်ချက်မှ ပေးမထားဘူး ...

နင် ကြိုက်ချင်တဲ့လူကို သွားကြိုက်"

"သက်ပန် အရေးမပါတာတွေ ထည့်မပြောနဲ့ဟာ၊ ငါတို့ ဖြစ်ခဲ့တဲ့ပြဿနာက ဘာကြောင့်မှ မဟုတ်ဘူး။ အေး ... အဲဒီအတွက် နင် ငါ့ကို ကြိုက်သလို အပြစ်ပေး ငါခံ မယ် ...

ဒါပေမဲ့ တစ်ဘဝလုံးစာ ဝေးရဖို့အထိတော့ ငါ လက်မခံနိုင်ဘူး။ အဲဒီလောက်လည်း မဖြစ်သင့်ဘူး သက် ပန်"

သူ့စကားကို သက်ပန်သည် နာကြည်းဟန်ဖြင့် တဟားဟား ရယ်မောလေသည်။ အဲဒီရယ်မောသံကြောင့် သူ့ထား စိတ်ရှုပ်ထွေးစွာဖြင့် ကျစ်ခနဲ စုတ်သပ်မိသည်။ သက်ပန်က သူ့ ကိုပြောသော စကားသံတို့မှာ ခံစားမှုတို့ဖြင့် တုန်ဟိုက်၍နေသည်။

"မဖြစ်သင့်ဘူးဟုတ်လား မြစ်မင်း။ နင် ငါ့အပေါ်မှာ ရက်စက်ခဲ့တာကြတော့ရော ဖြစ်သင့်လား။ ဟင် ... ပြော စမ်းပါ ...





ငါ သိပ်အထင်ကြီးရတဲ့ ရည်းစားက ငါ့ကွယ်ရာမှာ တခြားတစ်ယောက် ထပ်ထားတာ အကြင်နာတွေပေးခဲ့တာ ငါကရော ဘယ်လိုနှလုံးသားမျိုးနဲ့ ကြည်နူးရမလဲ ...

အေး ... ခုချိန်မှာ' နင် ခံစားရတာဆိုတာ အသေး အမွှားပါ။ နင်က ငါ ဖြစ်စေလိုက်လို့ပဲ ခံစားရတာ၊ ကိုယ့် ချစ်သူက ကိုယ့်ကို သစ္စာမဲ့တာလောက် လောကမှာ ခံစား ရတဲ့ကိစ္စမရှိဘူး နားလည်လား၊ သမီးရည်းစားတွေမှာ တခြားကိစ္စထက် အဲဒီသစ္စာဖောက်ခံရတဲ့ကိစ္စက ရင်နာဖို့ အကောင်းဆုံးပဲ၊ ခွင့်မလွှတ်နိုင်ဆုံးကလည်း အဲဒီကိစ္စပဲ ...

နင့်ကို ငါ ဘယ်တော့မှ ခွင့်မလွှတ်ဘူး"

သက်ပန်ရဲ့ နောက်ဆုံးစကားကြောင့် သူ့နှလုံးသား ...ခုလုံး ကျိန်းစပ်အောင့်မျက်သွားခဲ့ပါသည်။

"သက်ပန် ... နင် အဲဒီလောက်ကြီးထိတော့ မရက်စက်ပါနဲ့ ဟာ။ ငါ ဘယ်လိုလုပ်ပေးမှ နင် ကျေနပ်မှာလဲ ပြော ... ငါ ဒူးထောက်တောင်းပန်မှ နင် ခွင့်လွှတ်မှာလား"

"မလိုပါဘူး၊ လုပ်ချင်ရာလုပ်ပြီးမှ အဲဒီလိုတောင်းပန်တဲ့ ယောကျ်ားတွေကို ငါ အမုန်းဆုံးပဲ"



www.burmeseclassic.com

www.burmeseclassic.com



"သက်ပန် ... တို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ချစ်နေရက်သားနဲ့ ဘာလို့ အဝေးခံကြမှာလဲ ...

နင် ကိုယ့်ကိုယ်ကိုယ် ဘာလို့ နှိပ်စက်ချင်နေရတာလဲ"

သူ့စကားသည် သက်ပန်၏ မာနကို နှိုးဆွလိုက်သလို ဖြစ်သွားမှန်း နောက်ကျစွာ သိခွင့်ရလိုက်လေသည်။ သက်ပန်သည် သူ့စကားကြောင့် မျက်လုံးများမှာ လက်ခနဲ စူးရှသွားလျက် သရော်တော်တော် ပြုံးလိုက်တာကို တွေ့လိုက်ရသည်။ ဒီအပြုံးသည် သူ့ကို အသေသတ်တော့မည့် အပြုံးမှန်း ထိတ်လန့်စွာ သိလိုက်ရသေးသည်။

"ငါက နင့်ကို ချစ်တယ် ... ဟုတ်လား"

သက်ပန်သည် စကားနှစ်လုံးစီကို ကြားထဲမှာ ခြားလျက် ထေ့သလို ငေါ့သလိုနှင့် မေးတာဖြစ်သည်။

"နင်က နင့်ကိုယ်နင် သိပ်အထင်ကြီးတာကိုး မြစ်မင်းရဲ့။ ကျောင်းမှာ တခြားသူတွေ နင့်ကို ဝိုင်းနေတိုင်း ငါကငါ ကြိုက်နေမယ်လို့ ထင်ထားဆဲပဲလား ဟုတ်လား ...





ငါ့ဟာငါ အပူမရှာချင်လို့ အေးအေးဆေးဆေး တစ်ယောက်တည်းနေ့နေတာကို နင်က နင့်ကို မျှော်လင့်ဆဲ ချစ်ဆဲပဲလို့ ထင်နေတာပေါ့နော် ...

ဖြစ်ရတယ်ဟယ်"

"သက်ပန် နင် ငါ့ကို ကြိုက်သလိုပြော၊ ဒါပေမဲ့ ငါ့အချစ်နဲ့ သစ္စာတရားကိုတော့ မစော်ကားနဲ့ဟာ"

"အချစ်နဲ့ သစ္စာတရား ဟုတ်လား"

သက်ပန်သည် ပြောလေ ကဲလေဖြစ်ကာ သူ့ကို ပျောင်၍မဆုံး ဖြစ်နေသည်။ ဘာပြန်ပြောရမယ်မှန်းမသိ ဖြစ်နေသော သူ့ရဲ့ ရုပ်ပျက်ဆင်းပျက်ပုံစံကို သက်ပန်ဟာ ဘယ်ဘဝက ငြိုးတို့ဖြင့် အောင်သေအောင်သားစားကာ ကြည့်ချင်နေသလဲတော့ မသိချေ။

"ဒီမှာ မြစ်မင်း။ နင် ငါ့ကို မျှော်လင့်နေဆဲပဲဆိုတာ သိရတော့ ငါ တကယ်စိတ်မကောင်းဘူး။ နင့်ရဲ့ တန်ဖိုးရှိတဲ့ အချိန်တွေကို ငါ့ဆီမှာပဲ ကုန်ဆုံးမသွားပါနဲ့။ ငါဟာ နင့်အတွက် မဖြစ်နိုင်တော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... ဒါ ... ဒါဆို နင်က ..."

သူ့မျက်လုံးထဲတွင် Skywalk၌ နှစ်ယောက်အတူ ပျော်ရွှင်စွာ ဈေးဝယ်နေခဲ့ကြသော တနိုင်းနဲ့ သက်ပန်တို့ရဲ့ ပုံရိပ်တွေကို ပြန်မြင်ယောင်လာသည်။

နောက် ... ခံစားချက်နဲ့ပြောခဲ့ သောတနိုင်းရဲ့စကားသံများ။

ဘုရားရေ ... ဒီလိုနည်းနဲ့ ရက်စက်မဲ့အစား ငါ့ကို အသေသတ်သွားပါလား သက်ပန်။

"တနိုင်းကို ငါ အဖြေပေးတော့မယ် မြစ်မင်း၊ သူကလည်း သူ့မိဘတွေကို ဖွင့်ပြောလို့ သူ့အမေကလည်း ငါ့မိဘတွေဆီ စကားပြောထားပြီးပြီ ...

ဟောက်စ်ဆင်းတဲ့အချိန်ကျရင် သူနဲ့ငါ စေ့စပ်မယ်၊ ဘွဲ့ရပြီးရင် သူနဲ့ငါ လက်ထပ်မယ် ...

အဲဒါပဲ မြစ်မင်း။ ဒီအကြောင်းတွေကို ဘယ်သူ့ကိုမှ အသိမပေးသေးပေမဲ့ နင် ငါ့ကို မျှော်လင့်နေမှာစိုးလို့ အသိပေးလိုက်ရတာပဲ"





"သက်ပန် ... နင် တကယ်ပြောနေတာလား"

"နင်က ငါ ညာနေတယ် ထင်လို့လား"

လက်ပိုက်ကာ ခပ်လွန့်လွန့်ပြုံးလျက် မေးနေသော သက်ပန်သည် သူ ချစ်ခဲ့ဖူးသော သက်ပန်လေးမှ ဟုတ်ပါ၏။ လုံးဝအကြင်နာတရားမရှိသော စကားတွေနဲ့ချည်း သူ့ကို သတ်နေတာဖြစ်သည်။

"နင် ... တနိုင်းကို ချစ်လို့လား သက်ပန်"

"နင့်လောက် အချစ်အကြောင်းပြောတာလည်း နင်ပဲရှိတယ်၊ အချစ်အပေါ်မှာ သစ္စာမဲ့တာလည်း နင်ပဲ မြစ်မင်း၊ ငါ တနိုင်းကို ချစ်တာမချစ်တာထက် သူဟာ ငါ့အပေါ်မှာ ဘယ်တော့မှ သစ္စာမဲ့မှာ မဟုတ်ဘူးဆိုတဲ့ ယုံကြည်ချက်နဲ့ပဲ လက်တွဲဖို့ ဆုံးဖြတ်ခဲ့တာ မြစ်မင်း ...

တကယ်တော့ လောကမှာ အချစ်ကို အလုံခြုံဆုံး နေရာမှာ ရှိစေတာ သစ္စာတရားပါ၊ ဒါကိုတော့ နင် မသိခဲ့ဘူး မဟုတ်လား"

သက်ပန်သည် ထိုစကားဖြင့် သူ့ကို အသေသတ်ခဲ့ခြင်း ဖြစ်ပါသည်။ ထိုနေ့က သူဟာ အဆောင်သို့ ဘယ်လိုပြန်



www.burmeseclassic.com


www.burmeseclassic.com



ရောက်ခဲ့မှန်းတောင် မသိတော့ချေ။ နွေအလွန်မှာ ကြွေသွား သော သစ်ရွက်ခြောက်တစ်ခုလိုပင် ဘာမှ အသုံးမဝင်တော့ဘဲ အဓိပ္ပာယ်မဲ့စွာ အကျည်းတန်စွာ သေဆုံးခဲ့ရသည်။

ဝေဖန်တာ၊ အကြံပြုတာ၊ စိတ်ဆတ်တာများ ပေးပို့လိုပါလျှင် အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။





## အခန်း(၁၀)

"မင်းခံစားချက်တွေကို အရောင်တင်ပေးတာတော့ မဟုတ်ပါဘူးကွာ၊ လုံးဝ စိတ်ပြတ်သွားစေချင်လို့ပါ၊ လင်းလင်းထဲကို ကြည့်လိုက်စမ်း မြစ်မင်း"

ပြောမယ့်စကားကို မပြောဘဲ စကားပလ္လင်ခံနေသော ရှိုင်းနွံကြောင့် သူက မျက်မှောင်တစ်ချက်ကုတ်ရင်းမှ သူတို့

www.burmeseclassic.com



အဆောင်နှင့် မျက်နှာချင်းဆိုင်ဖြစ်သော လင်းလင်း ရှမ်းထမင်းဆိုင်ထဲသို့ လှမ်းကြည့်လိုက်လျှင် တနိုင်းနှဲ့ သက်ပန်တို့ကို ကြော့တွဲဖွယ်ရာ တွေ့မြင်လိုက်ရလေသည်။ သူက သက်ပြင်းတစ်ချက်ချကာ မျက်နှာလွှဲလိုက်ရင်း ...

"ဘာဖြစ်လို့ ( ကပြနေရတာလဲကွာ"

"မင်းကို မြင်စေချင်လို့ပေါ့။ ငါ့စိတ်ထင်တော့ တနိုင်းခဟာ မေသက်ပန်ကို စပါယ်ရှယ်ဆိုင်တွေမှာ ကျွေးနိုင်ရဲ့သားနဲ့ ဒီအဆောင်ရှေ့ကဆိုင်ကိုမှ လာစားကြတာ မင်းကို တမင် လာရိုတာနဲ့တူပါတယ် ...

ငါတို့လည်း သွားစားရအောင်"

"တော်ပါကွာ၊ မင်းမို့ ပြောရက်တယ်"

"ဟာ ... မင်း ယောကျ်ားမဟုတ်ဘူးလား။ ယောကျ်ားဆိုတာ ယောကျ်ားမာန ရှိရတယ်ကွ။ မေသက်ပန်က မင်းကို ချစ်နေဆဲပါကွာ"

"ဟော့ကောင် တော်ပြီ။ မင်း ငါ့ကို လာကျပ်ပေါင်းမျှားနေပြီ မင်းက မြှောက်ပေး ငါက အဟုတ်ထင်ပြီး သွားပြော ပြီးတော့ ငါပဲ ကျွတ်လာရတာ"





"ဟ ... မင်းကို အဲဒီလို ပြောပါလို့ မင်းအဘ ငါက မှာလိုက်လို့လား။ မင်းက ဟိုကိုသွားပြီး နင် ငါ့ကို ချစ်တုန်းပဲ ဘာညာသွားပြောတော့ ဘယ်မိန်းကလေးက ခံချင်မှာလဲကွာ။ မာနနဲ့ တုံ့ပြန်ပြောမှာပေါ့ ...

တချို့မိန်းကလေးတွေက မာနအရမ်းကြီးတာကွ။ သူတို့မာနကို ထိပါးလို့မရဘူး။ အပိုင်တွက်တာမျိုးကို မုန်းကြတယ်။ အဲဒီတော့ အပိုင်တွက်ထားပါတယ်ဆိုတာ သူတို့ သိလို့လည်းမဖြစ်ဘူး ...

သူ့စကားထဲမှာကို ပါပြီးသားပဲကွာ။ တနိုင်းကို သစ္စာရှိမဲ့လူမို့ ရွေးလိုက်တာပါဆိုပဲလေ။ ဒါပေမဲ့ မေသက်ပန်ဟာ အစွဲကြီးလွန်းတာတော့ ခက်တယ်"

"သူ ငါ့ကို ရက်စက်မှ စိတ်ချမ်းသာမယ် ပျော်မယ်ထင်ရင် လုပ်ပါစေတော့ကွာ၊ သူတို့က ဟောက်စ်ဆင်းရင်တောင် စေ့စပ်ကြတော့မှာပဲ ...

သိပ်မကြာခင်မှာပဲ သူ တနိုင်းကို အဖြေပေးတော့ မှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟောက်စ်ဆင်းဖို့က အစေးကြီး လိုပါသေးတယ်ကွာ။ အခုမှ 3rdMB ပဲ ရှိသေးတာပဲ၊ မင်း ကြိုးစားချိန်တွေ အများကြီးရှိပါသေးတယ်၊ ဘာဖြစ်လို့ စိတ်လျှော့ချင်နေရတာလဲ"

"စိတ်လျှော့တာရယ်လို့တော့ မဟုတ်ပါဘူး။ မင်းက ငါ့ထက် ဒါတွေပိုနားလည်ပါတယ်ကွာ။ ကြိုးစားရင် ဖြစ်တယ်ဆိုတဲ့ စကားက အရာခပ်သိမ်းတိုင်းအတွက်တော့ မမှန်နိုင်ဘူးကွ ...

အထူးသဖြင့် ခံစားချက်နဲ့ဆိုင်တဲ့ကိစ္စတွေ ကံတရားနဲ့ ဆိုင်တဲ့ကိစ္စတွေမှာ ကြိုးစားတိုင်း မဖြစ်ဘူးကွ"

"ဒါပေမဲ့လည်းကွာ"

"ဟေ့ကောင် တော်ပြီကွာ။ ငါ့ကို ဆက်မပြောနဲ့တော့ ငါ ဒီအကြောင်းတွေကို မေ့ထားလိုက်ပြီ"

"အဲဒီလို မေ့လို့ရလို့လားဟင်"

ညှောင်နာနာလေသံနှင့် တမင်မေးလာသော စိုင်းနွံကြောင့် သူ့မှာ ခံစားရသည့်ကြားမှ ရှုံ့ရှုံ့မဲ့မဲ့ ရယ်ရသေးလေသည်။





"မေ့တယ်လို့တော့ မဟုတ်ဘူးပေါ့ကွာ။ ဒါပေမဲ့ နှလုံးသားဆိုတာက အရှုံးပေးရင် နှလုံးအေးသွားတာပေါ့ ...

ငါ့အပြစ်နဲ့ငါ ခံစားရတယ်လို့ပဲ သတ်မှတ်လိုက်တယ် ...

သူ ငါ့ကို အိမ်ထောင်မပြုမချင်း ချစ်သွားမယ်၊ ဒါပေမဲ့ မျှော်လင့်ချက်နဲ့တော့ မဟုတ်တော့ဘူး ...

ငါတို့ အသက်အရွယ်မှာ မျှော်လင့်ချက်မဲ့ချစ်ခြင်းနဲ့ ချစ်ရတာ နည်းနည်းတော့ ပင်ပန်းတာပေါ့ကွာ။ ဒါပေမဲ့ Practice makes perfect ပေါ့။ အချိန်က စကားပြောသွားမှာပါ ...

အချစ်ဆိုတာ လူသိရှင်ကြားဖြစ်ဖို့ မလိုပါဘူးတဲ့။ လျှို့ဝှက်ထားသော ချစ်ခြင်းဆိုတာ ရင်ထဲက အချစ်ကို ပို၍ ပို၍ ဝှက်ရှိစေပါသည်တဲ့ ...

ငါ ဖတ်ဖူးတဲ့ စာအုပ်တစ်အုပ်ထဲက စကားလေးပါကွာ။ အဲဒီအတိုင်းပဲ နှလုံးသွင်းထားပါတော့မယ်"

သူက ပြောပြီးလျှင် နေ့ခင်းဘက် လက်ချာချိန်သွားတက်ဖို့က စာအုပ်တွေကို ကျောပိုးအိတ်ထဲ ထည့်နေလိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူတို့ 3rd MBတွင် မနက်ပိုင်း၌ ဆေးရုံတွေသို့ဆင်းရကာ သက်ပန် ဆေးရုံသို့လာတိုင်း တနိုင်းရဲ့ကားနဲ့ ရောက်လာတတ်ကာ လာကြိုတတ်တာတွေကိုလည်း သူက ခုဆိုလျှင် ရင့်ကျက်သော နှလုံးသားဖြင့် ကြည့်နေနိုင်ပြီဖြစ်သည်။

သို့သော် ခံစားရတာတော့ အီစိမ့်နေခဲ့ပါသည်။ ပြေတွေးရလျှင် သက်ပန်ဟာ သူ့ကို ချစ်တဲ့စိတ်နဲ့ ရက်စက်နေတာပဲဟု တွေးဖြစ်သည်။ အဲဒီလိုတွေးဖြစ်လျှင် နှလုံးသားတစ်ခုလုံး အစိတ်စိတ်အမွှာမွှာ ဖြစ်နေသည့်ကြားမှ ပြုံးမိသေးလေသည်။







ငါလေ
မင်းမျက်နှာကို
တစ်နေ့တစ်ကြိမ်
မော်ဖူးခွင့်ရချင်စိတ်နဲ့
ရှူးခဲ့တဲ့ကောင်ပါ။ ။



www.burmeseclassic.com

www.burmeseclassic.com



❤ အကြည့်လှဲလှဲတွေအတွက်
ဆယ်သက် ဆယ်ဘဝစာ
လရောင်လေးနဲ့ ကျိုတ်ပုန်းလွမ်းမယ်
ကျန်နေခဲ့ရပေမဲ့လည်း
ဆက်ချစ်နေခွင့်တော့ ရှိတယ်မဟုတ်လား။ ။

❤ ဦးဦးဖျားဖျားဆိုတဲ့ ခံစားမှုအသိနဲ့
ကြွေမွနေတဲ့ ဒီရင်ခွင်မှာ
ရင်ခုန်သံတွေ ပြာမဖြစ်သေးပါဘူး
မင်းမျက်ဝန်းတွေထဲ အိပ်မောကျဖို့အရေး
အသက်ပေးရပစေဦး ... ငါ စောင့်ချင်တယ်။ ။

❤ လေတိုက်လို့ လှုပ်ခတ်တဲ့
သစ်ရွက်လေးတွေကို
အချစ်စစ် ထင်ခဲ့တဲ့ ငါ့
အပေါ်စားအနမ်းတွေကြောင့်
ပျောက်ရှသွားခဲ့တဲ့ အချစ်ဦးက
ဘယ်လိုတောင်းပန်မှ ခွင့်လွှတ်မှာလဲ။ ။





❤ မြို့ရိုးနဲ့ကျုံးကြီးကို သက်သေတည်ရင်း
အနမ်းတမျှ နူးညံ့တဲ့လေပြည်တွေထဲမှာ
ငယ်ချစ်ဟောင်းရဲ့
အဖြူအစိမ်းဘဝလေးကို ပြန်ရှာဖွေဆဲပေါ့။ ။

❤ ချစ်သူ ကောင်မလေးရေ ...
ငါ ခံစားရသလို မခံစားရပါစေနဲ့
ငါ သတိရနေသလို သတိမရပါစေနဲ့
အရိုးပြောင်ဆုံး နှလုံးသားနဲ့လည်း ဆုတောင်းပေးပါရဲ့
ငါ့စေတနာတွေ အရောင်လက်ခဲ့ရင်
တစ်ဘဝမှာ တစ်ခါပဲ
ချစ်သူနဲ့ လွဲပါရစေ။ ။



www.burmeseclassic.com

www.burmeseclassic.com





ဒီနေ့သည် သူတို့၏ 3ᵈMBစာမေးပွဲကြီးရဲ့ နောက်ဆုံးနေ့ဖြစ်သည့် စာမေးပွဲပြီးတာနှင့် သူနဲ့ စိုင်းနွံသည် လမ်း(၃၀) ဆေးကျောင်းနားတွင်ရှိသော အချစ်ရွာကဖေးမှာထိုင်လျက် ဖြေလာသော စာတွေကို ဆွေးနွေးကြသည်။ စာဆွေးနွေးပြီးသွားလျှင် ထမင်းစားချိန်လွန်နေပြီဖြစ်သဖြင့် စိုင်းနွံက ကပ်လျက်တွင်ရှိသော ဇလုံကြီး ထမင်းဆိုင်မှာ ထမင်းတစ်ခါတည်း ဝင်စားဖို့ ပြောသည်။





"ဟေ့ကောင် ဇလုံကြီးမှာ တစ်ခါတည်းဆွဲခဲ့ရအောင်ကွာ၊ ပြီးမှ ပြန်ထွက်မနေနဲ့၊ ငါ ဗိုက်ဆာနေပြီ"

"အေးပါ၊ မင်း ဆာတယ်ဆိုရင်လည်း ဝင်စားမယ်လေ၊ မသိဘူး ငါက မင်း အဆောင်ပြန်ရောက်မှ လင်းလင်းက ရှမ်းထမင်း စားချင်မလားလို့"

"ဟေ့အေး ... အိမ်ပြန်ရတော့မယ်ဆိုတော့ ရှမ်းအစားအစာက နေ့တိုင်းစားရတော့မှာ၊ မြန်မာထမင်းဟင်းပဲ စားချင်တယ်"

"တောင်ပေါ်က ရှမ်းကလေးသဘော"

သူ့စကားကို စိုင်းနွံ့က သဘောတကျနှင့်ရယ်ကာ ...ဒို့နှစ်ဦးဟာ ထမင်းဆိုင်ဘက် ကူးလာခဲ့ကြသည်။ စာမေးပွဲ ...ချိန်ဖြစ်၍ အချစ်ရွာကဖေးနှင့် ဇလုံကြီးထမင်းဆိုင်ထဲတွင် ...းကျောင်းသား ကျောင်းသူတွေနဲ့သာ ပြည့်နှက်နေလေသည်။ ...ဒို့နှစ်ဦးဟာ ဆိုင်ထဲ၌ ထိုင်နေရာ ဝေ့ဝဲရှာနေတုန်း စားပွဲဝိုင်း ...နားမှ စုံတွဲတစ်တွဲ ထ,လာတာနှင့်ကြုံသည်။ သူနဲ့ စိုင်းနွံသည် ...နေရာသို့ အလျင်အမြန်သွားတုန်းမှာပင် ထ,လာသော စုံတွဲက ...သူတွေဆိုတာ သိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... မြစ်မင်း၊ ထမင်းလာစားတာလား"

တနိုင်းက သူ့လက်ကိုဆွဲကာ ပြုံးပြုံးရွှင်ရွှင်ပဲ စ[illegible]
နှုတ်ဆက်လေသည်။ ဒီအပြုံးက အောင်နိုင်တစ်ယောက်ရဲ့ အပြုံး[illegible]
နဲ့တော့ မတူပါဘူးဟု အသာဖြေသိမ့်ရသည်။

"အင်း ... ဟုတ်တယ်။ ပြီးကြပြီလား"

သူက ပေါ့ပေါ့ပါးပါး ပုံစံဖမ်းကာ ခပ်ပြုံးပြုံး[illegible]
ပြန်နှုတ်ဆက်ရသည်။ သက်ပန်ကိုပါ မနှုတ်ဆက်လျှင် မကော[illegible]
တတ်သဖြင့် "ဖြေနိုင်လား"ဟု နှုတ်ဆက်လျှင် သူမက ခေါ[illegible]
အသာညိတ်ပြသည်။

"မင်း ဘယ်နေ့ပြန်မလဲ မြစ်မင်း။ တကယ်လို့ နောက်[illegible]
ရက်လောက်မှ ပြန်မယ်ဆိုရင် တို့ အတူတူပြန်ရအောင်[illegible]
ပြောမလို့။ အဲဒါ မင်း အဆောင်တောင် ငါ လာဦးမလို့[illegible]

ငါရယ် အမေရယ် သက်ပန်ရယ် သုံးယောက်တည်[illegible]
ပြန်မှာ။ ငါတို့လည်း မိတ္ထီလာမရောက်တာကြာပြီဆို[illegible]
ခဏအလည်သွားလို့။ ကားလည်း အချောင်ကြီးပဲ၊ [illegible]
တစ်လှည့် ငါတစ်လှည့် မောင်းလို့ရတာပေါ့၊ လိုက်[illegible]
လား"



"ကျေးဇူးပဲကွာ နေပါစေတော့။ ငါက ဒီက ဘော်ဒါနဲ့
ကျောက်မဲကို ခဏအလည်လိုက်သွားမလို့ကွ"

"ဩော် ... မင်းက ဟိုမှာ သွားနပ်မလို့ပေါ့လေ ကြာမှာ
လား"

"အင်း ... မပြောတတ်သေးပါဘူး။ ပျော်သလောက်
ပေါ့"

"ဟုတ်ပြီ ... ဟုတ်ပြီ ... ဒါဆို ငါတို့ သွားမယ်နော်"

"အေးကွာ ... ဘိုင့်ဘိုင်"

သူက လက်ပြနှုတ်ဆက်ရင်း စားပွဲမှာ ကြိုရောက်
နေပြီးဖြစ်သော စိုင်းနွံထံ နှမ်းလျလျဖြင့် လျှောက်လာခဲ့သည်။
ဘယ်လိုပဲ မေ့ထားခဲ့ပါသည်ပြောပြော မျက်နှာချင်းဆိုင် လမ်းမှာ
တွေ့ရသောကိစ္စကတော့ မခံစားနိုင်ချေ။

"ဘယ်လိုလဲ ထမင်းမစားနိုင်တော့ဘူးနဲ့တူတယ်"

"စားမှာပေါ့ကွာ၊ နှလုံးသားနဲ့ အစာအိမ်နဲ့က တစ်ကန့်စီ
ပဲဟာ"

"မင်း တော်တော်ခံစားသွားရလား၊ ဟိုကောင်က ဘာ
အထာလဲကွ၊ မရှုပ်တိုင်တက်ပြတာလား။ ကျောတာလား"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူးကွာ၊ သူတို့ဇာတိကလည်း မိတ္ထီလာကပဲဆိုတော့ သက်ပန်ကို လိုက်ပို့ရင်း အလည်ပြန်ကြတာနေမှာပေါ့"

"ဒါဆိုရင်တော့ ဆွေပြမျိုးပြ ညှိနှိုင်းရေးသဘောနဲ့တူတယ်"

စိုင်းနွံရဲ့ စကားသည် သူ့ရင်ကို နွမ်းလျသွားစေသည်။ ဆုံးရှုံးသွားခဲ့ပြီဟု အသိအမှတ်ပြုထားပြီးဖြစ်သော်လည်း တကယ်တမ်း၌ ရင်ထဲမှာ ဘယ်လိုမှ လက်ခံ၍မရချေ။ သက်ပန်သည် သူ့အပေါ်၌ ဤမျှ ရက်စက်သွားလိမ့်မည်ဟုလည်း ထင်ကို မထားခဲ့သေးချေ။ သက်ပန်ရဲ့ အပြစ်ဒဏ်သည် သူ့အတွက်တော့ ရှင်သီးလွန်းနေပါသည်။

"သိပ်ခံစားမနေပါနဲ့ကွာ။ မိန်းကလေးတွေရဲ့ နှလုံးသားက တစ်ခါတလေ ဒီလိုပဲ နားလည်ရခက်ပါတယ်။ မင်း ငါတို့မြို့လေးမှာ ပျော်သလောက်နေပေါ့ ...

ငါတို့မြို့လေးကတော့ တကယ်အေးချမ်းတယ်ကွာ။ အဲ ... တစ်ခုစိုးရိမ်ရတာက အေးချမ်းပြီး ရာသီဥတုက ကိုယ့်ဘက်ပါလွန်းလို့ မင်းအတွက် ပိုလွမ်းစရာဖြစ်နေမှာ စိုးရတယ် နော်"



သူက အသာပြုံးလိုက်ရင်း ...

"ဒီလိုပေါ့ကွာ။ ခရီးတွေ လျှောက်ထွက်ကြတာပေါ့။ မင်းလိုက်ပို့မယ်မဟုတ်လား"

"ဟား ... ဒါတော့ ဖြစ်တယ် သူငယ်ချင်း၊ လားရှိုး၊ မူဆယ်၊ ရွှေလီ မင်းကို တရုတ်ပြည်အထိ ပို့ပေးလိုက်မယ်၊ မင်း သက်ပန်ကို လုံးဝမေ့သွားစေရမယ်"

"အိုကေ ... အခုကို မေ့ချင်တယ်ကွာ၊ အဆောင်ပြန်ကြ အိပ်ကြစို့၊ ညနေဘက်ရောက်ရင် တောင်သမန်အင်းဘက် သွားရအောင်ကွာ၊ မရောက်တာတောင် ကြာပြီ ...

ဘီယာနဲ့ ပုစွန်ကြော် မြည်းချင်တယ်"

"တောင်သမန်မှာ အသည်းသွားကွဲမယ်ပေါ့၊ လုပ်လိုက်လေ"

ကျောက်မဲသားက နှစ်ခါတောင် မဆွယ်ရချေ။ သူတို့နှစ်ယောက်သည် အားလျှင် တောင်သမန်အင်းဘက်သွားကာ သည်င်းခံ၍ အကြော်စားရင်း စကားပြောရသည့် အရသာကို နှစ်မြိုက်တာချင်းတော့ အတော့်ကို တူကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူဟာ နေရာသစ်ကို မသွားခင် ကြာမြင့်စွာ အသက်ပန်နှင့် ခြေချဖူးချင်ခဲ့သည့် ဖီးလ်ဖြစ်စရာ နေရာလေးတွင် ခဏတဖြုတ်တော့ သွားဆွေးချင်ခဲ့ပါသည်။

❧ ✧ ❧

ဝေဖန်စာ၊ အကြံပြုစာ၊ ဝိတ်ဆောက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုခမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။







တောင်သမန်အင်းမှ သူတို့ ပြန်ထွက်လာသောအချိန်တွင် ညနေစောင်း မှောင်ရီပျိုးခဲ့ပြီဖြစ်သည်။ သူနှင့် စိုင်းနွံသည် တောင်သမန်ဘက် ရောက်ခဲ့လျှင် ဦးပိန်တံတားပေါ်၌ လျှောက်ကြတာနည်း၍ မယ်ဇယ်ပင်တွေအောက်က အကြော်ဆိုင်များတွင်သာ ထိုင်ဖြစ်ကြကာ စကားပြော၊ နေဝင်ချိန်ရှုခင်းကို ခံစား၊ ဝိုင်ဖီးလ်နဲ့ကိုယ် ကဗျာရေးကြတာ များလေသည်။



www.burmeseclassic.com

www.burmeseclassic.com



လောလောဆယ်မှာတော့ သူဟာ အသည်းကွဲကာဗျာ တွေကိုတောင် မရေးနိုင်လောက်အောင် လူက လွှမ်းနာကျလျက် နွမ်းချည့်လို့နေသည်။ နေ့ခင်းက တနိုင်းနဲ့ သက်မန်ကို တွဲမြင်ခဲ့ရသော မြင်ကွင်းဟာ သူ့မျက်လုံးထဲမှ ထွက်ကိုမထွက်ပေ။ လူက ဆိုင်ကယ်စီးရတာတောင် စိတ်နဲ့ကိုယ်က သိပ်မကပ်ချင်ပေ။

သူတို့နှစ်ယောက် တောင်သမန်မှ ပြန်ထွက်လာရာ ကန်ကို လှမ်းမြင်နေရသော လမ်းကြီးတစ်လျှောက်ဟာ ဆိုင်ကယ်စီးလို့ အကောင်းဆုံးနေရာ ဖြစ်သည်။ တစ်နေရာအရောက်တွင် စက်ဖုံးဖွင့်၍ ရပ်ထားသော ကားတစ်စီးနှင့် လူတစ်စု ရုတ်ရုတ်ရုတ်ရုတ် ဖြစ်နေတာကို တွေ့လိုက်ရလျှင် သူရော စိုင်းနွံရောပါ ဆိုင်ကယ်ပေါ်မှနေ၍ စူးစမ်းကြည့်မိကြလေသည်။

"ဟောကောင် … ရှေ့မှာ ဘာပြဿနာဖြစ်နေလဲ မသိဘူး"

"အေးကွ၊ ဆိုင်ကယ်ကတော့ နှစ်စီးပဲ၊ ကြည့်ရတာ ပြဿနာ ဖြစ်နေတယ်နဲ့တူတယ်၊ ဟိုဘဲတွေ အသံက မူးနေတဲ့အထာနဲ့ ဘယ်လိုလုပ်မလဲ"

"မပြောတတ်ဘူး၊ လူတော့ ပြတ်နေတယ်ကွ၊ အခက်အခဲရှိရင်လည်း ကူညီတာပေါ့"





သူတို့ ဆိုင်ကယ်က စကားများနေဟန်တူသော ကားနှင့် ဆိုင်ကယ်အနားတွင် အသာထိုးရပ်လိုက်ကာ စိုင်းနွံသည် ဆိုင်ကယ်မီးကို မိတ်လိုက်ရင်းမှ …

"ဘာအခက်အခဲ ဖြစ်နေလို့လဲ မသိဘူး၊ ဘာကူညီရမလဲ"

ကားနားမှာ ရပ်နေသောလူက သူတို့ဘက်သို့ တစ်ချက်အကဲခတ်ရင်း …

"ကျွန်တော်တို့ ကားပျက်သွားလို့ပါဗျာ၊ အဲဒါ … ဒီလူတွေက …"

ထိုလူရဲ့စကားပင် မဆုံးသေး၊ ဆိုင်ကယ်သမားတစ်ယောက် ရှေ့သို့တိုးလာကာ …

"ဟောကောင်တွေ … မင်းတို့လမ်း မင်းတို့သွားစမ်း၊ မင်းတို့နဲ့ ဘာဆိုင်လို့ လာမေးနေရတာလဲ၊ သွားစမ်း … ထွက်သွားစမ်းကွာ"

လေသံတွေက မူမမှန်ချေ။ အရက်နံ့တွေ မွှန်ထူနေလျက်ရှိသော ဆိုင်ကယ်သမားများသည် ရိုးရိုးသားသား ကားပျက်နေသောလူကို သက်သက်ရစ်၍ ပြဿနာရှာတာပဲ ဖြစ်ရမည်ဟု



www.burmeseclassic.com

www.burmeseclassic.com



သူတို့က ကောက်ချက်ချမိလေသည်။ သူနဲ့ စိုင်းနွံသည် တစ်ယောက်နဲ့တစ်ယောက် ကြည့်မိရင်း သူက ဆိုင်ကယ်ပေါ်မှ အရင်ဆင်းလိုက်ကာ ...

"သူငယ်ချင်း ... ပြဿနာကို ပြေပြေလည်လည် ဖြေရှင်းပါလား၊ ဘာအခက်အခဲ ရှိနေလို့လဲ မသိဘူး"

"ဟော့ကောင် ... မင်းက ဘာကောင်လဲကွ၊ ဟမ် ... ဒီကောင် ငါတို့ကို စော်ကားထားလို့ ကိစ္စရှင်းနေတာ၊ မင်း ဘာမှ ဝင်မပါနဲ့ ...

ထွက်သွား"

"ကျွတ် ... ငါ မင်းတို့ကို ဘာစော်ကားလဲ၊ မင်းတို့ ဘာဖြစ်လို့ နမချင်းမစာနာပဲ ပါးစပ်သရမ်းလဲ၊ စ,နှောင့်ယှက်တာ မင်းတို့လေ ...

တောက် ... အရေးမပါတဲ့ကောင်တွေ"

"ဟာ ... မင်း ဘာစကား ပြောတာလဲကွ၊ ဟမ် ..."

ပြောပြောဆိုဆို ဆိုင်ကယ်သမားက ကားနဲ့လူကို ဘစ်ချက်လှမ်းထိုးလိုက်တာဖြစ်သည်။ ထင်မထားသဖြင့် ကားနဲ့လူက နောက်သို့ ဖင်ထိုင်လျက် ကျသွားတာကို သူက ကြည့်နေ





မိရင်းမှ နားထဲတွင် ဒီအသံကို ကြားဖူးသလိုလို ရှိတယ်ဆိုတာ စဉ်းစားမိလာလေသည်။

အမှောင်ထဲမှာ ကျင့်သားရသွားသော မျက်လုံးများသည် ကြယ်ရောင်တွေကပေးသော အလင်းသဲ့သဲ့ဖြင့် မြေပြင်ပေါ်တွင် လဲနေသောသူဟာ ဘယ်သူဆိုတာ သိသွားလျှင် အကြီးအကျယ် အံ့ဩသွားခဲ့ရသည်။

"မင်း ... မင်း ... တနိုင်း မဟုတ်လား"

သူက ကပျာကယာ ဆွဲထူရင်း မေးလိုက်လျှင် တနိုင်းကလည်း သူ့ကို မှတ်မိ၍သွားသည်။

"ဟာ ... မြစ်မင်း"

အဲဒီအချိန်တွင် စိုင်းနွံက ဆိုင်ကယ်စက်ကိုနှိုး၍ မီးဖွင့်လိုက်လျှင် သူသည် ကားရှေ့ခန်းထဲတွင် ထိုင်နေသော မိန်းကလေးတစ်ခုကို ဆိုနင့်ဖွယ်ရာ လှမ်း၍မြင်တွေ့လိုက်ရသည်။ အဲဒီအခါတွင် အခြေအနေတွေကို ချက်ချင်းသဘောပေါက်၍ သွားလေသည်။

"တနိုင်း ... မင်း ကားထဲက သက်ပန်ကိုခေါ်၊ ငါ့ဘီးကို ယူပြီး သွားတော့၊ မြန်မြန်သွား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဘယ်ဖြစ်မလဲ၊ မင်းတို့ နှစ်ယောက်တည်းနဲ့"

"ကျွတ် ... သွားစမ်းပါကွာ၊ ငါ ရန်ဖြစ်လာတာ မင်းမသိဘူးလား၊ စိုင်းနွံ ... မင်း ဆင်းခဲ့တော့၊ ဟော့ကောင် မင်း သွားလိုက်တော့"

တနိုင်းသည် ဘာလုပ်ရမယ်မှန်း မသိ ဝေခွဲမရဖြစ်နေစဉ်မှာပဲ စိုင်းနွံက ဆိုင်ကယ်ပေါ်မှ ဆင်းလာခဲ့ပြီဖြစ်သည်။ ထိုအချိန်တွင် တစ်ဖက်မှ ဆိုင်ကယ်သမားဟာ သူ့ပခုံးကို ချာခနဲ ဆွဲလှည့်လျက် ရင်ဘတ်ကို ခပ်ကြမ်းကြမ်း ဆောင့်တွန်းကာ ...

"ဟေ့ကောင် ... မင်းက ဘာကောင်လဲ၊ မင်းနဲ့ ဘာဆိုင်လို့ ဝင်ရှုပ်ရတာလဲ၊ ပြောစမ်း"

"ဒါ ... ငါ့ဆော်ဒါတွေကွ၊ မင်းတို့ ပြဿနာမဖြစ်ချင်နဲ့၊ အေးအေးသွားတော့ကွာ၊ သွား"

"ဘာကွ၊ မင်းက ဘာကောင်မို့လို့ လျှာဝင်ရှည်နေရတာလဲ၊ ငါ့အကြောင်း မသိသေးဘူးနဲ့တူတယ်၊ ဟော့ကောင်တွေ ... ကျွေးလိုက်စမ်းကွာ"





ခဏတွင်းချင်းမှာပင် တစ်ဖက်က လေးယောက်နှင့် သူတို့နှစ်ယောက်ကြားတွင် ရန်ပွဲတစ်ခု စတင်ဖြစ်ပွားသွားလေသည်။ သူရော စိုင်းနွံရောဟာ ကိုယ်ခံပညာတွေ တတ်သူမို့ ပြဿနာမရှိသော်လည်း လေးယောက်နှင့် နှစ်ယောက် ဆိုတော့လည်း သူတို့မှာ မသက်သာချေ။

ဒီကြားထဲတွင် တနိုင်းကပါ ဘာမှမတတ်ဘဲ သူတို့ရန်ပွဲထဲသို့ ဝင်လာခဲ့လျှင် သူဟာ တနိုင်းကို ကာကွယ်ရသောအလုပ်တစ်ခုပါ ပိုသွားခဲ့သည်။ တစ်ချိန်တွင် သူက တနိုင်းကို ဝင်လုံးနေသော တစ်ယောက်ထံသို့ ပြေးအသွား ထိုတစ်ယောက်ရဲ့ လက်ထဲမှာ အရာတစ်ခုသည် တနိုင်းထံသို့ ရောက်ရမည့်အစား သူ့ဝမ်းဗိုက်ဆီသို့ ပြင်းထန်စွာရှုးရှူးတိုးဝင်လာခဲ့တာဖြစ်သည်။

သူက အားခနဲ အော်ရင်း ဝမ်းဗိုက်သို့ဖိကာ ပြိုလဲသွားခဲ့လျှင် တစ်ဖက်က ကောင်တွေသည် ဝရုန်းသုန်းကားဖြင့် ဆိုင်ကယ်တွေ စက်နှိုးကာ မောင်းထွက်သွားကြတာကိုတော့ သိလိုက်သေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက်မှာတော့ တနိုင်းနဲ့ စိုင်းနွံတို့ရဲ့ စိုးရိမ် တကြီးခေါ်သံ၊ မေးသံ၊ သက်ပန်ရဲ့ ရှိုက်သံသဲ့သဲ့ ပါဝင်နေသော အသံတို့ကို ကြားတစ်ချက် မကြားတစ်ချက်တို့ဖြင့် အတွေးတွေ ဟာ ဟိုတစ်စ ဒီတစ်စ။

သူ့ဝမ်းဗိုက်ဆီမှ နာကျင်မှုဟာ တစ်စထက်တစ်စ တိုး၍ စူးနင့်လာခဲ့သည်။ ဘယ်လိုနာကျင်မှုမျိုးဆိုတာ နှိုင်းပြစရာ တောင် မရှိချေ။

ဘုရားရေ ...။ သူ့မျက်လုံးတွေ ပြာလာတာ မှောင် နေလို့မှ မဟုတ်ဘဲ၊ အာရုံတွေထဲမှာကို မှုးယစ်ရီဝေလို့ လာ တာ။ သူ သေရမှာလား။ ခံစားရသော ဝေဒနာနှင့် ဆေးပညာ အတွေ့အကြုံအရ သူ့ကို ထိုးသွားသော ဓားဒဏ်ရာဟာ မနည်း ဘူးဆိုတာတော့ သူ နောက်ဆုံး သိလိုက်ရသေးသည်။

ငါ ချက်ချင်း မသေချင်သေးပါဘူး သက်ပန်ရယ် နင့်ဆီက ခွင့်လွှတ်တယ်ဆိုတဲ့ စကားလေး ကြားရဖို့ ငါ့မိန် လောက် သတိရခွင့်ကို ပေးပါ။

ပြီးတော့ ... ငါ့ကို ခွင့်လွှတ်ပေးပါ ချစ်သူရယ်

❦ ✧ ❦



❦ ရှင်သန်ခြင်းတွေ အနားသတ်ထားတဲ့
ငါ့အသက်ရှူသံတွေရဲ့ ဝင်သက်ထွက်သက်တိုင်းဟာ
မင်းအတွက် အချစ်တွေ ပျော်ဝင်နေတယ်လို့
ယုံမှားသံသယ မရှိလေနဲ့။

❦ ရင်ဘတ်ချင်း နီးခဲ့ကြတဲ့ တို့နှစ်ယောက်အတွက်
ဝေးလွင့်သွားတဲ့ နောက်ဆုံးခြေရာဆိုတာ
ငါ့နှလုံးသားပေါ်မှာ ရှိတယ်
ချစ်သူကောင်မလေးရေ
နေဝင်ချိန်ကိုလည်း မင်းရဲ့လက်နဲ့ ဟန့်တားပေးပါ
ငါ့ရဲ့နောက်ဆုံးအသက်ဆိုတာလည်း
မင်းအချစ်ပေါ်မှာ မူတည်ပါတယ်။

❦ ဟိုမှာ ... ဗိညာဉ်ခေါ်သံတွေ ကြားနေရပြီ
တွယ်တာသူကို နှောင်တွယ်နေတဲ့စိတ်က
တခြားကမ္ဘာကို ထွက်မသွားနိုင်သေးဘူး
အဲဒီလောက်ထိ ... မင်းကို ... ...။ ။

(မြင့်မင်းဇရာ)

www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၁)

သူ သတိပြန်ရလာသောအချိန်တွင် တစ်ကိုယ်လုံးရှိ အားအင်များကို စုပ်ယူထားသလို ခံစားရလျက် အသက်ကိုသည်း အောက်ဆီဂျင်ပိုက်ဖြင့် ခက်ခက်ခဲခဲ ရှူနေရတာဖြစ်သည်။ သူ့အခြေအနေဟာ ဘယ်လိုလာမယ်မှန်း မသိရသေးသော်လည်း နေလို့ထိုင်လို့ မကောင်းတာတော့ အမှန်ပဲ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို စိုးရိမ်တကြီး စောင့်ကြည့်နေသူများက စိုင်းနွံနဲ့ တနိုင်း ဖြစ်သည်။ စိုင်းနွံက သူ့ကို အားပေးစကား ပြောကြားပြီး ခဏဘေးဖယ်နေလျှင် တနိုင်းသည် မျက်ရည်ရစ်ဝဲ သော မျက်လုံးအစုံဖြင့် သူ့အနားသို့ ချဉ်းကပ်လာခဲ့သည်။ သူ့ ရဲ့ မျှော်လင့်ခြင်း အရိပ်လေးကို မတွေ့ရသဖြင့် သူ့မှာ စိတ် ဖြောင့်နိုင်ပါ။

"သက် ... သက်ပန်ရော"

"သက်ပန် ခဏနေ လာလိမ့်မယ် မြစ်မင်း၊ သူလည်း နေ မကောင်းဘူး၊ ငါ မင်းကို ရှင်းပြစရာ ရှိလို့ပါကွာ၊ မင်း သက်သာတယ် မဟုတ်လားဟင်"

သူက မျက်လွှာတစ်ချက် ချ၍သာ တုံ့ပြန်နိုင်ရှာ ပါသည်။

"ငါ သက်ပန်ကို အဖြေတောင်းထားပေမဲ့ သူ ငါ့ကို ခုထိ အဖြေမပေးသေးပါဘူး၊ အဲဒီနေ့ကလည်း အမရှုရင် သူ့အမေ မှာထားတဲ့ ချိတ်လုံချည်ကို ရက်ကန်းစင်မှာ သွားယူပေးတာပါ၊ မပြီးသေးလို့ စောင့်နေတာနဲ့ အပြန်မှာ မိုးချုပ်သွားရတာ ...





နောက် ... အဲဒီနားမှာ ငါ့ကားက ပျက်တယ်၊ ငါတို့နှစ်ယောက်ကို မူးနေတဲ့ကောင်တွေက လာနှောင့်ယှက် တာနဲ့ စကားများနေတုန်း မင်းက ရောက်လာတာ ...

မင်းက ငါ့အတွက် ဓားစာခံ ဖြစ်သွားရတာပါ မြစ်မင်းရာ ..."

"မဟုတ်ပါဘူးကွာ"

"ဟုတ်တယ် မြစ်မင်း၊ မင်းတို့သာ ရောက်မလာရင် ငါနဲ့ သက်ပန်လည်း ဘာဖြစ်မယ် မသိပါဘူး ...

မြစ်မင်း ... သက်ပန်က မင်းကို ချစ်နေဆဲပါကွာ၊ အဲဒါ မင်း ယုံထားပေးပါ၊ သူ မင်းကို သိပ်ချစ်နေတုန်းပဲ ဆိုတာ အဲဒီနေ့ကမှ ငါလည်း သိလိုက်ရတာပါ၊ မင်းလည်း ဖြစ်တော့ သက်ပန် ငိုလိုက်ရတာများကွာ၊ ရင်ကွဲမတတ် ပဲ ...

မင်းသာ တစ်ခုခုဖြစ်ခဲ့ရင် သူ့ကိုယ်သူ တစ်သက် လုံး ခွင့်မလွှတ်ဘူး ဆိုတာလည်း ထပ်တလဲလဲ ပြောတယ် ...

နောက် မူးလဲသွားလို့ သူ့ကိုလည်း ဆေးရုံတင်ထား ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ် ... ကျွတ်"

သူ့ဒဏ်ရာမှ အောင့်လာ၍ ညည်းညူလိုက်လျှင် တနိုင်းသည် ပျာပျာသလဲဖြင့် ...

"မြစ်မင်း ... သက်သာရဲ့လား၊ မင်း အိမ်ကိုလည်း အကြောင်းကြားထားတယ်၊ ဟိုကောင်တွေကိုလည်း ဖမ်းမိပြီးပါပြီ ...

ငါ သက်ပန်ကို သွားခေါ်ပေးရမလား ... ဟင်"

"နေ ... နေပါစေ"

"မြစ်မင်း ... မင်း အားတင်းထားစမ်းပါကွာ၊ ဘာမှမဖြစ်ဘူး သိလား၊ သက်ပန်နဲ့အတူတူ မင်း ပျော်ရွှင်စွာ နေရဖို့ အချိန်တွေ အများကြီး ကျန်သေးတယ် ...

မင်းကလွဲရင် သက်ပန်နဲ့ ထိုက်တန်တဲ့လူ ဆိုတာ မရှိပါဘူး၊ သက်ပန်က မင်းအတွက်ပါပဲကွာ၊ မင်းတို့နှစ်ယောက် တစ်ယောက်နဲ့တစ်ယောက် ဒီလောက်ချစ်ရက်သားနဲ့ ဝေးဖို့ဆိုတာ မဖြစ်နိုင်ပါဘူး၊ ဟုတ်တယ်လား ... ဟေ့ကောင်"

တနိုင်းသည် သူ့လက်ကိုကိုင်ကာ ဗလုံးဗထွေးဖြင့် ဘာတွေပြောနေမှန်း မသိချေ။ မျက်ရည်တွေကလည်း ကျလျက်ရှိ





သည်။ သူ့မျက်လုံးထဲမှာလည်း မျက်ရည်တွေ ကျနေလားတော့ မပြောတတ်ပါ။ အမြင်အာရုံတွေကတော့ ဝေဝါး၍လာသည်။

အဲဒီအခိုက်မှာပဲ သူ့နားထဲတွင် အသက်ဆက်ရမည့် အသံလေးတစ်သံကို ကြားလိုက်ရတာဖြစ်သည်။ ထိုအသံလေးသည် ဟိုးအဝေးကြီးကလာသလို သူ့နားထဲ၌ မပီသစိုးတဝါးရှိသော်လည်း ချိုမြိန်ဖွယ်ကောင်းတာတော့ သူ ခံစားလို့ရပါသေးသည်။

"မြစ်မင်း"

"မြစ်မင်း ... သက်ပန် ရောက်လာပြီ"

သူ့မျက်လုံးတွေက ဝေဝါး၍ လေးပင်လွန်းလာသဖြင့် မှိတ်ချပစ်ချင်သော်လည်း သူ့မှာ မမှိတ်နိုင်သေးချေ။ သက်ပန်သည် သူ့ကို လှုပ်ကာ လှုပ်ကာဖြင့် ခေါ်နေ၍ အားတင်းတာ ဖွင့်ထားရပါသည်။

"မြစ်မင်း ... ငါ ခေါ်နေတာ ကြားလားဟင်"

"အင်း ... အင်း ..."

"မြစ်မင်း ... အဟင့် ... နင် ငါ့ကို အဲလို ထားမသွားပါနဲ့ မြစ်မင်းရယ်၊ နင့်ကို ငါ အရမ်းချစ်ပါတယ်၊ အရမ်းချစ်လို့လည်း အရမ်းနာကြည်းခဲ့ရတာပါ ...



www.burmeseclassic.com

ငါ့ကို ခွင့်လွှတ်ပါ မြစ်မင်းရယ် ... ငါ့ကို ထား မသွားပါနဲ့၊ နင် ထားသွားရင် ငါ သေသွားလိမ့်မယ် ... နော် ... မြစ်မင်း"

ဟင့်အင်း ... ဘာလို့ ထားသွားရမှာလဲ။ ငါ ကျေနပ်ပြီပဲ သက်ပန်ရဲ့။ ဒါပေမဲ့ ငါ့မျက်လုံးတွေ အရမ်းဝါးလာပြီ၊ သိပ်လေးလာပြီ။ နင့်ဆီက ငါကြားချင်တဲ့ စကားလေး ကြားရပြီဆိုတော့ ငါ ခဏလောက် မျက်စိမှိတ်ပါရစေဦး။ ခဏလေးပါ။

သူ့မျက်ဝန်းများကို စိတ်ချလက်ချ မှိတ်ချလိုက်လျှင် သက်ပန်ရဲ့ အော်သံခပ်ကျယ်ကျယ် တစ်ခုသည် အိမ်မက်ထဲထိတောင် ကပ်ငြိ၍ ပါလာခဲ့လေသည်။

❧ ✧ ❧



"လှပသော အဆုံးသတ်"

(သို့မဟုတ်)

"ရင်ခုန်သံအစစ်နှင့် တစ်ဖန်ပြန်လည်ချစ်ခွင့်"

www.burmeseclassic.com



ပြီး

လေး

တော့ ငါ ခ

သက်ပန်ရဲ့

"ဟား ဟား ဟား ... သနားပါတယ်ကွာ၊ အဲဒီတုန်းက ကောင်မလေးတစ်ယောက် တော်တော်ခံစားသွားမှာပေါ့ ဟုတ်လား ...

အဲဒီလောက် ချစ်ရဲ့သားနဲ့တောင် အကြာကြီး ရက်စက်ထားတယ်ကွာ၊ တကယ်ဆိုးတဲ့ အချစ်ပဲ၊ ကောင်းကို မသနားဘူး ... လူဆိုးမလေး"





သူက သက်ပန်ရဲ့ ငယ်ထိပ်လေးကို ချစ်စနိုးဖြင့် အုပ်မိုးလှုပ်ခါပြီး ပြောလိုက်လျှင် သူမက ရှက်ပြုံးစိစိခုဖြင့် မျက်စောင်းထိုးလေသည်။

"သိဘူးလေ၊ ဒီက တကယ်ရှော့သွားပြီပဲ ထင်တာပေါ့။ ဆရာဝန်ကလည်း စိတ်မချရသေးဘူးလို့ ပြောထားတာကိုး ...

မျက်လုံးကြီး မှိတ်ချသွားတော့ ဂန့်သွားပြီပဲ ထင်တာပေါ့"

"တယ်ကြင်နာတဲ့ အပြောအဆိုလေးတွေပါလား၊ အဲဒီတုန်းက ခေါင်းတွေအရမ်းမူးပြီး အရမ်းအိပ်ချင်နေတာကွ ...

အဲဒါ သက်ပန်လာအောင် စောင့်နေတာ၊ ကြားချင်တဲ့စကားလည်း ကြားပြီးရော စိတ်ခုံးခုံးချပြီး အိပ်ပစ်လိုက်တာပဲ ... ဟဲ ဟဲ ..."

"ဟွန်း ... မုန်းစရာ ကောင်းလိုက်တာ"

"ဟာ ... ပြောတော့ ချစ်တယ်ဆို၊ သက်ပန်ရာ အဲဒီလောက် အကြာကြီး ရက်စက်ထားနိုင်တယ်နော်၊ တကယ် အသည်းမာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မာတာပေါ့၊ ငါက သစ္စာမဲ့တဲ့သူဆို သိပ်မုန်းတာ"

"ဟာ ... ငါလို မပြောနဲ့တော့လေကွာ၊ သင်ထားတာ မေ့နေပြီလား"

"မမေ့ပါဘူး၊ ဒါတွေ အသာထားစမ်းပါဦး၊ မြစ်မင်းနော်၊ ဒီတစ်ခါ သက်ပန်ကို သစ္စာဖောက်လို့ကတော့ လုံးဝခွင့်မလွှတ်ဘူး၊ ပြောထားပြီးသား ...

ဒီတစ်ခါ နင့်ကို ငါကိုယ်တိုင် ဓားနဲ့ထိုးမှာ"

"ကြောက်ပါတယ်ကွာ၊ သက်ပန်ရယ် ... နင့်ကို ငါ အရမ်းချစ်တာပဲ သိလား"

သူက သက်ပန်ရဲ့ လက်ဖျားလေးတွေကို ဆွဲယူဖျစ်ညှစ်ရင်း ပြောလိုက်လျှင် သက်ပန်သည် မျက်စောင်းအသာထိုးရင်း ပြုံးနေလေသည်။ ထိုအပြုံးများထဲတွင် ပျော်ရွှင်ခြင်းတွေ ပြည့်နှက်နေသည် ဆိုတာကိုတော့ သူ ယုံပါသည်။

"သက်ပန် ဒီကပြန်ရင် မဟာမြတ်မုနိဘုရားကြီးကို သွားမယ်နော်"

"ဟင် ... ဘာလုပ်မလို့လဲ"





"သက်ပန်ကို ဘယ်တော့မှ သစ္စာမဖောက်ပါဘူး ဆိုတဲ့ အကြောင်း ဘုရားကြီးရှေ့မှာ သစ္စာဆိုမယ်လေ ... မကောင်းဘူးလား"

"အင်း ... ကောင်းတယ်၊ သက်ပန်လည်း ဆိုမယ်"

"အိုခေ ... အိုခေ ... မင်းကို ကျေးဇူးလည်း တင်ပါတယ် အချစ်ရယ်"

"ဘာဖြစ်လို့လဲ"

"ဩော် ... ကိုယ့်ကို ပြန်ချစ်ခွင့်ကို ပေးခဲ့လို့ပေါ့၊ ယုံပါ သက်ပန်ရယ်၊ ဒီတစ်ခါ အချစ်ကလေ တကယ့်ကို ဖြူစင်ပြီး ခိုင်မာတဲ့ အချစ်ပါ ...

ငါ နင့်ကို တကယ် မြတ်မြတ်နိုးနိုးနဲ့ တန်ဖိုးထားပြီး ချစ်တာပါ၊ ဘာအရောင်မှမပါတဲ့ တကယ့်အချစ်နဲ့ချစ်တာ ...

ရင်ခုန်သံအစစ်တွေနဲ့ ချစ်တာ... နော် ... ယုံလား"

"ယုံပါတယ် မြစ်မင်းရယ်၊ သက်ပန်ကိုလည်း အများကြီး မချစ်ချင်နေပါ၊ ဒါပေမဲ့ သစ္စာတရားလေးနဲ့တော့ ချစ်ပါနော် ...



www.burmeseclassic.com

www.burmeseclassic.com



အဲဒီ သစ္စာတရားသာ ရှိနေရင် ချစ်သူတွေရဲ့ဘဝဟာ အမြဲလုံခြုံလှပနေမှာပါ၊ တကယ်တော့လေ ချစ်သူတွေရဲ့ဘဝမှာ အခမ်းနားဆုံးအရာဟာ တစ်ခုပဲရှိတယ်၊ သိလား”

“သိတာပေါ့”

“အဲဒါ ... ဘာလဲ”

“ချစ်သူတို့ရဲ့ အခမ်းနားဆုံးအရာက သစ္စာတရားပေါ့ သက်ပန်ရယ် ...

အဲဒီအသိကိုလည်း နှလုံးသားတစ်ခုလုံးနဲ့ ရင်းပြီးမှ သိခဲ့ရတာပါ၊ ဟုတ်တယ်ဟုတ်”

သူ့အပြောကို သက်ပန်သည် အလွန်စိတ်ချမ်းသာသွားဟန်ဖြင့် ကြည်နူးစွာ ပြုံးနေခဲ့ပါသည်။ သူဟာ ချစ်ရတဲ့ အသည်းမြညာလေးကို တစ်သက်လုံးပဲ စိတ်ချမ်းသာစေချင်ပါသည်။

အဲဒီလို စိတ်ချမ်းသာအောင်လည်း သိပ်များများစားစား ပေးဆပ်စရာမလိုပါ။





ကိုယ့်ချစ်သူအတွက် အကောင်းဆုံး လက်ဆောင်တစ်ခုမှာ အချစ်နှင့်ဒွန်တွဲပါနေရမည့် မြတ်နိုးဂုဏ်ယူစရာ သစ္စာတစ်ခုသာလျှင် ဖြစ်ပါသည်။

တဖတ်ပရိသတ်များအတွက်

ထာဝရ

12:40 (P:M)

April. 30. 2007.

(ထာဝရနှင့်လပြည့်နေ)



www.burmeseclassic.com

www.burmeseclassic.com



"Bonus Poem"

တစ်နှစ်ပြီး တစ်နှစ်နဲ့
တစ်ရစ်ပြီး တစ်ရစ် တွယ်တာက်နေတာ
ရင်ထဲက မရိုးသားမှုတွေပါ





မေတ္တာဆိုတာ၊ အသွားအပြန် ရှိတယ်တဲ့
ကိုယ့်အတွက်တော့
စွဲလမ်းမှုတွေ အဆင့်တစ်
ဝင့်ကြွေးမကုန်သေးသရွေ့
ချစ်ခြင်းမေတ္တာနဲ့ ဝေးနေတဲ့အဖြစ်လေ
ဘဝတစ်ခုရဲ့ စာမျက်နှာမှာ
ခေါင်းစဉ်မှားသွားတဲ့ ချစ်ခြင်းအတွက်
ငါ့ရဲ့မြတ်နိုးမှုတွေက
ဓားစာခံလား ချစ်သူရယ်
နင်နဲ့ ငါကြား
ရင်ခုန်သံချင်း ညီမဲ့နေ့ ဆိုတာ[illegible]
ဘယ်တော့များမှ မျှော်လင့်လို့

www.burmeseclassic.com

www.burmeseclassic.com



[illegible]

ပုံမှန်မဟုတ်တဲ့ ရင်ခုန်သံကို ဆုံးမရင်း

ကိုယ်နှလုံးသားကို

ကိုယ်ပြန်ပြီး သဂြိုဟ်နေရတယ်။ ။





www.burmeseclassic.com